www.burmeseclassic.com



စာပေဗိမာန်စာမူဆုရ

# မြူမြစ်နဒီ

သုသိဇာ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

၂၀၀၇ ခုနှစ်၊ စာပေဗိမာန်စာမူဆု

ဝတ္ထုရှည် ပထမဆုရ

# မြမြစ်နဒီ

## သုသီထက်

စီစဉ်တည်းဖြတ်သူ – ဦးစန်းတင့်(တက္ကသိုလ် ဆန်းတင့်နိုင်)
စာတည်း (တာဝန်ခံ)
– ဒေါ်ခင်ဝါဆွေ (ဝါဝါ–အင်းစိန်)
စာတည်း

အဖုံးပန်းချီ – တောင်ငူ စိုးမြင့်လေး

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

၂၀၀၉ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ ၂,၀၀၀

တန်ဖိုး (၁၂၀၀) ကျပ်

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း
စာပေစိစစ်ရေးနှင့် မှတ်ပုံတင်ဌာန မဟုတ်ဘဲ ဤစာကြောင်းမှာ
စာပေစီမာန် စာတည်းမှူးချုပ်က
မှတ်ပုံတင်အမှတ် (၀၇၄၉၂) ဖြင့် ရိုက်နှိပ်၍
မှတ်ပုံတင်အမှတ် (၀၃၉၁၁) ဖြင့် ထုတ်ဝေသည်။

## စာရေးသူ၏ အမှာ

ဤ "မြ မြစ်နဒီ" ဝတ္ထုရှည်သည် စာရေးသူ ဆိပ်ကမ်းပြည်သူ့ရဲဘက်ဖွဲ့၌ ရေယာဉ်အမှုစစ်တာဝန် ထမ်းဆောင်စဉ်က အတွေ့အကြုံများကို အခြေခံ၍ ရေးဖွဲ့ထားခြင်းဖြစ်ပါသည်။

ဤဝတ္ထုဖြစ်မြောက်ရေးအတွက် လိုအပ်သောအကူအညီများ ပေးခဲ့ကြသည့် ရေယာဉ်အုပ် ဦးဝင်းကြည်နှင့် ရေယာဉ်အုပ် ဦးမြင့်တို့အား ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ဤ "မြ မြစ်နဒီ" ဝတ္ထုရှည်ဖြင့် ကွယ်လွန်လေပြီးသော မိဘနှစ်ပါးဖြစ်ကြသည့် ဦးထိန်၊ ဒေါ်စိန်တို့နှင့် ဆရာသမားအားလုံးအား ဂုဏ်ပြု ပူဇော်အပ်ပါသည်။

သုသိဏ်

www.burmeseclassic.com

www.burmeseclassic.com

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## မာတိကာ


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁။ | အပိုင်း (၁) | | |
| | (တစ်) | ပွဲနှင့် ပွဲကိုင် | ၁ |
| | (နှစ်) | ငယ်ကဖြစ်ရွှေ့ရေးကျွမ်းငွေ့ | ၁၃ |
| | (သုံး) | တက်ကျိုးရွက်မဲ့ | ၁၉ |
| | (လေး) | လက်နှင့်လျော် | ၂၆ |
| | (ငါး) | နေရာသစ် | ၃၇ |
| | (ခြောက်) | ကြာနွယ်ဆစ်ကြိုး | ၄၅ |
| | (ခုနစ်) | မေတ္တာစောင်းကြိုးတီးခတ်နိုးသူ | ၈၁ |
| | (ရှစ်) | ရင်ခုန်ရသောနေ့ရက်များ | ၉၂ |
| | (ကိုး) | စမ်းထိပ်မှာ ပန်းလိပ်ပြာဝါနီနှင့် | ၁၄၆ |
| ၂။ | အပိုင်း (၂) | | |
| | (တစ်ဆယ်) | နှလုံးသားတံခါးအဖွင့် | ၁၇၀ |
| | (တစ်ဆယ့်တစ်) | ပျားရည်မြစ်မှာ | ၁၇၇ |
| | (တစ်ဆယ့်နှစ်) | ခဲမှန်ဖူးသောစာ | ၁၈၇ |


www.burmeseclassic.com

www.burmeseclassic.com

မာတိကာ

၂

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃။ | အပိုင်း (၃) | |
| | (တစ်ဆယ့်သုံး) နေကွယ်တာ အချိန်များရင် | ၁၉၆ |
| | (တစ်ဆယ့်လေး) အန္တရာယ်စက်ကွင်း | ၁၉၉ |
| ၄။ | အပိုင်း (၄) | |
| | (တစ်ဆယ့်ငါး) နွေနေ့လယ်ခင်း၊ နေမွန်းတည့်ချိန် | ၂၀၉ |
| | (တစ်ဆယ့်ခြောက်)ဘယ်အတွက်ကြောင့်မှန်း | ၂၁၂ |
| | (တစ်ဆယ့်ခုနစ်) မြမြစ်နဒီ | ၂၂၀ |

BURMESE CLASSIC .com

## အပိုင်း (၁)

### (တစ်) ပဲ့နှင့်ပဲ့ကိုင်

အနောက်ကောင်းကင်မှ ဆောင်းဦးနေရောင်သည် ရုံးရှုမှုမရှိတော့။ မြင်ကွင်း၌ ကောင်းကင်ပြာပြာကို မြောက်ဘက်မိုးကောင်းကင်၌သာ တွေ့ရ၏။ ထိုအပြာသည်ပင် အပြာစင်သက်သက်မဟုတ်။ ကောင်းကင်ပြာပြာထဲတွင် ငှက်မွေးဖြူလိုတိမ်တို့ဖြင့် ရောယှက်နေ၏။

အရှေ့မိုးကောင်းကင်တွင် နီညိုရောင်၊ မည်းပြာရောင်နှင့် ဝါဖျော့ဖျော့အရောင် တိမ်လိပ်များကို မြင်ရ၏။ တောင်ဘက်ကောင်းကင်တွင်မူ တိမ်ဖြူဖြူများ၊ ရွှေဝါရောင်တိမ်လိပ်များနှင့် မိုးသားညိုပြာတိမ်လွှာတို့ကို မြင်ရ၏။ ကောင်းကင်အလယ်ကို မော့ကြည့်တော့ အပြာစင်မရှိ၊ တိမ်ဖြူမွေးပါးများက ဇာပဝါဖြူ လွှမ်းခြုံထားသကဲ့သို့ ဖြန့်ကြက်ထားသည်။

အနောက်ဘက်ကောင်းကင်သို့ သမင်လည်ပြန်ကြည့်မိ၏။ အနောက်ကောင်းကင်၌ အလင်းအားကောင်းနေသောကြောင့်၊ တိမ်ဝါတို့သည် ရွှေရောင်တောက်နေကြ၏။ ရွှေရောင်ကြဲပက်သော တိမ်ဝါတို့ကြားတွင် တိမ်တောင်ညိုပြာတစ်ကွက်၊ နှစ်ကွက်စ ရောယှက်နေကြ၏။ အနောက်မြောက် ကောင်းကင်တွင် ပန်းရောင်၊ အဝါရောင် တိမ်လှိုင်းတန်းများဖြင့် ပြည့်နေသည်။

တိမ်တို့က ဖမ်းစားထား၍ စဉ်အိုးတန်းသမ္မန်ဆိပ်သို့ သမ္မန်ဆိုက်မှ ကျွန်တော်အသိဝင်လာသည်။ မြသည် လက်ဆွဲခြင်းကိုကိုင်၍ ကမ်းလည်ရွာကမ်းပေါ်သို့တက်သွား၏။ ကျွန်တော်ကမ်းပေါ်ရောက်တော့ မြကို မတွေ့ရတော့။ ကမ်းနားလမ်းမကြီးပေါ်တွင် စောင့်နေပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်သည်။ ကျွန်တော့်ကိုမြင်သည်နှင့် ကမ်းနားလမ်းအတိုင်း မြောက်ဘက်သို့ ဆက်လျှောက်သွား၏။ ကျွန်တော်ကလည်းမြနောက်သို့ မလှမ်းမကမ်းမှလိုက်သွား၏။ လမ်းမတော်လမ်းထိပ်အရောက်တွင် မြအနားသို့ ကျွန်တော်ရောက်သွား၏။ မြနှင့်အတူယှဉ်၍ လျှောက်မိပေပြီ။

"ခုမှ ၅ နာရီရှိသေးတယ်၊ ကမ်းနားလမ်းအတိုင်းလျှောက်ရအောင်နော်– ပြီးတော့မှ ဗိုလ်ချုပ်လမ်းအတိုင်း သွားတာပေါ့. . ."

"အစ်ကို့ သဘောလေ– ဆေးရုံကိုတော့ ၆နာရီမထိုးခင် ရောက်မှ ဖြစ်မှာ"

" နာရီပါတာပဲမြရယ်– အခြေအနေကြည့်လျှောက်တာပေါ့. . ."

BURMESE CLASSIC .com

ကျွန်တော်သည် သည်နေ့ အရုဏ်မတက်မီ ပြင်စလူမှ ပြန်ရောက်ခဲ့၏။ ကိစ္စဝိစ္စအားလုံးပြီးတော့ ရန်ကုန်ဆေးရုံကြီးသို့ ပြေးခဲ့၏။ "ကိုညိုမြင့်ရေ မြနိုက်ဂျူတီရှင့် . . ." ဟု သူနာပြုဆရာမ သရဖီက ဆီးပြောသည်။ သရဖီကို နှုတ်ဆက်ပြီး၊ ကျွန်တော်နဒီဒေဝီသို့ ပြန်ခဲ့၏။

အမှန်စင်စစ် ကျွန်တော့်စိတ်တို့သည် သံလိုက်အဆွဲခံရသည့် သံမှုန်များလို မြဆီသို့သာ ပြေးသွားဦးခိုက်လို၏။ ကျွန်တော့်ခြေတို့သည် မြဆီသို့သာဦးတည်လို၏။

"အစ်ကို့ကို မြပြောထားမယ်နော်– ဘယ်လိုကိစ္စနဲ့မှ အိမ်ကို မလာခဲ့ပါနဲ့– အစ်ကိုအိမ်လာလိုက်တာနဲ့ မြတို့ရဲ့ သောက်ရေအိုးထဲက ရေလိုဘဝမျိုးကနေ မီးဖိုပေါ်က ပွက်ပွက်ဆူနေတဲ့ ရေလိုဘဝမျိုးရောက်သွားမယ် ဆိုတာနားလည်ထားပါနော်"

မြ၏ ချိုမြမြအသံက နားစည်ဝသို့ ရှတတစီးဝင်လာ၏။ ခြေဦးတို့သည် ဘုန်းကြီးလမ်းအောက် ဖောတံတားဆီသို့သာ ဦးတည်သွားပေပြီ။



နဒီဒေဝီတွင် ညနေ ၃ နာရီခွဲအချိန်သို့ ရောက်လာအောင် စိတ်ပျက်ငြီးငွေ့စွာ စောင့်ခဲ့ရ၏။ စိတ်၌ နေသည်ရွေ့လျားမှုမရှိ၊ တန့်နေသည်ဟုထင်မိ၏။ မကြာခဏကြည့်မိသော နာရီမိနစ်တံ စက္ကန့်တံတို့သည် ရေဆန်ကိုတွန်းနေရသည့် တွဲဆွဲသင်္ဘော၊ သစ်ဖောင်ဆွဲသင်္ဘောတို့လို ရွေ့သည်မထင်ရလောက်အောင် အသွားနှေးနေသည်ဟု ထင်မိ၏။ ထိုကာလသည် ကမ္ဘာရှည်မျှကြာသည် ထင်ခဲ့၏။

ပြင်စလူမှထွက်မလာမီကတည်းက၊ မြကိုတွေ့ချင်နေမိသည်။ ပြင်စလူတွင်၊ မြကိုအိပ်မက်မက်ခဲ့၏။ ရင့်မှည့်စ ပန်းသီးလိုပြည့်ဝင်းရွှေဝါနွတ်သော မြ၏မျက်နှာလေးသည် နေလောင်ပန်းလိုနွမ်း၍ ရောင်တျသွား၏။ မိုးသောက်ကြယ်လို အရောင်လက်သော မြ၏မျက်ဝန်းအစုံသည် ကြွေသောကြယ်လို ခဏငယ်မျှ ဝင်းလက်လိုက်ပြီး ရှုတောက်ပြောင်မှု မရှိတော့။ အားဖျော့မှေးမှိန်သွား၏။ ဖူးသစ်လွင်သော နှင်းဆီနီနုရောင် နှုတ်ခမ်းအစုံသည်၊ ခူးခြွေရက် ကြာနှင်းဆီသို့ နွမ်းဖတ်ဖျော့တော့နေ၏။

အိပ်မက်သည် ထိုမျှသာမြင်မက်ခြင်းဖြစ်သော်လည်း။ ကျွန်တော်၏ရင်၌ စိုးရိမ်ကြောင့်ကြမှုတို့သည် သင်္ဘောပန်ကာယက်သော ရေလိုချောင်ဆန်အောင် နှောက်ကျိနေ၏။ ပြင်စလူမှအပြန်တွင်၊ ရေယာဉ်ကို မြင်းသတ်ထားမောင်းခဲ့ရသည်။ စိတ်သည်ထိန်းချုပ်ရခက်အောင်၊ ငယ်ငယ်လေးလို ပုံ့လွင့်ချင်သည်။ မြထံသွားချင်နေမိသည် မဟုတ်လား။

ဆေးရုံတွင်ဆရာမ သရဖီအား "မြနေကောင်းရဲ့လား" ဟု မေးမိခဲ့သော ဆွံ့အသည့်နှုတ်ကို အပြစ်တင်နေမိ၏။ ထိုသို့မေးခဲ့လျှင်လည်း သရဖီတို့တစ်တွေက "အဖြစ်သည်းလွန်းသည်" ဟုပြောလိမ့်မည် ထင်ခဲ့၏။ ပြီးတော့ "နိုက်ဂျူတီ" ဆိုကတည်းက နေထိုင်ကောင်းသော ဟု မှတ်ယူခဲ့မိသည် မဟုတ်လား။ အကယ်၍ မြနေထိုင်မကောင်းခဲ့လျှင် သရဖီကလည်း ထိုသို့ဖြေခဲ့လိမ့်မည်မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ခင်းလုံး အိမ်မြှောင်အမြီးပြတ်လေးလို ဆတ်ဆတ်လူး နေမတတ် ထိုင်မတတ်ခံစားခဲ့ရ ဖြစ်ခဲ့ရသော ကျွန်တော်သည် ကမာကာသွယ် သဗ္ဗန်ဆိပ်၌ မြကိုမြင်လိုက်ရသည့်ခဏ၊ ခံစားနေရသောဝေဒနာဆိုး တို့သည်၊ ညစ်ပတ်သောကုန်းပတ်ကို ရေဖြင့်ဆေးကြောလိုက်သကဲ့သို့၊ လွင့်ပြယ်ပျောက်ကုန်း၏။ ရင်ထဲတွင်ဖြူစင် အေးမြသွား၏။ မြ၏မျက်နှာ ငွေလသည် ကျွန်တော့်ရင်မှအမောနွမ်းတို့ကို ဆေးကြောပစ်နိုင်စွမ်းပါဘိ။

"မြနေကောင်းရဲ့လား" ဟု မေးချင်စိတ်သည် လျှာယားနေ၏။ အရပ်နေရာရွေး၍ သူစိမ်းလိုနေရ၍သာ၊ စိတ်ကိုထိန်းချုပ်လိုက်ရ၏။ ပွဲပိုင်းတွင် ထိုင်နေသောမြသည် ကျွန်တော့်ကို တစ်ချက်ပြန်လှည့်မကြည့်။ ဤသမ္ဗန်ဆိပ်တွင် သစ်ကုလားအုပ်လည်ပင်း ဖြစ်လောက်အောင်၊ အရှက်မဲ့စွာ မြကိုစောင့်မျှော်ခဲ့ရသော ကာလများနှင့် စာလျှင် ယခုအခြေအနေသည် ရာသီဥတုကောင်းမွန်လွန်းလှ၏။ သမ္ဗန်ဆိပ် အဆင်းတွင် မြ၏အပြုံးတစ်ပွင့် အကြည့်တစ်ခုသည် ကျွန်တော့်အဖို့ လစ်ဟာမှုမရှိ အားလုံးပြည့်စုံသွားပေပြီ။

တစ်ယောက်အလိုတွင် ကျွန်တော်သည် သမ္ဗန်ပေါ်သို့ဆင်းခဲ့၏။ ကျွန်တော်ဦးပိုင်းထိုင်လိုက်ချိန်တွင်၊ သမ္ဗန်သည်ကမ်းမှ စခွာ၏။ စက်နှိုး၏။ စဥ့်အိုးတန်းဆိပ်ကမ်းဆီသို့ ဦးတည်ခုတ်မောင်းစပြုပြီ။ သမ္ဗန်ဦးနှင့် ပွဲတွင်အလှမ်းဝေးစွာ သူစိမ်းတစ်ရံဆံလိုပါလာခဲ့ကြရ၏။ မြ၏ဆန္ဒအလိုကျ အလိုက်သိစွာ အနေစိမ်းဟန်ဆောင်၍ နေတတ်ခဲ့မှု ကြောင့်၊ ကျွန်တော်နှင့်မြ၏ ရင်းနှီးကျွမ်းဝင်မှုကို၊ သမ္ဗန်စီးလာသူများ မသိကြ။

"အစ်ကို ဒီနေ့ပြန်ရောက်တာလား"

"ဟုတ်တယ် မြ ... မနက်ကဆေးရုံရောက်သေးတယ်"

"အစ်ကိုဘာဖြစ်နေတာလဲ– မြကိုစိတ်မဝင်စားတော့ဘူးလား"

ကျွန်တော်သက်ပြင်းမောချမိ၏။



"မြရဲ့ ... အေးကျူတီ နိုက်ကျူတီဖယားကို အစ်ကို့အခန်းထဲလည်း [illegible]ပါတယ်၊ အကိုခေါင်းထဲမှာလည်း စွဲနေပြီးသားပါမြ"

"ဒါဖြင့် ဘာလို့ဆေးရုံသွားရတာလဲ"

"အစ်ကို့ရင်ထဲမူနေလို့"

ကျွန်တော့်အဖြေစကားကြောင့်၊ မြကဟက်ခနဲရယ်မောသည်။ [illegible] ဆည်းလည်းလှုပ်ခတ်သံသည်၊ ကျွန်တော့်နားထဲသို့ ချိုမြစွာ [illegible]

"ဘာလို့ရင်ထဲမူနေရတာလဲဟင်"

"မြနေမကောင်းဘူးလို့ ပြင်စလူမှာအိပ်မက်မက်လို့"

"မြနေကောင်းပါတယ်အစ်ကို– အမေသာ"

"အမေအောင့်ပြန်ပြီလား"

"အစ်ကို့အမေမဟုတ်သေးပါဘူး– မြအမေပါ ဟင်း ...ဟင်း [illegible] ..."

မြကရယ်မောနိုင်သော်လည်း ကျွန်တော်မရယ်မောနိုင်၊ ရင်သာ [illegible]

"ဟုတ်တယ်အစ်ကို ... အမေပြန်အောင့်လာလို့"

"ဆေးရုံမတင်ဘူးလား"

"အစ်ကိုက အမေ့အကြောင်းမသိလို့ ၊ တစ်ယူသန်ကြီးအစ်ကိုရဲ့ [illegible]ပြောနဲ့ ဆေးခန်းတောင် ခေါ်မရဘူး"

"မြမှာ ဆရာဝန်အသိတွေ အများကြီးပဲဟာ အိမ်ခေါ်ပြီး [illegible]တုသဖို့ ကောင်းတယ်"

"ရေပါဘူးအစ်ကိုရယ် မြလည်းနားဝင်အောင် သေချာရှင်းပြတာပဲ [illegible]ထက်မခံတာ"

"အစ်ကိုလာပြီး ဆေးရုံတင်လို့ရအောင်၊ ပြောပေးရမလား"

"ဟင်း ... ဟင်း ... ဟင်း အစ်ကိုဟာလေ ကိုယ့်ကိုယ်ကိုယ် [illegible]ပြီးတယ်နော် "

www.burmeseclassic.com

www.burmeseclassic.com



"အထင်ကြီးလို့ မဟုတ်ပါဘူး၊ မြကနားဝင်အောင်မပြောဘူး ထင်လို့ပါ"

"အစ်ကိုရယ် မြဟာ သူနာပြုဆရာမပါ အမေဟာ မြအမေပါ မြအမေအကြောင်း မြအသိဆုံးပါ"

"မြရေ ဘုန်းကြီးလမ်းက တက်ကြရအောင်နော်"

"သဘောလေ"

ကျွန်တော်တို့နှစ်ယောက်၊ ဘုန်းကြီးလမ်းသို့ ချိုးကွေ့လျှောက်လိုက်ကြသည်။ ဘုန်းကြီးလမ်းအောက်လမ်းသည် ကုန်တင်ကုန်ချ ယာဉ်များ၊ အရက်ဆိုင်ဝန်းကျင်မှ အရက်ရောင်းသူ၊ အရက်သောက်သူ များနှင့် ရှုပ်ထွေးနေသဖြင့်၊ စကားမဆိုဖြစ်ကြ။ မဟာဗန္ဓုလလမ်းကို ကျော်သွားပြီးသည့်တိုင်၊ နှစ်ယောက်သား အတွေးကိုယ်စီဖြင့် လျှောက်လာခဲ့ကြသည်။ ကျုံးကြီးလမ်းဖြတ်ကျော်ပြီးခဲ့ပြီ။ အင်းစိန်ဘက်သွား မည့်ကားများကို စောင့်မျှော်နေကြသည့် လူအုပ်ကြီးကပလက်ဖောင်း ပြည့်နီးပါးရှိ၏။ ဘုန်းကြီးလမ်းအတိုင်း ဆက်မသွားတော့ဘဲ၊ ကျုံးကြီးလမ်း အပေါ်ဘက်ဆက်တက်ခဲ့သည်။ ကျုံးကြီးလမ်း တစ်လျှောက်တွင်လည်း လူသွားလူလာများနှင့် ရှုပ်နေသည်။ ကားမှတ်တိုင်များတွင်လည်း လူတွေစုပြုံနေသည်။ လမ်းမတော်လမ်း အရောက်တွင်၊ သရက်တော ကျောင်းတိုက် ဘေးအတိုင်း အထက်သို့ တက်လာခဲ့၏။

"အစ်ကိုတော့ အမေ့ကိုဆေးရုံတက်ဖို့ လာပြောကြည့်ချင်သေး တယ်"

"မလာပါနဲ့ အစ်ကိုရယ်၊ အစ်ကိုလာရင် အခြေအနေတွေပိုဆိုး ကုန်လိမ့်မယ်။ အစ်ကိုပြောလို့လည်း မရနိုင်ပါဘူး၊ အမေ့အကြောင်း မြအသိဆုံးပါ"

"အခု အမေ ဘာဆေးတွေ သောက်လဲမြ"

" ဗိန္ဒောဆရာ ပေးတဲ့ဆေးတွေ သောက်တာပေါ့"



"သက်သာရဲ့လား"

"သက်သာသလိုတော့ ရှိတာပဲ– မအောင့်ရင် ဈေးရောင်းနေ တာပဲ– အမြဲလည်း အောင့်တာမဟုတ်ဘူး"

"ခု မြဆေးရုံလာတော့ အမေ့ကိုဘယ်သူကြည့်တုံး"

"ကိုစိုးတို့မောင်နှမ ကြည့်တာပေါ့"

ကျွန်တော့်ရင်ထဲတွင် ဆူးစူးခံလိုက်ရသလို မျက်ခနဲခံစား လိုက်ရသည်။ ကိုစိုးခေါ် ကိုစိုးဝေသည် မြအမေက မြနှင့်သဘောတူ နေသူ၊ အိမ်ချင်းကပ်လျက်၊ အိမ်နားနီးချင်း၊ ပြီးတော့ မြနှင့်က ဏလေးဘဝ ကတည်းက လက်ကမ်းတွဲခေါ် ကစားဖော်။

"ဘာတွေ တွေးနေတာလဲ အစ်ကို၊ မြအရေးပေါ်ကပဲ ဝင်တော့မယ်"

" ဗြော် အင်း ရှေ့ပေါက်ကမဝင်ဘူးလား "

"(၆)နာရီမတ်တင်းရှိပြီလေ၊ ဒီကပဲဝင်တော့မယ်၊ အစ်ကို ပြန်တော့နော် ..."

ဗိုလ်ချုပ်အောင်ဆန်းလမ်းသို့ ဆက်မသွားတော့ပဲ၊ ကားအသွား အလာကိုကြည့်ပြီး၊ အရေးပေါ်ဘက် ဖြတ်ကူးလိုက်ကြ၏။

"သွားမယ် အစ်ကို "

မြက လက်လေးဝှေ့ရမ်းပြပြီး၊ ဆေးရုံထဲဝင်သွား၏။ ကျွန်တော် ကျောက်ရုပ်လို ရပ်ပြီး၊ မြကို မျက်စိတစ်ဆုံးကြည့်နေမိ၏။ မြင်ကွင်း ကွယ်သွားမှ ဗိုလ်ချုပ်လမ်းဘက်ဆက်လျှောက်ခဲ့သည်။

အချိန်ကို တန်ဖိုးထားလေးစားလွန်းသည့် မြ၊ သူများစိတ်အပြု အငြင်ဖြစ်မှာမခံတတ်သည့် မြ။ အချိန်မလေးစားသူတွေနှင့်ကြုံရဆုံရ သည့်အခါ စိတ်ညစ်ရ၊ မကျေမနပ်ဖြစ်ရ၊ ဒေါသဖြစ်ရတာလေးတွေ ကျွန်တော်ကို ပြောပြတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လူတွေကလည်းအခက်သား၊ ဟာဝန်အဝင်ကိုနောက်ကျချင်တတ်ကြပြီး၊ ဟာဝန်အထွက်ကို စောထွက်ချင်တတ်ကြသည်။ သတ်မှတ်ချိန်တွင် တိတိကျကျဝင်၊ တိတိကျကျထွက်၊ အချိန်ကိုအားလုံးလေးစားကြလျှင်၊ သည်ပြဿနာ ပေါ်လာစရာမရှိ။ အချိန်မလေးစား၊ စည်းကမ်းမရှိကြတော့ မလိုလားအပ်တာတွေ ဖြစ်လာရသည်။ အချို့ကျတော့ အခက်အခဲပြဿနာတစ်စုံတစ်ရာမရှိဘဲ၊ ကျော့မကျော့ရစေတော့သဘောဖြင့် အကျော့ကြီးဖြင့် တမင်နောက်ကျလာသည်။ အဝင်မလာသေးဘဲ တမင်စောထွက်ချင်သည်။ အတွေးအခေါ်အယူအဆတွေ တလွဲဆံပင်ကောင်းနေကြပြီ။

ကျော့ရဖို့အာရုံစိုက်လာတော့၊ တာနာစိတ်မရှိကြတော့။ ညာတာစိတ်မရှိကြတော့။ စည်းကမ်းရှိသည်ကိုပင် အပြစ်ဟု မြင်လာတတ်ကြသည်။ စည်းကမ်းမဲ့မှုကိုပင်၊ လွတ်လပ်မှုဟု ထင်လာတတ်ကြပြီး အဟုတ်ထင်လာတတ်ကြသည်။

ဖိုးသူတော်ဦးမင်း၏ "ကာလပြောင်းပြန်ကို" ကျွန်တော့်စိတ်၌ ရွတ်ကြည့်ဖြစ်၏။

"အမှန်သာ မှားတော့တယ်
အခါးဆိုကြတဲ့ ကာလဉာဏ်
မြေမှုကားပျောက်၊ ဖာသာဟောက်လို့
ထက်အောက်ကယ်ပြောင်းပြန်" တဲ့

ဖိုးသူတော်ဦးမင်းတို့ ခေတ်ကတည်းက ကာလပြောင်းပြန်၊ ယခုလည်းပြောင်းပြန်၊ နောင်လည်းပြောင်းပြန် ဖြစ်နေဦးမှာပါပဲလေ။

ဗိုလ်ချုပ်လမ်းအတိုင်း ကီလီဘက်သို့လျှောက်ခဲ့သည်။ အနောက် ကောင်းကင်ကိုကြည့်မိတော့ နေမရှိတော့။ ကောင်းကင်စိမ်းပြာရောင်တွင် ကြေးနီရောင်ထနေသော ရွှေရောင်၊ ပန်းရောင် တိမ်တိုက်များနှင့် ရွှေရောင်အနားကွပ်ထားသော ညိုပြာရောင် တိမ်တိုက်များကိုမြင်ရသည်။



မှန်ကျောင်းဆရာတော်ကို ဝင်ဖူးမည်။ ပြီးတော့ ကီလီဆိပ်ကမ်းမှ ဘုန်းကြီးလမ်းအောက် ဗောဓိတာသို့သွားမည်။

နေအိမ်သည် ထိုဗောဓိတာမှ နဒီဒေဝီမဟုတ်လား –

❀ ❀ ❀ ❀ ❀ ❀

နဒီဒေဝီပေါ်ရှိ ကျွန်တော်အခန်း ရောက်သည်အထိ၊ ကီလီတွင်တွေ့ခဲ့ရသော အခြေအနေမဲ့ကလေးများ၏ ရုပ်ပုံလွှာများနှင့် လှုပ်ရှားမှုများက ကျွန်တော့်အာရုံမှ မထွက်တော့။

ရွာသစ်ချောင်းဘေးမှ ဝင်လာခဲ့သောကျွန်တော်သည်၊ ကီလီ (၁)ဗောမှ (၄)ဗောအထိ သူတို့တစ်တွေကို တွေ့ခဲ့ရ၏။ လိမ္မော်တန်းတွင်လည်း မြင်ခဲ့ရ၏။ ငါးဈေးတန်းတွင်လည်း တွေ့ခဲ့ရ၏။ အုပ်စုဖွဲ့၍ နည်းမျိုးစုံဖြင့် ရုန်းကန်လှုပ်ရှားနေ ကြသည်။

အသက်(၆)နှစ် (၇)နှစ်အရွယ်မှ (၁၄/၁၅) နှစ်အရွယ်ထိ၊ ပါဝင်သော ကောင်လေးအုပ်စုတစ်စုကို ကျွန်တော်ရပ်ပြီး မသက်မသာ သတိထားကြည့်မိသည်။

ငါးစိမ်းသည်နှင့် မလှမ်းမကမ်းတွင် အခြေအနေမဲ့ ကောင်လေးနှင့်ကောင်မလေး သုံးလေးဦး ဆဲဆို နပန်းလုံးထွေး သတ်ပုတ်တော့၏။ ငါးစိမ်းသည်သည် ငါးဗန်းကို မေ့သွား၏။ သူမအာရုံသည် ရန်ပွဲဆီရောက်နေသည်။ ထိုအခိုက် ငါးစိမ်းသည် ရှေ့ရပ်နေသော အခြေအနေမဲ့ ကလေးနှစ်ယောက်က ခြေမနှင့် ခြေညှိုးကြား ငါးမြီးကိုညှပ်ပြီး နောက်သို့ကန်ထုတ်လိုက်ကြ၏။ ငါးနှစ်ကောင်သည် ရပ်ကြည့်နေသော ကျွန်တော့်အနား ရောက်လာသည်။ ချက်ချင်းဆိုသလိုကျွန်တော့်ဘေးနားမှ အခြေအနေမဲ့ ကလေးနှစ်ယောက် ကောက်ယူပြီး၊ အောက်ဘက်သို့ ပြေးသွားကြ၏။ ခဏကြာတော့ ရန်ပွဲလေးလည်း ပြီးသွားသည်။ အခြေ

www.burmeseclassic.com

www.burmeseclassic.com



အနေမဲ့ ကလေးများလည်း အလျှိုလျှိုပျောက်သွားကုန်သည်။ ငါးစိမ်းသည်က ငါးဗန်းထဲမှ ငါးနှစ်ကောင်လျော့သွားသည်ကို သိပုံမပေါ်။ ငါးတွေကလည်း ဗန်းပေါ်တွင်ပုံနေတော့ အကောင်ရေမထားလျှင် သိနိုင်စရာအကြောင်းမရှိ။ လျော့နေတာသိဦး ဘာလုပ်လို့ရပါမည်နည်း။ ဘယ်အချိန်က ဘယ်သူတွေ နှိုက်ယူသွားမှန်းမသိဘူး မဟုတ်ပါလား။

ထိုငါးစိမ်းသည်ကလည်း အရှုံးတော့ခံမည်ပုံမရှိ၊ အလေးနိုးမလား။ ဈေးတိုးမလား တစ်နည်းနည်းဖြင့်ကာမိအောင် ဈေးဝယ်သူအပေါ်မှာ ပါးပါးလှီးပေလိမ့်မည်။

ကျွန်တော်သည် သက်ပြင်းမောချရင်း၊ နဒီဒေဝီသို့ပြန်ခဲ့၏။ ကီလီ(၃)မောထိပ်တွင်၊ စောစောကအခြေ အနေမဲ့ကလေးများကို ပြန်တွေ့ပြန်သဖြင့်၊ သတိပြုကြည့်မိရာ၊ ငါးနှစ်ကောင်မီးကင်ပြီး မီးပုံပွဲကျင်းပနေပါပကော။

ဘယ်ကလာ၍ ဘယ်ကို သွားကြမည့်သူတွေလဲ။ သူတို့လေးတွေတွင်၊ ဘဝရည်မှန်းချက်ပန်းတိုင်ဆိုတာ မရှိကြပြီလော။ ပွဲနှင့်ပွဲကိုင်မည့်သူပင် ရှိကြပါ၏လော။

ကျွန်တော်သည် အိပ်ခန်းထဲရှိ အိပ်ရာပေါ်တွင်လှဲအိပ်ရင်း အခြေအနေမဲ့သံသရာကို စဉ်းစားနေမိသည်။

ကျွန်တော်သည်ပင်၊ နဒီဒေဝီ၌ ရှစ်နှစ်ကျော်ခဲ့ပြီ။ ထိုရှစ်နှစ်ကျော် ကာလအတွင်း၌၊ ရန်ကုန်ဆိပ်ကမ်း တစ်ခွင်တစ်ပြင်တွင်၊ အခြေအနေမဲ့များကို၊ ပုံသဏ္ဌာန်အမျိုးမျိုးနှင့် တွေ့ထိခဲ့သည်။ ကီလီ(၁)မောနှင့် (၄) မောအကြားသည်၊ ၎င်းတို့ ပေါက်ဖွားပျော်မွေ့ကြီးပြင်းရာ၊ ဘူမိနက်သန် နေရာမှန်ဖြစ်သည်။ အရွယ်ရွယ် အစားစား၊ ကျားကျား မမ ထိုနေရာ၌ တွေ့ရမည်ဖြစ်သည်။

သူတို့သည် သန္ဓေဇသတ္တဝါများမဟုတ်၊ အမိရှိရမည်၊ အဖရှိ



ရမည်။ သူတို့၏ အမိအဖများသည် မည်သို့သောအမိအဖများ ဖြစ်ကြပါလေသနည်း။ အကြင်အနာနည်းကြသော မိဘများလော၊ ပျော်ချင်တိုင်းအပျော်လွန်ခဲ့တတ်ကြပြီး ရှက်တော့လည်း ရှက်တတ်လွန်းကြသည့် မိဘများလော။ အခြေအနေရှိသူနှင့် အခြေအနေမဲ့သူ အပျော်လွန်ကြရာက၊ သားသမီးအဖြစ် အသိအမှတ် မပြုချင်ကြသော မိဘများလော။ အခြေအနေမဲ့ချင်း အပျော်လွန်မှုသာသိပြီး၊ တာဝန်ယူမှု မသိသော တိရစ္ဆာန်လို မိဘများလော။

အမေအဖြစ် တာဝန်မယူနိုင်သောအမေများ၊ အဖေအဖြစ် တာဝန်မယူနိုင်သောအဖေများ ရှိနေသမျှကာလပတ်လုံး အခြေအနေမဲ့များ တိုးပွားဖြစ်ထွန်းနေမည်သာ ဖြစ်သည်။ အခြေအနေမဲ့ကောင်လေးများ၊ ကောင်မလေးများသည် အဖေအမေ များဖြစ်လာကြဦးမည်ဆိုလျှင် ကျွန်တော်ဆက်မတွေးချင်တော့ပါ။

ဆက်မတွေးချင်သည့်ကြားမှပင် အလွန်ခင်မင်ရင်းနှီးနေသော ရေယာဉ်အမှုစစ် ဒုရဲအုပ်စခန်းမှူး ဦးနိုင်သီဟ၏မျက်နှာက ပေါ်လာ၏။ သူ့အသံကြားယောင်လာ၏။ သည့်နောက် အမြင်အာရုံ၌ မသက်သာမှုများဖြင့်အဖမ်းခံကြရသော အခြေအနေမဲ့များ၊ ဂမ်းသားများက ပေါ်လာသည်။ မြေနိမ့်ရာလှံစိုက်သည်မှာ အဆန်းတော့မဟုတ်။ မြေမြင့်ရာ လှံမစိုက်နိုင်သည်မှာလည်း အံ့သြစရာတော့မဟုတ်။

အခြေအနေမဲ့များကို အဘယ်သူသည် ယုံယုံကြည်ကြည် အလုပ်ပေးဝံ့ပါမည်နည်း။ မလှစုန်းမျိုး၊ မရှိနိုးနိုးမြင်တတ်သည်မှာ လူ့သဘာဝပင်။ မျိုးရိုးဗီဇသန္ဓေနှင့် တံငါနားနီးတံငါ၊ မုဆိုးနားနီးမုဆိုး ဖြစ်တတ်ကြသည် မဟုတ်လား။ သည်တော့လည်း အခြေအနေမဲ့များ၊ ဂမ်းသားများသည် ငတ်နေသူများမို့၊ နွမ်းပါးနေသူများမို့၊ ဆာလောင်မွတ်သိပ်မှုပြေပျောက်အောင်၊ ဆင်းရဲမှုမှ သက်သာအောင်၊ ခိုးကြ ဝှက်ကြပေမည်ပေ့။ သူတို့အတွက် ထောင်တံခါးများသည် နေ့နေ့

www.burmeseclassic.com

www.burmeseclassic.com



ညည့ဖွင့်ထားနေသည်ပဲ။ တကယ်စဉ်းစားကြည့်တော့ သူတို့အတွက် ထောင်သည့် စားဝတ်နေရေးအဆင်ပြေသည့်နေရာ။ အပြင်မှာက စားဝတ်နေရေးအတွက် ပူပင်ရသည် မဟုတ်လား။

သို့ပေမယ့် မည်သူမျှထောင်ထဲ မနေချင်။ တရားဥပဒေအစိုးရ ပါးလျားသော၊ ကြီးနိုင်ငယ်ညှဉ်း ရက်စက်ခြင်းပြွမ်းသော၊ မဝရေစာ စားရသော၊ ခြင်၊ ကြမ်းပိုးတို့၏ နှိပ်စက်တတ်သော၊ အိပ်သည့်နေရာ၊ စားသည့်နေရာ၊ မစင်စွန့်သည့်နေရာ၊ တစ်နေရာတည်းဖြစ်သော၊ ကျဉ်းကြပ်ပူလောင်နံစော်လွန်းသော၊ ခဲကတ်ကြမ်းတမ်းခက်မာသော အလုပ်တို့ဖြင့် နပန်းလုံးရသော၊ လွတ်လပ်မှုအလျှင်းမရှိသော၊ အချုပ်ခန်းနှင့် အကျဉ်းထောင်သို့ အဘယ်လူသွားသည် လေချွန်ကာ နေလိုပါအံ့နည်း။

အမှန်မှု အချုပ်ခန်းနှင့် အကျဉ်းထောင်တို့သည် တရားဥပဒေနှင့် ဆန့်ကျင်သူအားလုံးအတွက် ဖြစ်သင့်၏။ မရှိရှိုးသူများ။ ဗုက်သူများ။ လုယက်သူများ။ ဥပဒေနှင့် ဆန့်ကျင်ရောင်းဝယ်ဖောက်ကားသူများ၊ ဥပဒေနှင့် ငြိစွန်းသော ဒေါသကြီးသူများ၊ မောဟကြီးသူများအတွက် လောက်သာမဟုတ်ဘဲ၊ ရှိလျက်နှင့် ခိုးသူများ။ ဗုက်သူများ။ လုယက် သူများ၊ ဥပဒေနှင့်ဆန့်ကျင်၍ ကြီးကြီးကျယ်ကျယ်ရောင်းဝယ် ဖောက်ကားသူများအတွက်ပါ ဖြစ်သင့်၏။ အထူးသဖြင့် ပိုဖြစ်သင့်၏။

ယခုမူ စာဖမ်းသည့်ပိုက်ဖြင့် ဆင်ကိုဖမ်းနေကြပြီ။ ကြက်ချည် သောကြိုးဖြင့် ဆင်ကိုချည်နေကြပြီ။ ကျုံးသွင်း၍ဆင်ဖမ်းမှု မရှိမဟုတ်၊ ရှိ၏။ သို့သော် နည်းလွန်း၏။ မုဆေးသေနတ်ဖြင့် ဆင်ကိုပစ်ခတ်မှု မရှိမဟုတ်ရှိ၏။ သို့သော်နည်း၏။ သံကြိုးဖြင့်၊ ခိုင်ခံ့သောကြိုးဖြင့် ဆင်ကိုဖမ်းမှုမရှိမဟုတ်ရှိ၏။ သို့သော် နည်း၏။ ထိုနည်းလွန်းသော ခဲရာခဲဆစ် ဖမ်းမိထားသောဆင်များကိုပင် နောက်ဆုံး၌ ငွေတည်း ဟူသော ပဲ့လက်သော့တံဖြင့် ခတ်ထားသောသော့တို့ကို ဖြုတ်စေ၏။ ဖြုတ်လေ၏။ ဝမ်းနည်းဖွယ်ကောင်းလေစွ။



မြစ်မှုကျူးလွန်သူအားလုံးအတွက် တစ်မျိုးတစ်စားတည်း ဖြစ်သည့်၊ စက်ဆုပ်ရွံရှာဖွယ်ကောင်းသော အချုပ်ခန်း၊ အကျဉ်း ထောင်မှုပင်၊ ဆင်အတွက် ဆင်နေရာဆင်စာ၊ ဆိတ်အတွက် ဆိတ်နေရာ ဆိတ်စာ ရှိသည်တဲ့။ အံ့ဖွယ်ကောင်းလေစွ။

တရားမျှတမှုသည် အဘယ်မှာနည်း။ တရားကိုစောင့်ရှောက် အပ်သောသူတို့ တရားမစောင့်လေသမျှ၊ ငွေမျက်နှာကြည့်နေလေသမျှ တရားမျှတမှုသည် ပါးလျားမှေးမှိန်နေမည်သာဖြစ်သည်။

ပဲ့နှင့်ပဲ့ကိုင်မရှိသော လှေနာဝါများသည်၊ အစိပ္ပါယ်မဲ့စွာ ဆော သွင်စွာရေအောက်ကြမ်းပြင်၌ လဲလျောင်းရမည်သာဖြစ်သည်။

ကျွန်တော်ပခုံးတွန့်လိုက်မိသည်အထိ၊ ကြက်သီးထအောင် ခံစားလိုက်ရ၏။ လှေမှန်လျှင် ပဲ့နှင့် ပဲ့ကိုင်သည် ဖဏနကျလှချည်လား။

တကယ်တော့ ကျွန်တော့်ဘဝသည်လည်း သူတို့ဘဝနှင့် သိပ်ထူးခြားလှသည်တော့မဟုတ်။ ငယ်ငယ်ရွယ်ရွယ်နှင့် အမိမဲ့သား ရေနည်းငါး ဖြစ်ခဲ့ရသည်မဟုတ်လား။ ပဲ့နှင့်ပဲ့ကိုင်မည့်သူရှိ၍သာ သည်အခြေအနေ ရောက်လာခဲ့ခြင်းဖြစ်သည်။ ပဲ့နှင့်ပဲ့ကိုင်မည့်သူ မရှိခဲ့လျှင်၊ မကောင်းခဲ့လျှင်–

ကျွန်တော့်အတွေးတို့သည် မြစ်ထဲတွင်မျောနေသောဒိုက် သရောလို ကမ်းမသိလမ်းမသိလွင့်မျောစပြုနေပြီလေ။

## (နှစ်) ငယ်ကဖြစ်ရွှေ့ ရေးကျွမ်းငွေ့

ကျွန်တော်၏ဇာတိသည်၊ တောင်သာမြို့နယ်၊ ဝဲလောင် ကျေးရွာအုပ်စု ကျွတ်ကြီးကျေးရွာဖြစ်သည်။ ဝဲလောင်တောင်ဘက် တစ်တိုင်ခန့်သွားရသည်။

တမာပင်၊ မန်ကျည်းပင်၊ ထနောင်းပင်၊ ကုက္ကိုပင်တို့ဖြင့် စုစုအုပ်အုပ်စိမ်းစိမ်းစိုစို အလှဆင်နေသော၊ အိမ်ခြေကိုးဆယ်

www.burmeseclassic.com

www.burmeseclassic.com



ခန့်သာရှိသည့် ရွာကလေး။ မြောက်ဘက်တွင် ဝဲလောင်ဆည်ရွာ၊ သပွတ်ရာ၊ အနောက်ဘက်တွင် လယ်ဟောင်း၊ ခံပင်ရွာ၊ ရွာသစ်၊ တောင်ဘက်တွင်ကန်နီ၊ လှည်းပွဲကုန်းချောင်းဆုံ၊ မြောင်းဆုံ၊ အိုင်မတောင့်၊ အရှေ့ဘက်တွင် တောင်လုလင်၊ လယ်ကွက်ကြီး။ တစ်ရွာနှင့် တစ်ရွာအလှမ်းမဝေးလှ၊ ရွာချင်းဆက်နေသည်။ လယ်ကွင်းများ၊ ယာခင်းများဖြင့် ခြားထားသည်။

ဝဲလောင်မှလာလျှင်၊ ကျောက်ဖြာကြီးမရောက်မီအထိ ကမ်းပါးယံများရှိသည့် လျှိုမြောင်လှည်းလမ်း ဖြစ်သည်။ ကျောက်ဖြာကြီးမှ ရိုးပင်ယာအထိ၊ နဘူးချုံများ ဝဲယာရံထားသည့် ပြေမော့မော့လှည်းလမ်း၊ ပြာတောယာမှဘုရား ယာထိက၊ ဆင်ခြေလျှောလွင်ပြင်၊ ကြားမှာယာနှင့် လယ်ကွင်းတွေရှိသည်၊ ဘုရားကြီး ပင်ယာကကျောက်စရစ်ကုန်းဆန်သည်။ မွန်းနံချုံ၊ နဘူးချုံများ လမ်းဘေးဝဲယာရှိသည်။ ရွာအဝင်ရွာ မြောက်ဘက်ထိပ်တွင် သစ်ပုပ်ပင်အောက်၌၊ သဲဖြူလွလွခင်းထားသည့်ရေချမ်းစင်က ကျွန်တော့်တို့ မမွေးမီ ကတည်းကရှိသည်။ ဘယ်အချိန်ကတည်းက ရေချမ်းစင် ရှိခဲ့သည်ကို မပြောနိုင်။ ရွာတည်ကတည်းက ရှိခဲ့လိမ့်မည်ဟုတော့ ခန့်မှန်းလို့ရသည်။

အညာကျေးလက်မှရွာတိုင်း ရေချမ်းစင်ရှိသည်။ ရေချမ်းစင် ရေမပြတ်စေရအောင်၊ တစ်ဦးမရှိတစ်ဦး လက်ဆင့်ကမ်း အမွေယူခဲ့ကြသည်။ ရေချမ်းစင်က မိုးနှင့်ဆောင်းထက်နွေမှာ ပိုပန်ရသည်။ ပိုသဘာဝကျသည်။

နွေနေပူပူလောင်လောင်အောက်တွင် ခရီးသွားရသူတို့ သစ်ပုပ်ပင်အောက်ဝင် ရေချမ်းစင်မှရေကိုသောက်၊ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်သံသည် ကြားရသူတို့ကို နှလုံးစိတ်ဝမ်းချမ်းမြေ့စေသည်။ ရေအိုးအောက်တွင် သဲထူထူခင်းပြီး ရေပါလောင်းထား၍၊ သဲကစိုရေကအေးနေသည်။ ရေအိုးတစ်လုံး၊ လက်တံနှင့်အုန်းမှုတ်ခွက်



တစ်ခွက်၊ သဲစိုစိုနှင့်ရေအိုးစိုစိုကိုကြည့်ပြီး မောလာသူပန်းလာသူနွမ်းလာသူကိုအမောပြေစေသည်။ အပန်းပြေစေသည်။ သစ်ပုပ်ပင်အောက်ဝင်၊ ရေချမ်းစင်မှရေကို သောက်လိုက်ရသည်နှင့် ရှေ့ခရီးအတွက် အားသစ်အင်သစ်ဖြစ်ရသည်။

ရေအကျိုးဆယ်ပါး မတောင်းဘဲနှင့်ရသည်ကို သိကြသည်၊ အညာကျေးလက်မှမြန်မာတွေ ကုသိုလ်ယူတတ်လိုက်ပါဘိ။ စာနာစိတ်မှ ကြင်နာစိတ်မှ ဖြစ်တည်လာသော ရေချမ်းစင်။ လေ့ကောင်းစရိုက်ကောင်း။ မွန်မွန်မြတ်မြတ်အလုပ်၊ အညာသူ အညာသားတို့၏နှလုံးသားဖြစ်တည်မှုနှင့် အတူယူသယ်ဆောင်သွားမည့် အမွေကောင်းအမွေမြတ်။

ရွာအနောက်မြောက်ဘက်မှာ ရွာသချိုင်း၊ အဖေအမေတို့သည် ထိုနေရာ၌ ငြိမ်သက်စွာလဲလျောင်းခဲ့ကြပြီ။

ရေချမ်းစင်နှင့်သစ်ပုပ်ပင်ကို ကျော်သည်နှင့် နိမ့်လျှောလျှိုသို့ဆင်းရသည်။ ကမ်းပါးယံကြီးနှစ်ခုကြား လှည်းလမ်းသည် နိမ့်ရာမှတဖြည်းဖြည်းမြင့်တက်သွားသည်။ ကုန်းမြေညီသို့ရောက်သည့်အခါ ရွာထိပ်ကို လှမ်းမြင်ရသည်။ ရွာအမည်ကို လှမ်းတွေ့ရသည်။

ရွာကတောင်မြောက်ရှည်သည်။ တောင်မြောက်လမ်းမနှစ်လမ်းရှိသည်။ အရှေ့ထိပ်အနောက်ထိပ်လမ်းကို ဥလမ်းနှစ်ခုဖြင့် မြောက်ဘက်ထိပ်နှင့် တောင်ဘက်ထိပ်၌ ဆက်ထားသည်။ အရှေ့အနောက်မြောက်ဘက် လမ်း၏မြောက်ဘက်တွင်လည်း ခြံနှင့်ဝန်းနှင့် အိမ်တွေရှိသလို၊ အရှေ့အနောက်တောင်ဘက်လမ်း၏ တောင်ဘက်တွင်လည်း အိမ်တွေရှိသည်။

ရွာအရှေ့ဘက်တွင်ပြည်တော်အေး စေတီတော်နှင့် ရွာဦးဘုန်းကြီးကျောင်းရှိသည်။ မန်ကျည်းပင်၊ တမာပင်၊ ကုက္ကိုပင်၊ သင်းမာပင်၊ ခရေပင်၊ တရုတ်စကားပင်တို့ဖြင့် အုပ်အုပ်ဆိုင်းဆိုင်း

www.burmeseclassic.com

www.burmeseclassic.com



**ခိုင်ခိုင်ညို့ညို့** ရှိသည်။ ကျောင်းတော်ဝိဟာရဖြစ်သည်။ အောက်ချိုင့်ထဲတွင် ဆရာတော်၏ သနပ်ခါးတော။

ဟိုးအရင်ရွာဦးကျောင်းမှာပင်၊ အစိုးရမူလတန်းကျောင်း ဖွင့်ထားသည်။ ယခုတော့ အစိုးရမူလတန်းကျောင်းက ရွာအနောက်တောင်ဘက် ညောင်ပင်ကြီးနားပြောင်းသွားပြီ။

ရွာဦးကျောင်းတောင်ဘက်နှင့် အရှေ့ဘက်မှာရှိသည့် ယာခင်းတွေက ကျွန်တော်တို့ယာခင်းတွေ။ ယာခင်းတွေထိပ်မှာတော့ ပေတစ်ရာလောက်နက်သည့် ချောက်ကမ်းပါးကြီးများ။ အောက်ခြေတွင် ရွာဦးချောင်းသည် ကွေ့ရစ်ကွေ့ကောက်စီးဆင်းနေသည်။

ရွာထိပ်သည်ချောင်းကမ်းပါးအမြင့်ဆုံး နေရာ၌ရှိသည်။ ရွာတောင်ဘက်နှင့်မြောက်ဘက်တို့တွင်၊ တဖြည်းဖြည်းနိမ့်လျှောပြေစင်းနေသည်။ တောင်ဘက်ထိပ်တွင် သဲအိုင်ရှိပြီး၊ မြောက်ဘက်ထိပ်တွင် မကျည်းပင်အိုင်ရှိသည်။ ကမ္မာအိုင်နှင့်သိန်အိုင်တို့က အလယ်မှာ။ ရေလည်းအနက်ဆုံး။ ချောင်းရိုးတစ်လျှောက်တွင် ကျောက်ဆောင်များ၊ ကမ်းပါးယံများ၊ ထန်းတောများ၊ ယာခင်းများဖြင့် အနားသတ်ထားသည်။ ရေမရှိသည့် နေရာတွင် သဲသောင်ဖွေးဖွေး။

ရွာအရှေ့မြောက်ဘက် မြေနိမ့်ချိုင့်ဝှမ်းတွင် တုတ်တွင်း၊ ခဲတွင်း၊ သဲတွင်း၊ ရေတွင်းများရှိသည်။ ရွာတောင်ဘက်သည် ချိုင့်စောင်းဖြစ်သည်။ တဖောင်းပင်တွေရှုပ်လိုပေါက်နေသည်။ အင်္ဂလိပ်လက်ထက်က ရေနံလာတူးခဲ့သဖြင့်၊ ရေတွေပန်းထွက်နေသည့် ရေနံတွင်းဟောင်းတွေရှိသည်။ ရွာတောင်ဘက်ချိုင့်စောင်း ကျော်သွားလျှင်၊ ရွာ၏သောက်သုံးရေကန်နှင့် ကန်ဦးစေတီရှိသည်။

ရွာအနောက်ဘက်ခပ်လှမ်းလှမ်းတွင် သရက်တော၊ ထန်းတောပြည်တော်သာရေတွင်း၊ ရွာပတ်လည်မှာက ယာခင်းတွေ။

ရွာတွင် တန်ဆောင်မုန်းလပြည့်နေ့တိုင်း တစ်နှစ်တစ်ကြိမ်



ကျင်းပသည့် ပြည်တော်အေးစေတီတော် ဘုရားပွဲရှိသည်။ ရွာသူရွာသားများ၏ တက်ညီလက်ညီစိတ်ဓာတ်ကို ရွာဘုရားပွဲနှင့် အလှူမင်္ဂလာသာရေး၊ နာရေးကိစ္စများတွင် တွေ့ရမြဲဖြစ်သည်။

ကျွန်တော်တို့အိမ်က ရွာအလယ်မှာ ရှိသည်။ မန်ကျည်းပင်၊ ထမာပင်တို့ဖြင့် အုပ်အုပ်ဆိုင်းဆိုင်း ရှိသည်။ ကျွန်တော်တို့တွင် မောင်နှမနှစ်ယောက်သာ ရှိသည်။ အစ်မမညိုအိသည် လေးတန်းနှင့်ကျောင်းထွက်ပြီး၊ အိမ်မှုကိစ္စလုပ်ရသည်။ အဖေနှင့်အမေက လယ်လုပ်သည်၊ ယာလုပ်သည်။ အဖေအမေမှာ အားရသည် နားရသည် မရှိ။

အဖေသည် သာရေးနာရေးကိစ္စများတွင် ကိုယ်ဖိရင်ဖိ လုပ်ပေးတတ်သူဖြစ်၍ အမေက ပိုပင်ပန်းသည် ဟုထင်သည်။ အဖေသည် သာရေးနာရေးကိစ္စများ လုပ်ပေးပြီဆိုလျှင်၊ သားမေ့၊ မယားမေ့၊ လယ်မေ့ ယာမေ့။ သည်တော့အမေပဲ အဖေ့အလုပ်တွေ ဝင်လုပ်ရတော့ ပိုပင်ပန်းပြီပေါ့။

အမေက အလုပ်စုံလုပ်တတ်သည်။ ထယ်ထိုးခြင်းမှလွဲ၍ လယ်ထွန်တတ်၊ ယာထွန်တတ်သည်။ ပဲစိုက်၊ ဝါစိုက်၊ စပါးစိုက်၊ နှမ်းကြဲ၊ ပြောင်းကြဲလည်းအမေ။ ပဲဆွတ်၊ ပဲကောက်၊ ဝါကောက်၊ စပါးရိတ်၊ စပါးနယ်၊ စပါးလှေ့၊ နှမ်းရိတ်၊ နှမ်းခါအမေမပါသည်မရှိ။ ပဲစင်းငုံခုတ်၊ ပဲစင်းငုံရိုက်၊ ပြောင်းရိတ်၊ ပြောင်းနယ် အမေလုပ်ခဲ့သည်။ ပဲစင်းငုံလှည်း၊ ပြောင်းရိုးလှည်း မောက်မောက်ကြီးများကို အမေသည် မကြောက်မရွံ့ မောင်းတတ်သည်။

စပါးထောင်း၊ ဆန်ဖွတ်၊ ဆီကြိတ်အလုပ်အပြင်၊ အမေသည် ဝါကြိတ်၊ ဝါဖတ်၊ ဝါဖန်လည်း လုပ်ခဲ့သည်။ ဗိုင်းလိပ်၊ ဗိုင်းငင်၊ ချည်သေး ချည်ချလည်းအမေ။ ချည်ခင်ဆိုး၊ ရက်ကန်းရှယ်လည်းအမေ၊ ရက်ဖောက်ယောက်၊ ရက်ကန်းရက်လည်း အမေ။ လက်နှင့်အလုပ်နှင့် မပြတ်။ ညအိပ်ချိန်လေးသာ အမေနားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အမေမအားသလို၊ မနားသလို အစ်မလည်းမအား၊ မနားရ။ အရွယ်နှင့်မမျှအောင် ချက်ရပြုတ်ရ၊ လျှော်ရဖွပ်ရသည်။ အမေနိုင်းတာ ဝင်ကူရသည်။

ကျွန်တော်လည်းကျောင်းသားဖြစ်၍ အလကားနေရမည် မထင်နှင့်။ ကျောင်းမသွားမီ၊ ကန်ရေသုံးလေးခေါက် ထမ်းရသည်။ ညနေကျောင်းကပြန်လာတော့ ရေစည်တိုက်ရသည်။ ဘတ်ခွက်ိုင်ချိန်မရ။ တမာပင်ပေါ်မှာ တမာသီးစားနေကြသည့် ဗွတ်ဖင်နီတွေကို ဘတ်ခွဖြင့် ပစ်ချင်သည်မှာ လက်ကိုယားနေသည်။ မအားတာက တစ်ကြောင်း၊ အမေ့အလစ်ချောင်းမြောင်းနေတာကတစ်ကြောင်းနှင့် မပစ်နိုင်ခဲ့။

အမေက ငှက်ပစ်တာ၊ ငါးရိုက်တာ၊ ဖားရိုက်တာမကြိုက်။ ကျွန်တော်ဘတ်ခွကိုင်သည်နှင့် ကျွန်တော့်လက်ကို လိမ်ဆွဲတတ်သည်။ ကျွန်တော့်ဗိုက်ကိုလိမ်ဆွဲတတ်သည်။ နာလွန်းသဖြင့် ကျွန်တော် အော်ဟစ်ရုန်းကန်မှ လွှတ်ပေးသည်။

အမေက "မင်းကို လက်လေးနဲ့လိမ်ဆွဲတာကို ငယ်သံပါအောင် အော်လိုက်တာ သိပ်နာသလား" တဲ့။ ကျွန်တော်က "နာတာပေါ့ အမေရ" ဟုပြန်ပြောမိရာ "ငှက်ကလေးတွေကို လောက်စာလုံးကြီးတွေနဲ့ပစ်ရင် ဘယ်လောက်နာလိုက်မလဲ၊ သေတောင်သွားနိုင်တယ်-သားကိုယ်ချင်းစာမှပေါ့" ဟုပြောသည်။

အမေ့ဆုံးမစကားကြောင့် ကျွန်တော်စာနာတတ်လာခဲ့သည်။ ညှာတာတတ်လာခဲ့သည်။ မဲဖုံ၊ ဟန်ညွှန့်၊ ညွှန့်မောင်၊ အောင်ဒင်၊ အောင်ရင်နှင့် ထွန်းမြတို့ ချိုးလည်ပျောက်၊ ချိုးလင်းပြာ၊ ဆက်ရက်၊ ခါ၊ ငုံးရလာတာ တွေ့လျှင်၊ အားကျတတ်သော ကျွန်တော်သည် အမေဆုံးမပြီးနောက်၊ အားမကျတော့။ ငှက်ကလေးတွေ အတွက်ပင် သနားလာတတ်သည်။ သူတို့တစ်တွေ ယုန်၊ မွေး၊ ပုတတ်၊ သိတ်နှင့် ငါးတွေ၊ ဖားတွေသယ်လာလည်း ကျွန်တော်အားမကျမိတော့။



သီတင်းကျွတ်၊ တန်ဆောင်မုန်းဆိုလျှင် သူတို့တစ်တွေထက်၊ မှိုရအောင်ရှာတတ်ခဲ့သည်။ ကျင်းမှိုကို စာအုပ်နှင့်မှတ်ပြီး၊ တစ်ဦးတည်း ရှုပိုင် လုပ်နိုင်ခဲ့သည်။ အလုပ်နှင့်လက်နှင့် မပြတ်လုပ်လာရတော့ အလုပ်လုပ်ချင်လာသည်။ မျှစ်ပေါ်ချိန်ဆိုလျှင် ကျောင်းပိတ်သည်နှင့် မျှစ်ထွက်ချိုးခဲ့သည်။ အိမ်ကနွားမအုပ်ကို လိုက်ကျောင်းတတ်ခဲ့သည်။ ထို့ကြောင့်လည်း ကျွန်တော်သည် မြောက်တော၊ လက်ထုပ်မတော၊ အက်ပင်ယာ၊ ကဘော်ယာကုန်း၊ တောသူယာ၊ သံဖင်ပင်၊ ကဘော်ပင်ယာ၊ ဇလဲပင်ရိုး၊ ကောက်ရိုးစင်ယာ၊ ခဲတောယာ၊ မိုးကြိုးပစ်၊ နပဲပင်ယာ၊ အမှုပင်ယာ၊ လင်မအိုင်၊ လမ်းပေါ်ယာ၊ ချွေးအကုန်းတို့ကို ကလေး အရွယ်ကတည်းက နေရာအနှံ့ ရောက်ခဲ့သည်။

အလုပ်လုပ်ရသလောက် စာလည်းမကျက်မနေရ။ အမေက စာအော်ကျက်ခိုင်းသည်။ အမေ့ကျေးဇူးကြောင့် ကျောင်းအုပ် ဆရာမကြီး ဒေါ်စောငွေ၏ ကျေးဇူးကြောင့် ကျွန်တော်စတုတ္ထတန်းကိုကောင်းကောင်းအောင်မြင်ခဲ့သည်။

အမေသည် မိန်းမသားဟူသောဘဝနှင့် မလိုက်ဖက်အောင်၊ ရုန်းကန်လှုပ်ရှားခဲ့ရရှာသည်။ ထို့အတူ ကျွန်တော်သည်လည်း ကလေးဘဝနှင့် မလိုက်ဖက်လှအောင် ဘဝကိုရုန်းကန်လှုပ်ရှားခဲ့ရပါသည်။

အလုပ်စုံလုပ်လာမိတော့ ဝန်နှင့်အား၊ မြားနှင့်လေး အလုပ်ဆိုလျှင် မည်သည့်အလုပ်မျှမကြောက်တော့၊ အလုပ်လုပ်နေရသည်ကိုပင် ပျော်လာသည်။ ကိုယ်လုပ်တာဖြစ်လာတော့လည်း ပျော်စရာပဲမဟုတ်ပါလား။

## (သုံး) တက်ကျိုးရွက်မဲ့

"အလုပ်လုပ်ရင် စေတနာထားလုပ်ရတယ်သား။ စေတနာထားလုပ်တော့၊ အလုပ်အပေါ်စိတ်ပါလက်ပါဖြစ်ပြီး အောင်လည်းအောင်

www.burmeseclassic.com

www.burmeseclassic.com



မြင်တယ်၊ ကိုယ်လည်းစိတ်ကြည်လင်တယ်၊ သူများလည်းဝမ်းမြောက်ဝမ်းသာရှိတယ်သား။ စေတနာမထားရင်တော့ အဲဒါတွေနဲ့ ဆန့်ကျင်ဖက်ဖြစ်လာမှာပဲပေါ့ . . ''

အဖေ့စကားသေချာစဉ်းစားကြည့်တော့ ဟုတ်သည်။ ကျွန်တော် မှတ်မိသေးသည်။ အိုင်ကောင်းနေတုန်း အမေကန္နီးပြီးကန်ရေသွားခပ်ခိုင်းသည်။ ကျွန်တော်ဆောင့်ကြီးအောင့်ကြီးဖြင့်၊ ထမ်းပိုးနှင့်သံပုံး နှစ်ပုံးကို ချိတ်ဖြင့် မိမိရရမချိတ်ဘဲ၊ ဖြစ်သလိုချိတ်ထမ်းသွားခဲ့သည်။ ရွာတောင်ဘက်၊ ကန်လမ်းတွင် ဆောင့်ကြီးအောင့်ကြီး သွားတော့၊ မထိတထိချိတ်ထားသောချိတ်မှ သံပုံးပြုတ်ကျတော့သည်။ ဂလုံဂလွမ် မြည်ပြီး ချောက်ထဲကျသွားသည်။ ဒေါနှင့်မောနှင့်ဆင်းသွားတော့၊ ချော်လဲပြီးဒူးပြဲပြန်သည်။ ဆူးကစူးလိုက်သေးသည်။ ရေပုံးကို ကောက်ယူပြီး၊ ချိတ်နှင့်ပြန်ချိတ်၊ ကန်ဆီလျှောက်သွား၊ ရေနှစ်ခပ်ပြီး ကန်ဘောင်ပေါ်ပြန်တက်လိုက်သည်။ ရေပုံးကပေါက်နေပြီ၊ ရေပုံးပေါက်က ယိုသောရေကြောင့်၊ ရေဆင်းခပ်သည့်လမ်းလည်း ချောက်ချောက်ချွဲချွဲမဟုတ်တော့။ ရေပုံးဖာရန် ကန်စပ်သို့ရေပုံးချွဲပြန်အဆင်းတွင်၊ ရေစိုနေသော လမ်းပေါ်တွင် ဖင်ထိုင်လျက်ချော်လဲပြီး၊ လူတခြား ရေပုံးတခြားဖြစ်သွားသည်။ ရေပုံးကခပ်လှမ်းလှမ်းတွင် ပေါ်နေသည်။ တော်သေး၏၊ ရေပါသည့်ရေပုံး၊ ရေထဲမြုပ်မသွားပေလို့၊ မြုပ်သွားလျှင် လိုက်စမ်းရှာရမည်။ ငုပ်ရှာရမည်။

ကျွန်တော်သည် ချက်ချင်းပင်ကန်ပတ်ပတ်လည်ကို မျက်လုံး ကစားကြည့်မိသည်။ တော်သေး၏။ ရေခပ်လာသူတစ်ယောက်မျှမရှိ။ ရေပုံးကို အပြေးသွားဆယ်ပြီး၊ ကန်စပ်တက်လာခဲ့သည်။ ရွှံ့ခွာပြီး ရေပုံးဖာလိုက်သည်။ ပြီးတော့ရေတစ်ပုံးနှစ်ယူလိုက်ပြီး ကန်ပေါင်ပေါ် တက်လာခဲ့သည်။

ကျွန်တော့်တစ်ကိုယ်လုံး ရေစိုရွှံ့ပေနေပေပြီ။ ကန်ပေါင်



ပေါ်တွင်၊ လူတစ်ယောက်မျှမရှိ၊ ချိတ်ကို မိမိရရချိတ်ပြီး၊ အိမ်သို့ အပြေးထမ်းလာခဲ့သည်။ ရေခပ်လမ်းတွင် တစ်ယောက်မျှမတွေ့ဖို့ အရေးကြီးသည် မဟုတ်လား။ ကံကောင်းသည်ဟု ဆိုရမည်လား။ တစ်လမ်းလုံး တစ်ယောက်မျှမတွေ့။ အိမ်သို့ရောက်တော့ ရေနှစ်ပုံးလုံး ရေတစ်ဝက်မျှပင်မပါတော့။ ပေါက်သည့် ရေပုံးတွင် ပါသည့်ရေတွေက နောက်ကျိနေသည်။

ကျွန်တော်ရေကန်ထဲ ချော်ကျသည်ကို ရွာမှ လူတွေသိလို့မဖြစ်။ သည်ကန်က သောက်ရေကန်။ ဘုရားပန်း လဲသည်မှာလည်း သည်ရေကန်မှရေ။ ဘုရားသောက်တော်ရေ လဲသည်မှာလည်း သည်ကန်ရေ တစ်ရွာလုံး သောက်တာသည်ကန်ရေ ချက်တာ ပြုတ်တာ သည်ကန်ရေ။

ကျွန်တော် ရေ ကြီးပေတော့မည်၊ ကျွန်တော့်အညစ်အကြေးတွေ သောက်ရေကန်၌ စွန်းထင်း ပျော်ဝင်ခဲ့ပေပြီ။ လိပ်ပြာမသန့်တော့။ ကျွန်တော့်အညစ်အကြေးတို့ ပျော်ဝင်ခဲ့သောရေကို ကျွန်တော့် အမေ အဖေ၊ အစ်မနှင့် ကျွန်တော်ပါ သောက်ရပေဦးမည်။

စေတနာပါပါ သောက်ရေထမ်းခဲ့သမျှ၊ ယခုလို တစ်ခါမျှ မဖြစ်ဖူးခဲ့၊ စေတနာမပါတော့ အစစအရာရာ အိုးနင်း ခွက်နင်း ဖြစ်ကုန်ပြီ၊ တစ်ရွာလုံးအတွက် ထိခိုက်သလို၊ ကျွန်တော့်တွင်လည်း အနာတရဖြစ်ခဲ့ရ သည်။ အပြေးအလွှား ထမ်းလာခဲ့ရသဖြင့်၊ တစ်လမ်းလုံး ရေတွေလျှံနေပေ လိမ့်မည်။ ရေခပ်သူတစ်ဦးဦး၊ ကျွန်တော့်ကြောင့် ချော်မလဲ၊ အဆိုးမကြုံဟု မပြောနိုင်သေး။ စေတနာမဲ့သည့်အလုပ်သည် အရာမထင် အကျိုးမပေး၊ ဆိုးကျိုးပင် ဖြစ်စေပါလား။

အဖေကတော့ ဘာလုပ်လုပ်စေတနာပါရုံမက၊ အရွယ်ထက် ရောက်လုပ်သူ ကြည့်သူဖြစ်သည်။ စေတနာ ကောင်းလွန်းသော အဖေသည် ပါရမီထူးသူလည်းဖြစ်သည်။ အလုပ်တော်တော်များများကို

www.burmeseclassic.com

www.burmeseclassic.com



လုပ်တတ်၏။ ပန်းချီဆွဲတတ်သည်။ ပန်းပုထုတတ်သည်။ ပန်းပဲလုပ်တတ်သည်။ လက်သမားအလုပ်လည်း ကျွမ်းကျင်သည်။ ဘုရားကိုးဆူ၊ အလှူအတွက် တံခွန်ကုက္ကား၊ မုလေးပွားကြက်လျှာ၊ ထီးလုပ်သည်မှအစ၊ အသုဘအခမ်းအနား ပြင်သည့်အဆုံး အဖေ့လက်ရာချည်း ဖြစ်သည်။ သည်အလုပ်တွေ လုပ်နေရလျှင် အဖေသည် ထမင်းမေ့ဟင်းမေ့ ပျော်နေတတ်သည်။

အဖေ့အကြောင်း စဉ်းစားမိတော့ အဖေနှင့် ပတ်သက်၍ အမေမခံမရပ်နိုင်ဖြစ်ပုံလေးကို ပြေးသတိရမိသည်။

ဦးဘသာတို့ အလှူထင်သည်။ ဟုတ်ပါသည်။ အလှူဝင်ရက်နားနီးမှ၊ အလှူရှင်တွေက၊ အဖေ့ကို အပူလာကပ်ကြသည်။ ရှင်လောင်းစီးရန် ဆင်ဖြူတစ်စီး လုပ်ပေးပါတဲ့။ တော်သေး၏။ သိမ်းပြီး ဆည်းပြီးမို့။ လယ်အလုပ် ယာအလုပ်ရှိလည်း အဖေက ငြင်းမည့်သူ မဟုတ်။ အဖေသည် လယ်အလုပ်၊ ယာအလုပ်ကို အမေနှင့် စိတ်ချသူဖြစ်သည်။

အဖေသည် အိမ်အနောက်ဘက်ဆီဆုံတဲထဲတွင် ဆင်ရုပ်ကို စလုပ်သည်။ နှီးတွေရက်သည်။ ဝါးတွေထူ သည်။ ပုံစံသွင်းသည်။ အဖေခိုင်းသမျှ ကျွန်တော်က ဘေးမှ ဝိုင်းကူပေးရသည်။ အလှူဝင်ရက် ရှင်လောင်းမလှည့်မီ၊ တစ်နာရီခန့်ကြိုပြီးသည်။ ရှေ့လက်နှစ်ဖက်တွင် သံချွန်ဘီး တစ်ဘီး၊ နောက်ခြေထောက်တွင် သံချွန်ဘီး နှစ်ဘီး တပ်ထားသည်။ တကယ့်ဆင်နှင့် ရှယ်တူလုပ်ထားတော့ သံချွန်ဘီး သုံးဘီးနှင့်မို့ ဟိုင်းဆင်ကြီးလို မြင့်မြင့်မားမား ခံ့ထည်နေသည်။ ဆွတ်ဆွတ်ဖြူသော ဆင်ဖြူတော်တွင်၊ ကကြိုးတန်ဆာတွေ ဆင်ယင်ပြီး ဆေးရေးလည်ရစ်ခြယ်သထားသည်။ ဆင်ကကိုလည်း ခြူးပန်းခြူးနွယ် အပြောက်အမွမ်းတို့ဖြင့် တန်ဆာဆင်ထားသည်။

ကျွန်တော်တို့သားအဖ ဆင်ဖြူတော်ကို အလှူအိမ်သို့ တွန်းပို့ရာ၊ တစ်လမ်းလုံး၊ တစ်ရွာလုံး ဝိုင်းအုံကြည့်ကြသည်။ ထွက်ကြည့်ကြသည်။



တကယ့်ဆင်ဖြူတော်ဟုပင် အငေးမြင်ထင်ကြသူရှိသည်။ လက်ဖျားခါ စုတ်သပ်ကြသည်။ ချီးမွမ်းမဆုံး ပြောမဆုံးကြတော့။

ရှင်လောင်းများကို ဆင်ဖြူတော်ပေါ်တင်၍ ဘုန်းကြီးကျောင်းနှင့် ရွာပတ်လမ်းသို့ ပတ်သည်။ အထူးအဆန်းမို့ ရှင်လောင်းလှည့်ပွဲက စည်မှစည်။ တခြားရွာမှ အလှူလာသူများက၊ သူတို့ အလှူအတွက် ငှားရမ်းလိုကြောင်း စကားကမ်းလှမ်းလာကြသည်။ ရှင်လောင်းလှည့်ပွဲကား ပြီးသွားပေပြီ။

"မပြည့်ရေ ... အိမ်မှာ ထမင်းချက်သေးလားကွဲ့"

"ကိုသာညို ... တော်ခုထိ ထမင်း မစားရသေးဘူး ဟုတ်လား ... တော့်ကို ... ဘယ်သူမှ ထမင်းခေါ်မကျွေးဘူးပေါ့ ဟုတ်လား ... အဖိုးအခ တစ်ပြားမှ မရဘဲနဲ့"

"မပြည့် တိုးတိုးပြောပါကွ ... အဖိုးအခတွေ ဘာတွေ ထည့်ပြောမနေပါနဲ့ ... ငါ့စေတနာတွေ အလကားဖြစ်ကုန်ပါဦးမယ်"

"ပြောရမယ် ... ကိုသာညိုရေ ... နိုင်းတတ်တာပဲသိပြီး ထမင်းလေး တစ်နပ်ကျွေးဖို့တောင် မေ့နေတာ မလွန်လွန်းဘူးလား ... တော်ကလည်း ခပ်အအပါပဲ ... ကျွေးမှ စားတတ်သလား၊ အလှူအိမ်ပဲ တော့်သားလို မခေါ်ခေါ် ခေါ်ခေါ်ဝင်စားခဲ့ပြီးရော"

"ဟ ... သူတို့က ကလေးတွေကွ ... ငါတော့ မခေါ်ဘဲနဲ့ ဝင်မစားရဲပေါင် ... သူတို့က ငါ့မခေါ်တာကလည်း အလုပ်တွေများနေလို့ ဖြစ်မှာပါ"

"တော့်အကြောင်းသိလို့ ချက်ထားလို့ တော်သေးတာပေါ့ တော် ... ကျုပ်ကတော့ ကျေကိုမကျေနပ်ဘူး ... အလှူပြီးမှ သွားကို ပွက်ဦးမယ် ... ဒီဆင်ရုပ်လုပ်ကတည်းက၊ အိမ်ကပစ္စည်းသုံး၊ အိမ်က ထမင်းစား လုပ်လာတာ ... အင်း ... ဒါနဲ့နေပါဦး ... တော်က၊ အလှူအိမ် ဘယ်နားသွားနေတာတုံး"

www.burmeseclassic.com

www.burmeseclassic.com



''ဆိုင်းဗိုင်းနားပေါ့ မပြည့်ရ ငါ့လာခေါ်နိုး ခေါ်နိုးနဲ့ စောင့်နေတာ၊ ထမင်းရုံသိမ်းတာမြင်တာနဲ့ ထပြန်လာခဲ့တာပဲ မပြည့်ရေ ... ဆိုင်းသမားတွေက၊ ဘိုရင် စာဖြီးနှင့်ပြီထင်ပဲ ... သူတို့လာခေါ်ရင်တော့ ... ရောလိုက်သွားမယ်လို့ အောက်မေ့သား''

''ကိုသာညို ... တော့်ကို သနားတယ်တော့ ... လာ ... လာ ... လာ နူးပြီးပြီ ကျုပ်လင် သဘောကောင်းကြီးကို ရက်စက်လိုက်ကြတာ၊ တွေ့ကြသေးတာပေါ့ ... ကိုဘသာနဲ့ မိရွှေဘွင့်တို့ရယ် ... ဟင်း ... ဟင်း''

ကျွန်တော်သည် အိမ်ခန်းထဲမှနေ၍ အဖေနှင့်အမေ အချီအချ ပြောသည်ကို ကြိတ်နားထောင်ရင်း ပြုံးနေမိသည်။ ''ကိုသာညို တော့်ကို သနားတယ်တော့'' ဟူသော အမေ့စကားကြောင့် အပြုံးလေး ပျက်စီးသွားပြီး ရင်ထဲတွင် နင့်ခနဲနေအောင် ခံစားလိုက်ရသည်။

စေတနာထားသည်မှာ ကောင်းသည်မှန်သော်လည်း စေတနာကို တန်ဖိုးမထားသူများနှင့် တွေ့ရ ကြုံရသည့်အခါ၊ ဝမ်းနည်းစရာ ဖြစ်လာတတ်ပါလား။

နောက်နေ့ အမေ အလှူအိမ်သို့သွားမပွက်မီ၊ အလှူရှင် ဦးဘသာ တို့ လင်မယား အူယားဖားယား ရောက်လာပြီး အဖေနှင့် အမေ့ကို လာတောင်းပန်သည်။ မနေ့ညက အဖေနှင့်အမေ အချီအချ စကားပြောသံကို လမ်းသွားလမ်းလာတစ်ဦးဦးကြားပြီး ဦးဘသာတို့အား သွားပြောခြင်း ဖြစ်ပေလိမ့်မည်။

နေထန်းတဖျားခန့်တွင်၊ တစ်ရွာလုံး၏ ပါးစပ်ဖျား၌ အဖေ့ကို အလှူရှင်က ထမင်းမကျွေးခြင်းကိစ္စကို၊ အရေးတယူပြောနေကြတော့သည်။ စုတ်သပ်၍ အလှူရှင်အား အပြစ်ဆိုကြတော့သည်။

အဖေသည် အခြားသူများအပေါ်စေတနာကောင်းသကဲ့သို့ မိသားစုအပေါ်တွင်လည်း တွယ်တာမြတ်နိုးတတ်သူ ဖြစ်သည်။ မိသားစု



အခေါ်တွင် ဒေါသဖြင့် ဆူပူပြောဆိုမှုမပြုစဖူး။ ကျွန်တော်တို့ မောင်နှမကို ချိုသာစွာ အကျိုးအကြောင်းနှိုင်းခိုင်း ပြောပြဆုံးမ လေ့ရှိသည်။

သဘောကောင်းသော၊ စေတနာကောင်းသော အဖေသည်၊ ကျွန်တော် ငါးတန်း မဖြေမီ၊ လူ့လောကမှ စွန့်ခွာသွားခဲ့သည်။ အပြင်းဖျားပြီး ဆုံးပါးခဲ့ခြင်းဖြစ်သည်။

အမေ၏ လုပ်ပုံကိုင်ပုံသည် အမေ့ဘဝနိမိတ်ပုံနှင့် တူနေသည်။ အဖေမဆုံးမီကပင်၊ အဖေ့တာဝန်တွေပါ ယူနေခဲ့သည်မဟုတ်လား။ အဖေဆုံးတော့ အမေသည် အားရအောင်ငိုကြွေးပြီး၊ ကျွန်တော်တို့ မောင်နှမ လူတစ်လုံး သူတစ်လုံးဖြစ်အောင် အမေတာဝန်ယူမည်ဟု အဖေ့ကို ကတိပေးလိုက်သည်။

အမေသည် အဖေရှိစဉ်ကထက် အလုပ်ပိုလုပ်လာသည်။ နားနားနေနေလုပ်ဖို့ ပြောပေမည့်မရ။ အမေသည် နေပူမရှောင် မိုးရွာမရှောင်၊ နှင်းကိုမမှု အလုပ်ကို အနိုက်ကြီးစားလုပ်ခဲ့သဖြင့်၊ ကျွန်တော် ကိုးတန်း ရောက်သည့်နှစ်တွင် အမေသည် ဗိုင်းဗိုင်းလဲတော့သည်။ ကျွန်တော် ကိုးတန်း အတန်းတင် စာမေးပွဲဖြေပြီး၊ နောက်တစ်နေ့တွင်၊ အမေသည် ကျွန်တော်တို့မောင်နှမကို စွန့်ခွာသွားခဲ့သည်။

အမေသည် အသက်သာထွက်သွားသည်၊ ကျွန်တော်တို့ မောင်နှမအတွက်၊ စိတ်ဖြောင့်မသွားရှာ။ မှာစရာရှိတာတွေ တတွတ်တွတ်မှာပြီး၊ လောကအလယ်၌ စိတ်မချနိုင်စွာ စိုးရွံ့တွက်သောမျက်ဝန်းအကြည့်ဖြင့်ကြည့်ရင်း အသက်ငင်နေသည်မှာ၊ ကျွန်တော် မကြည့်ရက်နိုင်တော့။ အမေ့ကို ဖက်၍ငိုလိုက်ချိန်တွင်မှ အသက်ထွက်သွားရှာသည်။

တက်ကျိုး ရွက်မဲ့ဘဝသည်၊ နေပျော်စရာမဖြစ်နိုင်တော့

နေကွယ်၊ လဝင်သည့်ညသည် မှောင်မဲလွန်းစွာကား ...

www.burmeseclassic.com

www.burmeseclassic.com



## (လေး) လက်နှင့်လော့

သည်မျှသာ ရေစက်ရှိသည်ထင်၏။ ဝဲလောင်အစိုးရအထက်တန်းကျောင်းမှ ကျောင်းထွက်လိုက်ရပြီ။

ကျောင်းတွေပြန်မဖွင့်သေးလင့်ကစား၊ ကျောင်းနေဖို့ မျှော်လင့်ချက်မဲ့နေပြီ။ အစ်မကလည်း အကြီးသာဆိုသည်၊ အမေနှင့်တူသူမဟုတ်၊ တောင်သူလုပ်ငန်း ဘာမျှမလုပ်တတ်၊ နွားစာကျွေး၊ နွားချေးကြုံးဖို့လောက်သာ တတ်သည်။

ကျွန်တော်ကရော၊ တောင်သူလုပ်ငန်းတတ်သလားဆိုတော့၊ တတ်တော့မတတ်ပါ။ မတတ်သော်လည်း စိမ်းစိမ်းကားကား မဟုတ်၊ အဖေ အမေ ရှိစဉ်ကတည်းက၊ တောထဲ တောင်ထဲ လယ်ထဲ ယာထဲ လိုက်ဖူး၍ လက်ပွန်းတတီး ရင်းနှီးနေသည်ဟုထင်သည်။

တကယ်တော့၊ တောင်သူလုပ်ငန်း တတ်တတ် မတတ်တတ် လက်ရှိအခြေအနေအရ ဦးစီးဆောင်ရွက် ရမည့်သူမှာ ကျွန်တော်သာ ဖြစ်သည်။ ကျွန်တော်က – ယောကျ်ားလေးမဟုတ်လား။ အစ်မသာ အမေ့လို မိန်းမမျိုးဖြစ်ပါက၊ ကျွန်တော် မေးနေ၍ရသေးသည်။ ယခုတော့ တောင်သူလုပ်ငန်းသည် ကျွန်တော့်အပေါ် ပုံကျလာခဲ့ပြီ။

တောင်သူလယ်ယာလုပ်ငန်းဆိုတာကလည်း၊ အခြားလုပ်ငန်းတွေလို၊ လုပ်ချင်မှ ကောက်လုပ်၍ ရသည့်အလုပ်မဟုတ်။ မိုးကိုကြည့်၍ လုပ်ရသည့်အလုပ်ဖြစ်သည်။ မိုးမကျခင်၊ ဝါးရိုးထိုးစရာ ရှိသည်ကို ထိုးထားရသည်။ ယာထွန်စရာရှိသည်ကို ထွန်ထားရသည်။ နွားချေးချစရာရှိသည်ကို ချထားရသည်။ ကြိုတင်ပြင်ဆင် ထားရမှုများက ကရိကထများလှ၏။

အဖေ အမေ ရှိသေးလျှင်၊ သည်အလုပ်တွေ ကျွန်တော် လုပ်စရာ မလို။ ဇွန်လ တစ်ရက်နေ့ ကျောင်းပြန်ဖွင့်မှ ကျောင်းတက်ရုံသာ။ ခုတော့ မတ်လ၊ ဧပြီလ၊ မေလ ကတည်းက ကျွန်တော် လုပ်ငန်းခွင် ဝင်နေရပြီ။



ကျောင်းဖွင့်သည့်နေ့ကို ကျွန်တော် သတိမထားလိုက်မိ။ သည်အချိန်သည် ကျွန်တော် အလုပ်ရှုပ်စပြုနေပြီ မဟုတ်လား။ တန်ညွန့်ကလာပြော၍ ကိုးတန်းအောင်မှန်းတော့သိသည်။ ကိုးတန်းအောင်လည်း ကျောင်းနှင့် နီးစပ်နိုင်စရာအခြေအနေမရှိ။ ''ဟုတ်လား'' ဟုသာ ပြောပြီး မေ့မေ့ပျောက်ပျောက် ကင်းမြီးကောက် လုပ်လိုက်ရသည်။

တကယ်တော့ လယ်ယာလုပ်ငန်းသည် ကျွန်တော့်အတွက် ထန်နှင့်အား မြွားနှင့်လေးမဖြစ်။ ကျွန်တော့် အသက် ၁၅နှစ် မပြည့်သေးသည့်ချိန်မှာပင် သည်အလုပ်ကိုစလုပ်ရသည်။ အမေ၏သားဖြစ်၍သာ စိတ်ဓာတ်ကလူကြီးစိတ်ဖြစ်နေလင့်ကစား ရုပ်ခန္ဓာက ကလေးသာ။

နွားကို မနိုင် အထူးသဖြင့် ထယ်ကိုမနိုင် ချေးအိုး လယ်တွင် ထယ်ကို မနိုင်တနိုင်ကိုင်ပြီး နွားဆွဲရာ ထယ်ထိုးနေသော ကျွန်တော့်ကို ရွာဦးကျောင်းဆရာတော် ဦးဇောတိကက ရပ်ကြည့်နေသည်ကို ကျွန်တော်မသိ။ ထယ်ကို ညာလက်ကကိုင်ပြီး ဘယ်လက်က နဖားကြိုးကို ဆောင့်ဆွဲထားလင့်ကစား နွားပြာနီက လက်ယာဘက်သို့ အတင်းရုန်းဆွဲပြေးသဖြင့် ကျွန်တော် ဒရွတ်တိုက်ပါသွားခဲ့သည်။ ကျွန်တော့် ခြေမ၌ စပ်ဖျင်းဖျင်းအရသာ ခံစားလိုက်ရသည်။ ထယ်ကို လွှတ်ပြီး လက်နှစ်ဖက်ဖြင့် နဖားကြိုးကို အားကုန်ဆောင့်ဆွဲလိုက်မှ နွားကတန့်ခနဲ ရပ်သွားသည်။ ယာဘက်ခြေထောက်ကို ''မ'' ကြည့်တော့ သွေးတို့ဖြင့် စိုစွတ်ကာ မြေကြီးများ လိမ်းကပ်နေသည့် ခြေမကို တွေ့ရသည်။ ထယ်သွားထိုးမိသော ဒဏ်ရာကို ငုံ့ကြည့်နေရင်း အဖေ အမေ့ကို သတိရလာပြီး မျက်ဝန်း၌ မျက်ရည်တို့ စိုစွတ်လာသည်။ အဖေ အမေရှိရာ သင်္ချိုင်းကုန်းဘက် လှမ်းကြည့်ပြီး ပြန်အလှည့်တွင် ရပ်ကြည့်နေသော ရွာဦးကျောင်းဆရာတော်ကို ဖူးတွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်က ကြွလာတာပါလဲဘုရား" ဟု မေးလျှောက်မည့် အပြုတွင် ဆရာတော်သည် မျက်လွှာချ၍ ကုန်းပေါ်တက်ကာ ကျောင်းဆီသို့ ပြန်ကြွသွားပေပြီ။ ဝဲလောင် ကျောက္ကာမှ ကြွလာသည်ထင်သည်။

ကျွန်တော်သည် စောစောက အစ်မထမင်းလာပို့ရင်း ချန်ထားခဲ့သည့် ရေတကောင်းထဲမှ ရေဖြင့် ခြေမမှဒဏ်ရာကို ဆေးကြောလိုက်သည်။ ခြေမဘေးစောင်းလက်မဝက်ခန့်လန်နေပြီ။ ထယ်လက်ကိုင်တွင် ပတ်ထားသော အဝတ်စုတ်ကို ဆုတ်၍ မီးရှို့ကာ ခြေမမှ ဒဏ်ရာကို သိပ်လိုက်သည်။ ပူလိုက်စပ်လိုက်သည်မှာ မပြောနှင့်။

အဝတ်စုတ်ကို ထပ်ဆုတ်ပြီး ဒဏ်ရာကို ချည်ထားလိုက်သည်။ ထယ်ကို နိုင်သည်ဖြစ်စေ မနိုင်သည် ဖြစ်စေ ထယ်ကို ထိုးလိုသည် ဖြစ်စေ မထိုးလိုသည်ဖြစ်စေ ဆက်ထိုးရဦးမည် မဟုတ်ပါလား။

❀ ❀ ❀ ❀ ❀ ❀

ကျွန်တော်သည် လုပ်ငန်းကျွမ်းကျင်သူမဟုတ်၍ လုံ့လဝီရိယကို ပိုအားပြုခဲ့သည်။ မဖြစ်မနေ လုပ်တတ်သော ဖွဲ့သည် ကျွန်တော်၏ မွေးရာပါဖြစ်သည်။

ကျွန်တော်သည်လုံ့လဝီရိယကို အားကိုးရသည့်အကြောင်းမှာလည်း ကျေးဖူးရှင်နွားများကို သနား၍ ဖြစ်ပါသည်။ နွားများကို နေပူမခံစေလိုသော စေတနာဖြင့် မနက် ၄ နာရီထ နွားစာ ကျွေးပြီးသည်နှင့် လယ်ယာခွင်သို့ ဆင်းခဲ့သည်ချည်း။ နေထန်းတဖျား သာသာ ရောက်လျှင် ထယ်သိမ်း ထွန်သိမ်းသည်။ ဘယ်တော့မျှ နေမွန်းတည့် အောင် နေမွန်းလွဲအောင် ကျွန်တော် မလုပ်ခဲ့။ ညနေပိုင်းလည်း ထိုနည်းလည်းကောင်းပဲ ဖြစ်သည်။ နေအေးမှ အလုပ်ဝင်ပြီး မိုးချုပ်တော့ အလုပ်သိမ်းသည်။



ကျွန်တော်က နွားတွေကို ညှာပေမယ့် နွားပြာနီက ကျွန်တော့်ကို [illegible]ချင်။ စွတ်စွတ်ဆွဲတတ် ရုန်းတတ်သည့်ဉာဉ် နွားပြာနီတွင်ရှိသည်။ စာဘောက်က သနွေကောင်းသည်။ ကြိုးအတင်း မခံ။ သခင့်အလိုကို သိသည်။ ကျွန်တော်က နှင်တံ (နကန်)ကို ကိုင်သော်လည်း ရိုက်တတ်သူမဟုတ် တို့ရုံသာ သုံးသည်။

ကျွန်တော်သည် ဘုရားဟော ဇကနိပါတ် နန္ဒိဝိသာလဇာတ်ကို ဖတ်ဖူးသူဖြစ်၍ နွားများကို ဘယ်တော့မှ မဆဲရေး။ စာဘောက်ကို [illegible]သားကြီး နွားပြာနီကို ဖေ့သား မောင်နီ ဟုပဲခေါ်ပြီး နှင်တံဖြင့် ထိုးကာ တို့ကာ မောင်းလေ့ရှိသည်။

မှတ်မိပါသေးသည် ကြပ်ကုန်းမှ ခုတ်ထားပြီး ပဲစင်းငုံများကို [illegible]ည်းတွင် ရုံတိုင်စိုက်၍ အပြည့်အမောက်တင်ကာ အိမ်သို့ ဆောင်းလာခဲ့သည်။ ဤကဲ့သို့ ရုံတိုင်စိုက်ကာ အပြည့်အမောက် ဆင်ထားသော လှည်းပေါ်တွင် အမေနှင့်အတူ မကြောက်မရွံ့ [illegible]ပါခဲ့ဖူးသော ကျွန်တော်သည် ကိုယ်တိုင်မောင်းတော့ ကြောက် [illegible]လို ခံစားမိသည်။ ဖြတ်လမ်းမဖွင့်သေး၍ ကြပ်ကုန်းမှ ချေးအိုးဘက် [illegible]ဆင်းရသည်။

ထိုအဆင်းတွင် နွားပြာနီသည် ဘာကိုလန့်သည်မသိ ကြိုးဆွဲ [illegible]တော့ အတင်းထိုးဆင်းတော့သည်။ ကျွန်တော် စာဘောက်ကို [illegible]ဆွဲရဲတော့။ သည်းထိတ်ရင်ဖိုစွာ လက်ယာဘက်မှ ရုံတိုင်ကို [illegible]တိုင်ပြီး ကျမသွားအောင် ထိန်းလိုက်ခဲ့ရသည်။

စာဘောက်ကို ဆွဲထားလျှင် နွားပြာနီ ရုန်းပုံမျိုးနှင့်ဆိုလျှင် [illegible]ကျည်းကျိုးပြီး ထမ်းပိုးကြိုး ပြတ်သွားနိုင်သည်။ လှည်းစည်းကျိုး[illegible] [illegible]ုတ်ကျိုးပြီး ထွန်ညှင်းကွင်းပြုတ်ကာ ထမ်းပိုးတုံး ပြု[illegible]သွား [illegible]သည်။

www.burmeseclassic.com

www.burmeseclassic.com



နွားပြာနီလုပ်ပုံမျိုးနှင့်ဆို တော်တော်တန်တန်လှည်း၊ လှည်းပုံတောင်း ပြုတ်ထွက်နိုင်သည်။ ဆွဲချင် ရာဆွဲ တိုက်ချင်ရာတိုက်ဘာမှ ဂရုမစိုက် သည့်နွား မဟုတ်လား။ အတိုင်ဘက်က သန်လွန်းသဖြင့် အလှည့်ဘက် ထားကြည့်ပြန်တော့ လဲကျသွားမတတ် ကန်၍သွားသည်။ နွားနင်းလည်းမတော် နွားပြေးလည်းမရ ခက်နေသည်။

ကျွန်တော်သည် နွားပြာနီကို သဘောမကျသည်မှာကြာပြီ။ အမေရှိစဉ်ကတည်းကဖြစ်သည်။ အမေ့ကို သေတွင်းပို့ဖို့ နွားပြာနီသည် နှစ်ကြိမ်ခန့်ကြိုးစားခဲ့သည်ကို ကျွန်တော်သိသည်။ ကြပ်ကုန်းမှ လှည်းလမ်းရိုးအတိုင်း မဆင်းဘဲ တည့်တည့်ဖြတ်ကာ ချောက်ကမ်းပါးဆီ နှစ်ခါဆွဲပြေးဖူးသည်။ အမေက ရုံတိုင်စိုက်ထားသော လှည်းပေါ်တွင် ပဲစင်းငုံရိုးအပြည့်နှင့် တစ်ကြိမ် ပြောင်းရိုးအပြည့်နှင့် တစ်ကြိမ်လိုက်ပါခဲ့ခြင်းဖြစ်သည်။ စာဘောက်ကြီးတော်၍ စာဘောက်ကြီးတင်းခံ၍ အမေဘာမှ မဖြစ်ခြင်း ဖြစ်သည်။ လှည်းစည်းကုံး ကောင်း၍လည်း ဖြစ်သည်။ နွားပြာနီ တစ်ခါတစ်ခါဖောက်လာလျှင် တယ်ကြောက်စရာကောင်းပါလား။

နွားပြာနီကို ရွာထဲလှည့်ပြီး လဲကြည့်ဖူးသည်။ အလိုက်ပေးလဲသည်ကိုပင် မည်သူမှ မလဲလိုကြ။ နွားပြာနီက မြန်မာမျိုးစစ်နွားတော့ဖြစ်သည်။ ခိုင်းမကောင်းမဟုတ် ခိုင်းလို့တော့ကောင်းသည်။ တကယ်တော့ ခိုင်းနွားကောင်းကောင်းရဖို့ နွားမျိုးကောင်းစပ်ရာမှာ နွားရွှေနီ နွားပြာနီ နွားဝါနီက အကောင်းဆုံးဆိုသည်ကို ကျွန်တော်သိသည်။

ဒီကောင်ကြီးက ဂျစ်တစ်တစ် ကတ်တတ်တတ် လုပ်တတ်တာကလွဲပြီး မြန်မာမျိုးစစ်နွားပီသသည်။ တွန်းအား တိုက်အားကောင်းသည်၊ ဖွံ့ရှိသည်၊ သတ္တိရှိသည်၊ သစ္စာရှိသည်၊ နားလည်တတ်သည်၊ ဖျတ်လတ်သည်၊ အကြောက်အလန့်မရှိ ရွာအဝင် လှည်းလမ်းချောက်ကမ်းပါးကိုပင် ခုန်ချဝံ့သည့်ကောင်။



ကျွန်တော် နွားပြာနီကို သေချာကြည့်မိသည် ခိုင်းနွားကောင်းတို့၏ ကြန်အင်လက္ခဏာနှင့်တော့ ပြည့်စုံသည်။ နှာတံခုံးသည်။ နှာရှူးသည်။ မျက်စိပြူးသည်။ ခွာလုံးသည်။ ရင်အုပ်ကျယ်သည် ကြီးသည်။ ခြေတွေ လက်တွေတောင့်သည်။ အရိုးအဆစ်ပြေပြစ်သည်။ သို့ဖြတ်လည်း မတွဲ။ ဒါတွေပြည့်စုံနေလျက်နှင့် နွားပြာနီ ဘာ့ကြောင့်ဖောက်နေပါလိမ့်။

တောင်ပိုင်းက ဦးဖိုးရှင်၏ ထန်းသီးရောင် နွားပြေးနှင့်တောင် မသဲဘူးဆိုတော့ ကျွန်တော် ပိုခံပြင်းသွားသည်။ ထန်းသီးရောင်နွားပြေးနွားဝါကောက်ရိုးမွေး နွားနက်ကျားတို့ဆိုတာ ခိုင်းကောင်းသည့် နွားတွေမှ မဟုတ်သည့်ဥစ္စာ။ နွားပြေးထန်းသီး၊ ရွာမနီး၊ ဝန်ကြီး မတင်နှင့် အဆိုတောင် ရှိသည်မဟုတ်လား။ နွားပြာနီကို ရွာကလူတွေ မကြိုက်သည့် အကြောင်းကတော့ ဂျစ်တစ်တစ် ကပ်တတ်တတ် လုပ်တတ်လို့ဖြစ်သည်ကို ကျွန်တော်သိပါသည်။

နွားပြာနီကို လဲလိုလျှင်ဖြစ်ဖြစ် ရောင်းလိုလျှင်ဖြစ်ဖြစ် ဒီရွာမှာတော့ လုပ်လို့မဖြစ်တော့။ ပဲစင်းငုံလှည်းနှင့် အမေ့ကို ပြောင်းရိုးလှည်းနှင့် အမေ့ကို ချောက်ထဲဆွဲချဖို့ ကြိုးစားခဲ့သည့် နွားပြာနီအကြောင်း တစ်ရွာလုံး သိနေကြပြီ မဟုတ်လား။ ကျွန်တော့်ခြေမ ထယ်ထိုးမိအောင် ရုန်းတိုက်ခဲ့သည့် နွားပြာနီ အကြောင်းကို ကျွန်တော် ဘယ်သူ့ကိုမှ မပြော။ ရေငုံနေခဲ့သည်။ ကိုယ့်ပေါင် ကိုယ်လှန်ထောင်းလို့ ဖြစ်မည် မဟုတ်လား။ ရွာဦးကျောင်း ဆရာတော်ကတော့ သိပေလိမ့်မည်။ ဘုန်းကြီးကျောင်းမို့ ရွာထဲ ပြန့်မလာခြင်းဖြစ်သည်။

နွားပြာနီကို တခြားသွားရောင်းဖို့ကလည်း ကျွန်တော့်တွင် အချိန်မရ။ နွားပြာနီကြီးကို ရောင်းပစ် ရမှာလည်း တကယ်တော့ နှမြောစရာ။ အဖေ အမေ့လက်ထက်ကတည်းက ခိုင်းလာခဲ့သည့် ခိုင်းနွား မဟုတ်လား။ လိုတော့သုံး မုန်းတော့ပစ်ဆိုတာမျိုး ကျွန်တော် [illegible] နွားပြာနီကို အနားပေးပြီး နွားမခြံထဲမှ စာဥလေးကို ထမ်းပိုးကျင့်သုံးဖို့

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးသေးသည်။ စာဥလေးကို နဖားကြိုးပင် မထိုးလိုက်ရ ကဘော်ယာကုန်း ချောက်ထဲကျသေသွားခဲ့သည်။

အဖေအမေတို့ ပျောက်စီးသွားသလို မထိန်းတတ် မသိမ်းတတ်သော ကျွန်တော်တို့ မောင်နှမလက်ထက်တွင် စီးပွားပျက်လာသည်။ နွားမခြံထဲမှ နွားတွေရှား တောချောက်မှာ ကျသေလိုက် ဇလဲပင်ရိုးမှာ ကျသေလိုက် ဟိုမှာသွားသေ သည်မှာသွားသေဖြင့် နွားမခြံ တစ်ခြံလုံး ပြုတ်လုနီးပါး ဖြစ်သွားသည်။ကျွန်တော်တို့ကလေးတွေဆိုတော့ စစ်စစ်ဆေးဆေး မလုပ်တတ်။ နွားများသာ သေသွားသည်။ အမဲသားပင် မစားရ။ လူခိုး ဖျက်စားတာနှင့် ကျိုးစား လင်းတစားနှင့် ဖြစ်သွားတတ်သည်။

ကျွန်တော်အနေနှင့် စာဥကို အနှမြောဆုံးဖြစ်သည်။ စာဥသာ မသေလျှင် နွားပြာနီကြီး သက်သာပေမည်ပေါ့။ ခုတော့ သူ့ကံပေါ့လေ။ သူ့တာဝန်ရှိသေးလို့ပဲဟု အောက်မေ့လိုက်သည်။

သည်နေ့ နွားပြာနီကြီး ဖောက်လာပြန်ပြီ။ ဘာလို့ လန့်သည် မသိ။ ကြပ်ကုန်းမှ ချေးအိုးဘက် အဆင်းကို တရကြမ်း ဒရောသောပါး ဆွဲချပြေးသည်။ မြေညီလမ်းရောက်ပြီး လက်ယာဘက်လမ်းမြှောင်ကို ပြန်တက်လိုက်မှ ပုံမှန်ဖြစ်သွားသည်။ ကျွန်တော်ချွေးစေးတွေ ပြန်နေသည်။ ကျွန်တော့်အဖြစ်ကို ရပ်ကြည့်နေသော – ရွာဦးကျောင်း ဆရာတော်ကို ဖူးတွေ့ရတော့ ကျွန်တော့်ရင်ထဲ တစ်မျိုးဖြစ်သွားသည်။ ဆရာတော့် သင်္ကန်းကို နွားပြာနီလန့်လေသလား။ ဒါလည်းဖြစ်နိုင်စရာ မရှိ။ နွားပြာနီစလန့်သည်ကား ကြပ်ကုန်းအဆင်းကတည်းက မဟုတ်လား။

မနိုင်ဝန်ထမ်းနေရလေ အဖေနှင့်အမေ့ကို သတိရလာလေ ခံစားရသည်။

နွားပြာနီကြီးသည် အဖေနှင့်အမေ့ကို ပိုသတိရစေအောင် လုပ်နေတာလား။



"မင်းအစ်မကို မောင်မောင့်မိဘတွေကလာတောင်းတယ်… အဲဒါမင်းသဘောတူသလား ..''

အရီးလေးခေါ်သိန်းတင်ကခေါ်ပြောတော့ ကျွန်တော်ဘာပြန်ပြောရမှန်းမသိ။ အဖေအမေမရှိသည့်နောက် လောကကြီးထဲတွင် မောင်နှမနှစ်ယောက်တည်းရှိတော့ရာ အစ်မကိုပါစွန့်လွှတ်လိုက်ရမည်ဆိုတော့ ရင်ထဲတွင် ကွက်လပ်ကြီးလို ဟာဆင်းသွားသည်။ ရင်ထဲတွင် ဆို့ဆို့နင့်နင့် ကြေကြေကွဲကွဲ ခံစားနေရသည်။ ဝမ်းနည်းမှုကြောင့် ရင်ထဲတွင် လှိုက်တက်လာပြီး မျက်ဝန်း၌မျက်ရည်တို့ ဝေ့သီလာချင်သည်။

နွားပြာနီကြီးကိုပင် မရောင်းရက်သော နှမြောနေသော ကျွန်တော်သည် တစ်အူထုံ့ဆင်း အစ်မအရင်းကို သူတစ်ပါးလက် အပ်လိုက်ရမှာ သဘောတူလိုက်ရမှာ နှမြောနေမိသည်။

ကိုမောင်မောင် လူခန့်လူသန့် လူတော်တစ်ယောက်ဖြစ်သည်ကို ကျွန်တော်သိပါသည်။ ငြင်းပယ်ချင်စရာ အပြစ်အနာအဆာ မရှိသည်ကို ကျွန်တော်သိပါသည်။ သို့ပေမယ့် အစ်မကို ကျွန်တော် မခွဲချင်။ မခွဲနိုင်။ ရိုးရိုးအအအစ်မကို ကျွန်တော်တစ်သက်လုံး အမိအဖ ကိုယ်စား လုပ်ကိုင်ကျွေးလိုသည်။ ကျွန်တော်သည် အရီးလေးမျက်နှာကို မွဲမယ်ထားပြီး တမာပင်ထိပ်ဖျားသို့သာ အဓိပ္ပါယ်မဲ့ကြည့်နေမိသည်။

"ဟဲ့ … ညိုမြင့် … အရီးလေး မေးတာဖြေဦးလေ"

အဖြေတစ်ခုခုကို ပေးမှဖြစ်မည်ကို ကျွန်တော်သိလာသည်။ အဖေအမေသာရှိလျှင် သည်ကိစ္စကျွန်တော်နှင့် ဘာမျှမဆိုင်။ အရီးလေးနှင့်လည်း မဆိုင်။ ခုတော့ အဖေ့နှမ အရီးလေးနှင့်လည်း ဆိုင်လာပြီ။ ကျွန်တော်နှင့် လည်းဆိုင်လာပြီ။

"အစ်မကရော ဘယ်လိုတဲ့လဲ အရီးလေး ..''

"ညိုအိကအရီးလေးတို့ မောင်လေးတို့သဘောတဲ့"

"သူတို့ချင်းရော ကြိုက်ရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"ကြိုက်ခုံရပါတယ် ဖိုးဘုရှယ် မောင်မောင်က စာပေးဖူးသတဲ့ကွဲ့"

ကျွန်တော်ရင်ထဲ ဆူးခြစ်ခံလိုက်ရသလို စပ်ဖျဉ်းဖျဉ်းခံစားလိုက်ရသည်။

"သူတို့ချင်းကြိုက်ရင် ဘာသဘောမတူစရာရှိလဲ– အဓိုးလေးတို့ဘာသာ ကြည့်စီစဉ်လိုက်ပေါ့– ကျွန်တော်တော့ ဒီကိစ္စ ဘာမှ မသိချင်တော့ဘူး ..."

ကျွန်တော်ခေါင်းငိုက်စိုက်ဖြင့် အိမ်မှထွက်လာခဲ့သည်။ အိမ်ပြန်မကာပ်ချင်တော့။ အလုပ်ပါးချိန်မို့ တော်တော့သည်။

ကျွန်တော်ဘဝသည် တဖြည်းဖြည်း အထီးကျန်ဘဝဖြစ်လာလေပြီလား။

❀ ❀ ❀ ❀ ❀ ❀

"ဒကာလေးနဲ့ တောင်သူအလုပ်နဲ့မဖြစ်ပါဘူး–လူကနွားနိုင်နေရမှာ နွားဆွဲရာလူ့ပါနေရတော့ တစ်နေ့ဒုက္ခတွေ့နိုင်တယ် ဒကာလေး"

အစ်မ၏ မင်္ဂလာဦးဆွမ်းကပ်ပွဲတွင် ရွာဦးကျောင်းဆရာတော်က ဆွမ်းဘုဉ်းပေးပြီးနောက် ကျွန်တော့်ကို အနားခေါ်ပြောသည်။

"တင်ပါ့ဘုရား– တပည့်တော်က ငယ်လွန်းတော့ နွားမနိုင်သေးပါဘုရား"

"ဒကာမလေးလည်း အိမ်ထောင်ကျပြီဆိုတော့ မောင်မောင်ပဲ ဒီလုပ်ငန်းဆက်လုပ်လိမ့်မပေါ့– ဒကာလေးဘုန်းကြီးနဲ့ ရန်ကုန်လိုက်ခဲ့စေချင်တယ်"

"ဘာကိစ္စပါလဲ ဘုရား"

"ဒကာလေးဘဝကို သနားလို့၊ ဘုန်းကြီးအရင်တစ်ခေါက်ကတည်းက မှန်ကျောင်းဆရာတော်ကို လျှောက်ခဲ့တယ် ... ရန်ကုန်မှာကျောင်းဆက်တက်ဖို့ပေါ့"



"ဖြစ်ပါ့မလားဘုရား ... ဖြစ်တာမဖြစ်တာထက် တပည့်တော်တော့ အရမ်းဝမ်းသာနေမိပြီဘုရား ..."

"မဖြစ်မရှိပါဘူး ဒကာလေး ... မှန်ကျောင်းဆရာတော်က ခေါ်ခွင့်အမိန့်ရှိလိုက်ပြီးသားပါ ..."

"ဝမ်းသာလိုက်တာဘုရား ... အရှင်ဘုရားရဲ့ကျေးဇူးတွေတပည့်တော်ဘယ်လိုဆပ်ရမှန်းတောင် မသိတော့ပါဘူးဘုရား"

"ဘုန်းကြီးမှာဒကာလေး ဘဝကိုမြှင့်တင်ပေးဖို့ တာဝန်ရှိပါတယ်ဒကာလေး ... ဒကာကြီးဦးသာညိုရဲ့ ကျေးဇူးတွေလည်း ဘုန်းကြီးမှာရှိပါတယ်လေ"

"အရှင့်ဘုရား ဘယ်တော့ရန်ကုန်ကြွမှာပါလဲ ဘုရား"

"တပေါင်းလကွယ်နေ့ ကြွဖြစ်မယ် ဒကာလေးလည်းအဆင်သင့်လုပ်ထားဟုတ်လား ... ကဲဘုန်းကြီးလည်း ကျောင်းပြန်ကြွလိုက်ဦးမယ်"

ကျွန်တော်ဆရာတော်ကို ဦးသုံးကြိမ်ချလိုက်၏။

အဖေ့ကျေးဇူးတရားသည် အဖေသေဆုံးသွားသည်မှာ ကြာပြီဖြစ်သော်လည်း ယခုထိ ရှင်သန်နေဆဲပါလား။

ကုက္ကိုရွက်နုချိုန်၊ ကုက္ကိုရွက်သုပ်၊ မန်ကျည်းရွက်နုချိုန် မန်ကျည်းရွက်သုပ်၊ တမာရွက်နုချိုန် တမာရွက်ပြုတ်နှင့် ငါးပိချက်၊ ပိလောရွက်ပေါ်ချိန် ပိလောရွက်ဟင်းချို၊ ဂွမ်နတောင်းရွက်ပေါ်ချိန် ဂွမ်နတောင်း ရွက်ဟင်းချို၊ ကင်းပုံရွက်၊ ဆူးပုပ်ရွက်ပေါ်ချိန်၊ ကင်းပုံရွက်ဆူးပုပ်ရွက်ဟင်း၊ မျှစ်ပေါ်ချိန်မျှစ်ဟင်း၊ ပြောင်းဖူးပေါ်ချိန် ပြောင်းဖူးဟင်း၊ မှိုပေါ်ချိန်မှိုဟင်းချိုနှင့်၊ ထမင်းဝိုင်းတွင် သူမပါခဲ့စည်သည့် ငရုတ်သီးခြောက်အညာထောင်းဟင်း၊ ရှောက်ရွက်ချဉ်းနှင့် နှမ်းပတ်ချဉ်သုပ်ဟင်းတို့နှင့် ဆန်ကြမ်း၊ ပြောင်းဆန်ထမင်းတို့ကိုစားခဲ့ကြသည့် အစားရိုးခဲ့သည့်အညာ။ အစားရိုးခဲ့သည့်ရွာ။

တိုက်ကြီးတာကြီး ခမ်းကြီးနားကြီးနေဖို့ အာရုံမရောက် မိုးရွာရွာ

www.burmeseclassic.com

www.burmeseclassic.com



မိုးမရွာရွာ၊ မိုးခေါင်ခေါင် မခေါင်ခေါင်၊ သီးနှံရရ မရရ၊ သဘာဝကို အပြစ်မဆို သဘာဝကိုချစ်လိုသည့် အနေအနားမရှိ ကိုယ့်အလုပ်ကို စိုက်လိုက်မတ်တတ်လုပ်ကာ ထန်းလက်ကာ သက်ကယ်မိုး၊ ဝါးကာ၊ ထန်းလက်မိုးဘဝဖြင့် အနေရိုးခဲ့ကြသည့်အညာ၊ အနေရိုးခဲ့ကြသည့်ရွာ။

ဝါစေ့ကိုစိုက်၊ ဝါပေါက်ကိုကောက်၊ ဝါကိုချည်လုပ်၊ ဤဝါဖြင့်ပင် လုံချည်အင်္ကျီ၊ စောင်၊ တဘက်ပဝါ၊ ထုတ်လုပ်ဝတ်ဆင် အဝတ်ရိုးကြသည့်အညာ၊ အဝတ်ရိုးခဲ့သည့်ရွာ။

ဒေါသ၊ မောဟ၊ မာန်မာန၊ မုသား၊ မာယာ၊ မစ္ဆရိယ၊ ကုဿာမစ္ဆရိယနည်းပါးသောဟန်ဆောင်မှုမရှိ ပကတိရင်တွင်းစကားဆိုတတ်သည့် ညှော်ဝတ်ပျူငှာ စေတနာပါတတ်သည့် သဘောရိုး၊ မနော‌ရိုး၊ အပြောရိုးခဲ့ကြသော ... အညာ၊ သဘောရိုး၊ မနောရိုး၊ အပြောရိုးခဲ့သည့်ရွာ။

ဒါတွေကဝယ်လို့မရ တောင်းလို့မရသည့်အရာတွေ မြတ်နိုးစရာတွေ လွမ်းစရာတွေသာဖြစ်သည်။ မိုးခေါင်ရေရှားပေမယ့် မြေကိုချစ် ရွာကိုချစ် အချင်းချင်းချစ်ခဲ့ကြသည်။ ဖြတ်မရ ဖြုတ်မရနိုင်သော သံယောဇဉ်ကြိုးတို့ဖြင့် တုတ်နှောင်ချည်ဖွဲ့ကာ ရေကြည်ရာမြက်နုရာ မပြောင်းချင်ကြသော သာယာစီးမလုပ်ချင်ကြသော ရွာသူရွာသားတွေကို ထားခဲ့၍ ကျွန်တော်သည် ရေကြည်ရာမြက်နုရာသို့ ပြောင်းရပေဦးတော့မည်။

ပြန်တွေးကြည့်လျှင် ရွာကိုခွာရမည့် အလုပ်ကလွယ်လှသည့် အလုပ်မဟုတ်။ သာယာစီးခြင်းသည် ရိုးသားမှုမဟုတ်။ အေးအတူပူအမျှ စိတ်မဟုတ်၊ ရက်တော့ရက်ဖို့ကောင်းလေစွ။ မတတ်နိုင် ဆရာတော်ကိုလည်း ဝမ်းသာစကား လျှောက်ထားပြီးပြီ။ လသာခိုက် ဗိုင်းငင်ရသည့် ကျွန်တော့်ဘဝကို ရွာသားတွေ ရွာသူတွေ နားလည်ကြ လိမ့်မည်ဟု ထင်သည်။



ရွာကိုခွဲရမည်ဆိုတော့ လွမ်းစရာတွေချည်းဖြစ်နေသည်။

အလွမ်းလေတွေတိုက် အလွမ်းတိမ်တွေလွင့် အလွမ်းမိုးသားတွေတက် အလွမ်းမိုးတွေရွာ အို ငိုရှိုးမှာပါလား။

## (ငါး) နေရာသစ်

မိုးလည်းမခေါင်ရေလည်းမရှားဘဲနှင့် ဘာ့ကြောင့်သည်လူတွေ–သည်လိုဖြစ်နေရပါလိမ့်ဟု ကျွန်တော် တွေးနေမိသည်။ အညာမှာဖြစ်တာက လုပ်ရင်းကိုင်ရင်းထိမိ ခိုက်မိ ဒဏ်ရာ အနာတရဖြစ်ရာက ဂရုမစိုက်ပစ်ထား မသန့်မရှင်းမှုကြောင့် ဖြစ်ရတာဟုထင်သည်။ အထူးသဖြင့် ရေရှားမှုကြောင့် ဖြစ်ရသည်ဟု ထင်သည်။ ရေမရှိလျှင် မသန့်ရှင်းနိုင်။

သည်မှာက ရေပေါသည်။နောက်ဆုံး ရန်ကုန်မြစ်ထဲဆင်းချိုးလို့ရသည်။ လှိုင်မြစ်ထဲဆင်းချိုးလို့ရသည်။ ရွာမှာလို အိုင်မဟုတ် ‌ရေအမြဲစီးနေသည်။

သည်လို ရေပေါသည့်အရပ်တွင် သည်လိုလူတွေ ဘာလို့များနေပါလိမ့်ဟု သူတို့ကို စတွေ့သည့်နေ့ကတည်းက စဉ်းစားနေမိသည်။ သူတို့ကို စတွေ့သည်မှာလည်း ကြာတော့မကြာသေး။ သည်နှစ်လဆန်းစမှ ဖြစ်သည်။ တွေ့ဖူးတာတော့ တွေ့ဖူးမည်ပေါ့။ သတိမထားမိတာပဲ ဖြစ်မည်ထင်သည်။

သူတို့ကိုစတွေ့မိသည့်နေရာသည် သရက်တောကျောင်းတိုက်ဝင်းထဲမှာဖြစ်သည်။ ကျောင်းဝင်းထဲမှာတော့မဟုတ် လမ်းမတော်လမ်းနှင့် ဘုန်းကြီးလမ်းကို ဖေါက်ထားသည့် သရက်တောကျောင်းတိုက်အလယ်လမ်းပေါ်မှာ ဖြစ်သည်။

ဤလမ်းကို ကျွန်တော်သွားခဲ့ပါသည်။ ကျွန်တော်နေသည့် မှန်ကျောင်းကလည်း ဤလမ်း၌မရှိ။ ဗိုလ်ချုပ်အောင်ဆန်းလမ်းဘက်မှာသာ ရှိသည်။ မှန်ကျောင်းသည် ဗိုလ်ချုပ်အောင်ဆန်းလမ်းဘက်ကို

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာမူ ဆောက်ထားသည်။ နှစ်ထပ်တိုက်ကျောင်း မှန်တို့ဖြင့် တန်ဆာဆင်ဆောက်လုပ်ထားသဖြင့် မှန်ကျောင်းဟု ခေါ်သည်လားမသိ။

မှန်ကျောင်းဆရာတော်သည် ထောင်ထောင်မောင်းမောင်းနှင့် ကြည်ညိုဖွယ်ရာ မျက်နှာတော်ရှိသည်။ တရားအဟောအပြော ကောင်းသည်။ သဘောမနောကောင်းသော ဆရာတော်သည် အညာမှပင်ဖြစ်သည်။ ဤကျောင်းတွင် ကျတ္တီး၊ ကန်နီ၊ လယ်ဟောင်း၊ ဝဲလောင်၊ ကျောက္ကာဆရာတော်များ အဝင်အထွက်ရှိသည်။

ဆရာတော်သည် ကျွန်တော်ဆယ်တန်းဆက်ဖြေနိုင်ရေးအတွက် တပည့်ဒကာတစ်ယောက်နှင့် ဆက်သွယ်စီစဉ်ပေးသည်။ ဆရာတော်၏ ဒကာ ကိုမြတ်သူက ကျွန်တော်ဆယ်တန်းဖြေနိုင်ရေးအတွက် လိုအပ်သည်များ အစစကူညီခဲ့သည်။ ကျွန်တော်၏ အပူကပ်မှု၊ ကိုမြတ်သူ၏ အကူအညီပေးမှုဖြင့် သတင်းစာပို့သည့်အလုပ်ပါ ရရှိခဲ့သည်။ သတင်းစာပို့ပြီးသည်နှင့် ကျွန်တော်သည် ဆရာတော်၏ ဝေယျာဝစ္စ၊ ကျောင်း၏ဝေယျာဝစ္စ၊ ကပ္ပိယလုပ်ရင်း စာကြိုးစားခဲ့သည်။ ဆရာတော်အား ပင့်သမျှအလှူအတန်းမှန်သမျှ ကျွန်တော်သည် ကျောင်းသား အဖြစ်လိုက်ရသည်။ အလှူအိမ်မှ ကျွေးသမျှစားရသည်မှာ ရွာမှာစားရသည်နှင့် တခြားစီဖြစ်သည်။ သားငါးမျိုးစုံ၊ ဆီဦးထောပတ် မစားဖူးသော အစာများကို စားရသည်။ ထိုသို့ စားရသည့်ကြားမှပင် ပီလောဟင်းချို၊ ညွန့်နုတောင်းဟင်းချို၊ ကုက္ကိုရွက်သုပ်၊ မန်ကျည်းရွက်သုပ်၊ အညာထောင်း၊ နှမ်းဖတ်ချဉ်တို့ကို တမ်းတ သတိရမိ သွေးတောင်း မိသေးသည်။ အလှူအိမ်မှ အပြန်တွင် ကန်တော့ပွဲထမ်း ပြန်နေကျ အများအားဖြင့်တော့ ကားနှင့်လိုက်ပို့ ကြသည်က များသည်။

ဘုန်းကြီးကျောင်းသားဘဝဖြင့် စာဖိကြိုးစားခဲ့ရာ ဆယ်တန်း စာမေးပွဲ ဖြေပြီးခဲ့ပြီ။ အဖြေနိုင်ဆုံး ဘာသာမှာ မြန်မာစာဖြစ်သည်။ ဂုဏ်ထူးထွက်မည်လား မသိ။ ဘာသာစုံဖြေနိုင်သဖြင့် မအောင်မှာ မပူမိတော့။



စာမေးပွဲဖြေပြီးပေမယ့် ကျွန်တော်အလကားမနေ။ အင်္ဂလိပ် စကားပြောသင်တန်း ဆက်တက်ခဲ့သည်။ ဖွန်လဆန်း ညဦးပိုင်း အင်္ဂလိပ်စကားပြောသင်တန်းမှ ပြန်လာသော ကျွန်တော်သည် ဆေးရုံကြီးအိမ်သာနား အရောက်တွင် အရှေ့ပေါ်ရှေ့လောက်၌ လူတွေဝရုန်းသုန်းကားဖြစ်နေသည်ကို လှမ်းမြင်လိုက်ရသည်။ ခါးပိုက်နှိုက် မိတာလား၊ သူခိုးမိတာလား၊ ကားတိုက်တာလား၊ အရှေ့ပေါ်ရှေ့ ဆိုတော့ လူနာတွေလာပို့တာလားဟု ကျွန်တော်တွေးမိသည်။

ကျွန်တော်ထင်တာ မဟုတ်၊ အိုးတွေခွက်တွေကိုင်ပြီး အရှေ့ပေါ် ဘက်မှ သရက်တောကျောင်းတိုက်ဘက်သို့ ပြေးသွားနေကြသည်။ ရဲတွေက လမ်းမတော်လမ်းကိုဖြတ်ပြီး သူတို့ကို မောင်းထုတ်နေကြ သည်။

ကျွန်တော် ဗိုလ်ချုပ်အောင်ဆန်းလမ်းဘက်သို့ ဆက်မသွားတော့ဘဲ လမ်းမတော်လမ်းဘက် ကူးလိုက်သည်။ ရဲတွေဘာကြောင့် လူတွေကို နွားမောင်းသလိုမောင်းပြီး သရက်တောကျောင်းတိုက်ဘက် မောင်းထုတ် နေသည့်ကိစ္စသိချင်လာသည်။ ကျွန်တော် ခါတိုင်းပြန်နေကျ ဗိုလ်ချုပ်အောင်ဆန်းလမ်းဘက်မှ မှန်ကျောင်းသို့မသွားတော့ဘဲ သရက်တောကျောင်းတိုက် အလယ်မှသွားရန်ဆုံးဖြတ်လိုက်သည်။

ရဲများက လမ်းမတော်လမ်းအနောက်ဘက် ပလက်ဖောင်းပေါ်တွင် ရပ်ကျန်ရစ်ခဲ့သည်။ ကျွန်တော်သည် သရက်တောကျောင်းတိုက် အတွင်းဝင်သည့် လမ်းအတိုင်းလျှောက်လာခဲ့သည်။ လမ်းပေါ်တွင် စောစောက ဝင်သွားကြသူများကိုတွေ့ရ၏။ ထိုင်သူထိုင်၊ ရပ်သူရပ်၊ အိပ်သူအိပ်၊ လှမ်းမြင်နေရသည်ကိုက စိတ်ပျက်စရာ။ သူတို့အနား ရောက်တော့ မြင်ရသည့်အနေအထားက ရင်နင့်စရာ။ ခြေလက်မျက်နှာ လှုစဉ်မမီသည့် ရောဂါသည်တွေ။ အဝတ်အစားတွေက စုတ်ပြတ် ညစ်ပတ် နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲတွင် မချိတင်ကဲ ဝေဒနာခံစားရင်း၊ ကျွန်တော် မှန်ကျောင်းသို့ ပြန်ခဲ့သည်။ တစ်ညလုံး သူတို့အကြောင်း တွေးတော စဉ်းစားနေမိသည်။

နောက်တစ်နေ့တော့ အင်္ဂလိပ်စကားပြောသင်တန်းတက်ဖက် ကျောက်တံတားမှ သူငယ်ချင်းအဖော်ခေါ်၍ ရဲရင့်ရုံတွင် ရုပ်ရှင်ကြည့် ဖြစ်သည်။ ရုပ်ရှင်ပြီးမှပြန်လာတော့ ညဉ့်အတော်နက်နေပြီ၊ ဆရာတော်အား မလျှောက်ခဲ့ရသဖြင့် ဆရာတော်စိတ်ပူနေမှာစိုးပြီး အမြန်သုတ်ခြေတင် ပြန်လာခဲ့သည်။ အရေးပေါ်ရှေ့ရောက်တော့ သရက်တောကျောင်းတိုက် ဘက်လမ်းကြားမှ မနေ့ညကတွေ့ခဲ့သူ ကလေးလူကြီး ယောကျ်ားမိန်းမ တစ်အုပ်ကြီး ဆေးရုံကြီးဘက် ပြေးလာကြပြန်ပြီ။ ဘာဖြစ်ပြန်ပါလိမ့်။

ကျွန်တော်ခဏရပ်ကြည့်မိသည်။ သူတို့နောက်က ရဲတွေ လိုက်လာသည်။ သို့၊ ဆိတ်မောင်းသလို မောင်းထုတ်နေပါလား။ ရဲတွေ လမ်းမတော်လမ်းကျော်လာပြီး၊ လမ်းမတော်အရှေ့ဘက်ပလက် ဖောင်းပေါ်ရပ်နေကြသည်။ အခြေအနေမှဲ့ရောဂါသည်တွေက ဆေးရုံကြီး ထဲ ရောက်သွားကြပြီ။

ကျွန်တော်စဉ်းစားနေမိသည်။ လူတွေကို တိရစ္ဆာန်တွေလို လမ်းမတော်လမ်းဟိုဘက်မောင်းလိုက် သည်ဘက်မောင်းလိုက် ဘာကြောင့် ရဲတွေလုပ်နေကြသလဲဟု စဉ်းစားနေမိသည်။ တစ်နေ့ကို ဘယ်နှစ်ကြိမ် ထိုကဲ့သို့လုပ်နေပါလိမ့်ဟု သိချင်လာသည်။ ပထမတော့ အခြေအနေရပ်စောင့်ကြည့်ဖို့ စိတ်ကူးမိသေးသည်။ မှန်ကျောင်း ဆရာတော်ကို သတိရပြီး စိတ်ပူနေမည်စိုး၍ စောင့်မကြည့်တော့ဘဲ မှန်ကျောင်းသို့ ပြန်လာခဲ့သည်။

''ဘယ်သွားနေလဲ၊ ညဉ့်နက်နေပြီပဲ''

ကျွန်တော်ထင်သည့်အတိုင်း ဆရာတော်မကျိန်းသေး။ စိုးရိမ်စွာမေးသည်။

''တပည့်တော်သူငယ်ချင်းက ရုပ်ရှင်အတင်းခေါ်သွားလို့ပါဘုရား



ပြီးတော့အရေးပေါ်ရှေ့မှာ ရောဂါသည်တွေကိုလည်း ရပ်ကြည့်နေမိလို့ပါ ဘုရား''

''အင်း– အပျော်အပါးများတဲ့လူတွေ ဒုက္ခရောက်နေကြတာ ပေါ့လေ''

ဆရာတော်က ကျွန်တော်ရုပ်ရှင်ကြည့်သည်ကို ရည်ညွှန်းပြောနေ သလားဟု ပထမထင်လိုက်မိ၏။

''ဒီရောဂါက အပျော်အပါးလိုက်စားရာက ဖြစ်လာတာပဲ ယောကျ်ားလေးတွေက အပျော်အပါး ဝါသနာပါလို့ရောဂါရတာ၊ မိန်းကလေးတွေက မကောင်းတဲ့ အဲဒီ အလုပ်လုပ်လို့ ရောဂါရတာပဲကွဲ့''

ဆရာတော်၏ နောက်ဆက်တွဲစကားကို ကြားရမှ ကျွန်တော့်ကို ရည်ညွှန်းခြင်းမဟုတ်၊ ကျွန်တော်တွေ့ခဲ့ ရသူများကို ရည်ညွှန်းပြောနေမှန်း သိရတော့သည်။

''ဘယ်လိုအပျော်အပါးမျိုးပါလဲ ဘုရား''

''ယောကျ်ားလေးတွေက မိန်းမလိုက်စားတာပေါ့– မိန်းကလေး တွေက ပြည့်တန်ဆာလုပ်တာပေါ့ကွယ်''

ဆရာတော်စကားကြောင့် ပခုံးတွန့်မိသည်အထိ ကြက်သီးထ သွားသည်။

''သူတို့ချင်းညားကြလို့လည်း ပွားလာတာလားဘုရား''

''ဒါလည်းပါတာပေါ့လေ ... စိတ်အလိုလိုက်နေသူတွေ များလေ... ဒီရောဂါသည်တွေများလေ ဖြစ်မှာပါပဲ''

''ဆရာတော်အမိန့်ရှိတာကြားရတော့ တွေးကြောက်မိပါတယ် ဘုရား''

''အခြေအနေမပေးလို့ ထိန်းနိုင်တာက လူတော်မဟုတ်သေး၊ အခြေအနေပေးနေရက်က အခြေအနေ ပေးနေတာကိုထိန်းနိုင်မှ လူတော်ကွဲ့၊ စိတ်နောက်ကိုယ်ပါ မလုပ်မိအောင်ထိန်းနိုင်ရေး ဘာဒုက္ခ ရှိတာလေပေါ့''

www.burmeseclassic.com

www.burmeseclassic.com



"ရဲတွေက သူတို့ကို ဟိုဘက်မောင်းထုတ်လိုက် ဒီဘက်မောင်းထုတ်လိုက်လုပ်နေတာ ဘာလုပ်တာလဲ ဘုရား . . ."

"ရဲတွေမှာ ဖမ်းဆီးရမယ့်ဝတ္တရား ရှိဟန်တူပါတယ်... ရောဂါသည်တွေဆိုတော့ အချုပ်ခန်းထဲ ထည့်ဖို့လည်းခက် ထားဖို့လည်းခက်တော့ မဖမ်းချင်တာနဲ့ မောင်းထုတ်ကြတာဖြစ်မှာပေါ့ ဒကာ . ."

"မောင်းထုတ်ရင်လည်း မြို့ပြင်ရောက်အောင် မောင်းထုတ်ဖို့ကောင်းတာပေါ့ ဘုရား ... ခုဟာက လမ်းမတော်လမ်း ဟိုဘက်ဒီဘက် မောင်းထုတ်နေတာဘုရား"

"သြော်–ဘုန်းကြီးသဘောပေါက်ပြီ–ဒီဘက်ကနေဆေးရုံဘက် မောင်းထုတ်တာက လမ်းမတော်ရဲစခန်းက ရဲတွေ၊ ဆေးရုံဘက်က သရက်တောကျောင်းတိုက်ဘက် မောင်းထုတ်တာက လသာရဲစခန်းက ရဲတွေ ဖြစ်လိမ့်မယ်။ လမ်းမတော်လမ်းက လမ်းမတော်နဲ့လသာ ခြားထားတဲ့ နေရာကွဲ့"

"ကဲ– ကဲ ညဉ့်နက်လှပြီ– နောက်ရှပ်ရှင်တွေဘာတွေ ကြည့်ချင်ရင် ကြိုပြောသွားဟုတ်လား"

"တင်ပါ့ဘုရား"

ဆရာတော် သူ့အခန်းဝင်သွားသည့်တိုင် ကျွန်တော် ငူငူငိုင်ငိုင်ထိုင်နေမိ၏။ ယောကျ်ားနှင့်မိန်းမ၊ ပြည့်တန်ဆာနှင့် မိန်းမလိုက်စားသူ၊ ကျွန်တော်တွေ့ခဲ့သည့် ရောဂါသည်တွေထဲတွင် ဟိုတစ်ချိန်က သန့်သန့်ပြန့်ပြန့် သန်သန်မာမာ လူတွေမပါဟု ကျွန်တော် အတတ်မပြောနိုင်တော့။

ရန်ကုန်မှာ လူကောင်းအတွက်လည်း ကျောချစရာနေရာ ရှားသည်။ ကျွန်တော်သည်ပင်လျှင် မှန်ကျောင်းဆရာတော်၏ ကျေးဇူးကြောင့် နွေးနွေးထွေးထွေးလုံလုံခြုံခြုံ နေနိုင်ခြင်းဖြစ်သည်။ လူဆိုးတွေအတွက် ရောဂါသည်တွေအတွက် အခြေအနေမဲ့တွေအတွက်



ကျောတစ်နေရာစာချဖို့ လုံးလုံးမလွယ်ပါလား။ သည့် ရောဂါသည်တွေ ဆေးရုံကြီးနှင့် သရက်တောကျောင်းတိုက် ဟိုပြေးရလိုက် ဒီပြေးရလိုက်နှင့် အခင်းမဲ့အကာမဲ့ လမ်းပေါ်တွင်ပင် အိပ်ရေးဝဝ အိပ်ကြရရဲ့လား။ သူတို့ဘဝသည် "လူ့ဘဝ" ဟူသော အမည်နာမနှင့် လိုက်ဖက်သည် မထင်တော့။ နေဒဏ်လည်း မကာကွယ်နိုင်၊ လေဒဏ်လည်း မကာကွယ်နိုင်၊ မိုးဒဏ်နှင့်နှင်းဒဏ်လည်း မကာကွယ်နိုင်၊ ပလက်ဖောင်းနှင့်လမ်းသည် အိမ်၊ အိမ်ရာဖြစ်နေတော့ သူဌေးမွေးထားသည့် ခွေးကမှ ခွေးလှောင်အိမ်နှင့် ဇိမ်ကျနေဦးမည်။ ခွေးလောက်မှ တန်ဖိုးမရှိသည့် လူ့ဘဝပါလား။

တကယ်တွေးကြည့်တော့ လူစဉ်မီအောင် လူပဲလုပ်ရသည်။ လူစဉ်မမီအောင်လည်း လူပဲလုပ်နေသည်။ ဘယ်သူမပြုမိမိမှုပါလား။

လူစဉ်မမီသည့် ဘဝမရောက်အောင် အပျော်အပါးကြပ်ကြပ်ရှောင်ရမည် မဟုတ်ပါလား။

"ဒီကလေးက ဆယ်တန်းအောင်ပြီးပြီ။ သူ့ဘဝရေးရေးအတွက် အာကြီးလက်ထဲပဲ အပ်ချင်တယ်။ အဲဒါ ဒကာကြီး ဘယ်လိုသဘောရသလဲ"

မှန်ကျောင်းဆရာတော်၏ ဒကာရင်းတပည့်ရင်းဖြစ်ကြသော ဆရာတော်အား ဝတ္တုပစ္စည်းများ မကြာခဏ လာရောက်လှူဒါန်းကြသော ဦးမြင့်ဦး ဒေါ်ထားထားဦးတို့ လင်မယားက ကျွန်တော့်အား သေချာကြည့်သည်။ ပြီးတော့ သူတို့ချင်းတိုး တိုးတိုးတိုးနှင့် ပြောနေကြသည်။

"ကျောင်းဆက်ထားပေးဖို့လားဘုရား . ."

"မဟုတ်ပါဘူး– ကျောင်းဆက်တက်ချင်ရင် ဒီကနေတက်ရတာပဲ ခုဟာက ဒကာကြီးတို့သဘောမှာ အလုပ်ပေးဖို့ပါ"

"လောလောဆယ် စာရေးရော စက္ကာနီရောရှိနေတယ်ဘုရား။ အလုပ်သင် အကူစာရေးအနေနဲ့ လုပ်မယ်ဆိုရင်တော့ ဖြစ်ပါတယ်ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"မောင်ညိုမြင့်– ဘယ့်နှယ်လဲ– ဒကာကြီးဦးမြင့်ဦးသဘော်မှာ လုပ်မလား– ဘွဲ့ရအောင်တော့ အလုပ်လုပ်ရင်းနဲ့ဖြေပေါ့ မဟုတ်ဘူးလား"

"တင်ပါ့ဘုရား– အရှင်ဘုရားစီစဉ်ပေးတာကို တပည့်တော် သဘောကျပါတယ်ဘုရား"

"ကဲ ဒကာကြီးတို့ကသာ တူလိုသားလိုသဘောထား စောင့်ရှောက်ပေးပါ၊ မောင်ညိုမြင့်နဲ့ပတ်သက်လို့ အကြောင်းကြီးငယ် ရှိရင် ဘုန်းကြီးကို လာအသိပေးပါ ဒကာကြီး"

"တင်ပါ့ဘုရား–တပည့်တော်မတို့အပြန် တစ်ခါတည်းခေါ်သွားပါ့မယ်ဘုရား . ."

ဒေါ်ထားထားဦးကပါ ဝင်လျှောက်သည်။

ကျွန်တော်သည် ဆရာတော်ကိုဦးချပြီး ဦးမြင့်ဦး ဒေါ်ထားထားဦး တို့ကားပေါ်သို့ အိပ်ရာလိပ်နှင့် လက်ဆွဲအိတ်တင်ပြီး လိုက်လာခဲ့သည်။

"ဒေါက် . . . ဒေါက် . . . ဒေါက် . . . ဒေါက် "

တံခါးခေါက်သံကြောင့် အတွေးမှလန့်နိုးလာရသည်။ ကျွန်တော် တံခါးထဖွင့်လိုက်၏။

"ဆရာ– အပြင်သွားတာ ပြန်မလာသေးဘူးအောက်မေ့နေတာ အခန်းသော့ခတ်ထားတာမတွေ့မှ ဆရာရှိမှန်းသိတာ ထမင်းဆာလှပြီ ထမင်းစားရအောင်ဆရာ"

သဘော်သားမောင်ဝင်းနိုင်ပြောမှ ထမင်းစားဖို့သတိရသည်။

"အေး . . . အခုလာခဲ့မယ်"

ကျွန်တော်သည် အခန်းကိုသော့ခတ်ခဲ့ပြီး ပဲ့ပိုင်းသို့လျှောက်လာ ခဲ့၏။

ထိုခဏ၌ ရန်ကုန်မြစ်အတွင်းမှ တိုက်ခတ်လာသော ဆောင်းလေ သည် ကျွန်တော့်မျက်နှာကို တို့ထိနမ်းရှုပ်သွား၏။ ထိုခဏ၌ ရင်ထဲတွင် ကြည်လင်အေးမြလန်းဆန်းသွားသည်။



လူ့ဘဝဆိုသည်မှာ နမ်းရှုပ်သွားသည့် ဆောင်းလေလိုအမြဲ အေးမြနေလျှင်တော့ အကောင်းသား။

## (ခြောက်) ကြာနွယ်ဆစ်ကြိုး

ငါးသလောက်ပေါင်း၊ ကန်စွန်းရွက်ချဉ်ရေဟင်းဖြင့် ထမင်းစား ပြီးပြီးချင်း ကျွန်တော့်အခန်းသို့ ပြန်လာခဲ့သည်။ ထမင်းစားပြီးသော်လည်း အတော်နှင့် ထမင်းဝိုင်းမှမထတတ်သော ထမင်းဝိုင်းမှ ထမင်းအတူစားသူ အားလုံးပြီးမှ ထတတ်သော ကျွန်တော်သည် ယခု ထမင်းစားပြီးပြီးချင်း ထလိုက်တော့၊ မောင်ဝင်းနိုင်နှင့်မောင်မျိုးမြင့်တို့နှစ်ယောက် တစ်ယောက် ကိုတစ်ယောက် လက်ကုပ်လိုက်သည်ကို ကျွန်တော် သတိထားမိ၏။

သူတို့တစ်တွေ ကျွန်တော်၏ ထူးခြားနေမှုကို သတိပြုမိပေလိမ့် မည်။ ထမင်းဝိုင်းတွင်လည်း စကားတစ်ခွန်း မပြောဘဲ ထမင်းကိုအမြန် စားခဲ့သည် မဟုတ်လား။

အခန်းတံခါးဂျက်ထိုးပြီး အိပ်ရာပေါ်လှဲလိုက်၏။ နဖူးပေါ် လက်တင်လိုက်သည်နှင့် အာစရိယဆရာ ဦးခင်မောင်ဦး ရုပ်သွင်က ပေါ်လာသည်။

ဆရာဦးခင်မောင်ဦး၏ အန္တေဝါသိက တပည့်ရင်းကကျွန်တော်၏ အတွေးတို့သည် နဒီဒေဝီရောက်စ နေ့ဆီ ရောက်သွားပေပြီ။

❀ ❀ ❀ ❀ ❀ ❀

ဒေါ်ထားထားဦးသည် ရွှေတောင်တန်းနေအိမ်၌ ဆင်းနေရစ်၏။ ဦးမြင့်ဦးသည် ကျွန်တော့်အား သူ့ကားလေးနှင့် ကမ်းနားသို့ခေါ်လာ ခဲ့သည်။ "ဘုန်းကြီးလမ်းအောက် ဗောတံတား" ဟုရေးထားသောနေရာ အနီးတွင် ကားရပ်လိုက်ပြီး ကျွန်တော့်ကို ရေဆင်းဗောတံတား[illegible]တိုင်း ခေါ်သွား၏။ ကျွန်တော်သည် အိပ်ရာလိပ်နှင့် လက်ဆွဲအိတ်ကိုဆွဲပြီး ဦးမြင့်ဦးနောက်မှ လိုက်လာရင်း ဆိပ်ခံဗောတံတားတွင်ကပ်ထားသော

www.burmeseclassic.com

www.burmeseclassic.com



သဘော်များကို မျက်လုံးဖွေ့ကြည့်မိ၏။ လှမြကေသီ၊ ရောထွန်း၊ နာမည်လေးတွေက ချစ်စရာ။ ကောင်မလေးနာမည်နှင့် ကောင်လေးနာမည်လိုပါလား။ လှမြကေသီပေါ်သို့ ဦးမြင့်ဦးတက်သွားသဖြင့် ကျွန်တော်လိုက်တက်သွားခဲ့၏။

ဦးမြင့်ဦးသည်လှမြကေသီဘေးတွင် ကပ်ထားသောသဘော်ပေါ်သို့ ကျော်တက်သွားသဖြင့် ကျွန်တော်လည်း သတိထားလှမ်းကျော်ကူးလိုက်ခဲ့၏။

''ကိုဝင်းမောင်– ကိုဝင်းမောင်ရော''

ဦးမြင့်ဦးက ထိုရေယာဉ် အလယ်ကုန်းပတ်ပေါ်တွင် ရပ်ပြီး ခေါ်လိုက်သည်နှင့် လူတွေသူ့ဆီ ဝိုင်းအုံလာကြသည်။

''ကိုဝင်းမောင် လူလေးနာမည် မောင်ညိုမြင့်လို့ခေါ်တယ်။ စာရေးလုပ်ငန်းတွေ ကျွမ်းကျင်အောင် သင်ပေးပါ။ ခင်ဗျားညီလို သဘောထားပါ။ သူနဲ့ပတ်သက်လို့ကိစ္စရှိရင် ကျွန်တော့်ကိုလာပြောပါ ဟုတ်လား''

ကျွန်တော်မှန်ကျောင်းမှထွက်၍ ဦးမြင့်ဦးကားပေါ်စီးလာကတည်းက၊ ကားမောင်းတတ်ချင်လာသည်။ သဘော်ပေါ်ရောက်တော့ သဘော်မောင်းတတ်ချင်လာသည်။ မှန်ကျောင်းဆရာတော်ကလည်း သဘော်စာရေးလုပ်ဖို့ အမိန့်မရှိသလို ဦးမြင့်ဦးကလည်း သဘော်စာရေးရော စုကာနီဆိုတာရော ရှိကြောင်းဆရာတော်ကို လျှောက်သံကြားခဲ့သည်။ သဘော်စာရေးလုပ်၍ သဘော်မောင်းတတ်မည်မထင်။ သဘော်သားလုပ်မှ သဘော်မောင်းတတ်မည် ထင်မိသည်။ ကားပေါ်ကတည်းက စာရေးအလုပ်မလုပ်ဘဲ သဘော်သားပဲ လုပ်တော့မည်ဟု ဆုံးဖြတ်ခဲ့ပြီးဖြစ်သည်။

''ဦးခင်ဗျား ကျွန်တော်သဘော်သားလုပ်ချင်ပါတယ် သဘော်သားလုပ်လို့မရဘူးလားခင်ဗျား''



ဦးမြင့်ဦးက နားမလည်စွာ ကျွန်တော့်ကို ခြေဆုံးခေါင်းဆုံး ကြည့်သည်။ ပြီးတော့ သက်ပြင်းချလိုက်သည်ကို တွေ့ရ၏။

''သဘော်သားအလုပ်က တအားပင်ပန်းတယ်လူလေး၊ လူလေးပင်ပန်းတော့ စာတွေဘာတွေကျက်နိုင်မှာမဟုတ်တော့ဘူး။ အဲဒါကြောင့် သက်သာတဲ့နေရာထားပေးတာ''

''ကျွန်တော်လုပ်နိုင်ပါတယ်– ကျွန်တော်သဘော်သားပဲ လုပ်ပါရစေ''

ဦးမြင့်ဦးဘေးမှ လူများကလည်း ကျွန်တော့်ကို လူထူးလူဆန်းလို ဝိုင်းကြည့်ကြသည်။ ဦးမြင့်ဦး၏ သက်ပြင်းချသံကိုလည်း ထပ်ကြားရသည်။

''လူလေး စိတ်အားထက်သန်နေရင်လည်း လုပ်ကြည့်ပေါ့။ ပင်ပန်းလို့ မလုပ်ချင်တော့ရင်လည်း ကိုဝင်းမောင်ကိုပြောပြီး သူ့ဆီက ဗညာသင်ပေါ့။ ကဲ ဦးလည်းပြန်ဦးမယ်လူလေး ကိုဝင်းမောင်နဲ့ ညနေကျ အိမ်လာခဲ့ဦး''

ဦးမြင့်ဦးက ကျွန်တော့်ကိုနှုတ်ဆက်ပြီး လှမြကေသီသဘော်ပေါ်သို့ လှမ်းတက်သွားသည်။ ကျွန်တော် ငူငူကြီးရပ်နေစဉ်မှာပင် ဦးမြင့်ဦး လှမြကေသီ ပေါ်မှပြန်ကူးလာသည်။

''ဦးခင်မောင်ဦးရော ရှိသလား ခဏခေါ်ပေးစမ်းပါဦး''

သဘော်သားတစ်ယောက်က သဘော်ဦးဘက်ပြေးသွားခေါ်သည်။ ချက်ချင်းဆိုသလိုပင် အသက် ၅၀ ခန့် အရပ်မြင့်မြင့် ပိန်ပိန်ပါးပါး အသားလတ်လတ်လူတစ်ယောက် ဦးမြင့်ဦးအနား ရောက်လာသည်။ ကျွန်တော်သူ့ကိုသတိထားကြည့်မိတော့ သူ့မျက်နှာက ကြည်လင်ရှင်းသန့်နေသည်။ မျက်ခုံးထူထူ၊ မျက်လုံး မျက်ဖန် ကောင်းကောင်း၊ နှာတံလွှင်လွှင်လေးပေါ်ပြီး နှုတ်ခမ်းက ပြုံးယောင် သန်းနေသည်။မျက်နှာခပ်သွယ်သွယ်ဖြစ်လင့်ကစား ပြည့်တင်းသော ပါးများကြောင့် ကြည့်၍ကောင်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က သူ့ကို ပြုံးကြည့်နေတော့ သူကလည်း ပြန်ပြုံးပြသည်။

''လူလေးနာမည်က မောင်ညိုမြင့်တဲ့ ဦးခင်မောင်ဦး၊ ဦးခင်မောင်ဦးလက်ထဲကို လူလေးကိုအပ်ပါတယ်။ ရေယာဉ်ပညာအဝဝသင်ပြပေးပါ။ လူလေးနဲ့ပတ်သက်လို့ ပြောစရာဆိုစရာရှိရင်လည်း ကျွန်တော့်ကို တိုက်ရိုက်ပြောပါ။ လူလေး ဒါ နဒီဒေဝီရဲ့ ဆလင်ပဲ''

''စိတ်ချပါသူဌေး – ကျွန်တော့်တူလိုသားလို သဘောထားသင်ပြပေးပါ့မယ်''

''ကျွန်တော်လည်း မင်္ဂလာဆောင်သွားဖို့ရှိသေးတယ်။ ကျွန်တော် စိတ်ချပါရစေနော် ကဲ ဦးသွားမယ် လူလေး''

ကျွန်တော့်ရင်ထဲတွင် ဂွမ်းဆီထိသလို ပီတိတွေဖြစ်ပေါ်လာသည်။ လှမြကေသီ သဘော်ပေါ် လှမ်းတက် ထွက်ခွာသွားသော ဦးမြင့်ဦးကို မျက်စိတစ်ဆုံးကြည့်ပြီး ကျေးဇူးတင်နေမိသည်။

''လူလေးလာ၊ ဦးအခန်းသွားရအောင်''

ဦးခင်မောင်ဦး၏ ညှို့သက်သောအသံနှင့် သိမ်မွေ့သောထိတွေ့မှုဖြင့် ဦးခင်မောင်ဦးက ကျွန်တော့်ပခုံးကိုဖက်ပြီး သဘော်ဦးခန်းသို့ ခေါ်သွားခဲ့သည်။

ရွာဦးကျောင်းဆရာတော်နှင့် မှန်ကျောင်းဆရာတော်တို့အား စိတ်ထဲ၌ ကာယဝစီမနောချီ၍ အလီလီကန်တော့လိုက်မိသည်။

❀ ❀ ❀ ❀ ❀ ❀

ထိုနေ့ညနေ သုံးနာရီမှစပြီး ဦးခင်မောင်ဦးသည် အညာသားလေး ကျွန်တော့်အား ကမ်းနား့တစ်လျှောက် လိုက်ပြခဲ့သည်။ ဘုန်းကြီးလမ်းအောက် ဗောတံတားတွင် ဆိုက်ကပ်ထားသော ရေယာဉ်များကို အလျှင်လိုက်ပြသည်။ ခုတ်မောင်းသည့်လိုင်းကိုလည်း ရှင်းပြသည်။



ရန်ကုန် ပြင်စလူလိုင်းတွင် လှမြကေသီ၊ မြေသီတာ၊ နဒီဒေဝီ၊ စန္ဒာဦး၊ ရောထွန်းနှင့် ဖိုးလမင်း၊ သဘော်၊ ခြောက်စင်း။ နာမည်တွေအချစ်စရာ။ ကောင်မလေး လေးယောက်နှင့်ကောင်လေးနှစ်ယောက် နာမည်ဖြစ်နေသည်။ ပြင်စလူလိုင်းက ကောသလအိပ်မက်နှင့် ညီသားပဲဟု တွေးမိသည်။ ကောသလအိပ်မက် ၁၆ ချက်တွင် ဥသျှစ်တစ်တင်းနမ်းတစ်တင်းဟု ဆိုထားသည့်အချက်တစ်ချက်လည်း ပါသည်မဟုတ်လား။ စန္ဒာဦးနှင့် ဖိုးလမင်းက ပြင်စလူလိုင်းထွက်နေသည်ဟု ရှင်းပြသည်။ မြေသီတာက ယနေ့မနက်စောစောကမှ ဝင်လာသည်ဟု သိရသည်။

စဉ်းစားကြည့်တော့ ပြင်စလူလိုင်းတွင် စန္ဒာဦးနှင့် ဖိုးလမင်းက ရွှေနှင့်မြ နေနှင့်လလားဟု ကျွန်တော်ထင်မိသည်။ သေချာစဉ်းစားကြည့်မှ လမင်းလည်းလ စန္ဒာလည်းလမို့ မောင်နှမပဲခေါ်ရမည်လား။ နယ်တော်ရွက်လို နှစ်လွှာပေါင်းမှ တစ်ရွက်မည်တဲ့ ချစ်သူစုံတွဲဟု ခေါ်ရမည်လားဟု တွေးဖြစ်သည်။

ဆန်းတော့လည်း ဆန်းနေသည်။ ဖိုးလမင်းနှင့် စန္ဒာဦး။ ပြီးတော့ ရောထွန်းတဲ့။ ဒီကောင်လေးနှင့် လိုက်မည့်သူက ပြင်စလူလိုင်းမှာ အပျိုမနှစ်ယောက် ရှိနေသည်။ နဒီဒေဝီနှင့် အေးမြသီတာပဲပေါ့။ ရော ဆိုတာလည်းမြစ် နဒီဆိုတာလည်းမြစ် သီတာဆိုတာကလည်း မြစ်ထဲက ရေပဲမဟုတ်လား။ အနီးစပ်ဆုံးဟာ တွဲပေးရလျှင် ရောထွန်းနှင့် အလိုက်ဖက်ဆုံးက နဒီဒေဝီ။ မြစ်၏ သခင်မ မဟုတ်လား။ သည်တော့ အေးမြသီတာနဲ့ လှမြကေသီ ညီအစ်မက အပျိုကြီးလုပ်ကြပေါ့။

သည်သို့တွေးပြီး၊ ကျွန်တော်ပြုံးဖြစ်သည်။

ဘုန်းကြီးလမ်းအောက်ဗောတံတားတွင်ဆိုက်သည့် ရေယာဉ်တွေကလည်း အများသား။ ရန်ကုန် ရောလိုင်းက၊ မင်းနိုင်ကို တွေ့ရသည်။ ရွှေဝင်ယော်လေးနှင့် ထွန်းသိဒ္ဓိကလိုင်းထွက်နေသည်တဲ့။ ရန်ကုန်

www.burmeseclassic.com

www.burmeseclassic.com



ကဒုံလိုင်းက စိန်ဝင်းရွှေနှင့် စိန်ဌေးလှိုင်ကို တွေ့ရသည်။ ရန်နိုင်အောင်က ကဒုံသို့ ထွက်နေသည်တဲ့။ ရန်ကုန်နောက်မီးလိုင်းက အောင်နိုင်ဆွေနှင့် ဒုံးပျံကို တွေ့ရသည်။ အောင်ပါစေက နောက်မီးကို ထွက်နေသည်။

ဦးခင်မောင်ဦးက ကမ်းနားလမ်းမကြီးပြန်ထွက်ပြီး၊ ကီလီရွာသစ်ချောင်းဘက်က ပြန်ဝင်သည်။ အတွင်းကမ်းနားလမ်း လျှောက်ပြသည်။ လမ်းနာမည်တွေ၊ အဆောက်အဦနာမည်တွေ၊ ဗောတံတားနာမည်တွေ အကုန်ရှင်းပြသည်။ ကျွန်တော့်အဖို့ အသစ်အဆန်းတွေချည်း ဖြစ်နေသည်။ ရေဆင်း ဗောတံတားတင်မကာ၊ ဆိပ်ခံဗော တံတားပေါ်ထိ ခေါ်ပြသည်။

ကီလီ အမှတ် (၁) ဗောတံတားမှ အမှတ် (၄) ဗောတံတားအထိ၊ ထိုဗောတံတားလေးခုက အရှုပ်ဆုံးဟု ထင်သည်။ အရှုပ်တကာ့ အရှုပ်ဆုံးက ကီလီ အမှတ် (၁) ဗောတံတား။ ကြံစည်းတွေသယ်၊ ငှက်ပျောခိုင်တွေ ဘင်၊ ငါးစည်တွေထမ်းနှင့် ရှုပ်ယှက်ခတ်နေသည်။ ကြံစည်းကြံရိုးနှင့်၊ မထိုးမိအောင်၊ ရှောင်နေရသည်။

ကီလီအမှတ် (၁) (၂) (၄) ဗောတံတားများတွင်၊ စက်တတ်ဘောက်တူတွေ၊ ကမ်းရိုးတန်းပို့ ရေယာဉ်တွေ၊ စက်လှေတွေ၊ ငါးဖမ်းလှေတွေ၊ ပိုက်ချလှေတွေ၊ ပုဂ္ဂလိက သမ္ဗန်တွေနှင့် ရှုပ်ယှက်ခတ်နေသည်။ ငါးညှီစော် ငါးပုပ်စော်ကလည်း နံလိုက်သေးသည်။

ကီလီအမှတ် (၃) ဗောတံတားတွင်တော့ စန်းသိန်း၊ ဆော်တာအေး၊ မြင့်ဝင်းဆန်း၊ မြင့်ဝင်းသန်း၊ ဉာဏ်ပေါ်အောင်၊ စိန်တိုး၊ ရွှေလဝင်းနိုင်၊ အောင်မိုးစိန် သဘော်တွေဆိုက်သည်။ ကန္တဲ့ကပို၊ ရွှေတောင်မော်၊ မအူပင်ဘုရားချောင်းသွားချင်လျှင် သည်သဘော်တွေနှင့် သွားရသည်ဟု ဦးခင်မောင်ဦးက ရှင်းပြသည်။

ဘုန်းကြီးလမ်းအောက်ဗောတံတားမှာတော့၊ ရွှာသာ၊ ရေမြ၊ ညောင်တုန်း၊ ပန်းတနော်၊ မြောင်းမြ၊ ပုသိမ်သွားသည့်၊ အစိုးရ



သဘော်တွေ၊ ဆိုက်ထားသည်။ ဘုန်းကြီးလမ်းအထက်ဗောတံတားတွင်လည်း၊ ရန်ကုန် လပွတ္တာသွားသည့် သဘော်တွေဆိုက်ထားသည်။ လှည်းတန်းအောက်ဗောတံတားတွင်၊ အိမ်မဲ၊ ဒေးဒရဲ ပြည် သွားသည့် အစိုးရသဘော်တွေ ဆိုက်ထားသည်။ လမ်းသစ်ဗောတံတားတွင် ပုသိမ် အစိုးရအမြန်သဘော်တွေ၊ ဆိုက်ထားသည်။ လှည်းတန်းအထက် ဗောတံတားတွင်လည်း အစိုးရသဘော်တွေပင်။ ဘိုကလေး၊ ဖျာပုံ၊ အနုပင်၊ မော်လမြိုင်ကျွန်းသွားသည့် သဘော်တွေ။

ရွှေတောင်တန်းအထက်ဗောတံတားသည်၊ ဖျာပုံ၊ ပန်းတနော်၊ သံလိုက်၊ သံဒိတ်၊ နောက်ပြန်တိုး၊ ရုံးဒေါင့်၊ ကျိုက်ပိ၊ စက်ဆန်း သွားသည့် ပုဂ္ဂလိကသဘော်တွေ ဆိုက်သည့်နေရာ။ နန်းဆန်က၊ ဖျာပုံသမ သဘော်။ အောင်မင်းသိန်း၊ အောင်မင်းဆွေ၊ အောင်မျိုးဆန်း၊ ဆန်းမြင့်မောင်၊ ဂျူကာမောင်၊ စိန်သန်းဝင်း၊ သိန်းသန်း၊ ဟံသာဝင်း၊ မင်္ဂလာထွန်းတို့က ပန်းတနော်။ စိန်ဌေးနိုင်၊ အောင်ငွေတိုး၊ ခိုင်ရွှေထွန်း ဘို့က သံလိုက်။ ဝိဇ္ဇာလှ၊ ဝိဇ္ဇာအောင်က သံဒိတ်။ ရွှေမိုးအောင်၊ နန်းနွယ်၊ အောင်အောင်တို့က နောက်ပြန်တိုး။ ရွှေထွန်းထွန်း၊ ရွှေထွန်း (၂)၊ စိန်ဝင်းကျော်တို့က ရုံးဒေါင့်။ ကျိုက်တိုးမောင်၊ ဗိုလ်ကြည်ဝင်း၊ ဆန်းသိတာညွန့်၊ ချစ်ဦးလွင်နှင့် ပုလဲရွှေစင်တို့က ကျိုက်ပိ။ မြသုခသိဒ္ဓိနှင့် ရွှေတင်းပြည့်က၊ စက်ဆန်း။

ရွှေတောင်တန်းအောက်ဗောတံတားတွင်လည်း ပုဂ္ဂလိက ရေယာဉ်တွေပဲဆိုက်သည်။ မြန်အောင် ကြံခင်းသဘော်က အောင်စစ်သူ၊ မျိုးသိဒ္ဓိအောင်၊ ရောနိုင်။ ကျိုက်လတ်သဘော်က ကျိုက်လပ်အောင်၊ စိန်ဝင်းနိုင်၊ စိန်ဝင်းထွန်း၊ စိန်ဝင်းကြိုင်၊ စိန်ဝင်းညွန့်, စိန်သဘော်တွေ။ ထွမ်းခြံကုန်းက ရွှေသဘော်၊ ရွှေငွေထွန်း နှင့် ရွှေဝင်းထွန်း။ ကျုံ့မငေးသဘော်က ငွေလဝင်း၊ အိုကေတင်၊ အောင်သူရိန်။ [illegible]ကြီး သွားတာက ဇေယျာလွင်။ လှိုင်းတာက မျိုးချစ်ဇော်။ ပြင်ခရိုင် တိုင်းကြီးသဘော်က ဇော်ယဉ်မော်နှင့် အာရှမောင်။

www.burmeseclassic.com

www.burmeseclassic.com



လမ်းမတော်အထက်ဖောတ်တားတွင်၊ နှစ်ထပ်ရေယာဉ်တွေ ဆိုက်သည်။ မော်လမြိုင်ကျွန်းသွားသည့် ဝိဇယကြီး၊ နေလမင်း၊ အောင်သိဒ္ဓိ၊ မဏိပူရတို့ ဆိုက်သည်။ ဘိုကလေးသွားသည့် သမ္မုလ၊ ရတနာပုံ (၁)၊ ရတနာပုံ (၇)နှင့် သိဒ္ဓိမင်္ဂလာဆိုက်သည်။ လှိုင်းဘုန်းသွားသည့် ငွေမင်းထွန်းနှင့် ငွေလမင်းလည်း ဆိုက်သည်။

လမ်းမတော်အောက်ဖောတ်တားမှာလည်း မြောင်းမြ ပုသိမ်နှင့် လပွတ္တာသွားသည့် ပုဂ္ဂလိက နှစ်ထပ် ရေယာဉ်တွေချည်း ဆိုက်သည်။ မင်းရွှေ မင်းစိန်၊ စန်းသူရိန်၊ ဇေယာနဒီ၊ အောင်မျိုးညွှန့်၊ သီတာအေးမြ ရတနာသင်္ဂီ၊ အောင်သီတာထွန်း၊ ပုသိန်ညွှန့်နှင့် မြဝတီတို့က မြောင်းမြ ပုသိမ်သွားသည့် နှစ်ထပ်သဘော်တွေဖြစ်သည်။ ဒဂုံလွင်၊ ချမ်းသာကြီး၊ ရွှေငွေမြင့် နှင့် မာတလိတို့က လပွတ္တာသွားသည့် နှစ်ထပ်သဘော်။

စဉ့်အိုးတန်းအထက်ဖောတ်တားတွင် ဆိုက်သည့်သဘော်တွေကလည်း နှစ်ထပ်သဘော်တွေပဲ ဖြစ်သည်။ အိမ်မဲ၊ ကျောင်းကုန်း၊ ကျုံပျော်သွားသည့် သဘော်တွေက ရတနာဒေဝီ၊ သုဝဏ္ဏဒေဝီ၊ မဒီဒေဝီ၊ မဏိမေခလာ၊ အာရှုမယ်၊ ရတနာမယ်၊ တကယ့်ထိတ်ထိတ်ကြဲ မိန်းမတွေ။ စိန်အောင်ဌေးပဲ ယောက်ျားပါသည်။ စိန်အောင်ဌေးက မင်းသားပေါ့။ ဝါးခယ်မသွားသည့်သဘော်က မင်းဆန်းနှင့် ဒဂုံမေ သူတို့လည်း စုံတွဲပေပေါ့။

စဉ့်အိုးတန်းအောက်ဖောတ်တားမှာတော့ လှသီတာအောင်နှင့် အိုကေဝင်းက ဓနုဖြူ ဆကာကြီး ထွက်သည်။ ထိန်လင်းနှင့် အောင်မြတ်နိုင်က ဓနုဖြူ ကျုံရှုံ၊ မေမေ့မေတ္တာ၊ တက်ခေတ်မောင်၊ မင်းနိုင်အောင်တို့က တော်လန်းထွက်သည့်သဘော်တွေ၊ ဟသ်ာတ သဘော်တွေကလည်း နှစ်ထပ် သဘော်တွေပဲဖြစ်သည်။ အောင်ရတနာ၊ ဝင်းစိန်၊ သီရိရော၊ ရွှေနန်းမြင့်၊ စိန်ဝင်းကြည်၊ အောင်ဝင်းကြည်၊ စိန်လှကြည်၊ ဗမာကြယ်၊ သစ္စာမွန်နှင့် ထွန်း။

နဒီဒေဝီသို့ ပြန်ရောက်တော့၊ ည (၇)နာရီခွဲတော့မည်။ ဒါတောင် မိုးချုပ်နေ၍ ပြန်လာခြင်းဖြစ်သည်။ ပန်းဆိုးတန်းဆိပ်ကမ်း ကပ်ထားသည့်



ပင်ခြားသဘော်ကြီးတွေကို သမ္ဘန်ငှားစီးပြီး မြစ်ထဲမှ လိုက်ပြချင်သည်ဟု ဆရာကပြောသည်။ ကျွန်တော်ရော၊ ဆရာပါ ပင်ပန်းနေပြီမို့ လှည့်ပြန် ညွှင်း ဖြစ်သည်။

နဒီဒေဝီရောက်သည်နှင့် ပထမဦးဆုံးသော သဘော်သားစားသည့် ထမင်းကိုစားရသည်။ မုန့်ကျောင်းနှင့်တော့၊ တကယ့်တခြားစီမှ၊ တခြားစီ။ မုန့်ကျောင်းဆရာတော်ကို ကိုးကွယ်ကြည်ညိုသူ များသည်။ ကိုးကွယ် ကြည်ညိုသူတွေကလည်း ပိုက်ဆံရှိသူတွေ။ သူဌေးတွေများသည်။ ကျောင်းမှာ ပေါ်ဆန်းမွှေးဆန်အိတ်လိုက်၊ ဆီပုံးလိုက်၊ ငါးခြောက်ငါးခြမ်း တွေလည်း တစ်ပုံကြီး။ ဆွမ်းစားပင့်သည်ကပင် လက်မလည်။ ဆရာတော်က ရက်ရွေးပေးနေရသည်။

သဘော်သားဘဝ၊ စားရတာနှင့်၊ ရွာမှာစားရတာ သိပ်တော့ မထူး။ ဆန်ခပ်ကြမ်းကြမ်း၊ ငါးပိရည်၊ ငါးပြာရည် တစ်ခုခုအမြဲပါသည့် ထမင်းဝိုင်းပဲဖြစ်သည်။ အညာထောင်းနှင့်၊ ငပိရည်ပဲကွာသည်။

ထမင်းစားသောက်ပြီးတော့၊ ရေယာဉ်အုပ် ဦးခင်မောင်ဦး အခန်းထဲတွင်ပင်၊ ဦးခင်မောင်ဦး ပြောပြသမျှ အကြမ်းလိုက်မှတ်ခဲ့သော ဖောတ်တားနှင့် သဘော်များစာရင်းကို နေ့စဉ်မှတ်တမ်းတွင် အသေချာပြန်ကူးလိုက်သည်။

ဦးခင်မောင်ဦးက ကျွန်တော်၏လုပ်ပုံကိုင်ပုံကိုကြည့်ပြီး ကျွန်တော့်ကျောကို သူ့လက်နှင့် ပွတ်သပ်ပြီးနောက် သူ့အခန်းထဲမှ ထွက်သွား၏။

ရွာမှာနှင့် မုန့်ကျောင်းမှာလို၊ နဒီဒေဝီပေါ်တွင်၊ စမတ်ကျကျ အိပ်ရလင့်ကစား၊ ထိုညက၊ ကျွန်တော်ကောင်းစွာ အိပ်ပျော်ခဲ့၏။

ရန်ကုန်မြစ်၏ လှိုင်းတို့သည် ကျွန်တော့်အား ပုခက်လွှဲသိပ် သကဲ့သို့ သိပ်တော့လည်း၊ အိပ်မပျော်ပဲ ရှိပါတော့မည်လား။

www.burmeseclassic.com

www.burmeseclassic.com



နဒီဒေဝီ၏ပွဲစင်တွင် ကျွန်တော်တို့ ရေပက်ကြိုးချည် သဘော်သားခြောက်ယောက်နှင့် ဆီလောင်းတို့ ကိုယ့်ခြင်ထောင်နှင့်ကိုယ် အိပ်ကြ၏။ ခြင်လက်မြှောက်သော အရေထူနေသည့် ကိုမြင့်သိန်း တစ်ယောက်သာ ခြင်ထောင်မထောင်ဘဲအိပ်သည်။ ဆီလောင်းအပါအဝင် ကျွန်တော်တို့ သဘော်သား ခုနစ်ဦး ပွဲစင်၌ အိပ်သည်ဆိုရာ၌လည်း တစ်ပြိုင်တည်း အိပ်ရခြင်းမဟုတ်။ ရေလှည့်စောင့် နှစ်ယောက်မှအပ ကျန်သူငါးယောက်သာ အိပ်ရခြင်းဖြစ်သည်။ သဘော်ခုတ်မောင်းနေလျှင် ဆီလောင်းလည်း မအိပ်ရ။ သဘော်ပွဲစင်အနီးတွင် အိမ်သာရှိသော်လည်း ရေနိုင်နိုင်သုံးသဖြင့် အနံ့အသက်မရှိ။ ပထမဆုံး စအိပ်ရသည့်နေ့က အိမ်သာနားမို့ စိတ်မသန့်အောင် ဖြစ်ခဲ့မိသေးသည်။ သဘော်ကို ပုခက်ဖြစ်အောင် လှိုင်းပုတ်တော့ ကောင်းကောင်းအိပ်ပျော်သွားခဲ့၏။ ရေယာဉ်အုပ်၊ စက်ခန်းအုပ်၊ စာရေး၊ ကုန်စူကာနီတို့က၊ အခန်းတွေနှင့်။ တက်မကိုင် ကိုခင်ဝင်းက နဒီဒေဝီဦးပိုင်းမှာ အိပ်သည်။

ရေပက်ကြိုးချည် သဘော်သားအလုပ်ကို လိုင်းစူကာနီက ရေယာဉ်အုပ်ကိုယ်စား တာဝန်ချပေးသည်။ တကယ်လုပ်ရတော့ သဘော်သားအလုပ်က အများသား။ သဘော်ကမ်းကပ်ထားချိန်သည် သဘော်ခုတ်မောင်း နေချိန်လောက် အလုပ်မများ။ သဘော်ကမ်းကပ်ထားချိန်တွင် ကုန်တင်လျှင်တော့ အလုပ်များသည်။ စာရေးနှင့် ကုန်စူကာနီတို့ကို ဝိုင်းကူပြီး ကုန်တွေ အစီအစဉ်နေရာတကျ ဖြစ်အောင် ချထားပေးရသည်။ ကုန်တင်မည့် နေ့များတွင် နားရသည့် အချိန်မရှိတော့။ ထို့အတူ ကုန်ချချိန်တွင်လည်း ကုန်များမှားချ မပေးမိအောင် ကုန်ပျောက် မသွားအောင် စာရေးနှင့် စူကာနီကို ကုန်အဆင်ပြေပြေ ထုတ်နိုင်ရေး အတွက် ကူညီရသည်။

ကျွန်တော်တို့၏ မူလအလုပ်ကတော့ သဘော်ထဲဝင်လာသည့် ရေများကို ဝမ်းရေစုပ်ပန့်၊ ရေတုံကင်၊ အခြားတစ်နည်းနည်းဖြင့်



မြစ်ထဲချောင်းထဲ ပြန်ပက်ထုတ်ရခြင်း၊ ကျောက်ဆူးချခြင်း၊ ကျောက်ဆူးနုတ်ခြင်း၊ သဘော်အကပ်အခွာတို့တွင်၊ ကြိုးချည်ခြင်း၊ ကြိုးဖြုတ်ခြင်း၊ ချောင်းခြင်း၊ ပန်ကာတွင်ပတ်သည့် ဒိုက်များကို ငုပ်ဆယ်ခြင်း ဖြုတ်ခြင်း၊ သဘော်သားအားလုံး စားဖို့ဈေးဝယ်ခြင်း၊ ချက်ပြုတ်ခြင်း နှင့် ရေလှည့်ကင်းစောင့်ခြင်း တို့ဖြစ်ပါသည်။

သဘော်ခုတ်မောင်းနေသည့်အချိန်ကျတော့ ကာလနဂါးလို အိပ်နေလို့မရ။ ရေလှည့်တာဝန်ကျချိန်တွင် ထစောင့်ရသည်။ ဘယ်လောက်အိပ်ချင်အိပ်ချင်၊ အိပ်နေလို့မရ။ ဝမ်းရေစုပ်ပန့်ဖြင့် ရေစုပ်တင်ရသည်။ ရေတုံကင်ဖြင့် ရေတင်ရသည်။

သဘော်ချင်းတိုက်မိ၍၊ ဝမ်းဗိုက်ပေါက်ရေဝင်လျှင် သဘော်အမြုပ်၊ ကျောက်ဆောင်တို့ဖြင့်၊ တိုက်မိ၍ ဝမ်းဗိုက်ပေါက်ရေဝင်လျှင်၊ ဝမ်းရေပန့်လောက်၊ တုံကင်လောက်နှင့် မရတော့။ ရေစုပ်စက်ဖြင့် ရေစုပ်ထုတ်ရသည်။ အပေါက်ကို အမြန်ဖာရသည်။ ထို့အတူ သောင်တင်လျှင် သဘော်သား အလုပ်ချည်းဖြစ်တော့သည်။ သဘော် ဝမ်းဗိုက်ပေါက်ချိန်၊ သောင်တင်ချိန် သဘော်မီးလောင်ချိန်များသည် သဘော်သားဖင်ယား၍ မကုပ်အားအောင် အလုပ်အရှုပ်ဆုံးအချိန်၊ များပန်းခပ်သလို အလုပ်လုပ်ရဆုံး အချိန်ဖြစ်သည်။ မိုးသက်မုန်တိုင်း ကျချိန်၊ နှင်းများစွာကျနေချိန်များတွင်လည်း သဘော်သားအားလုံး အိပ်မနေ၊ အသင့်နေကြရသည်။ ယင်းအကြောင်းများသည် အတွေ့အကြုံရှိသော လိုင်းစူကာနီ ကိုခင်ဝင်း၏ ပြောပြချက်အရ သိရှိရခြင်း ဖြစ်သည်။

ပြင်စလူမှ တစ်ခေါက်ပြန်လာပြီးကတည်းက သဘော်သားအလုပ်၏ ပင်ပန်းဆင်းရဲပုံကို ကျွန်တော် ကောင်းကောင်းသိသွားသည်။ ရူးတွေ့ ဒူးတွေ့ တွေ့ခဲ့ရသည့်အဖြစ်က မမေ့ရက်နိုင်စရာ။ မင်းသားကြီးမှ သံဆန်းပေါ်သည်ဆိုသည့် စကားလို၊ ကျွန်တော် သဘော်သားအဖြစ် စလိုက်သည့်အခေါက်မှ သဘော်ချင်း တိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာဦးခင်မောင်ဦး၏ အပြောအရ နှင်းဒေဝီသည် ယခုလို တစ်ခါမျှ မဖြစ်ဖူးဟု သိရသည်။ ရေနံပိုင် ဦးရှင်ကြီး ဇာတ်ကြည့်ဖူးသူမို့ ကျွန်တော့်ကိုယ် ကျွန်တော် လိပ်ပြာမလုံတော့။ သင်္ဘောသားတွေ၏ ရောင်စုံမျက်လုံးတွေနှင့် ဝိုင်းကြည့်မှာစိုးခဲ့၏။

တချို့အယူသီးသူတွေရှိသည်။ ကျွန်တော့်ကြောင့် ကျွန်တော် သင်္ဘောတက်လာမှ ခုလိုဖြစ်လာတာဟု ပြောကြမှာ ကျွန်တော်မလိုလား။ ကျွန်တော်သည် နှင်းဒေဝီနှင့်မတည့်သူ၊ နှင်းဒေဝီအတွက် ခိုက်တတ်သူဟု နှင်းဒေဝီသူဌေး ဦးမြင့်ဦး၊ ဒေါ်ထားထားဦးတို့ကို အယူသီးသူတို့က သွားပြောမှာ အစိုးရိမ်ဆုံး။ ပြီးတော့ ဆရာဦးခင်မောင်ဦးက ကျွန်တော်နှင့် ပတ်သက်၍ စိတ်အနှောင့်အယှက်ဖြစ်မှာ အစိုးရိမ်ဆုံး။

ပိုလောင်းမြစ်က မြစ်ကျဉ်း။ သည်မြစ်ကျဉ်းတွင်မှ နှင်းဒေဝီနှင့် ရောမင်းသားတို့ ကြဲကြဲဖန်ဖန် တိုက်မိကြသည်။ ရေယာဉ် မတိုက်မိခင်လေးမှာပင် ဆရာဦးခင်မောင်ဦးက တက်မကိုင် ကိုခင်ဝင်းကို တက်မကိုင်ခိုင်းခဲ့ပြီး အိမ်သာသွားတက်နေသည်။

"ဒိန်း" ဟူသော သင်္ဘောနှစ်စင်းတိုက်သံနှင့်အတူ ခရီးသည်များ၏ အော်ဟစ်ငိုယိုသံသည် ပိုလောင်းမြစ်ပတ်ဝန်းကျင်သို့ လွှမ်းသွား၏။ အော်သံဟစ်သံ ငိုယိုသံများ ဖုံးလွှမ်းသွားချိန်တွင်ပင် ဦးခင်မောင်ဦးက အိမ်သာထဲမှ ပြေးထွက်လာသည်။

ကျွန်တော်သည် တုန်လှုပ်ချောက်ချားသွားပြီး ဘာလုပ်၍ ဘာကိုင်ရမှန်းမသိတော့။ ခရီးသည်များ၏ အော်ဟစ်ငိုယိုသံကြောင့် ကျွန်တော့်စိတ်တွေ ပိုလှုပ်ရှားနေသည်။ ကျွန်တော်က ဆရာ ဦးခင်မောင်ဦးနောက် အပြေးလိုက်သွားမိ၏။

ဆရာက ကိုခင်ဝင်းထံမှ တက်မကို ဆွဲကိုင်လိုက်ပြီး နှင်းဒေဝီစက်ကို ချက်ချင်းရပ်စေလိုက်၏။ ပြီးတော့ ရောမင်းသားကို စက်ရပ်ဖို့ လှမ်းအော်လိုက်၏။ ချက်ချင်းဆိုသလို ရောမင်းသားလည်း စက်ရပ်သွား၏။ ရောမင်းသားမှ "ပျဉ်ကွဲပြီး ရေတွေဝင်လာပြီ" ဟု



ပြောသံကြားရ၏။ ဆရာ ဦးခင်မောင်ဦးက ရောမင်းသားအား ...ခပ်ထုတ်ဖို့ လှမ်းအော်ရင်း နှင်းဒေဝီကို ရောမင်းသားနှင့် ယှဉ်ကပ် ...လိုက်၏။ ပြီးတော့ ကိုခင်ဝင်းအား ရောမင်းသားနှင့် ကြိုးဆိုင်းချည်ဖို့ ...အော်လိုက်သည်။

ကျွန်တော်ကတော့ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ။ အတွေ့ ...ကြုံမရှိသည့်၊ သင်္ဘောသား အသစ်စက်စက်မို့ ကိုခင်ဝင်းတို့အဖွဲ့၊ ...သင်္ဘောနှစ်စင်း ကြိုးချည်နေသည်ကို လှည့်ကြည့်မိသလို ဆရာ့ ...ဆောင်ချက်ကိုလည်း သတိထားကြည့်နေမိ၏။

သင်္ဘောနှစ်စင်းမှ ခရီးသည်များက ပွက်လောရိုက်အောင် ...အော်ဟစ်ငိုယိုနေကြပြီ။ အထူးသဖြင့် ရောမင်းသားမှ မိန်းမတွေ၏ ...သံက အပြဆုံး။ အကဲဆုံး။

"လူလေး ရောမင်းသားသွားပြော ရေဝင်လာတဲ့အပေါက်ကို ...ဘာနဲ့ဆို့ဆို့ ဖျာရာပေါ်အဖုံးတွေနဲ့ဖိ ဒေါက်တွေနဲ့ထောက်လို့ ခုပြေး ...ပြောစမ်း"

ဆရာခိုင်းသည့်အတိုင်း ပြောရန် ရောမင်းသားသို့ ကျွန်တော် ...သွားခဲ့၏။ ကျွန်တော် ရောမင်းသားပေါ် ရောက်တော့ ရောမင်းသားမှ သင်္ဘောသားတွေ ဆရာပြောသလို လုပ်ကိုင်နေကြပြီကို တွေ့ရ၏။ ...ဝင်လာသည့်ရေကို ပက်ထုတ်သူတွေက ပက်ထုတ်နေကြ၏။ ရောမင်းသား ...ပေါ်မှ မိန်းမတွေက ကမ္ဘာပျက်သလား အောက်မေ့ရအောင် အော်ဟစ်ငိုယို ...နေကြသဲ။

ကျွန်တော်သည် ဆရာ့ထံပြန်ပြေးလာပြီး ရောမင်းသားပေါ်တွင် ...မြင်ခဲ့ပုံကို၊ ဆရာ့အား ပြောပြလိုက်၏။ ဆရာက နှင်းဒေဝီနှင့် ရောမင်းသားကို တွဲကာ ကမ်းဆီသို့ ခုတ်မောင်းနေ၏။ ကျွန်တော်က ...လုပ်ဆောင်ပုံကို ငေးကြည့်နေရာ ရောမင်းသား ...ပေါ် ...သွားသည်ကိုပင် မသိလိုက်။

www.burmeseclassic.com

www.burmeseclassic.com



``ရောမင်းသား သွားပြော၊ ကြိုးတွေချည် ကုန်းဘောင်ထိုး ခရီးသည်တွေ ဆင်းနိုင်း၊ တို့နဒီဒေဝီက ခရီးသည်တွေပါ ဆင်းနိုင် လိုက် ...``

ကျွန်တော်က သင်္ဘောအလယ်သို့ ပြေးလာပြီး ကျွန်တော်တို့ သင်္ဘောမှ ခရီးသည်တွေပါ ဆင်းဖို့ အော်လိုက်ရင်း ရောမင်းသားဆီသို့ ပြေးခဲ့သည်။ ရောမင်းသားပေါ် ကျွန်တော်ရောက်တော့ ကုန်းဘောင် ထိုး သင်္ဘောကြိုးချည်နေကြပြီ။

ခရီးသည်တွေက အလုအယက် သူ့ထက်ငါ တိုးဝှေ့ဆင်းနေ ကြ၏။ သေမှာကျတော့၊ ကြောက်လိုက်ကြသည့်ဖြစ်ခြင်း။ ဒါ သဘာဝ ပဲလေ။ သေမှာမကြောက်သူ ဘယ်သူရှိမလဲ။ အရေးပေါ်နားမှာ တွေ့ခဲ့သည့် ရောဂါသည်တွေတောင် မနေပျော်တဲ့ဘဝ ပျော်နေကြတာ ပဲလေ။ သူတို့တောင် မသေချင်ကြတော့ နေပျော်တဲ့ဘဝက၊ လူတွေ သေမှာ ပိုကြောက်ပေမည်ပေါ့။

ကျွန်တော်သည် နဒီဒေဝီပေါ်မှ၊ ရောမင်းသားပေါ်သို့ အတင်း အလုအယက်ကူးလာကြသူများကို ကြည့်ပြီး တရားကျမိသည်။ အထိတ်ထိတ်အလန့်လန့် ဇီးရွက်လောက်မျက်နှာငယ်လေးများက ဘယ်လောက် တရားကျစရာကောင်းလိုက်ပါသလဲ။ ကျွဲခြိတူးမြောင်း စဖြတ်ကတည်းက မျက်နှာငွေလ ရွှင်ပပလုပ်လာခဲ့ကြသူတွေ၊ တစ်ညလုံး အိပ်ရေးဝအောင်အိပ်။ မိုးလင်းတာနှင့် လက်ပံပင်ပေါ်က ဆက်ရက် တွေလို သူတို့အသံချည်း ကြားရသည်။ အထူးသဖြင့် မိန်းမတွေ တဟီးဟီး တဟားဟား ရယ်လိုက်မောလိုက်။ အငြိမ့်စင်မှ လူရွှင်တော် ပြက်လုံးကို သဘောကျနေသလိုမျိုး။ လောကကြီးမေ့အောင် အပျော် လွန်ခဲ့ကြသည့် မျက်နှာတွေသည်၊ ခုတော့ ပြူးတူးပြဲတဲ ကြောက်အား လန့်အား မျက်နှာသေလေးတွေနှင့်။ ဘယ်လောက်တရားကျစရာ ကောင်းလိုက်ပါသလဲ။ အပြောင်းအလဲမြန်ဆန်လိုက်သည့် မျက်နှာတွေ



ကျွန်တော်သည် နဒီဒေဝီပေါ်မှ ကူးလာသူများကုန်အောင် စောင့်တော့ဘဲ ရောမင်းသားပေါ်မှ နဒီဒေဝီပေါ်သို့ တိုးဝှေ့ကူးလာ ခဲ့၏။ ဆရာ့ထံသွားပြီး သူတို့လုပ်နေကြောင်း ပြောပြလိုက်သည်။

``ခရီးသည်တွေ ကုန်ပြီလား၊ ကုန်ရင် ကိုခင်ဝင်းကို ကြိုးတွေ ဖြုတ်တော့လို့ပြော လူလေး``

ကျွန်တော် ဆရာပြောသည့်အတိုင်း ကိုခင်ဝင်းဆီ ပြေးပြော လိုက်၏။ ကိုခင်ဝင်းတို့အဖွဲ့ ကြိုးများဖြုတ်ပြီးချိန်တွင် ဆရာသည် နဒီဒေဝီကို စက်မောင်းပြီး ရေလယ်သို့ ပြန်ဆုတ်သည်။ ရေယာဉ် သွားအလာကင်းမည့်နေရာတွင် ကျောက်ချခိုင်းလိုက်၏။

ကျောက်ချပြီးသည်နှင့် ဆရာသည်၊ မှတ်တမ်းစာအုပ်တွင် ဖြစ်စဉ်ကို ရေ့မှပြောပြပြီး ကျွန်တော့်အားလိုက်ရေးစေ၏။ ပြီးတော့ ``ဒါ ရဲစခန်းတိုင်ရမယ်`` ဟုပြောလိုက်၏။

ဆရာက ကိုခင်ဝင်းနှင့်အဖွဲ့အား၊ ရောမင်းသားကို၊ လိုအပ်တာ ကူညီဖို့ အသွားခိုင်းလိုက်၏။ ကိုခင်ဝင်းနှင့်အဖွဲ့ အသက်ကယ်လှေဖြင့် ရောမင်းသားဆီသို့ ထွက်သွားကြ၏။

ဆရာက နဒီဒေဝီသင်္ဘောကို လှည့်ပတ်စစ်ဆေး၏။ တစ်စုံ တစ်ရာ ထိခိုက်ဆုံးရှုံးမှုမရှိသည်ကိုတွေ့ရမှ ဆရာသက်ပြင်းချ၏။

``သင်္ဘောတိုက်တာဟာ တိုက်တဲ့သင်္ဘောလည်း မကောင်းဘူး။ အတိုက်ခံရတဲ့၊ သင်္ဘောလည်း မကောင်းဘူး လူလေး၊ အတိုက် ခံရတဲ့သင်္ဘောကတော့ ပိုနစ်နာဆုံးရှုံးတာပေါ့``

``ဟုတ်ကဲ့ဆရာ ခု ကျွန်တော်တို့နဲ့ ရောမင်းသား ဘယ်သူမှား သလဲဆရာ``

``ဦးလေးတို့က ရေစုန်ဆိုတော့ နည်းဥပဒေ ၂၁အရ ဦးလေးတို့က မှန်တယ်။ ဦးလေးတို့က လမ်းပိုင်တယ်``

``နည်းဥပဒေ ၂၁ ဆိုတာ ဘာလဲဆရာ``

www.burmeseclassic.com

www.burmeseclassic.com



''ကျဉ်းမြောင်းတဲ့ ရေကြောင်းရေလမ်းမှာ ခုပိုလောင်းမြစ်လို နေရာမှာပေါ့ တခြားသင်္ဘောတစ်စင်းနဲ့ တွေ့ဆုံရင် ဒါမှမဟုတ် တွေ့ဆုံဖို့အကြောင်းရှိရင် ရေစုန်သင်္ဘောဟာ အများသွားလာနိုင်တဲ့ ရေကြောင်း ရေကြောင်း ဒါမှမဟုတ် ရေကြောင်းရေလယ်အလယ်ပိုင်းမှာ ကိုယ့် လက်ယာဘက်က ဘေးအန္တရာယ်မရှိဘဲ သွားလာနိုင်တဲ့အခါ၊ အဲဒီ အတိုင်း သွားလာရမယ်လို့ ဆိုထားတာပဲလူလေး''

''ဒါဆိုရင် ရောမင်းသားက မှားတာပေါ့ ဟုတ်လားဆရာ''

''နည်းဥပဒေ ၂၂ အရဆိုရင်တော့ မှားတာပေါ့လေ ဒါပေမယ့် နည်းဥပဒေ ၁၅၊ ၂၃၊ ၂၅ တို့ အရဆိုရင် သင်္ဘောချင်းမတိုက်မိအောင် ဦးလေးတို့သင်္ဘောကလည်း ကိုယ်ပိုင်ဉာဏ်နဲ့ ရှောင်ရှားဖို့ တာဝန်ရှိတယ် ကုန်းပေါ်ကကားလို ကိုယ့်လမ်းမှန်တာပဲဆိုပြီး မောင်းလို့မရဘူး လူလေး''

''နည်းဥပဒေ ၂၂ က ဘာလဲဆရာ''

''ရေကြောင်းကျဉ်းတဲ့နေရာတွေမှာ ရေဆန်သင်္ဘောက ရေစုန်သင်္ဘော လွတ်လွတ်ကျွတ်ကျွတ် ကျော်သွားပြီတဲ့အထိ အရှိန်ကိုလျှော့ပေးရမယ်လို့ ဆိုထားတာပါ ဘာပဲဖြစ်ဖြစ် ဦးလေးတို့ သင်္ဘောမှာလည်း နည်းဥပဒေ ၂၃၊ ၂၅ အရ အပြစ်ရှိတယ်။ ရဲက အရေးယူတာခံရမှာပဲ လူလေး''

''ခုဟာ နှစ်စင်းလုံး အရေးယူခံရမှာလား ဆရာ''

''ခံရမှာပဲ။ နည်းဥပဒေ ၂၅အရ မတိုက်မိအောင် မလုပ်တဲ့ လစ်ဟင်းပျက်ကွက်မှုအတွက် အပြစ်မလွတ်ဘူးလေ''

''အဲဒီလိုဆို ရဲအကြောင်းမကြားဘဲထားလိုက်ရင်ရော''

''ဒါဆို နှစ်ပြစ်ဖြစ်သွားမှာပေါ့လူလေး။ ခုကိစ္စက ဦးလေးသာ တက်မကိုင်ရရင် ခုလိုဖြစ်မှာ မဟုတ်ဘူး။ ဘာပဲဖြစ်ဖြစ်၊ ဦးလေး တာဝန်ပဲ၊ ပေးတဲ့အပြစ်တော့ ခံရမှာပေါ့''

''ရေယာဉ်မောင်းရတာလည်း မလွယ်ပါ့လားဆရာ လုပ်စားဖို့ မကောင်းတော့ဘူး စိတ်ပျက်စရာကြီးနော်''



''အလုပ်လုပ်နေရင် အမှားဆိုတာတွေ့မှာပဲ၊ မှားမှာကြောက်လို့ အလုပ်မလုပ်ရင် စိတ်ပျက်စရာမို့ မလုပ်ရင် ဘဝကို အရှုံးပေးရာကျမှာပေါ့။ နွားသိုးမှန်ရင် ဘယ်ချိုရာ ကင်းပါ့မလဲ လူလေး''

''ဖြစ်လိုက်ရင် ချိုရာက ကြောက်စရာကြီးနော်''

''အေး ဒါကတော့မှန်တယ်၊ ဦးလေးရဲ့ ပေါ့ဆမှုကြောင့် ဦးလေးတစ်ဦးတည်းခံရတာ ဦးလေး ဝမ်းလည်းမနည်းဘူး။ ကြောက်လည်းမကြောက်ဘူး။ ဦးလေးရဲ့ပေါ့ဆမှုကြောင့် ခရီးသည်တွေရဲ့ အသက်တွေ ဆုံးရှုံးသွားမှာပဲ ကြောက်တယ် လူလေး''

ဆရာ့ စေတနာ ဆရာ့ခံယူချက်ကြားရတော့ ဆရာ့ကို ကျွန်တော် ကျိတ်ချီးကျူးမိသည်။ ကျိတ်လေးစားမိသည်။

''လူလေးလည်း တစ်နေ့ ရေယာဉ်အုပ်ဖြစ်လာမှာပဲ။ အဲဒီစိတ်ထားမျိုး အဲဒီခံယူချက်မျိုး မွေးဖို့တော့ လိုလိမ့်မယ် သင်္ဘောကို ဘယ်တော့မှ ပေါ့ပေါ့ဆဆ မမောင်းမိဖို့ လိုလိမ့်မယ် လူလေး''

''ဟုတ်ကဲ့ပါဆရာ၊ ကျွန်တော် ဆရာ့စကား မြေဝယ်မကျ နားထောင်လိုက်နာပါ့မယ်''

ကျွန်တော် ဆရာ့ကိုကြည့်လိုက်တော့၊ မြူတိမ်ကင်းသည့် လမင်းလို၊ ဆရာ့မျက်နှာကို တွေ့လိုက်ရပါလား။

''မင်းကဘာကောင်လဲ၊ မင်းကိုမင်း ဘာမှတ်နေလဲ၊ လူကြီး အနားဖားယားလုပ်မနေနဲ့၊ ငါတို့မှာတော့ ဖတ်ဖတ်ကိုမောလို့''

ရောမင်းသားမှ ပြန်လာသော၊ လိုင်းစုကာနီ (တက်မကိုင်) ကိုခင်ဝင်းက လက်ညှိုးငေါက်ငေါက် ထိုးပြီး ဒေါနှင့်မောနှင့် ပြောသည်။ ကျွန်တော် ဘာပြန်ပြောလို့ ပြောရမှန်းမသိ။ ရှက်လိုက်သည်မှာလည်း ခေါင်းမဖေါ်ဝံ့တော့။ သင်္ဘောသားများ၏ အလယ်တွင် အပြောခံရခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၍ ရေထဲခုန်ချ သေလိုက်ချင်စိတ် ပေါက်သွား၏။ အနားတွင် ဆရာမရှိ၍ တော်သေး၏။ တကယ်တော့လည်း ကိုခင်ဝင်းသည် ကြက်မနိုင် ကျီမီးနှင့်ရှိခြင်းဖြစ်သည်ကို ကျွန်တော်သိသည်။ ဆရာရှိလျှင် ကျွန်တော့်ကို ဤသို့ ပြောရဲလိမ့်မည်မဟုတ်။

ရင်ထဲတွင် မခံမရပ်နိုင်လောက်အောင် ခံစားလာရတော့ ကျွန်တော် ခွန်းတုံ့ပြန်လိုက်မိ၏။

"ကျွန်တော်ဟာ ရေပက်ကြီးချည်သင်္ဘောသားပဲ၊ ကျွန်တော့်ကိုယ် ကျွန်တော် ဘာကောင်မှမဟုတ်ဘူး ဆိုတာလည်းသိတယ်။ ကျွန်တော် ဘယ်သူ့ကိုမှလည်း ဖားယားမနေဘူး၊ ခင်ဗျားတို့ မခေါ်လို့ မလိုက်ခဲ့တာပဲ၊ ကျွန်တော် ဘာမှလည်း မလုပ်တတ်သေးဘူး"

"မင်းကို ငါတို့က ခေါ်ရအောင် မင်းက ဘာကောင်မို့လဲ၊ မင်းလည်းသင်္ဘောသား ငါတို့လည်း သင်္ဘောသားပဲ ခေါ်နေစရာ မလိုဘူး။ ထမင်းစားတော့ မခေါ်ဘဲနဲ့ လာစားတတ်တယ် မဟုတ်လား"

ကျွန်တော့်ရင်ထဲတွင် မီးရဲရဲဖုတ်ထားသော သံချောင်းကို ပေပေါ်တင် တူနှင့်ထုလိုက်သကဲ့သို့ အပူခဲရဲရဲတွေ ဖြာထွက်လွင့်စင်ပြည့်လျှံသွား၏။ အစားအသောက်နှင့်ပတ်သက်၍ အပြောခံရသဖြင့် ရှက်လိုက်သည်မှာ ကိုယ့်မျက်နှာကို ကိုယ်တိုင်ဓါးနှင့် လှီးပစ်လိုက်ချင်စိတ်၊ ပေါက်လာ၏။ ပြောရက်လိုက်တာ၊ ထမင်းစားတော့ မခေါ်ဘဲနဲ့ လာစားတတ်တယ်မဟုတ်လားတဲ့။

ထမင်း။ သင်္ဘောသားစားတဲ့ထမင်း။ အသားငါး ဆီပြန်ဟင်း မပါတဲ့ထမင်း။ ငစိန်ဆန် ထမင်း။ တစ်ခါတလေမှ ညှော်မထဆန်ထမင်း ရှာမှာလောက်၊ မကောင်းတဲ့ထမင်း။ ကောင်းကောင်းကန်းကန်း ထိုထမင်းအတွက် ဟင်းချက်စရာ၊ သွားဝယ်ရာမှာလည်း ပါခဲ့သည်။ ဝိုင်းချက်ရာမှာလည်း ပါခဲ့သည်။ ဒါကိုခေါ်မှ စားရမှာလား။ အခေါ်စောင့် စားရမှာလား။ မှန်ကျောင်းမှာ ဘုန်းကြီးပွဲကျ စားလာသူကို လူဆယ် ထမင်းသာ စားဖူးသူဟု ကိုခင်ဝင်းထင်နေလေသလား။



"ခင်ဗျားတို့ ကောင်းကောင်းကန်းကန်းထမင်း စားချင်လွန်းလို့ စားနေတာမှတ်သလား မတတ်သာလို့ စားနေတာ။ မသေရုံစားနေတာ ဒီထမင်းကလည်း ခင်ဗျားပိုက်ဆံနဲ့ ဝယ်ချက်ကျွေးတာ မဟုတ်ဘူး"

"ခင်ဗျားတစ်ယောက်တည်း ချက်တာလည်းမဟုတ်ဘူး၊ ဝိုင်းချက်သားတဲ့ထမင်း စားချင်တဲ့အချိန်စားတော့ ဘာဖြစ်လဲ"

"ဟေ့ကောင် မင်းက ငါ့ကို ပြန်ပြောတယ် မင်း မင်း"

"ဟေ့ တော်ကြစမ်း ပြဿနာ မီးထွန်းရှာတဲ့ကောင်တွေ အလိုလိုမှ၊ ခရီးက ဖင့်ရတဲ့အထဲ"

စာရေး ကိုဝင်းမောင်၏ အသံက ဟိန်းထွက်လာသည်။ ကိုခင်ဝင်းက ကျွန်တော့်ကို ထိုးမည်လုပ်ရာ ကျွန်တော်ကလည်း ပြန်ထိုးရန် ဟန်ပြင်လိုက်စဉ်၊ ကိုဝင်းမောင်က ပြေးလာပြီး ပြောလိုက်ခြင်း ဖြစ်သည်။

"ခရီးဖင့်တာ ဒီကောင်ကြောင့် ဒီကောင်သင်္ဘောလိုက်လာမှ ဒီလိုဖြစ်တာ၊ ဒီကောင်ဟာ၊ ဂြိုဟ်ကောင်၊ နိုက်တဲ့ကောင်၊ ရေထဲစတေး ပစ်ရမယ်"

"တော်စမ်း။ အဓိပ္ပါယ်မရှိတာ ပြောမနေနဲ့၊ မင်းတက်မကိုင်တာ စက်အသုံးမကျလို့ ဒီလိုဖြစ်တာ ရေမင်းသားကလည်း ဆလင် မပါဘူး။ နာရီ မောင်းသတဲ့၊ အသုံးမကျတဲ့ စုကာနီနှစ်ယောက်ကြောင့်၊ ဒီလိုဖြစ်ရတာ"

"ကဲ မောင်ညိုမြင့်လည်း လုပ်စရာရှိတာ သွားလုပ်၊ အဲ ဒါနဲ့ပြောထားမယ် ကိုခင်ဝင်းက တက်မကိုင်၊ တက်မကိုင် ဆိုတာ ရေယာဉ်အုပ်ပြီးရင် လူကြီးပဲ၊ သူ့ကို ကလန်ကဆန်မလုပ်နဲ့။ သူ့စကား နားထောင်ရမယ်။ ကဲ သွားတော့ ..."

ဆရာ့ကို လုပ်စားဖို့ မကောင်းတော့ဘူး။ စိတ်ချက်စရာ ကြီးနော်ဟု စောစောက ပြောခဲ့၏။ ခု ကျွန်တော်ကိုယ်တိုင်

www.burmeseclassic.com

www.burmeseclassic.com



ခံစားလိုက်ရတော့ သည့်အလုပ်ကို ကျွန်တော် လုပ်ချင်စိတ်မရှိတော့။ စိတ်ပျက်လာမိပြီ။

''မှားမှာကြောက်လို့ အလုပ်မလုပ်ရင် စိတ်ပျက်စရာမို့ မလုပ်ရင် ဘဝကို အရှုံးပေးရာ ကျမှာပေါ့. . .''

ဆရာ့အသံက ကျွန်တော့်နားသို့ ပဲ့တင်ထပ်လာသည့်အခါ ''ဘဝကို ဘယ်တော့မှ အရှုံးမပေးတော့ပါဘူးဆရာ'' ဟု တိုးသက်စွာ ရေရွတ်လိုက်မိ၏။

ရောမင်းသားနှင့် နဒီဒေဝီတို့ပင် အားသစ်မာန်သစ်ဖြင့်၊ ပြန်ထွက်ရန်၊ ပြင်ဆင်နေကြပြီမဟုတ်ပါလား။

---

နဒီဒေဝီတွင် ကျွန်တော် ရောက်လာခါစလောက်၊ မပျော်တော့ပါ။

ထိုသို့ မပျော်မွေ့ရခြင်းမှာ၊ အလုပ်ပင်ပင်ပန်းပန်းလုပ်ရ၍လည်း မဟုတ်ပါ။ ကျွန်တော်သည် အလုပ်ကို၊ ရွာမှာ နေစဉ်ကတည်းက အရွယ်နှင့်မမျှအောင်၊ ပင်ပင်ပန်းပန်းလုပ်ခဲ့ဖူးသူပဲ။ နဒီဒေဝီ ရောက်လာပြီးနောက် အစားကြမ်း အနေကြမ်း အလုပ်ကြမ်း လုပ်လာရသဖြင့် မိုးအလိုက်တွင် နှင်တံ (နကန်)နှင့် ကိုင်းဖျား ရိုက်ချထားသည့် ဖါပင်တွေလို အခက်အလက်တွေကား အရွက်တွေဖားနေသကဲ့သို့ ကျွန်တော်သည်လည်း အရပ်အမောင်းတွေထွက်ပြီး ကိုယ်ခန္ဓာ သန်မာထွားကြိုင်းလာခဲ့ပြီ။

ဝန်ထက်အားကများနေပြီ။ မြှားထက်လေးက ကောင်းနေပြီ။ ဘာအလုပ်မှ ကျွန်တော် မမှုတော့။ သင်္ဘောသားမပြောနှင့်၊ ကမ်းနားက ဂမ်ဘားတွေ အလုပ်သမားတွေနှင့် ပြိုင်လုပ်ရဲလာသည်။ မိုးလည်း မကြောက်။ နေလည်းမကြောက်။ လေလည်းမကြောက်။ ရေလည်း မကြောက်အောင် ရဲရင့်လာခဲ့သည်။



ရွာမှာနေတုန်းက သိန်အိုင်နှင့် ကမ္ဘာအိုင်တွင် ဒိုင်ဗင်ထိုး ရေကူး၊ ရေကစားခဲ့ဖူးသော်လည်း မြစ်ထဲရေကူးရမှာ ပထမတော့ ကြောက်နေမိသည်။ သိန်အိုင်တို့ ကမ္ဘာအိုင်တို့က ရေသေ၊ ပြီးတော့ ကလေးအရွယ် ကတည်းက ကူးခတ်ဆော့ကစားလာခဲ့သည့် ရေအိုင်တွေ။ မြစ်က ရေရှင်အမြဲစီးနေသည်။ မျောပါသွားမှာ ကြောက်မိသည်၊ ထိုပြဿနာကို ဆရာ ဦးခင်မောင်ဦးက ဖြေရှင်းပေးခဲ့သည်။ ဆရာ ရေကူးသင်ပေးမှုကြောင့် ဆရာ့ကျေးဇူးကြောင့် မြစ်ထဲတွင်လည်း ကျွန်တော် ဖျံလို ရေကူးကျွမ်းလာခဲ့သည်။

ဘဝကို အစစအရာရာ အန်တုလာနိုင်သည့် အချိန်ရောက်လာမှ နဒီဒေဝီတွင် မပျော်ပိုက်တော့သည့် အကြောင်းသည် တက်မကိုင် ကိုခင်ဝင်းကြောင့်သာ ဖြစ်ပါသည်။ ကိုခင်ဝင်းသည် ကျွန်တော်တို့ သင်္ဘောသားများကို အုပ်ချုပ်ရာ တာဝန်ပေးရာတွင် မျှတမှုမရှိ၊ မျက်နှာ သိုက်လေ့ရှိသူဖြစ်ပါသည်။

မမျှတတာ မျက်နှာလိုက်တာလောက်ကို ကျွန်တော် ဂရုမစိုက်ပါ။ ကျွန်တော့်အပေါ် သိသိသာသာ နိုင့်ထက်စီးနင်းလုပ်လာလျှင် မတရား အလုပ်လာလျှင် ဆရာ ဦးခင်မောင်ဦးကို တင်ပြတိုင်ကြားနိုင်သည် မဟုတ်လား။ ကျွန်တော် သူ့အပေါ် စိတ်ပျက်မိသည်က ယောက်ျား ဆန်မှု ကောက်ကျစ် ယုတ်မာတတ်မှုပင်ဖြစ်ပါသည်။

ကျွန်တော် ကောင်းကောင်းမှတ်မိပါသည်။ ရောမင်းသားနှင့် နဒီဒေဝီ တိုက်မိသည့်နေ့ကစပြီး သူ ကျွန်တော့်အပေါ် မုတ်တေးထား ခဲ့သည်။ ကျွန်တော့်ကို ''ရေထဲစတေးပစ်ရမယ်'' ဟုပင် ကြုံးဝါး ခဲ့ဖူး၍ ထိုအချိန်ကစပြီး ကျွန်တော် သွားသတိ လာသတိ နေသတိ ထိုင်သတိ စားသတိ အိပ်သတိဖြင့်သာ နေလာခဲ့ရသည်။ ထိုအချိန်မှစပြီး ကျွန်တော် လွတ်လပ်မှု ဆုံးရှုံးခဲ့ရသည်။ ထိုအချိန်မှစပြီး နဒီဒေဝီတွင် ကျွန်တော် မပျော်ပိုက်ခဲ့တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



နဒီဒေဝီနှင့် ရောမင်းသား တိုက်သည့်ကိစ္စကို ဆရာသည် ရဲစခန်းတိုင်ကြားပြီး အမှုဖွင့်ခဲ့သည်။ တရားရုံးမှ ချမှတ်သည့် ဒဏ်ငွေကို ဆရာ့ဘာသာဆရာ သူ့အိတ်ကပ်ထဲမှ ငွေဖြင့်ဆောင်ခဲ့သည်။ ဆရာနှင့် စာရေး ကိုဝင်းမောင်တို့ညှိပြီး နဒီဒေဝီ၏ အမှားလည်းမဟုတ် နဒီဒေဝီတွင်လည်း ခရီးဖင့် အချိန်ကုန်သည်မှလွဲပြီး ဘာမျှထိခိုက်နစ်နာမှုမရှိ၍ သဘော်တိုက်သည့်ကိစ္စ ရေငုံနှုတ်ပိတ်နေကြရန် သူဌေးကို မပြောကြရန် သဘော်သားအားလုံးအား ပြောထားခဲ့သည်။ ဆရာ၏ စိတ်ကူး ဆရာ၏ စေတနာက သူဌေး ဦးမြင့်ဦးအား ပြီးပြီးသားကိစ္စ စိတ်အနှောင့်အယှက် မဖြစ်စေလိုခြင်းပင် ဖြစ်ပါသည်။ ယခုကိစ္စ သူဌေး ဦးမြင့်ဦး သိသွားလျှင် သဘော်ထွက်သွားတိုင်း နောက်ဆံငင် ပူပန်တတ်နေမည် မဟုတ်လား။

တကယ်စဉ်းစားကြည့်တော့လည်း ဟုတ်သည်။ အစွဲကြီးသူ အယူသီးတတ်သူတို့အနေဖြင့် သဘော်တစ်ခါတိုက်ဖူးက နောက်ထပ် ထပ်တိုက်မှာ စိုးရိမ်တတ်သည် မဟုတ်လား။ တကယ်တော့ သဘော် မတိုက်ဖူးတာ အတိုက်မခံရဖူးတာသည် အကောင်းဆုံး။ ရောမင်းသားနှင့် တိုက်ခဲ့သည်ပင်ကြည့်။ လောလောလတ်လတ် ခရီးဖင့်သည်။ အလုပ်များသည်။ ဆရာ ဒဏ်ငွေဆောင်ရသည်။ နဒီဒေဝီ အပျက်အစီးရှိလျှင်၊ ဆုံးရှုံးလျှင် ဝမ်းဗိုက်ပေါက်သွားခဲ့လျှင် ကျွန်တော်တို့ ပိုအလုပ်များသွားပေလိမ့်မည်။ သဘော်ထုံးစံအရ ဒုက္ခရောက်သည့် သဘော်ကို ဝိုင်းကူညီ ဝိုင်းကယ်ဆယ်ရသည်။ ဒါ မလုပ်မနေရအလုပ်။ ကိုယ့်ကိစ္စ ဘယ်လောက်အရေးကြီးကြီး ဒုက္ခရောက်သည့်သဘော်ကို ကယ်ဆယ်ရမည်။ ကူညီရမည်။ စေ့စေ့တွေးကြည့်မိလေ ကောင်းလိုက်သည့် သတ်မှတ်ချက်။ နဒီဒေဝီသို့ ရောက်စမှ ထိုသို့ မသိသမှ ထိုနေ့က ကျွန်တော် ရောမင်းသားသို့ သွားမကူမိခဲ့။ ပြန်စဉ်းစား ကြည့်မိတော့ စိတ်မကောင်းဖြစ်ရသည်။ သည်ကိစ္စနှင့်ပတ်သက်ပြီး ကိုခင်ဝင်း ကျွန်တော့်အပေါ် စစိတ်ခုခဲ့သည် မဟုတ်လား။



ဆရာနှင့် စာရေး ကိုဝင်းမောင်တို့ ညှိပိတ်ထားသော သဘော် တိုက်သည့်ကိစ္စသည် စတုတ္ထအခေါက် ပြင်စလူမထွက်မီ ဦးမြင့်ဦး သိသွားခဲ့သည်။ ကျွန်တော် အံ့သြမိသည်မှာ မပြောနှင့်။ ဘယ်သူ သွားပြောပါလိမ့်ဟု တွေးနေမိသည်။

ဦးမြင့်ဦးက အပြစ်တင်သည့် သဘောတော့မဟုတ်။ ဆရာ့ အိတ်ကပ်ထဲမှ ငွေစိုက်ပြီး၊ ဒဏ်ငွေဆောင်ခဲ့တာကို သူ့အားအသိ ပေးသင့် သည်ဟု ပြောပြီး ဆရာဆောင်ခဲ့သည့် ဒဏ်ငွေအားလုံး ချက်ချင်း ဆရာ့ကို ထုတ်ပေးခဲ့သည်။

ဦးမြင့်ဦး အပြန်တွင် ကျွန်တော့်ကိုခေါ်၍ ရေဆင်းဗောတံတားထိပ် သူ့ကား ရပ်ထားရာ၊ နေရာထိ၊ လိုက်ပို့ခဲ့ရသည်။

``ကိုခင်ဝင်းနဲ့ လူလေးဘာဖြစ်သလဲ'' ဟု ဦးမြင့်ဦး ကမေး၍ စပ်ပုံပျက်ပုံကို ကျွန်တော် ဦးမြင့်ဦးအား ရှင်းပြလိုက်သည်။

``သူ လူလေးကို ကျေနပ်ပုံမပေါ်ဘူး။ သူက လူလေးကြောင့် ဦးသဘော်ခိုက်လိမ့်မယ်လို့ပြောတယ်။ ဦးက အယူသီးတတ်သူ မဟုတ်ဘူး ဦးမှတာက လူလေး တစ်ခုခုဖြစ်သွားမှာပဲ''

``တစ်ခုခုဆိုတာ ဘာကိုဆိုလိုတာလဲ ဦး''

``သဘော်ဆိုတာ အကောက်ကြံ စိတ်ထားယုတ်ရင် အလွယ်လေး ဆိပ်ကမ်းကပ်ထားတုန်း ည ရေထဲတွန်းချလိုက်ရင် လက်သည်မပေါ်ဘဲနဲ့ တိဂ္ဂတုံးသွားမယ်၊ ဘယ်လောက် ရေကူးကျွမ်းကျင်တဲ့လူဖြစ်ဖြစ် သဘော်တွေအောက် ဗောတံတားတွေအောက် ဝင်သွားရင် ပြန်မထွက်နိုင် တော့ဘူး သေပြီသာမှတ်ပေတော့''

ဦးမြင့်ဦး စကားကြောင့် ပခုံးတွန့်မိသည်ထိ၊ ကြက်သီးမွေးညှင်း ထသွား၏။

``သူ ကျွန်တော့်အပေါ်၊ ဒီလောက်လုပ်ရဲပါ့မလား ဦး''

``လူလေးနဲ့ သူပြဿနာဖြစ်ထားတော့ လုပ်ရင်လည်း သူ့ဘက်

www.burmeseclassic.com

www.burmeseclassic.com



မြှားဦးလှည့်မလာအောင် ပိပိရိရိ လုပ်မှာပဲလူလေး လူလေး၊ တစ်ခုခု ဖြစ်သွားရင် ဆရာတော်ကို ဘယ်လိုလျှောက်ရတော့မလဲ''

စိုးရိမ်နေသော ဦးမြင့်ဦး ၏ မျက်နှာကိုကြည့်ပြီး ကျွန်တော် သက်ပြင်းမောချမိ၏။

''ကိုခင်ဝင်းမှာ အပြစ်မရှိတော့ အလုပ်ထုတ်ပစ်ရမှာလည်း ခက်တယ်၊ လူလေးတစ်ခုခုဖြစ်သွားမှာလည်း စိုးရိမ်တယ်၊ ဒါကြောင့် လူလေးကို တခြားအလုပ် ပြောင်းပေးရကောင်းမလားလို့''

ဦးမြင့်ဦး၏ စေတနာစကားကို ကြားလိုက်ရသည်နှင့် နဒီဒေဝီမှ ဆင်းလိုစိတ် ချက်ချင်းပေါ်လာ၏။ နဒီဒေဝီတွင် ပင်ပန်းဆင်းရဲ သလောက် စာကျက်ချိန်မရ။ ညဉ့်လည်း ရေလှည့်စောင့်ရတာ အိပ်ရေးကမဝ။ ရသည့်အချိန် စာလုကျက်ဖို့ကျတော့လည်း ပင်ပန်း လွန်း အိပ်ရေးပျက်လွန်းသဖြင့် စာကို စိတ်မဝင်စား။ စာဖတ်ရင်း မျက်နှာတွင် စာအုပ်အပ်ပြီး၊ အိပ်ပျော်သွားခဲ့သည်က များသည်။ ပြီးတော့ စာကျက်မည်လုပ်တိုင်း ကိုခင်ဝင်း မျက်နှာကြည့်နေရသည်။ ကိုခင်ဝင်း ကလည်း ယုတ်မာသည်။ အားသည့်အချိန် စာကျက်ရန် စာအုပ်ကိုင်လိုက် သည်နှင့် ဟိုဟာခိုင်း သည်ဟာခိုင်း ခိုင်းတော့သည်။ ခိုင်းမည်ဆိုလျှင်၊ သင်္ဘောပေါ်မှာက အလုပ်တွေပုံနေသည်မဟုတ်လား။ သည်လိုနှင့် စာမကျက်ဖြစ်တော့။ သည်လိုပုံဆိုပါက စာပေးစာယူ ပထမနှစ်၊ အောင်အောင် ဖြေနိုင်ဖို့မလွယ်။ ဘွဲ့ရဖို့ဆိုတာတော့ ဝေးရောပေါ့။

ကိုခင်ဝင်း မျက်နှာမြင်ယောင်လာသည်နှင့်၊ ကျွန်တော့်စိတ်တွေ ပြောင်းသွားပြန်သည်။ သူ့ကြောင့် ကျွန်တော် နဒီဒေဝီပေါ်က၊ ဆင်းသွား ရမှာလား။ သူ့ကို အရှုံးပေးလိုက်ရမှာလား။ ဝေးပါသေးသည်။ သူ့ကို ဘယ်တော့မှ ကျွန်တော် အရှုံးမပေးပါ။ သူ့ကြောင့်တော့ ကျွန်တော် နဒီဒေဝီပေါ်မှ၊ ဘယ်တော့မှ၊ မဆင်းပါ။ သူညစ်ပတ်လို့ ယုတ်မာလို့၊ ကျွန်တော် စာမကျက်ဖြစ်လို့၊ စာပေးစာယူ ပထမနှစ်၊ မဖြေနိုင်၊



ဘွဲ့မရနိုင်သည့်တိုင် ကျွန်တော် ဝမ်းမနည်းပါ။ ကျွန်တော် သူ့ကိုတော့ ဘယ်နည်းနှင့်မျှ လက်မြှောက်အရှုံးမပေးလိုတော့ပါ။ နဒီဒေဝီမှ မဆင်းတော့ဟု ချက်ချင်းဆုံးဖြတ်လိုက်ပါသည်။

''နေပါစေ ဦး ကျွန်တော် ဒီသင်္ဘောမှာ ပျော်ပါတယ်၊ ကျွန်တော် နေတတ်ပါတယ်၊ ကျွန်တော့်အတွက် ဘာမှ မစိုးရိမ်ပါနဲ့ဦး''

''စာရောကျက်နိုင်ရဲ့လား''

ဦးမြင့်ဦး စကားကြောင့် ကျွန်တော် ပထမဘာပြန်ဖြေရမှန်း မသိအောင်ဖြစ်သွား၏။ အမှန်အတိုင်း ပြောလိုက်ရကောင်းမည်လားဟု စဉ်းစားမိသေး၏။ ကိုခင်ဝင်း မျက်နှာမြင်လာတော့ ''အခက်အခဲကြားမှ အသီးသည် ချို၏'' ဟူသော တိုင်းရင်းသား စကားပုံတစ်ခုကို သတိရပြီး စာပေးစာယူ ပထမနှစ် မဖြစ်ဖြစ်သည့်နည်းဖြင့် အောင်အောင် ဖြေမည်။ ဘွဲ့မရရအောင် ယူမည်ဟု သန္နိဋ္ဌာန်ချ လိုက်၏။

''ကျက်နိုင်ပါတယ် ဦး၊ ဆရာတော့်ဆီ ရောက်ရင်သာ အလုပ် များနေလို့ မလာနိုင်တဲ့အကြောင်း လျှောက်ပေးပါဦး''

''ကောင်းပြီလေ၊ လူလေး တခြားအလုပ်ပြောင်းလုပ်ချင်ရင် အချိန်မရွေးလာပြော၊ လူလေးကို ဂရုစိုက်ဖို့ ဦးခင်မောင်ဦးကိုလည်း ပြောထားခဲ့ပြီးသားပါ၊ လူလေးလည်း သတိနဲ့နေ၊ ကြားလား ကဲ ဦး သွားမယ်''

ကားဘေးတွင် နှစ်ယောက်သား ရပ်စကားပြောနေရာမှ ဦးမြင့်ဦးက နှုတ်ဆက်ပြီး ကားထဲဝင်ကာ ကားမောင်းထွက်သွားသည်။

ဖခင်လို ကောင်းသည့်၊ ဦးမြင့်ဦးကို ကျွန်တော် လေးစားမဆုံး တော့။ ဦးမြင့်ဦး၏ ကားလေးကို မျက်စိတစ်ဆုံးကြည့်ရင်း မှန်ကျောင်း ဆရာတော်၏ ကျေးဇူးတရားတွေ အဖန်ဖန်အောက်မေ့လိုက်မိ၏။

နဒီဒေဝီသို့ ပြန်ဆင်းလာရင်း အတွင်းထရံအပြင်ကာ အခြင်းထရံ အတွင်းကာတတ်သည့် နှုတ်မလုံသူ မိန်းမစိတ်ရှိသူ ကိုခင်ဝင်း၏ မျက်နှာကို မြင်ယောင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည်၊ ကိုခင်ဝင်းကြောင့် ``အနင်းခံရသည့် စပါး သန်သည်'' ဆိုသော တိုင်းရင်းသား စကားပုံလေးလို ``သန်လာသည့် စပါးတစ်ပင်'' ဖြစ်လာနေပြီ မဟုတ်ပါလား။

ကျွန်တော့်အိပ်ရာဘေးမှ မောင်မောင်တာ၏ ခြင်ထောင်ထဲမှ လှုပ်လှုပ်ရွရွအသံကြောင့် ကျွန်တော် အိပ်ရာမှ နိုးလာခဲ့၏။ အသံတစ်သံကြောင့် ကျွန်တော် ခြင်ထောင်ထဲမှ နားစွင့်ထောင်လိုက်မိ၏။ ဟုတ်ပါသည်။ မိန်းကလေး တစ်ယောက်၏အသံ။

ကျွန်တော် ခေါင်းအုံးအောက်မှ လက်နှိပ်ဓာတ်မီးကို စမ်းယူလိုက်၏။ မောင်မောင်တာ မကောင်းသည့် မိန်းမခေါ်အိပ်နေပြီကို ကျွန်တော် နားလည်လိုက်၏။

သည်ကိစ္စက သင်္ဘောပေါ်မှာ အဆန်းတော့မဟုတ်။ နဒီဒေဝီရောက်စကသာ ကျွန်တော့်အတွက် အထူးအဆန်းဖြစ်ခဲ့ရ၏။ သင်္ဘောပေါ် အနေကြာလာတော့ ရိုးစင်းသွားခဲ့ပြီ။ သင်္ဘောများပေါ်သို့ ပြည့်တန်ဆာ မိန်းကလေးများ တက်လာတတ်ကြသလို ခရီးသည်ထဲမှလည်း ပေါ့ပေါ့နေ ပေါ့ပေါ့စား ဘာမှ အလေးမထားသည့် မိန်းကလေးများလည်း ပါလာတတ်သည်။

သင်္ဘောသားတွေ ငွေရှင်တာ သင်္ဘောပေါ်မှာ သည်ကိစ္စအတွက် အခြေအနေပေးတာတွေကို အကြောင်းပြုပြီး သင်္ဘောများပေါ်တွင် သည်ကိစ္စက ထမင်းစား ရေသောက်သလို ဖြစ်လာသည်။ သင်္ဘောတိုင်းတော့မဟုတ်။ သင်္ဘောသားတိုင်းတော့မဟုတ်။ ခရီးသည်မိန်းကလေးတိုင်းလည်းမဟုတ်။ အဓိကကတော့ လူပဲဖြစ်သည်။ လူပေါ်မူတည်သည်။ အခြေအနေ ဘယ်လောက်ပေးပေး မပျက်စီးအောင်နေကြသော သင်္ဘောသားများ မပျက်စီးကြ။



မပျက်စီးအောင်နေကြတိုင်ကြသူ၊ သင်္ဘောပေါ်တွင် အနေတည်စွာ လိုက်ပါလာကြသူ မိန်းကလေးများ ပျက်စီးစရာအကြောင်းမရှိ။ သင်္ဘောသည် ဥပဒေမဲ့နေရာမဟုတ်။ ဖြစ်ချင်သလိုဖြစ် ဖြစ်ချင်တိုင်းဖြစ်၍ ရသည့်နေရာမဟုတ်။ အကာအရံမရှိ၊ အခန်းမရှိ၊ အကာလည်းအခါ တိတ်ဆိတ်ငြိမ်သက်သည့်အခါ သင်္ဘောတစ်စင်းတည်း အထီးထီးနေသည့်အခါဆိုပြီး သင်္ဘောသားတွေက ခရီးသည်တွေကို လုပ်ချင်တိုင်းလုပ်၍ရသည်မဟုတ်။ လုပ်ချင်တိုင်း လုပ်၍ရလည်း ခရီးသည်များကခံမည်မဟုတ်။ တရားဥပဒေရှိသည်။ အဘယ်သင်္ဘောသားသည် တရားဥပဒေကို မျက်ကွယ်ပြုဝံ့ပါအံ့နည်း။ ခရီးသည် အမျိုးသမီးကောင်းများကို အဘယ်သင်္ဘောသားသည် စော်ကားဝံ့ပါ အံ့နည်း။

တကယ်စေ့စေ့တွေးကြည့်လျှင်လည်း သင်္ဘောသားနှင့်ခရီးသည်ဆိုသည်မှာ၊ ကျွန်းနှင့် ကိုင်းလိုသာ၊ အမှီသဟဲပြုနေကြရသည်။ ခရီးသည်၏ လုံခြုံရေးကို သင်္ဘောသားကသာ တာဝန်ယူရမည် ဖြစ်သည်။ လုံခြုံမှုမရှိသော သင်္ဘောကို အဘယ်ခရီးသည်သည် စီးနင်းလိုက်ပါအံ့နည်း။ အထူးသဖြင့် ခရီးသည် မိန်းကလေးများ၏ ဘဝလုံခြုံရေးကို သင်္ဘောသားများကသာ အလေးပေး ကာကွယ် ရမည်ဖြစ်သည်။ ထိုသို့ အလေးပေးကာကွယ်ကြသည့် သင်္ဘောသားများ သင်္ဘောများ ရှိနေခြင်းကြောင့်လည်း ရေကြောင်းသွားလာမှုသည် တွင်ကျယ်နေခြင်းဖြစ်သည်။ ဆိတ်သုဉ်းမသွားခြင်းဖြစ်သည်။

သင်္ဘောမှ မဟုတ်။ ဘယ်နေရာမဆို လူကောင်းတွေ တရားဥပဒေကို လေးစားစောင့်ထိန်း လိုက်နာသူတွေ နည်းပါးလျှင် မိန်းကလေးတွေအတွက် သီးသန့် အင်္ဂတေနှင့်ကာ သံနှင့်ပိတ် သစ်သားနှင့်ရံ သော့နှင့်ခတ်ထားပေမည့် လုံခြုံနိုင်စရာအကြောင်းမရှိ။ အဓိက ကတော့ လူပဲဖြစ်သည်။

သင်္ဘောတွေပေါ်မှာ လူကောင်း သူကောင်း သင်္ဘောသားတွေ၊ တရားဥပဒေကို လေးစားလိုက်နာ စောင့်ထိန်းကြသည့်သင်္ဘောသားတွေ

www.burmeseclassic.com

www.burmeseclassic.com



ရှိနေသမျှ သင်္ဘောနှင့် ခရီးသွားလာမှု များနေမည်သာဖြစ်သည်။ တရားဥပဒေကို မလေးစား မလိုက်နာ မကြောက်ကြသည့် မစာနာ၊ မညှာတာတတ်ကြသည့် သင်္ဘောသားတွေ များနေလျှင် များလာလျှင်တော့ သင်္ဘောတွေ နာမည်ပျက်ကြမည်။ သင်္ဘောသားတွေ နာမည်ပျက်ကြ မည်သာဖြစ်သည်။ ထို့အတူ သင်္ဘောနှင့် ခရီးသွားလာမှုလည်း ဆိတ်သုဉ်းသွားပေလိမ့်မည်။

လူတွင်ပါ၍ နွားကျားကိုက်ဆိုသလို မိန်းကလေးတွေ အလိုမတူဘဲ သင်္ဘောသားတွေ စော်ကား၍ မရပါ။ အလိုတူအလိုပါ ဖြစ်၍သာ သင်္ဘောသားလောက၊ အဝေးပြေးကားသမားလောကတွင် သည်ကိစ္စ ထမင်းစား ရေသောက်ဖြစ်လာခြင်းဖြစ်ပါသည်။

နဒီဒေဝီရေယာဉ်အုပ် ဦးခင်မောင်ဦးက သည်ကိစ္စ လုံးဝ လက်မခံပါ။ သူလည်း ကင်းကင်းရှင်းရှင်း နေသည်။ အခြားသင်္ဘောသား များကိုလည်း ကင်းကင်းရှင်းရှင်း နေရန် သတိပေးထားပြီးဖြစ်သည်။ ဆရာက ဘုရားနှင့် တရားနှင့်လူ။ ဆရာသည် အရွယ်ကြောင့်မဟုတ်။ ငယ်စဉ်ကတည်းက သည်ကိစ္စကင်းရှင်းခဲ့သည်ဟု စာရေး ကိုဝင်းမောင် ကပြောပြဖူးသည်။ သူကြားခဲ့ဖူးသမျှ၊ သူတွေ့ခဲ့ဖူးသမျှ၊ ဆရာနှင့် ပတ်သက်၍ ကျွန်တော့်အား ပြောပြဖူးသည်။

ဆရာသည် သင်္ဘောမထွက်မီ အဋ္ဌာနမေတ်ဂါထာတော်နှင့် သံဗုဒ္ဓေဂါထာတော်ကို သက်စေ့ရွတ်လေ့ရှိသူဖြစ်သည်။ သင်္ဘောဦးပိုင်းသို့ မိန်းမသွားလာသည်ကို မကြိုက်။ သွားလာခွင့်မပြု။ တက်မခန်းထဲ မိန်းမ မဝင်ရ။ ဖိနပ်နှင့် သမီးပင် မဝင်ရ။

ဆရာက ဤမျှ ကင်းရှင်းစွာနေခဲ့လင့်ကစား သင်္ဘောသား များအား မိန်းမကိစ္စ မရှုပ်ရဟု တားမြစ်ထား လင့်ကစား နဒီဒေဝီပေါ်တွင် ထိုကိစ္စသည် တိုးတိတ်စွာ လျှို့ဝှက်စွာရှိနေခဲ့သည်ပင်။ ဆရာ့အလုပ် နှင့်ဆရာ ရှုပ်နေသလို ဆရာလည်း မအိပ်ဘဲနေနိုင်သည့်လူမဟုတ်။ ထိုအချိန်များသည် သည်ကိစ္စ[illegible]ပေါ်လာတတ်တော့၏။



ကျွန်တော်သည် လက်နှိပ်ဓာတ်မီးကိုယူပြီး ခြင်ထောင်မကာ အိမ်သာသို့ လာခဲ့၏။ အပေါ့သွားပြီး ပြန်ထွက်အလာတွင် ရောင်နေသူကို လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်မိ၏။ မောင်မောင်တာဖြစ်နေသည်။

ကျွန်တော့်စိတ်ထဲတွင် မောင်မောင်တာ၏ ခြင်ထောင်ထဲမှ လူများကို သိချင်စိတ် ဖြစ်လာသည်။ ကျွန်တော်သည် အိပ်ရာထဲတန်း မဝင်သေးဘဲ မောင်မောင်တာ၏ ခြင်ထောင်ကိုမကာ၊ ဓာတ်မီးဖြင့် ထိုးကြည့်လိုက်၏။

ကိုခင်ဝင်းနှင့် မိန်းကလေးတစ်ယောက်ဖြစ်နေသည်။ နှစ်ယောက်လုံးက မျက်လုံးအပြူးသားနှင့် ကျွန်တော့်ကို လှမ်းကြည့်နေကြ၏။ ကျွန်တော်သည် ခြင်ထောင်ကို ပြန်ချလိုက်ပြီး ကျွန်တော်၏ ခြင်ထောင်မကာ အိပ်ရာထဲ ဝင်လှဲအိပ်လိုက်၏။

ကျွန်တော် ကိုခင်ဝင်းအကြောင်း စဉ်းစားနေမိ၏။

တစ်အောင့်လောက်ကြာသည့်အခါ ကျွန်တော် မှေးခနဲ အိပ်ပျော်သွား၏။ ကျွန်တော့်ပါးကို လာနမ်းသောအထိအတွေ့၊ ကျွန်တော့်ကို ဖက်လိုက်သော အထိအတွေ့ကြောင့် ကျွန်တော် အိပ်ပျော်နေရာမှ ဖျပ်ခနဲလန့်နိုးလာပြီး ဖက်ထားသူလက်မှ ရုန်းထွက်ကာ ထထိုင်လိုက်၏။ ထို့အတူ ခေါင်းအုံးဘေးမှ ဓာတ်မီးကို ယူလိုက်ပြီး ကျွန်တော့်ကို လာဖက်သူအား ဓာတ်မီးဖြင့် ထိုးကြည့်လိုက်၏။

မချိုမချဉ်မျက်နှာဖြင့် ပြုံးတီတီလုပ်နေသော မိန်းကလေးကို တွေ့ရ၏။ ကျွန်တော် ကောင်းကောင်း မှတ်မိ၏။ မောင်မောင်တာ၏ ခြင်ထောင်ထဲမှ ကိုခင်ဝင်းနှင့် ဖက်အိပ်နေသော မိန်းကလေးမှန်း တတ်အပ် သိလိုက်၏။

ထိုခဏ၌ ကိုခင်ဝင်း၏ မျက်နှာသည် ချက်ချင်းပေါ်လာ၏။ ထို့အတူ မှန်ကျောင်းဆရာတော်၏ မျက်နှာတော်နှင့် အဆုံးတို့သည် အာရုံ၌ ပေါ်လာကာ နား၌ပွဲတင်ထပ်အောင် ကြားလာရ၏။

www.burmeseclassic.com

www.burmeseclassic.com



"အခြေအနေမပေးလို့ ထိန်းနိုင်တာက လူတော်မဟုတ်ဘူး၊ အခြေအနေပေးနေတာကို ထိန်းနိုင်မှ လူတော်ကွဲ့ စိတ်နောက် ကိုယ်ပါ မလုပ်မိအောင် ထိန်းနိုင်လေ ဒုက္ခကလွတ်လေပေါ့"

ဆရာတော်၏စကားသည် မှန်လိုက်လေစွ။ အခြေအနေပေးလာတော့ ကျွန်တော်လည်း မရှန်းချင်။ ကံကောင်းလေစွ။ ဤမိန်းကလေးကို ကိုခင်ဝင်း နှင့် တစ်ခြင်ထောင်ထဲ၌ တွေ့မထားခဲ့ဖူးဆိုလျှင် ကျွန်တော်သည် သူမနှင့်အတူ အမှောင်မိုက်ဆုံး နက်ရှိုင်းသည့် တစ်နေရာသို့ ရောက်ရှိသွားပေတော့မည်။ ကိုခင်ဝင်းသည် ကျွန်တော့်ကိုပါ ချေးမြီး ပြုတ်ဖြစ်အောင် သူမကို စေလွှတ်၍ အဖြတ်ခိုင်းခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

"သွားတော့ မိန်းကလေး"

ထပ်ဖက်ရန် ကြိုးစားလာသော မိန်းကလေးအား ကျွန်တော်က လက်ဖြင့် တွန်းလိုက်ပြီး တိုးသက်စွာ ပြောလိုက်သည်။ သူမက ထွက်မသွား အတင်းလာဖက်ပြန်၏။ သူမ၏ ရဲတင်းသော လက်များကို တွန်းကာရင်း ကျွန်တော်သည် ခြင်ထောင်အပြင်ထွက်လိုက်၏။

ခြင်ထောင်ထဲမှ သူမ၏ ခြောက်ကပ်ကပ်ရယ်မောသံက ကျွန်တော့်အား လှောင်ပြောင်သရော်သလို ရှိလှ၏။ ကျွန်တော့်အတွေး အာရုံ၌မူကား တိရစ္ဆာန်နှင့်မခြား ပြေးလွှားနေရရှာသော အရေးပေါ်နားမှ ရောဂါသည်များသာပါလေ၏။

ပထမဆုံးရသည့် သင်္ဘောသားလစာ နှစ်လစာကို ပေါင်းပြီး ကျွန်တော့်ဘဝ၏ ကျေးဇူးရှင် မှန်ကျောင်းဆရာတော်အတွက် သင်္ကန်း တစ်စုံဝယ်ကပ်ခဲ့သည်။ ရခိုင်လုံချည်တစ်ထည်ဝယ်ပြီး၊ ကိုမြတ်သူအား ကန်တော့ခဲ့သည်။ ရွာဦးကျောင်းဆရာတော် ရန်ကုန်ကြွလာလျှင်၊ သင်္ကန်းတစ်စုံ ဆက်ကပ်ရန် ရည်စူးထားပြီးဖြစ်သည်။



နဒီဒေဝီ၏ ရေယာဉ်အုပ် ဦးခင်မောင်ဦးသည် ကြည်ညို လေးစားထိုက်သူဖြစ်သည်။ ထကြွနိုးကြား သနားသည်းခံ ဝေဖန် သောက်ရှု၊ ဤခြောက်ခုသော လူကြီးအင်္ဂါနှင့် ပြည့်စုံသည်။

ဆရာသည် အတွေ့အကြုံကလည်း များလှပြီ။ ၁၆ နှစ်သား အရွယ်ကတည်းက သင်္ဘောသားစလုပ်ခဲ့သူ ဖြစ်သည်ဟုသိရသည်။ သင်္ဘောလည်းစုံပြီ။ အပေါင်းအသင်းလည်းစုံပြီ။ ကြိုးစားမှုနှင့် အတွေ့အကြုံကြောင့် ကျွမ်းကျင်ရာလိမ္မာဖြစ်နေပြီ။ အသေးမြင်ရုံနှင့် အသွင်သိနေသူဖြစ်သည်။ အမွေးမြင်ရုံနှင့်အပင်သိနေသူဖြစ်သည်။

ဆရာသည် စာနာတတ် ညှာတာတတ် တရားမျှတစွာ အုပ်ချုပ်တတ်သဖြင့် နဒီဒေဝီမှ သင်္ဘောသား အားလုံးက ချစ်ကြောက် ရိုသေကြသည်။

သင်္ဂဇာဆရာတော်၏ "အတတ်လည်းသင် ပဲပြင်ဆုံးမ သိပ္ပမချွန်း ဘေးရန်ဆီးကာ သင့်ရာအပ်ပို့ ဆရာတို့ ကျင့်ဖို့ဝတ်ငါးဖြာ" နှင့်အညီ ဆရာက ကျင့်ကြံပြုမူတော့ ကျွန်တော်တို့သင်္ဘောသား အားလုံးကလည်း သင်္ဂဇာဆရာတော်၏ "ညီညာထကြွ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ သံနီးလုပ်ကျွေး၊ သင်တွေးအံရွတ်၊ တပည့်ဝတ်၊ မချွတ်ငါးခုသာ" နှင့်အညီ ကျင့်ကြံနေထိုင်ခဲ့သည်သာ။

နဒီဒေဝီမှ သင်္ဘောသားအားလုံးထက် ကျွန်တော့်အဖို့ ပို၍အနေကျုံ့ ပင်ပန်းလွန်းလှပါသည်။ ဆရာဦးခင်မောင်ဦးက သဘောထားပြည့်သူဖြစ်၍ ကျွန်တော်က ပိုအလိုက်သိရပါသည်။ လူကြီးကောင်းလေ လူငယ်က ပိုသိတတ်ရလေ ဆိုသည့်အယူအဆကို ကျွန်တော်လက်ကိုင်ထားပါသည်။ လူကြီးဆရာက ကောင်းလွန်းတော့ လူငယ်ကျွန်တော့်တို့က ပို၍ပြန်ကောင်းရသည်။ ပိုအလိုက်သိရသည်။ တတ်မကိုင် ကိုခင်ဝင်းကိုတော့ လူကြီးမပီသသဖြင့် မလေးစားမိ၊ အထင်မကြီးမိ။ သူကမကောင်းတော့ ကျွန်တော် ပြန်မကောင်းမိတော့။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အနေဖြင့် ဆရာ့အပေါ် ပြန်ကောင်းရသလို ပြန်အလိုက်သိရသလို သဘော်သား အချင်းချင်းက အထင်မလွဲအောင် အထင်မသေးအောင် နေရထိုင်ရလုပ်ရကိုင်ရသည့်အတွက် ပိုပင်ပန်း လှပါသည်။ အခြားသဘော်သားများက ဆရာနှင့် ကျွန်တော့်အပေါ် အထင်လွဲမှာအကြောက်ဆုံး ဖြစ်ပါသည်။ လူကြီး မပီသသည့် တက်မကိုင် ကိုခင်ဝင်းကိုတော့ ကျွန်တော်ထည့်မတွက်မိပါ။ သူနှင့် ဆရာက ရေပုပ်နှင့်ပဲဆီလို ကွာခြားသည်။ ဆရာသည် ရေယာဉ် ပညာသာမက လောကဝတ် လူ့ကျင့်ဝတ်တွေကိုပါ သင်ပေးသူ ဖြစ်သည်။ ဆရာခဏမ ပြောကြားခဲ့သည့် စကားများစွာအနက် အသည်းထဲနားထဲ စွဲနေသော စကားတစ်ခွန်းရှိပါသည်။ ''လူလိမ္မာဟာ ကျေးဇူး သိတတ်တယ်၊ လူမိုက်ဟာ ကျေးဇူးကန်းတတ်တယ်။ လူ့ဘဝမှာ လူလိမ္မာ မဖြစ်ချင် နေပါစေ အရိုပ်နေအခက်ချိုးတတ်တဲ့ လူမိုက် မဖြစ်ဖို့က အရေးကြီးတယ် လူလေး '' သည့်စကားစုက ကျွန်တော်၏ နား၌ ပဲ့တင်ထပ်နေ၏။

ဆရာ့ထံမှ ရေယာဉ်ပညာအဝဝကို ခြေသုတ်ပုဆိုး မြွေစွယ် ကျိုးကဲ့သို့ ကျင့်၍ဆည်းပူးခဲ့သလို ဆရာအခွင့်အရေးပေးတိုင်းလည်း ကျွန်တော်မယူခဲ့ပါ။ အခြားသဘော်သားများထက် အနစ်နာခံခဲ့ပါသည်။ သဘော်သားတစ်ယောက်၏ တာဝန်အဝဝကို မခိုမကပ် ကြိုးစား ပမ်းစား လုပ်ခဲ့ပါသည်။ ကိုယ်ပိုင်အနားရသည့် အချိန်လေးများတွင်သာ စာပေးစာယူပထမနှစ်ဖြေရန် လေ့လာကျက်မှတ်ခဲ့ပါသည်။ ကိုယ်ပိုင်ချိန် တွင်ပင် ကိုခင်ဝင်းကို အကဲခတ်နေရပါသေးသည်။ သူ့ကြောင့်လည်း မခံချင်စိတ်ဖြင့် ရသမျှအချိန် ဖိကြိုးစားခဲ့ပါသည်။

ကျွန်တော့်အနေဖြင့် နဒီဒေဝီပိုင်ရှင်နှင့် ရေယာဉ်အုပ် စက်ခန်းအုပ်တို့၏ အရေးပေးခြင်းခံရသဖြင့် ဆေးစက်ကျရာအရုပ် ထင်သည့် ဘဝဖြစ်သော်လည်း အရုပ်မရေးခဲ့ပါ။ စုတ်တစ်ချက်မဝင့်ခဲ့ပါ။ ဆရာအားကိုးဖြင့် စိန်နားကပ်အရောင်နှင့် ပါးမပြောင်ခဲ့ပါ။



ကျွန်တော်အနေအထိုင်တတ်၍လည်း ကျွန်တော့်စိတ်ထား သိ၍လည်း နဒီဒေဝီမှ တက်မကိုင် ကိုခင်ဝင်းမှအပ သဘော်သား အားလုံးက ချစ်ခင်လေးစားခဲ့ကြပါသည်။

ကျွန်တော်သည် ဘွဲ့ရအောင်ကြိုးစားနေသလို တစ်ဖက်ကလည်း ရေယာဉ်အုပ်ဖြစ်အောင် ကြိုးစားခဲ့ပါသည်။ ဆရာသည် ကိုယ်ဖိရင်ဖိ ဆရာစားမချန် ရေယာဉ်ပညာအဝဝကို စာတွေ့လက်တွေ့ သင်ကြားပြသ ခဲ့သည့်ပြင် ရေကူးပါတတ်အောင် ကျွန်တော့်ကိုသင်ပေး ခဲ့ပါသည်။ ဆရာ၏စေတနာမေတ္တာဖြင့် ရေယာဉ်ပညာအဝဝကို သင်ကြားပြသမှု ကြောင့် ဆရာကောင်းတပည့် ပန်းကောင်းပန်နိုင်သည့် အခြေအနေ ရောက်လာခဲ့ပါသည်။ သဘော်သားလုပ်သက်သုံးနှစ် ပြည့်ချိန်တွင် နဒီဒေဝီမှ ကျွန်တော့်အချစ်တော် တက်မကိုင် ကိုခင်ဝင်း တတိယတန်း ရေယာဉ်အုပ်ဖြစ်သွားသဖြင့် ကျွန်တော်ထ ''က'' ဖြစ်ခဲ့ပါသည်။ သူတွဲဆွဲရေယာဉ် သုခကျော်သို့ပြောင်းသွားခဲ့ရာ ကျွန်တော့်အတွက် ကုသိုလ်ဖန် ဗိမာန်အသင့် ဘုံအသင့် ဖြစ်သွားပါတော့သည်။

သူဌေးဦးမြင့်ဦးနှင့် ဆရာဦးခင်မောင်ဦးတို့က နဒီဒေဝီရေယာဉ် နှစ်ပတ်လည်စစ်ဆေးခံချိန်တွင် စစ်မရောက်ခင်မြွားချွန်ထားသော ကျွန်တော့်ကို သဘောကျကြသဖြင့် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနသို့ တင်ပြပြီး လိုင်းစုကာနီ(တက်မကိုင်) ခန့်ခဲ့ပါသည်။ သည်လိုနှင့် နဒီဒေဝီတွင်ပင် တက်မကိုင် ဖြစ်ခဲ့ရပါသည်။

ဆရာနှင့် ပတ်သက်ပြီး တစ်နှယ်ငင်တစ်စင်ပါ ဆရာ့မိသားစုကိုပါ ကျွန်တော်သံယောဇဉ် ဖြစ်ခဲ့ရပါသည်။ ဆရာ့မိသားစုက ပြင်စလူတွင် နေသည်။ ဆရာသမီးသီတာဦးထက် ကျွန်တော်ကခြောက်နှစ်ခန့်ကြီး သည်။ ကျွန်တော်နဒီဒေဝီရောက်လာတော့ သီတာဦးသည် ခြောက်တန်း ကျောင်းသူဖြစ်နေပြီ။

နဒီဒေဝီ ပြင်စလူတွင် ဆိုက်ရောက်သည့်ရက်များသည် ဆရာ့ အိမ်တွင် ကျွန်တော်အချိန်ကုန်ခဲ့သည်။ ဆရာ့ဇနီးကလည်း သဘော

www.burmeseclassic.com

www.burmeseclassic.com



ကောင်းသည်။ ဆရာ့လိုပင် ပိန်ပိန်ပါးပါး အသားဖြူဖြူ မျက်ခုံးကောင်းကောင်း၊ နှာတံကဆရာထက်ပိုပေါ်သည်။ မျက်လုံးမျက်ဖန်က ဆရာ့လောက်မကောင်း။ နှုတ်ခမ်းက ဆရာ့လို ပြုံးရောင်သန်းသည့် နှုတ်ခမ်းပိုင်ရှင်။ မျက်နှာသွယ်သွယ်။ အသက်က ဆရာနှင့်ငါးနှစ်ကျော်လောက်ကွာမည်ထင်သည်။ ဆရာက ဆရာကတော် ဒေါ်သီသီထက် ငါးနှစ်ကြီးသည်ဟု ဆရာကပြောဖူးသည်။

တစ်ဦးတည်းသောသမီး သီတာဦးက အဖေတူ။ မအေတူ။ အဖေအမေလိုပင် အရပ်မြင့်မြင့် ရုပ်ချောချော အပျိုဖော်မဝင်သေးမီကပင် အပျိုကြီးဖားဖားပုံစံပေါက်နေသည်။ ကျွန်တော် နဒီဒေဝီနှင့် ပြင်စလူ စရောက်သည့်နေ့က မျက်တောင်ကော့ကော့ကြီးတွေပင့် မျက်လုံးလေး ဝင့်ကြည့်ပုံက အပျိုကြီးဂိုက် ဖမ်းနေသည်ကို သတိရမိသည်။

ကျွန်တော့်စိတ်ထဲမှာတော့ ဆရာ့သမီး ကျွန်တော့်နှမလေး ဟုပဲ သဘောထားခဲ့သည်။ ကျွန်တော် ပြင်စလူရောက်တိုင်း စာပြပေးရုံမက စိတ်ကစားတတ်သည့် အရွယ်မို့ လမ်းမမှားရအောင် ဆုံးမသွန်သင်ခဲ့သည်ချည်း။ သီတာဦးကို စာသင်ရတော့မှ မှတ်ဉာဏ် မကောင်းမှန်း သိရသည်။ ဉာဏ်ထိုင်းသည့်ကြားထဲ လှသည့် မိန်းကလေးမို့ အလှပဲပြင်နေတော့ စာညံ့သည်ပေါ့။ စာမလိုက်နိုင်လေ ကျောင်းနေဖို့ စိတ်ကုန်လေဖြစ်လာမည်ပေါ့။ လေးတန်းတုန်းက တစ်နှစ်ကျခဲ့သည်ဟုလည်း သိခဲ့ရသည်။ ကျွန်တော် ကြိုးစားသင်ပြ ပေးနေသည့်ကြားက ခုနစ်တန်း ကျပြန်သည်။ အတန်းမရပေမယ့် အရွယ်ကရလာသည်။ တစ်နေ့တခြား အပျိုကြီး ဖားဖားဖြစ်လာသည်။ ကျွန်တော်ကြိုးစားသင်ပြ ပေးသဖြင့် ခုနစ်တန်းအောင်ပြီး ရှစ်တန်းရောက်လာသည်။ ရှစ်တန်းကျပြန်သည်။ ရှစ်တန်းထပ်ကျတော့ ဆရာနှင့်ဆရာကတော်တို့က သီတာဦးအား ကျောင်းနုတ်လိုက်သည်။ ဆရာရှင်းပြတာလည်း ဟုတ်သည်။ ပြင်စလူမှ လပွတ္တာသို့ နေ့ချင်းပြန် ကျောင်းသွားတက်၍လည်း မဖြစ်နိုင်။ ပြင်စလူလပွတ္တာလိုင်း သင်္ဘောရှိသော်လည်း



အသွား သုံးနာရီ အပြန်သုံးနာရီ ကြာသည့်ခရီးမဟုတ်လား။ လပွတ္တာသွား ကျောင်းထားဖို့ကလည်း လွယ်သည့်ကိစ္စမဟုတ်။ ရှစ်တန်းစာမေးပွဲသွား ဖြေတာပင် ဒုက္ခရောက်လှပြီ။ ထို့ကြောင့် ရှစ်တန်းမအောင်မယ့် အတူတူ သီတာဦးကို ကျောင်းမှနုတ်လိုက်သည်။

သီတာဦးက သူ့အမေကိုဈေးကူရောင်းသည်။ ကျွန်တော်ကလည်း နဒီဒေဝီရောက်ပြီးနောက် ကျွန်တော့်စာအုပ်ဖိုး စာစဉ်ဖိုးမှလွဲပြီး ဘောပန်းရသည့် ငွေပါစုပြီး ဆရာကတော်တို့ကို ထောက်ပံ့ခဲ့သည်။ ပြင်စလူရောက်တိုင်း ဆရာတို့အိမ်မှာပဲ စားခဲ့သောက်ခဲ့သဖြင့် ကျွန်တော် ကိုသားလိုသဘောထားကြ၍ ကျွန်တော်ကလည်း၊ မိဘလိုပင် သဘောထားပြီး၊ ခြေဆုပ်လက်နယ်ပြုစုခဲ့သည်။

ဆရာကတော်ကလည်း ကျွန်တော့်ကို သီတာဦးနှင့် နီးစပ်စေချင်ဟန်ရှိသည်။ သီတာဦးကလည်း ကျွန်တော့်အပေါ် မဆွတ်ခင်က ညွှတ်ချင်ဟန်ရှိသည်။ တကယ်တော့ အရွယ်ရောက်လာလေ သီတာဦး အလှတွေက ရှုမရဲကြည့်မဝအောင် အလှသွေးတွေကြွလာသည်ကို ကျွန်တော်သတိပြုမိပါသည်။

အရပ်မြင့်ပုံက ဝါးခြမ်းပြားထောင်ထားသလို ပုံမျိုးမဟုတ်။ အချိုးအဆစ်ပြေပြေပြစ်ပြစ်ဖြင့် ငါးရံ့ကိုယ်ဖြစ်သည်။ မျက်ခုံးကဆရာနှင့် ဆရာကတော်နှစ်ယောက်လုံး၏ အမွေယူထားသည်။ မျက်တောင် ကော့ကြီးတွေက ပုရိသတို့အား ရင်ခုန်ကြစေလောက်သည်။ မျက်လုံး မျက်ဖန်က ဆရာနှင့်တူ၍ အလှပိုပေါ်စေသည်။ နှာတံနှင့် နှုတ်ခမ်းက ဆရာကတော်နှင့်တူသည်။ သွယ်လျသော မျက်နှာတွင် ပြည့်တင်းဖူးသစ်သော ပါးနှစ်ဖက်ကြောင့် အလှကပိုပေါ်နေသည်။ မကပ်မကား နားနှင့် ကျော့ရှင်းသော လည်တိုင်သည် သူ့အလှကို အားဖြည့်ပေးလို ရှိသည်။

အမှန်စင်စစ် ကျွန်တော်သည် သီတာဦးကို နှမအရင်းလေးလိုပဲ အောက်မေ့နေမိသည်။ ဘယ်လိုပင် လှလာလာ ပွေ့ဖက်ဖောက်ပြားစိတ်

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ခဲ့။ ကျွန်တော့်လက်ပေါ်တွင် ကြီးလာခဲ့သူမို့၊ ကျွန်တော်စာပြပေးခဲ့သူမို့ ကလေးလေးဟုပင် ထင်နေသည်။ မြင်နေသည်။ သို့ပေမယ့် တစ်နေ့တခြား အလှသွေးတွေ ကြွယ်လာသည့် သီတာဦးကို ကျွန်တော် စေ့စေ့မကြည့်ရဲ။ မျက်လုံးချင်းဆုံမိလျှင် ရင်မခုန်ဟု မပြောနိုင်။ အရိပ်နေနေ အခက်ချိုးချိုးဖြစ်သွားလျှင် မကောင်း။ ဆရာ့မျက်နှာ ထောက်ရမည်မဟုတ်လား။

ဆရာကတော်က အိုးချင်းထိအောင် ကြိုးချင်းငြိအောင်ထားခဲ့ပေမယ့် ကျွန်တော်က ဆရာ့မျက်နှာ မြင်ယောင်ပြီး ဆင်ဆင်ခြင်ခြင် နေခဲ့သည်။

သီတာဦးပါ ကျောင်းထွက်ပြီး၊ ဆရာကတော်ကို ဈေးကူရောင်းလာတော့ စီးပွားရေးပိုချောင်လည်လာသည်။ ဆရာနှင့်ကျွန်တော်တို့က ရန်ကုန်မှ ကုန်ခြောက်ဝယ်လာပြီး ဆရာကတော်တို့သားအမိက ရောင်းသည်။ လူ့ဘဝဆိုသည်ကလည်း အဆန်းကြွယ်သား။ ဆရာကတော်တို့ စီးပွားရေးအဆင် မပြေတုန်းက ဆရာ့ကျန်းမာရေးကောင်းသည်။ ဆရာကတော်တို့ အဆင်ပြေလာတော့ ဆရာကျန်းမာရေးက ညံ့လာသည်။ ပန်းနာရင်ကျပ်ရောဂါထလာသည်။ ဆရာကတော်ရှာသည့်ငွေက ဆရာ့ကိုဆေးကုဖို့လို ဖြစ်လာသည်။ ကားသစ်လေးတုန်းက ပြင်စရာ ဆင်စရာမလို ကားအိုလာတော့ ဟိုကချို့ယွင်းသည်ကချို့ယွင်းဖြစ်လာသည်။ ဇာတိရောဗျာဓိမရဏ ဘယ်သူလွန်ဆန်နိုင်မည်လဲ။

ကျွန်တော့်အနေနှင့်လည်း ဆရာတို့မိသားစုကို လစဉ်ထောက်ပံ့ပါသည်။ စာအုပ်ဖိုးစာစဉ်ဖိုး အဝတ်အစားဝယ်ရုံအပြင် ကျွန်တော့်တွင် အခြားကုန်စရာမရှိ။ ရှာမှ အစ်မတို့ကိုလည်း ထောက်ပံ့စရာမလို။ အစ်မတို့ရွာမှာ အဆင်ပြေနေကြောင်း စာလာသည်မဟုတ်လား။

ဆရာ့ဘဝသည် ကျွန်တော့်ဘဝ။ ကျွန်တော့်ဘဝသည် ဆရာ့ဘဝမို့ ဆရာ့ကျန်းမာရေး ဆရာအသက်ရှည်ရေးအတွက် ကျွန်တော် ဂရုစိုက်ရမည်။



ဆရာ့ကိုဖြစ်နိုင်သရွေ့ အနားယူစေသည်။ ဆရာ့အလုပ်ဆရာ့တာဝန်များကို ကျွန်တော်ကြိုးစား ဆောင်ရွက်ပေးခဲ့သည်။

မမြင်ရသော၊ သံယောဇဉ်ကြိုးသည်၊ ခိုင်ခိုင်ခံ့ခံ့ရစ်ပတ်နေပါလား။

## (၃နှစ်) မေတ္တာစောင်းကြိုး တီးခတ်နိုးသူ

မောင်ဝင်းနိုင်နေမကောင်းသဖြင့် ခွင့် (၁၀)ရက် ယူသွားသည်။ ယခုတစ်ပတ် ပြင်စလူမှ ပြန်ရောက်လာသည့်တိုင် သဘော်သို့မလာ။ အတော်နေမကောင်း ဖြစ်နေသလားမသိ။ အကျိုးအကြောင်း သိရအောင်နှင့် လိုသည့်အကူအညီပေးရအောင် ပြင်စလူသို့ သဘော်မထွက်မီ ကျွန်တော် မောင်ဝင်းနိုင်အိမ်ရှိရာ ဒလသို့သွားခဲ့သည်။

မောင်ဝင်းနိုင်၏အိမ်က ကမာကသွယ်ရပ်ကွက်ထဲမှာ ဖြစ်သည်။ ကျွန်တော်ထင်သည့်အတိုင်း ဟုတ်သည်။ မောင်ဝင်းနိုင် အဆုတ်အအေးပတ်ပြီး တိုက်ဖွိုက်ရောဂါဝင်ခြင်း ဖြစ်သည်။ ဤရောဂါက သဘော်သားတွေ ဖြစ်တတ်သည့်ရောဂါ။ ကျွန်တော်ရောက်တော့ နာလန်ထစဖြစ်သည်။ ခါတ်စာဖိုးငွေ ၁၀၀ ပေးခဲ့ပြီး ကျွန်တော် ကမာကသွယ်သမ္ဗန်ဆိပ် ပြန်လာခဲ့သည်။

ဒလမြို့သည် ရန်ကုန်မြို့နှင့် ရန်ကုန်မြစ်သာခြားသည့်မြို့။ ရန်ကုန်မြို့နှင့် အနေနီးသလောက် ရန်ကုန်မြို့နှင့် တခြားစီ။ ဒလတစ်ဖက်ကမ်း ရန်ကုန်မြို့မှာက နိုင်လွန်ကတ္တရာလမ်းကျယ်ကြီးတွေ တံတားတွေ တိုက်တာအိမ်ခြေခမ်းခမ်းနားနား ကြီးကြီးကျယ်ကျယ်တွေ ရောင်စုံ ကားတွေ ဆိပ်ခံဘောတံတားတွေ ရေဆင်းဘောတံတားတွေ ထိုဆိပ်ခံ ဘောတံတားတွေတွင် ပြည်တွင်းနှစ်ထပ် သဘော်တွေ ကျွန်းသဘော်တွေ ငါးဖမ်းစက်လှေတွေ ကုန်တင်စက်လှေတွေ ပြီးတော့ နိုင်ငံခြားသဘော်တွေ ကပ်ထားသည်။ ဆိုက်ထားသည်။ ညဆိုလျှင်

www.burmeseclassic.com

www.burmeseclassic.com



နေနှင့် မှားလောက်အောင် လင်းထိန်နေသည်။ မာကြူရီမီးတွေ ရောင်စုံမီးတွေ။

ကျွန်တော်သည် ရန်ကုန်နှင့်ဒလ ကူးတို့ဆိပ်ပုံကို တွေးရင်း သမ္ဗန်ဆိပ်တွင် သမ္ဗန် စောင့်နေသည်။ တကယ်တော့ သမ္ဗန်စောင့်သည် မဟုတ်။ သမ္ဗန်စီးမည့်သူစောင့်နေခြင်းသာ။ ကျွန်တော် သမ္ဗန်ဆိပ် မရောက်လာမီကတည်းက သမ္ဗန်က လူခေါ်ရင်းစောင့်နေသည်။ သမ္ဗန်ပေါ်ထိုင်မနေချင်၍ ~~ခေမ်းပေါ်တွင်~~ လူပြည့်အောင် ရပ်စောင့်နေခဲ့သည်။

``နှစ်ယောက်လို နှစ်ယောက်လို လူပြည့်ရင်ထွက်မယ်''

သမ္ဗန်သမား၏ အော်သံက၊ ကျွန်တော့်အတွေးကို ဖျက်ဆီးပစ်လိုက်သည်။ ကျွန်တော်ကမ်းနား ရောက်စက၊ ရေပြည့်ရေလည်စပြုနေသဖြင့် ကျောက်ချထားသော နိုင်ငံခြားသင်္ဘောကြီးနှင့် တွဲဆွဲရေယာဉ်များ၏ဦးသည် ပင်လယ်ဝသို့ ဦးမတည်တော့။ ယခုသတိဝင်လာ၍ ကြည့်မိချိန်တွင် ကျောက်ချရေယာဉ်အားလုံး ရေကျကို ဦးလှည့်ထားပေပြီ။ ရေကျဦးမို့ ရေတက်နှင့် လိုက်လာခဲ့ကြသော ငါးဖမ်းစက်လှေများ ဝင်နေကြဆဲဖြစ်သည်။ နောက်ထပ်တစ်ယောက် ရောက်လာလျှင် ကျွန်တော်ပါနှင့်ဆို ပြည့်ပြီမို့ သမ္ဗန်ထွက်ပေလိမ့်မည်။ သမ္ဗန်ဆိပ်သို့ ဆင်းလာမည့်သူကို၊ ကျွန်တော် ကိုယ်ကို လှည့်၍ကြည့်မိသည်။

သင်္ဘောကြီးလှိုင်းမိသည့် သမ္ဗန်လို ကျွန်တော့်ရင်တစ်ခုလုံး နိမ့်ချည်မြင့်ချည်လှုပ်ခတ်သွားသည်။ နှလုံးခုန်နှုန်း၊ ပုံမှန်မဖြစ်။ ရင်ခုန်သံမြန်နေသည်။

သမ္ဗန်ဆိပ်သို့ ကုန္နြေရေဆင်းလာသည့် မိန်းမပျို၏အကြည့်သည် ကျွန်တော့်မျက်ဝန်းမှတစ်ဆင့် နှလုံးသားသို့တိုင် ထိုးဖောက်မွှေနှောက်သွားသည်ဟု ထင်လိုက်ရ၏။



လျှပ်စစ်ဓာတ်အားသည် ခန္ဓာကိုယ်နှင့် စိုသောအရာဝတ္ထုအတွင်းသို့ စီးဝင်ထိနိုက် ဓာတ်လိုက်ခံရသကဲ့သို့ သူမ၏အကြည့်ကြောင့် ကျွန်တော်၏တစ်ကိုယ်လုံး ထိနိုက်တုန်လှုပ်သွားခဲ့၏။ ဓာတ်လိုက်ခံရသကဲ့သို့ သူမ၏ဆွဲငင်မှုအကြည့်တွင် ကျွန်တော်၏ပြန်အကြည့်က ကပ်ငြိတွဲခိုနေသည်။

သူမသည် ကျွန်တော်နှင့် အကြည့်ချင်းဆုံပြီး ချက်ချင်းမျက်လွှာချသွား၏။

ကျွန်တော့်ရင်ထဲ၌ မဖြစ်ဖူးသော၊ သိမ့်သိမ့်တုန်မှုကို နှစ်လိုစွာခံစားလိုက်ရ၏။ ဆွဲငင်အားအပြည့်ပါသော သူမအကြည့်နှင့် အကြည့်ချင်းဆုံလိုက်ချိန်တွင်ပင် ကျွန်တော့်ရင်ထဲနှလုံးသည်းပွတ်ထဲ၌ ခတ်ပျံ့ ရိုက်ယူလိုက်သကဲ့သို့ သူမ၏ရွှေရုပ်လွှာက စွဲထင်ခဲ့ပြီး ဖြစ်သည်။

ဘယ်ဘက်ပခုံးပေါ်မှ ရှေ့သို့ကျော်ချထားသော တုတ်တုတ်ခိုင်ခိုင် နက်နက်မှောင်မှောင် ကျစ်ဆံမြီး ကျစ်ထားသည့်ဆံပင်သည် ခါးစောင်ရင်းနားအထိ ရောက်နေသည်က ထူးခြား၏။ လှပသည့် မျက်နှာအချိုးအဆစ်ကျနသည့် ကိုယ်ခန္ဓာတို့သည် သူမ၏ ပုရိသတို့အား ဖမ်းစားနိုင်သော အလှတရားများဟု ကျွန်တော်ထင်၏။ သူမ၏ ထူးခြား၍ ဆွဲငင်အားရှိသော မျက်လုံးနှင့် ဖူးသစ်စိုလွင်သော နှင်းဆီနီနုရောင် နှုတ်ခမ်းအစုံသည် မပြုံးဘဲနှင့်ပြုံးရိပ်ဆင် ပြုံးဟန်ပေါက်အောင် လှနေသည်ဟု ထင်မိသည်။ သွယ်ပိုက်သော မေးစေ့နှင့် ဖောင်းပြည့်နှစ်သော ပါးနှစ်ဖက်ကြောင့် သွယ်လျှဟန်မျက်နှာသည် ရင့်မှည့်စပန်းသီးလို ပြည့်တင်းချောမွတ်လှပနေ၏။

ဖက်ဖူးရောင်လက်ရှည်အကျီ၊ ကျောက်စိမ်းရောင်ထဘီတို့ဖြင့် ဝတ်ဆင်ထားသည့်ငါးရံ့ကိုယ်နှင့် ဝါရည်စိုလွင်သော အသားအရေတို့ဖြင့် လှချင်တိုင်းလှနေသော သူမ၏ပြေပြစ်မှုအလှသည် ကျွန်တော့်မျက်လုံးအိမ်မှ မထွက်တော့။ အရပ်အမောင်းကလည်း ပြေပြေ ၅လက်မခန့်ရှိပေလိမ့်မည်။ ကျွန်တော့်အောက်နိမ့်လျှင် တစ်လက်မ နှစ်လက်မပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် စုပ်ဝဲအစုပ်ခံရသကဲ့သို့ သူမနောက်သို့ လိုက်ပါသွားမိ၏။ သမ္ဗန်တံကူဆန်တိုင်းတွင် လူပြည့်နေပြီ။ သမ္ဗန်ဦးပိုင်း ထိပ်ဆုံးတန်း နှစ်ယောက်ထိုင် တံကူဆန်တစ်ခုပဲ ကျန်တော့သည်။

စက်တပ်သမ္ဗန်က ကမ်းသို့ဦးတည်ထားသော်လည်း ရေကျမို့ မြောက်ဘက်သို့ ဦးလှည့်နေသည်။ သူမသည် သမ္ဗန်ပေါ်လှမ်းတက်ပြီး ကျွန်တော့်ဘက်ပြန်လှည့်ကာ လွတ်နေသည့်တံကူဆန်၏ အနောက်ဘက်တွင် ကပ်ထိုင်သည်။ သူမလက်ဆွဲခြင်းကို သူမပေါင်ပေါ်တွင် တင်သည်။ ကျွန်တော်သည်လည်း သမ္ဗန်ပေါ်လှမ်းတက်လိုက်ပြီး၊ နောက်လှည့်ကာ လွတ်နေသည့်သူမဘေး အရှေ့ဘက်သမ္ဗန် တံကူဆန်ခြေ တိုးထိုင်လိုက်သည်။ သူမနှင့်ကျွန်တော့်ကြားတွင် ကြားလေသွေးရုံမျှ ပလတ်စတစ်ခြင်းတစ်လုံးပါ ချထားနိုင်လောက်အောင် နေရာလပ်သွားသည်။ သူမ၏အကြည့်သည် သံမှုန့်ကို သံလိုက်က ကပ်အောင်ဆွဲနိုင်သကဲ့သို့သော အစွမ်းသတ္တိရှိသည်မှန်သော်လည်း ကျွန်တော်သည် ယောကျ်ားကောင်းတို့၏ စောင့်စည်းအပ်သော အကျင့်သိက္ခာနှင့်ညီစွာ သူမနှင့်အသားချင်း မထိအောင် နေခဲ့ခြင်း ဖြစ်သည်။

ကမ်းပေါ်မှလူတစ်ယောက်က သမ္ဗန်ဦးကြိုးကို ဖြုတ်ပေးပြီး ချိန်တွင် သမ္ဗန်သမားက တက်ဖြင့် ရေကိုယက်ကာ ကမ်းမှခွာနေသည်ကို သမင်လည်ပြန်အကြည့်တွင် တွေ့လိုက်ရ၏။ သမ္ဗန်သည် ရေကျကို ဦးတည်ပြီး ကမ်းနီးရေလယ်သို့ မျောပါစအပြုတွင် စက်နှိုးသံကြားလိုက်ရ၏။ စက်နှိုးပြီးနောက် သမ္ဗန်သည် အရှေ့မြောက်ဘက် စူးစူးသို့ ဦးတည် စပြုနေပြီ။

သူမသည် သမ္ဗန်မြောက်ဘက်တွင်ရှိပြီး ကျွန်တော်က တောင်ဘက်တွင် ရှိနေသည်။ သမ္ဗန်ထွက်စ ပြုချိန်မှာပင် ရေကျဦး နှင့်ပန်းဆိုးတန်းဆိပ်ကမ်းမှ ခွာသွားသော နိုင်ငံခြားသင်္ဘောတစ်စင်း၏ နေရာကိုကပ်ရန် ရေလယ်ရှိ နိုင်ငံခြားသင်္ဘောကြီးက ဥသြဆွဲ



ကျောက်နုတ်ကာ ရွေ့လျားလာသဖြင့် သမ္ဗန်မောင်းသူက နိုင်ငံခြား သင်္ဘောကြီးနှင့်လွတ်အောင် သမ္ဗန်ဦးကို လက်ဝဲဘက်သို့ ယိမ်း၍ စက်ရှိန် မြှင့်လိုက်သည်။

တစ်ချိန်တည်းမှာပင် ဥသြဆွဲသံကြောင့် ကျွန်တော်နောက်လှည့် ကြည့်လိုက်ရာ နိုင်ငံခြားသင်္ဘောကြီးနှင့် လမ်းကြောင်းလွတ်အောင် လက်ဝဲဘက်သို့ ရေဆန်ကိုစက်ရှိန်ဖြင့်တွန်းမောင်းလာသော ငါးဖမ်း စက်လှေကို တွေ့လိုက်ရ၏။

ကျွန်တော်ရှေ့သို့ ပြန်အလှည့်တွင် သမ္ဗန်ဦးသည် တရားလွန် လက်ဝဲဘက်သို့ လည်ထွက်စပြုပြီကို တွေ့ရ၏။ တစ်ချိန်တည်းမှာပင် ကျောက်ထွင်လာသော တွဲဆွဲသင်္ဘောတစ်စင်း၏ လက်ယာဘက် တံ့ကင်းတွဲသည် သမ္ဗန်ဦးရှေ့ရောက်လာ၏။

ကျွန်တော်သည် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း ကျွန်တော်၏လက်ဝဲဘက်ဘေးမှ သူမကို ဆွဲပွေ့ယူလိုက်မိ၏။ သူမ ကျွန်တော့်ရင်ခွင်ထဲရောက်ချိန်တွင် ''ဒိန်း'' ခနဲမြည်သံနှင့် အတူ တွဲဆွဲတံ့ကင်းသည် သမ္ဗန်ကိုလာဆောင့်လိုက်ပေပြီ။ သူမထိုင်နေသည့် နေရာအား လာဆောင့်ခြင်းဖြစ်၍ ကျွန်တော်သာ အချိန်မီဆွဲ မပွေ့လိုက် ပါက၊ အသက်အန္တရာယ်စိုးရိမ်ဖွယ် အခြေအနေ ရောက်သွားမည်မှာ ကေန်ဖြစ်သည်။

တစ်ပြိုင်တည်းမှာပင် တွဲဆွဲတံ့ကင်း၏ ဆောင့်တိုက်လိုက်သည့် အရှိန်ကြောင့် သမ္ဗန်ပါမှောက်သွား၏။ သမ္ဗန်မှောက်ပုံမည်မျှမြန်သနည်း ဆိုပါမူ ကျွန်တော့်ရင်ခွင်ထဲသို့ သူမကိုဆွဲပွေ့လိုက်ချိန်မှာပဲ သူမကို ပွေ့လျက်ကြီး ကျွန်တော်တို့နှစ်ယောက်ရေထဲ မြုပ်သွားခဲ့ခြင်းဖြစ်သည်။

ရေထဲမြုပ်သွားသွားချင်း သူမ၏အော်သံတစ်ချက်ကြားလိုက် ရပြီး ကျွန်တော့်လည်ပင်းကို သူ့မ၏လက်နှစ်ဖက်ဖြင့် ပွေ့ဖက်ထား တော်သေး၏။ သူမသည်ကြောက်အားလန့်အားဖြင့် ကျွန်တော့် လက်နှစ်ဖက်ပါသိမ်းဖက်မထား၍ တော်သေး၏။ ကျွန်တော်၏

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လက်ဖြင့် သူမ၏ကျဉ်သောခါးကို ဆွဲပွေ့ယူပြီး လက်ယာလက် ခြေယက်အား ခြေထောက်ရေကန်အားကို့ဖြင့် ရေပေါ်သို့ဆောင့် ထွက်လိုက်သည်။ ကျွန်တော်ရေပေါ် ''စ'' ပေါ်လာချိန်တွင် မြစ်ပြင်တစ်ခုလုံး အသံဗလံမျိုးစုံဖြင့် ညံနေပြီ။ ကျွန်တော့်ဘေးသို့ ငါးဖမ်းစက်လှေပေါ်မှ အသက်ကယ်ဘောကွင်းတစ်ခု ပစ်ချပေးသဖြင့် လှမ်းဆွဲပြီး သူမကိုစွပ်ပေးလိုက်မိ၏။ ပြီးတော့ခါးကိုပါလွှတ်ပေးလိုက်သည်။ သူမက အသက်ကယ်ဘောကွင်းစွပ်လျက် ရေတွေအန်ထုတ်နေသည်။

အနောက်ကောင်းကင်၏ ဝင်လုဆဲနေရောင်အောက်တွင် မြစ်ပြင်တစ်နေရာ၌ အသက်ကယ်ဘောကွင်းတွေ ဖွေးနေသည်။ ငါးဖမ်းစက်လှေလည်း စက်ရှိန်လျှော့ပြီး ရေဆန်တွန်းကာ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ပေးနေသည်။ ငါးဖမ်းစက်လှေနှင့် တွဲဆွဲသင်္ဘောတို့က အချိန်မီချပေးသော အသက်ကယ် ဘောကွင်းများကြောင့် တစ်ဦးတစ်ယောက်မျှမသေ။ မြုပ်သွားသော စက်တပ်သမ္ဗန်ကို ဝိုင်းဆယ်ပေးကြ၏။ အခြားစက်တပ်သမ္ဗန်တစ်စင်းဖြင့် ကျွန်တော်တို့အားလုံး ကမာကသွယ်သမ္ဗန်ဆိပ်သို့ ပြန်ရောက်လာကြ၏။

သူမသည် ကမာကသွယ်သမ္ဗန်ဆိပ်သို့အပြန်တွင် ပဲ့ပိုင်းသို့ ရောက်နေ၏။ ကျွန်တော်က ဦးပိုင်းတွင်ရှိ၏။ ကျွန်တော်က သူမကို သမင်လည်ပြန်လှည့်ကြည့်တော့ အကြည့်ချင်းဆုံပြီး ရှက်စနိုးဖြင့် ခေါင်းငုံ့သွား၏။ ကျွန်တော့်ရင်ခွင်ထဲတွင် နေခဲ့ရသည့်အချိန်ကာလများကို ရှက်နေသည်ထင်၏။

ကမာကသွယ်သမ္ဗန်ဆိပ်ရောက်တော့ ကျွန်တော်အရင်ဆင်းပြီး ကမ်းပေါ်တက်ရပ်နေလိုက်၏။ လူအားလုံးတက်လာပြီးနောက် နောက်ဆုံးမှ သူမတက်လာသည်။ လက်ဆွဲခြင်းပါမလာတော့။ ကျွန်တော့်ဘေးတွင် ယှဉ်ရပ်ပြီး မျက်တောင်ကော့ကြီးများကို ပုတ်ခတ်၍မဝံ့မရဲကြည့်သည်။



ကျွန်တော့် အနေဖြင့် သူမကိုစေ့စေ့မကြည့်ရဲတော့။ တစ်ကိုယ်လုံးရေစိုနေသည် မဟုတ်လား။

ကျွန်တော့်အား မဝံ့မရဲအကြည့်နှင့်အတူ၊ အနားကပ်ပြီး တိုးလျှစွာ စကားဆိုသည်။

'' ကျေးဇူးတင်တယ် အစ်ကို၊ ခဏလေးစောင့်နော်''

သူမသည် သမင်ပျိုမလို ကျွန်တော့်အပါးမှ ချက်ချင်းထွက်ပြေးသွား၏။ သူမအသံက တိုးလျှလွန်းသဖြင့်၊ ''ခဏလေးစောင့်နော်'' ဟုဆိုစကားသည် နားကြားမှားသည်ဟုထင်မိ၏။

ကျွန်တော်သည် အပါးမှအမြန်ပြေးသွားသော သူမ၏ကျောပြင်ကို မျက်မိတစ်ဆုံးငေးကြည့်ရင်း ထိုနေရာ၌ပင် ငူငူငိုင်ငိုင်ရပ်နေမိ၏။ ကြုံကြုံဖန်ဖန် တိုက်တိုက်ဆိုင်ဆိုင် ကြုံတွေ့ခဲ့ရပုံလေးကို ပြန်တွေးနေမိ၏။ တွေ့ဆုံပုံက ရုပ်ရှင်ဆန်နေသည်။

ငါးမိနစ်ကျော်ကျော်ခန့်အကြာ သူမပြန်ရောက်လာသည်။ ရေစိုအဝတ်နှင့် မဟုတ်တော့။ ပန်းနုရောင်ရှန်သား အင်္ကျီလက်ရှည်နှင့် ပန်းရောင်တက်ထရွန်ထဘီ ဝတ်ထားသည်။ လက်ထဲတွင် ပလတ်စတစ် လက်ဆွဲခြင်း အဝါရောင်တစ်လုံးကိုင်လာသည်။

ကျွန်တော့်နားရောက်တော့ မဝံ့မရဲကြည့်ပြီး ပြုံးပြ၏။ ကျွန်တော်ကလည်း ပြန်ပြုံးပြလိုက်မိသည်။

''ရော့ အစ်ကို ဒီဖိနပ်နဲ့ဒီပုဆိုးက သီတင်းကျွတ်ရင် ဆေးရုံက ဆရာကိုကန်တော့ဖို့ မြလခထုတ်တုန်းကဝယ်ထားတာ၊ အစ်ကို ကံကောင်းသွားတာပေါ့၊ ပုဆိုးကချုပ်ပြီးသားမို့ အဆင်သင့်ပဲပေါ့၊ အင်္ကျီက ကိုစိုးအင်္ကျီယူလာတာ လဲဝတ်လိုက်အစ်ကို''

မြဆိုသော မိန်းကလေးစကားကြားရတော့မှ၊ ကျွန်တော့်တိုယ်ကျွန်တော် ဖိနပ်မရှိတော့သည်ကို၊ သတိထားမိသည်။ ဒေါ်စောက၊ သူမလည်း ဖိနပ်ပါဟန်မတူ၊ ခုတော့သားရေဖိနပ်အနီရောင်စီးလို့၊ သူမပေးသော ဖိနပ်ကလေးက သည်းကြိုးပြာပြား အနီရောင်ဖိနပ်ကလေး

www.burmeseclassic.com

www.burmeseclassic.com



နံ့ပါတ်ရှစ်၊ ကျွန်တော်စီးနေကျနံ့ပါတ် ပုဆိုးက အစိမ်းကွက်ကျဲ၊ ညိုပြာကချင်ပုဆိုး၊ အင်္ကျီက နို့စိမ်းရောင် စပို့ရှပ်အင်္ကျီအဟောင်း။

ကျွန်တော်သည် မြဆိုသော မိန်းကလေးပေးသည့် ပစ္စည်းများကို လက်ထဲကိုင် ငိုင်တွေနေမိသည်။ ဆရာသမားကို၊ ကန်တော့မည့် ပစ္စည်း ကျွန်တော်မဝတ်ရက် မစီးရက်။ အဝတ်စုံနှင့်ပဲ ပြန်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။

''ညီမပစ္စည်းတွေပြန်ယူသွားပါ၊ ကျွန်တော်ဒီအတိုင်းပဲ ပြန်ပါရစေ''

''အို မဟုတ်တာရှင်၊ ရေစိုအဝတ်တွေနဲ့ အအေးပတ်ဖျားနာနေပါဦးမယ်၊ လဲဝတ်လိုက်နော်''

ကျွန်တော်ပြန်ပေးသည်ကို သူမက လက်မခံဘဲ လဲဝတ်ဖို့ တိုက်တွန်းပြန်သည်။ သူမမျက်ဝန်းဆီ ကျွန်တော့်ကြည့်မိတော့ သူမမျက်ဝန်းတွင် စိုးရိမ်စိတ်တွေ၊ အထင်သားတွေ့ရသည်။

''ဆရာကန်တော့မယ့်ပစ္စည်းတွေ ဝတ်ရစီးရမှာ ကျွန်တော်အရမ်းအားနာလို့ပါ''

''ကိစ္စမရှိပါဘူးအစ်ကို မြပြန်ဝယ်ပြီး ကန်တော့မှာပေါ့၊ ခုလောလောဆယ် အစ်ကိုမဖျားဖို့ မနာဖို့က အရေးကြီးတာ လဲဝတ်လိုက်နော်''

တော်သေး၏။ မိုးချုပ်စပြုပြီဖြစ်၍ ရန်ကုန်ဘက်သွားမည့်သူနည်းနေ၏။ ကမာကသွယ်ဆိပ်ကမ်းတွင် လူရှင်းနေ၏။ ရန်ကုန်ဘက်ကူးမည့်သမ္ဗန်ပေါ်တွင် လူအချို့ရောက်နေပြီ။ ရန်ကုန်ဘက်မှအလာသမ္ဗန်ပေါ်ဝယ် လူမရှိသလောက်ဖြစ်၏။ သို့မဟုတ်ပါက သူမကို အရမ်းအားနာဖို့ ကောင်းပေရော့မည်။

သူမက အတင်းတိုက်တွန်းနေတော့ ကချင်ပုဆိုးကို တံဆိပ်ခွာပြီး ရေစိုပုဆိုးနှင့် လဲဝတ်လိုက်၏။ လည်ကတုံးအင်္ကျီဖြူကိုချွတ်ပြီး၊ စပို့ရှပ် အင်္ကျီကိုဝတ်လိုက်သည်။ သားရေဖိနပ်ကို တံဆိပ်ခွာစီးပြီးတော့၊ ရေစိုအဝတ်များကို ရေညှစ်လိုက်၏။



''အဲဒီအဝတ်တွေ မြကိုပေးလိုက်မလား၊ မြလျှော်ပေးမယ်လေ''

''နေပါစေ ရပါတယ်''

''သုံးယောက်လို သုံးယောက်လို သုံးယောက်ပြည့်တာနဲ့ ထွက်မယ်''

သမ္ဗန်သမား၏ လှမ်းအော်သံကြောင့် သူမသမ္ဗန်ဆီ ဆင်းသွားသည်။ ကျွန်တော်ကလိုနေသော လူတစ်ယောက်အလာကို စောင့်နေမိ၏။ သမ္ဗန်သမား၏ ''နှစ်ယောက်လို'' ဟု အော်သံ ဆက်တိုက်ကြားနေရသည်။ သမ္ဗန်ဆိပ်သို့ လူရွယ်တစ်ယောက် ဆင်းလာသည်ကို တွေ့ရသဖြင့် ကျွန်တော်သမ္ဗန်ဆီ ဆင်းလာခဲ့၏။ သမ္ဗာန်ဦးပိုင်းရှိ လွတ်နေသည့် ခုံတန်းပေါ်၌ သူမ၏ရှေ့တွင် ကျွန်တော် ထိုင်လိုက်သည်။ ကျွန်တော့်ဘေးတွင် နောက်မှ လူရွယ်လာထိုင်သည်။

သမ္ဗန်သည်ကမ်းမှခွာ၍ စက်နိုးကာ စဉ့်အိုးတန်းဆိပ်ကမ်းဆီသို့ ထွက်လာ၏။ ကျွန်တော်တို့ သမ္ဗန်ကိုတိုက်ခဲ့သော တွဲဆွဲသင်္ဘော နားအရောက်တွင် ကျွန်တော်နောက်ပြန်လှည့်၍ သူမကို ကြည့်ဖြစ်၏။ အကြည့်ချင်းဆုံတော့ ရင်ထဲတွင်ကြည်နူးမှု လှိုင်းကြက်ခွပ်များ ဖြစ်ပေါ်လာပြန်သည်။

သူမစကားမဆို တစ်ချက်ထပ်ကြည့်ပြီး ခေါင်းငုံ့သွား၏၊ တွဲဆွဲသင်္ဘောကျောက်ထွင်လာသည်ကို မသိကြသည့် သမ္ဗန်သမားနှင့် တွဲဆွဲသင်္ဘောပေါ်မှ သင်္ဘောသားများ၊ တွဲသားများအကြောင်း ကျွန်တော် တွေးကြည့်နေမိ၏။

သမ္ဗန်သမားကတော့ ထားလိုက်ပါတော့၊ နိုင်ငံခြားသင်္ဘောကြီး၏ အန္တရာယ်လွတ်အောင် ရေဆန်ကိုအရှိန်ဖြင့် ခုတ်မောင်းလာသော ဒီးဇယ်စက်လှေ၏ အန္တရာယ်မှလွတ်အောင် ကြိုးစားတိမ်းရှောင်နေရသဖြင့် တွဲဆွဲသင်္ဘောကျောက်ထွင်လာသည်ကို သတိမထားမိခြင်း ဖြစ်ပေလိမ့်မည်။ တကယ်တော့ သမ္ဗန်ဖြစ်ဖြစ် လှေဖြစ်ဖြစ် ပဲ့ထောင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖြစ် ဘောက်တူဖြစ်ဖြစ် လွှာချင်းရေယာဉ်ဖြစ်ဖြစ် နှစ်ထပ်ရေယာ ဖြစ်ဖြစ် နိုင်ငံခြားသင်္ဘောဖြစ်ဖြစ် ရေယာဉ်မောင်းသူမှန်သမျှသည် မျက်စိကိုဖွင့် နားကိုစွင့်ထားရမည်သာဖြစ်သည်။ ဖြစ်ပေါ်လာမည့် အန္တရာယ်ကို ကြိုတင်မှန်းဆ တွက်ချက်တတ်ရမည်။ ဖျံလိုလျှ လင်းယုန်လို အမြင်အားကောင်းကာ သိမ်းငှက်လို မျက်စိရှင်ရမည် အတောင်နှင့်နားအာရုံကြောတို့ဖြင့် အတွေ့အထိ အကြားအားကော သည့် လင်းနို့လို နားပါးဖို့လိုသည်။ ရေယာဉ်မောင်းသူများသည် ခရီးသည်များ၏အသက်ကို ဝကွက်အပ်နှံခံရသူများ မဟုတ်ပါလော။

တွဲဆွဲသင်္ဘောမှ သင်္ဘောသားများနှင့် တွဲသားများအခန်း ကျောက်ထွင်သည်ကို သိဖို့ကောင်း၏။ ရေလယ်တွင် ကျောက်ချထားသည့် သင်္ဘောကို ကမ်းတွင်ကပ်ထားသည့်သင်္ဘောထက် အစစအရာရာ ပိုဂရုစိုက်ရ၏။ ရေလှည့်ကို ကြည့်ရ၏။ ကျောက်ကြိုးငြိ မငြိကြည့်ရ ကျောက်ထွင် မထွင်သတိထားရ၏။ စောစောက တွဲဆွဲသင်္ဘော သင်္ဘောသားများနှင့် တွဲသားများသည် ကျောက်ထွင်သည်ကို မသိ ကြခြင်းမှာ၊ ကေနှ သင်္ဘောပေါ်တွင် ဖဲရိုက်နေကြ၍ ဖြစ်ပေလိမ့်မည် ဖဲဖောကပ်နေလျှင် ဘာမျှဂရုမစိုက်တတ်ဘူး မဟုတ်လား။

ကျွန်တော်၏ အတွေးမဆုံးမီပင် စက်တပ်သမ္ဗန်သည် စဉ့်အို တန်းဆိပ်ကမ်းသမ္ဗန်ဆိပ်သို့ ဆိုက်ပေပြီ။ ကျွန်တော်က သမ္ဗန်ဦးပိုင်း ထိုင်လိုက်လာသူဖြစ်၍ အလျင်ဆင်းရ၏။ ကျွန်တော့်ဘေးမှ လူ ကျွန်တော့်ရှေ့မှဆင်းသွား၏။ ကျွန်တော်ကမ်းပေါ်ရောက်ချိန်တွင် သူ သည်လည်းကမ်းပေါ် ရောက်လာပေပြီ။ ကျွန်တော့်နောက်မှ ကပ်လိုက် လာခြင်းဖြစ်ပေလိမ့်မည်။

ကျွန်တော့်ကို တစ်ချက်ပြုံးပြပြီးကြည့်ရာ အကြည့်ချင်းဆုံမိ သည်။ ရင်ထဲ၌ ရင်ခုန်မှုလှိုင်းများ လိပ်တက်လာပြန်သည်။

"သွားတော့မယ်နော် "



ထိုမျှစကားဆို၍ ကမ်းနားလမ်းမကြီးဘက် ထွက်သွားပေပြီ။ ကျွန်တော်ကျောက်ဆစ်ရုပ်လို ရပ်နေမိ၏။ ရင်ထဲတွင် လစ်ဟာမှုနှင့် အတူ သူမကို တမ်းတမြင်ယောင်နေမိ၏။ ကျွန်တော်အပြေးလိုက်၍ သူမကိုရှာကြည့်ပေမယ့်မတွေ့တော့။

သူမကိုမတွေ့တော့လေ ရင်ထဲတွင်တွေ့လိုစိတ်သည် ချင်ခြင်း သပ်သကဲ့သို့ ခံစားလာရ၏။ ရင်တစ်ခုလုံး အရိပ်မဲ့နွေကန္တာလို ခြောက် သယောင်းပူလောင်စွာ ခံစားလာရ၏။

ကျွန်တော်ဘာလုပ်၍ ဘာကိုင်ရမှန်းမသိ။ ကမ်းနားလမ်းတစ် လျှောက် ကျီးကန်းမျက်လုံးဖြင့် သူမကိုရှာနေမိ၏။ ရင်ထဲတွင် ရေထဲ၌ သက်ပန်းကျသူလို မလှုပ်ချင်လောက်အောင် မောဟိုက်စွာ ခံစားလာ ရ၏။ အမိပ္ပာယ်မဲ့သော အလုပ်မှန်းသိလင့်ကစား သူမကိုရှာချင် နေမိ သည်။ ကားမှတ်တိုင်တွင် အဓိပ္ပါယ်မဲ့ အကြာကြီးရပ်ကာ သူမကို ရှာနေမိ၏။ နောက်ဆုံးမှ စိတ်ကိုစုစည်းကာ နုဒီဒေဝီသို့ပြန်ခဲ့၏။

နုဒီဒေဝီအရောက်တွင် ဆရာ့အခန်းဝင်ပြီးလှဲအိပ်ကာ သူမ အကြောင်းကို စဉ်းစားနေမိ၏။ ရင်ခွင်ထဲတွင် ပွေ့ယူခဲ့သော ကာလများ၏ အတွေ့အထိသည် အာရုံ၌မရှိ။ သူမနှင့်အကြည့်ချင်းဆုံခဲ့ရမှုများ သူမ၏ အပြုအမူအပြောအဆိုတို့သည် တောင်ဇလပ်ပန်းထုပ်သည့် ဖက်လို ကျွန်တော့်စိတ်၌ နှစ်လိုစွာ မွှေးပျံ့စွာ ကျန်ခဲ့၏။

စေ့စေ့တွေးမိလေ ကိုယ့်ကိုယ်ကိုယ်လည်း မကျေမနပ်ဖြစ်လာ မိသည်။ ဆွံ့အလွန်းသော နှုတ်ကိုလည်း အပြစ်ပို့မိ၏။ သူမစကားအရ "မြ" ဟုသာသိရသည်။ နာမည်အပြည့်အစုံမမေးမိ အလုပ်မမေးမိ၊ လိပ်စာမမေးမိ။ ကိုယ့်နာမည်ကိုပင် ကိုယ်မပြောမိ။

တုံးလိုက်သည့်ကောင်၊ အဝတ်လျှော်ပေးမည်။ ပေးလိုက်မလား မေးသည်ကိုပင် အဆက်အသွယ်ရအောင် မပေးလိုက်မိ။

www.burmeseclassic.com

www.burmeseclassic.com



တုံးလွန်းတော့လည်း သေအောင်ခံစားပေဦးပေါ့။ သူမကြောင့် ကျွန်တော်ရင်ထဲတွင် သဘောကြီး အပွတ်ခံရသည့်အမှန်လို့ လူးနေအောင်ခံစားနေရပြီ။ စားချင်စိတ်သောက်ချင်စိတ်မရှိ။ အချိန်ရှိ သရွေ့အာရုံတွင် သူမသာစွဲထင်နေခဲ့ပြီ။

လှိုင်းသိပ်၍ အမြဲအိပ်ပျော်တတ်သော ကျွန်တော်သည် ထိုညက အိပ်မပျော်ခဲ့။ သူမသည် အိပ်မရအောင် ကလူကျီစယ်ခဲ့သည်ပဲ။

## (ရှစ်) ရင်ခုန်ရသော နေ့ရက်များ

သဘောတွက်ရမည့်နေ့မို့ အလုပ်တွေရှုပ်နေသည်။ ညက အိပ်ရေးပျက်ထားသဖြင့် လန်းဆန်းမှုမရှိ။ ပင်ပန်းနွမ်းနယ်နေလင့်ကစား သဘောတွက်နိုင်အောင် မလုပ်ချင်လုပ်ချင် လုပ်နေရသည်။ စိတ်လိုလက်ရ မဟုတ်၍လည်း လုပ်သမျှယခင်လို လျောလျောလျူလျူမဖြစ်။ အထစ်ထစ် အငေါ့ငေါ့ အမှားမှား အယွင်းယွင်းဖြင့်သာ ပြီးစီးခဲ့ရသည်။

ညကတစ်ညလုံးမအိပ်ရလင့်ကစား အိပ်ချင်စိတ်မရှိ။ အာရုံတွင် မြဲဆိုသော သူမကသာ စိုးမိုးနေခဲ့၏။ သဘောသားအဖို့ အအိပ်အနေပျက်ခြင်းကား ဆန်းလှသည့်တော့မဟုတ်။ တကယ်တော့ လုပ်သမျှအလုပ် အဆင်မပြေရခြင်းသည် အိပ်ရေးပျက်ခဲ့ခြင်းကြောင့်မဟုတ်။ သူမကြောင့်သာဖြစ်သည်ကို ကျွန်တော့်ဘာသာ သိသည်။

ရန်ကုန်မှ ပြင်စလူထွက်လာတော့ သူမကိုသတိရ အောက်မေ့မှုများသည် သဘောသွားလမ်းကြောင်းလို အထင်သားပေါ်လာခဲ့၏။ သဘောသွားလမ်းကြောင်းက ခဏသာဖြစ်တည်မည်ဖြစ်သော်လည်း ကျွန်တော့်ရင်ထဲ နှလုံးသည်းပွတ်ထဲ၌ ဖြစ်ပေါ်နေသော သူမကို သတိရအောက်မေ့မှု အထင်းအစွန်း လမ်းကြောင်းကြီးက တာဝရ ဖြစ်တည်နေမည်လားမသိ။



ကျွန်တော်သည် သူမကို စိတ်ဝင်တစား စွဲလမ်းနေခြင်းနှင့် ပတ်သက်၍ အနှလုံးပဋိလုံ စဉ်းစားနေမိ၏။ သူမကို ဘာ့ကြောင့် စွဲလမ်းနေရသလဲဟူသော မေးခွန်း၏အဖြေကို ရှာမိ၏။

ချစ်စရာ မျက်နှာလေးကြောင့်လား။ ဆွဲဆောင်မှုရှိသည့် ကိုယ်ကာယ အလှကြောင့်လား။ ချိုမြသော ဆည်းလည်းလှုပ်ခတ်သံပိုင်ရှင်မို့လား။ ချိုစကားတွေ ခွန်းသိတတ်၍လား။ သူမ၏ အရည်လဲ့သော မျက်နက်ဝန်း အကြည့်ကြောင့်လား။ စာနာတတ်၍လား။ ကြင်နာတတ်၍လား။ အဖြေသည် ရေရေရာရာ တိတိကျကျမထွက်။ သို့စင်လျက် ဤအရာအားလုံး သူမပိုင်ဆိုင်ထားမှန်းတော့ ကျွန်တော်သိ၏။

သူမ၏အလှသည် သီတာဦး၏ အလှနှင့်ယှဉ်လျှင် ယုတ်လျော့ချည်ဟုမထင်။ သီတာဦးလို မျက်နှာရော ကိုယ်လုံးပါ ချောမွတ်လှပ အချိုးကျနေသည်ကို ကျွန်တော် သိပါ၏။ သူမသည် ကျွန်တော့်အောက် တနှစ်နှစ်နှစ်ခန့်သာ ငယ်ပေလိမ့်မည်။ သီတာဦးထက်မူ ငါးနှစ်ခန့်ကြီးပေလိမ့်မည်။ သီတာဦး၏ အလှသည် ငယ်ဂုဏ်ကြောင့် ပွင့်တော့မည့် နှင်းဆီလို ဖူးကြွနုရွလှပနေသကဲ့သို့ သူမ၏အလှကလည်း ခင်ပေါ်ပွင့်စ နှင်းဆီလို ငွါးစွင့်ကြွားဝင့် တင့်တယ်လှပနေဆဲဖြစ်သည်။

သည်အာရုံ၌ အမှန်ကပ်ငြိရှုံးမှန်ပါက ငယ်ဂုဏ်ရှိသည့် သီတာဦးကိုသာလျှင် စိတ်ဝင်တစား စွဲလမ်းဖို့ကောင်းသည်ပဲ။ အခြားသော အကြောင်းခြင်းရာများကို နှိုင်းယှဉ်ပါကလည်း သီတာဦးနှင့်သူမ မတိမ်းမယိမ်းသာ ရှိပေလိမ့်မည်။

တစ်ခုတော့ရှိသည်။ သီတာဦးသည် ကျွန်တော့်လက်ပေါ်တွင် ကြီးခဲ့သူ။ ကျွန်တော်နှင့်တွေ့စက ကလေးလေးမျှသာ။ သီတာဦး၏ ကြည့်ခဲ့သော အကြည့်များသည် ကလေးဖြစ်၍ အကြည့်ချင်း ဆုံမိဖူးသော်လည်း ကျောက်တိုင်ကို လေးတိုးသကဲ့သို့ ဘာမျှအရာမထင် ဘာမျှမဖြစ်ခဲ့။ မခံစားခဲ့ရ။ အပျိုကြီးဖားဖားဖြစ် အလှရွေးတွေကြွယ်

www.burmeseclassic.com

www.burmeseclassic.com



လာတော့ သီတာဦးနှင့် အကြည့်ချင်း မဆုံလေအောင် ကျွန်တော် သွဲ့ဖယ်ရှောင်ရှားခဲ့သည်သာ။ ဆရာ့မျက်နှာထောက်ထားပြီး အနေအထိုင် အပြောအဆို ဆင်ခြင်ခဲ့၍လည်း ရင်းတွင်းလှုပ်ခတ်မှု မဖြစ်ခဲ့။ ရင်ခုန်မှု မဖြစ်ခဲ့။

ရန်ကုန်ဆိပ်ကမ်းနှင့် နဒီဒေဝီပေါ်တွင် မြောက်မြားစွာသော လှပချောမောသည့် မိန်းကလေးများကို တွေ့ခဲ့စဉ်ကလည်း သူမနှင့် တွေ့လိုက်စဉ်ကကဲ့သို့ ရင်မခုန်ဖူးခဲ့။ မတမ်းဆွတ်ဖူးခဲ့။ မအောက်မေ့ ဖူးခဲ့။ သူမအား ထိတွေ့ပွေ့ဖက်ကာ ရင်ခွင်တွင်ထားခဲ့ဖူးသော အသွေး အသား အတွေ့အထိကြောင့် စွဲမက်ခဲ့ လေသလားဟု အကြိမ်ကြိမ် စောကြောခဲ့မိ၏။ သမ္မန်ပေါ်တွင် ကျွန်တော့်အနေဖြင့် သူမအပေါ်ကျ ရောက်မည့် ဘေးအန္တရာယ်မှ ကာကွယ်ခဲ့ခြင်းဖြစ်သလို ရေထဲ၌လည်း ရင်ခွင်ကြားမှ တစ်ဆင့် ကျွန်တော့်လည်ပင်းကို ဖက်တွယ်လိုက်သဖြင့် ရင်ချင်းအပ် ပါးချင်းထပ် ခန္ဓာကိုယ်ချင်းအပ်ခဲ့သော်လည်း အသက် အန္တရာယ်လုနေချိန်မို့ အသက်ရှင်သန်ရေးမှတစ်ပါး အခြားဘာအာရုံမျှ မရှိ။

– နောက်ဆုံးအဖြေက သူမ၏ အလှအပ ချစ်ဖြတ်နိုးဖွယ် အကြည့်နှင့် တနာတတ် ကြင်နာတတ်သော အငွေ့အသက်တို့ကြောင့်သာ စွဲလမ်း တမ်းတနေမိခြင်းဖြစ်သည်ဟု နားလည်လိုက်မိ၏။

ပြီးခဲ့သည့်အခေါက်က ဆရာဦးခင်မောင်ဦးနေထိုင်မကောင်း သဖြင့် ပြင်စလူဆရာ့အိမ်တွင် နားနေခဲ့ရန် ကျွန်တော်က ပြောခဲ့ပေမယ့် ဆရာလက်မခံ။ ရေယာဉ်အုပ်သည် ရေယာဉ်နှင့် ခွဲမနေရ။ ရေယာဉ်မှ ဆင်းလိုသော် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားရေးမှူးဦးစီးဌာန၏ တရားဝင်ခွင့်ပြုချက်ဖြင့်သာ ဆင်းခွင့်ရှိသည်။ ရေယာဉ်ကို ကျွမ်းကျင်မှု လက်မှတ်မရှိသူ မောင်းနှင်ခွင့်မရှိဟူသော စည်းကမ်းချက်များကို ဆရာက မျက်ကွယ်ပြုတတ်သူ မဟုတ်။ ထို့ကြောင့်လည်း ဆရာသည် နေမကောင်း လျက်က၊ နဒီဒေဝီပေါ်မှ ဆင်းမနေရစ်ဘဲလိုက်ပါလာခဲ့သည်။



တော်သေးသည်။ ထိုသို့ ဆရာလိုက်ပါခဲ့၍ တော်သေးသည်။ ဆရာသာ ပြင်စလူတွင် ဆင်းနေရစ်ခဲ့လျှင် အခက်။

သူမကြောင့် ညကအိပ်ရေးပျက်ခဲ့သော ကျွန်တော်သည် ရေယာဉ်မောင်း၍မဖြစ်။ ပြီးတော့ အာရုံတွင် သူမသည် ဖျက်မရအောင် စွဲထင်နေသည် မဟုတ်လား။ သူမကြောင့် ပို၍ ရေယာဉ်မောင်း၍ မဖြစ်။ ရေယာဉ်ပေါ်တွင် လိုက်ပါလာကြသော ခရီးသည်အားလုံး၏ အသက် သည် ရေယာဉ်မောင်းသူထံ ဝကွက်အပ်နှံထားသည် မဟုတ်လား။

ရေယာဉ်မောင်းမှု အတတ်ပညာကိုတော့ ဆရာဦးခင်မောင်ဦး ၏ လက်ထပ်သင်ပြပေးမှုကြောင့် ပတ်ကားရေယာဉ်အုပ်နီးပါး ကျွမ်း ကျင်နေပါပြီ။ ဆရာ့ခြေရာကိုမူ မမီသေးပါ။ မှီဖို့မလွယ်ပါ။ ဆရာ့ ခြေရာနင်းနိုင်ဖို့ လွယ်လှသည်တော့မဟုတ်ပါ။ ဆရာသည် ပထမတန်း ရေယာဉ်အုပ် ဖြစ်နေသည်မှာ ကြာပြီ။ တကယ်တော့ ဆရာ့ပညာသည် နဒီဒေဝီလို လှချင်း (တစ်ထပ်) သင်္ဘောမျိုးနှင့်မတန်ဟု ကျွန်တော်ထင် ပါသည်။ ဆရာ့လို ပထမတန်းရေယာဉ်အုပ်တွေက နဒီဒေဝီလို သင်္ဘောမျိုးမောင်းခဲသည်။ မမောင်းလိုကြ။ နှစ်ထပ် သင်္ဘောကြီးတွေသာ မောင်းချင်ကြသည်။ မောင်းနေကြသည်။

ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနကလည်း သင်္ဘောအင်ဂျင်မြင်းကောင်ရေအလိုက် မောင်းနှင်နိုင်ရန် ရေယာဉ်အုပ်နှင့် စက်ခန်းအုပ်များကို အတန်းလိုက် ခွဲခြားထားပါသည်။ တတိယတန်း ရေယာဉ်အုပ်၊ စက်ခန်းအုပ်များကို မြင်းကောင်ရေ ၂၂၆ ကောင်အား ထက်မပိုသော ရေယာဉ်မျိုးကိုသာ မောင်းနှင်ခွင့်ပြုပါသည်။ ဒုတိယတန်း ရေယာဉ်အုပ်နှင့် စက်ခန်းအုပ်တို့ကိုတော့ မြင်းကောင်ရေ ၅၆၅ကောင် ထက်မပိုသော ရေယာဉ်များကိုသာ မောင်းနှင်ခွင့်ပြု ပါသည်။ ပထမတန်း ရေယာဉ်အုပ်နှင့် စက်ခန်းအုပ်များသည် ပြည်တွင်းရေကြောင်းတွင် မြင်းကောင်ရေ သတ်မှတ်ချက်မရှိဘဲ မည်သည့် မြင်းကောင်ရေ

www.burmeseclassic.com

www.burmeseclassic.com



အင်အားရှိသည့် ရေယာဉ်ကိုမဆို မောင်းနှင်ခွင့် ရှိပါသည်။ မောင်းနှင်နိုင်ပါသည်။

တကယ်တော့ ပထမတန်း ရေယာဉ်အုပ်၊ စက်ခန်းအုပ်ဖြစ်ဖို့ သည် လွယ်ကူလှသည် မဟုတ်ပါ။ ရေကြောင်းပညာအရပ်ရပ်ကို ကျွမ်းကျင်နှံ့စပ်နေသော်လည်း ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနက ကျင်းပပေးသော ပထမတန်းရေယာဉ်အုပ် စက်ခန်းအုပ် စာမေးပွဲ မဖြေဆိုပါက မအောင်မြင်ပါက ပထမတန်းရေယာဉ်အုပ်၊ စက်ခန်းအုပ် ဖြစ်မည်မဟုတ်ပါ။ ထိုဌာနမှ ထုတ်ပေးသော ပထမတန်း ရေယာဉ်အုပ်၊ စက်ခန်းအုပ် ကျွမ်းကျင်မှုလက်မှတ် ရရှိမည်မဟုတ်ပါ။ ပထမတန်း ရေယာဉ်အုပ်၊ စက်ခန်းအုပ် တစ်ယောက်ဖြစ်ဖို့အတွက် ရေကြောင်း ပညာအရပ်ရပ်၊ ကျွမ်းကျင်နှံ့စပ် လိမ္မာရမည်ဖြစ်သလို စာမေးပွဲလည်း အောင်အောင်ဖြေနိုင်ဖို့ လိုပါသည်။ စာမေးပွဲအောင်အောင် မဖြေနိုင်သဖြင့် ဒုတိယတန်း ရေယာဉ်အုပ်၊ စက်ခန်းအုပ်၊ တတိယတန်း ရေယာဉ်အုပ်၊ စက်ခန်းအုပ်ဘဝတွင် သောင်တင်နေကြသူ များစွာရှိပါသည်။

ဆရာသည် ပြည်တွင်းရေကြောင်းသွားသင်္ဘောများတွင် မြင်းကောင်ရေ အများဆုံး၊ သင်္ဘောများကို မောင်းနှင်ခဲ့ဖူးသူဖြစ်ကြောင်း မင်းဆန်းရေယာဉ်အုပ်၊ ပထမတန်း ရေယာဉ်အုပ် ဦးဝင်းကြည် ပြောပြသဖြင့် ကျွန်တော်သိပါသည်။

ယခုတော့ ဆရာသည် မြင်းကောင်ရေ (၁၀၀) အေအီးစီ အင်ဂျင် တပ်ဆင်ထားသည့် နဒီဒေဝီလို လှော်ချင်းသင်္ဘောငယ်တွင်၊ အရိုးထုတ်တော့မည့်ပုံ ရှိသည်။ ကျွန်တော်လေ့လာရမိသလောက်၊ ဆရာသည် နဒီဒေဝီသင်္ဘောပိုင်ရှင် ဦးမြင့်ဦးကို တွယ်တာသလို ဦးမြင့်ဦးကလည်း ဆရာ့ကို လေးစားချစ်ခင် အားကိုးပုံ ပေါ်သည်။ တစ်ယောက်နှင့်တစ်ယောက် နားလည်မှုရှိရှိ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ၊ ဆက်ဆံ



နေကြတော့ ဦးမြင့်ဦးအတွက်လည်း စီးပွားဖြစ်သည်။ ဆရာ့အတွက်လည်း နေပျော်သည်။ ဆရာသည် စာရေး ကိုဝင်းမောင် ထက်ပင် ဦးမြင့်ဦး၏ လေးစားချစ်ခင်မှု ခံရသူဖြစ်သည်။ နဒီဒေဝီသည် ဆရာ့ခြေ ဆရာ့လက်သာဖြစ်သည်။ နဒီဒေဝီတွင် အခြားသော သင်္ဘောများ၌ တွေ့နိုင်ခဲသော ရေယာဉ်အုပ်နှင့် စက်ခန်းအုပ် ဆက်ဆံရေးသည် ပြေပြစ်ချောမောရုံမက၊ ဖြောင့်ဖြူးသာယာနေသည်။ ဆရာနှင့် စက်ခန်းအုပ် ကိုသန်းထိုက်တို့သည် ကျီးဘုတ် ရှိသေ ဘုတ်ကျီး ရှိသေနေထိုင်ခဲ့ကြသည်။ ကိုသန်းထိုက်သည် လူငယ်ဖြစ်ပြီး ကျွန်တော့်ထက် အသက်နှစ်နှစ် သုံးနှစ် ခန့်သာကြီးပေလိမ့်မည်။

စက်ခန်းအုပ် ကိုသန်းထိုက်သည် လူလည်း လူငယ်၊ တတိယတန်း စက်ခန်းအုပ်လည်းဖြစ်၍ ဆရာ့ကို ကျွန်တော်တို့ကဲ့သို့ပင် ချစ်ခင် လေးစားသူ ဖြစ်ပါသည်။

ရန်ကုန်အထွက်တွင် နဒီဒေဝီကို ဆရာ ဦးခင်မောင်ဦး ကိုယ်တိုင် မောင်းလာခဲ့သည်။ ကျွန်တော့်အား မောင်းခိုင်းလျှင်လည်း တစ်ညလုံး မအိပ်ခဲ့ရ၍ တစ်ကြောင်း၊ မြကေ. စိုးမိုးနေ၍ တစ်ကြောင်း အန္တရာယ်များလှသည့်အတွက် အိပ်ရေးပျက်သည်ကို အကြောင်းပြပြီး၊ မမောင်းပါရစေနှင့်ဟု ဆရာ့ကို တောင်းပန်မည်ဖြစ်သည်။

နေ့လယ်ပိုင်းက တစ်ရေးမျှ အိပ်လိုက်ရ၍သာ တော်တော့သည်။ ရိုဝေထုံထိုင်းနွမ်းနယ်မှုက မကင်းစင်သေး။ ရေယာဉ် တွံတေးတူးမြောင်းထဲဝင်သည်နှင့် ကျွန်တော် စအိပ်ခဲ့သည်။ ခုလိုအချိန် အိပ်မထား၍လည်းမဖြစ်။ ဆရာက ကျွန်းမာရေးကောင်းလှသည် မဟုတ်သေး။ ကျွန်တော် တစ်ရေးနိုးမှ ဆရာ့ကို ကူမောင်းပေးရမည် မဟုတ်လား။ ဆရာ့ကို အနားပေးရမည်မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်အိပ်ရာမှနိုးလာတော့ တွံတေးတူးမြောင်းကို ကျော်ဖြတ်ခဲ့ပြီးပြီ။ တိုးမြစ်ကို စုန်လာခဲ့ပြီးပြီ။ ဖိုးတုတ်ချောင်းထဲဝင်ဖို့ပင် နီးလာပြီ။

ကျွန်တော် မျက်နှာထသစ် မျက်နှာသုတ်ပြီး ဆရာ့ဆီသွားခဲ့သည်။ ဆရာ့လက်မှ တပ်မကို လွှဲပြောင်းကိုင်ပြီး ဆရာ့ကို အနားယူခိုင်းလိုက်သည်။ ဆရာကလည်း ယုံကြည်စိတ်ချစွာ သူ့အခန်းသို့ သွားနားသည်။

ကျွန်တော်သည် ဆရာကောင်းတပည့် ပန်းကောင်းပန်နိုင်အောင် ကြိုးစားခဲ့ပါသည်။ ရေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနက မကြာခင် ကျင်းပတော့မည့် တတိယတန်း ရေယာဉ်အုပ်စာမေးပွဲကို ဖြေဆိုရန် စိုင်းပြင်းနေခဲ့သည်မှာ ကြာခဲ့ပြီ။ စာပေးစာယူ နောက်ဆုံးနှစ် စာမေးပွဲဖြေပြီး၍လည်း ရေယာဉ်အုပ် စာမေးပွဲအတွက် အိတ်သွန်ဖာမှောက် ကြိုးစားနိုင်ခြင်းဖြစ်သည်။

စာပေးစာယူ နောက်ဆုံးနှစ်စာမေးပွဲကို ကောင်းကောင်းဖြေနိုင်သဖြင့် ဘွဲ့မရမှာ ပူစရာမလိုတော့။ သည်ဘွဲ့ရအောင် ကျွန်တော်သည် ခက်ခဲပင်ပန်းစွာ ကြိုးစားခဲ့ရ၏။ အလုပ်ပင်ပန်း စိတ်ပင်ပန်းသဖြင့် ထိုင်နေလျက် အိပ်ပျော်သွားတတ်သော အခြေအနေများကို နည်းမျိုးစုံဖြင့် ဆန့်ကျင်ကာ စာတစ်လုံးရရ နှစ်လုံးရရ ကျက်မှတ်ခဲ့ရ၏။ မအိပ်ချင်အောင် ကိုယ့်အသားကို ဆွဲဆိတ်လိုဆိတ်။ လျှာနှင့် နှုတ်ခမ်းသားများ ကိုက်လိုကိုက်။ မျက်စိကို ရေစိမ်လိုစိမ်။ လမ်းလျှောက်လိုလျှောက်ဖြင့် အိပ်ချင်စိတ် အာရုံပြောင်းအောင် လုပ်ပြီး၊ စာကျက်ခဲ့ရ၏။ အခြားသင်္ဘောသားများ ကိုယ်ပိုင်ချိန်တွင် အရက်သောက်လိုသောက် ဖဲရိုက်လိုရိုက် မိန်းကလေးများနှင့် စိတ်ချမ်းသာစရာ စကားပြောလိုပြော လျှောက်လည်လိုလည် လုပ်နေကြချိန်တွင် ကျွန်တော်သည် ဆန္ဒကို ဆန့်ကျင်၍ ဘဝအတွက်ရသမျှ အချိန်လု စာကြိုးစားခဲ့ရ၏။ တန်ဖိုးရှိသော အချိန်များကို တန်ဖိုးရှိရှိ အသုံးချခဲ့၍သာ ဘွဲ့နှင့်နီးစပ်လာခြင်းဖြစ်၏။



ခုတော့ မကြာခင်ဘွဲ့လည်းရ ရေယာဉ်အုပ်လည်း ဖြစ်လာလျှင် ကျွန်တော်မျှော်မှန်းသော ပန်းတိုင်ရောက်ပြီဟု ဆိုရမည်ဖြစ်သည်။

ကျွန်တော်သည် တိုးမြစ်ကို စုန်ခဲ့ရာမှ နဒီဒေဝီကို ဖိုးတုတ်ချောင်းထဲသို့ ကွေ့ဝင်မောင်းနှင်ခဲ့သည်။ ကျွန်တော်က သင်္ဘောသားကိုတင်အောင်အား သင်္ဘောမှမီးများကို စစ်ခိုင်းလိုက်၏။

နဒီဒေဝီကို တစ်ညလုံးမောင်းရမည်ဖြစ်သည်၊ ရန်ကုန်မှ ပြင်စလူသို့ ခုန်နားချိန်မပါ ၂၂နာရီ မောင်းရ၏။ စက်ပျက်လျှင် အခြားမလိုလားအပ်သည့် ပြဿနာနှင့်ကြုံလျှင် ၂၂နာရီမကတော့။ ရေတက် ရေကျ အစစအဆင်ပြေမှ ရေယာဉ်မောင်းချိန် ၂၂နာရီ ဖြစ်သည်။

တစ်ညလုံး မမောင်း၍လည်းမဖြစ်။ ရေယာဉ်မောင်းရာတွင် နှေးညှေးနေ၍မရ။ ယခုတင်လာသည့် ကုန်များထဲတွင် ရေခဲတွေပါသည်။ ရေခဲတွေ အရည်မပျော်အောင် ဖွဲနုနှင့် အုပ်တင်လာခဲ့ရသည်။ အချိန်ရွေး ခုတ်နေလျှင် ကြာလျှင် ရေခဲတွေ အငွေ့ပျံအရည်ပျော်ကုန်ပေလိမ့်မည်။ ရေခဲသည် ပိုးလောင်း သစ်ပုတ် လေယာဉ်ကွင်း ပြင်စလူအတွက် အရေးကြီးပစ္စည်း။ ပင်လယ်ရေလုပ်ငန်းအတွက် ငါးဖမ်းစက်လှေတွေ ငါးတွေအတွက် အရေးကြီးပစ္စည်း မရှိမဖြစ်ပစ္စည်း။ မရှိမဖြစ်ရေခဲ။ ရေခဲမရှိလျှင် ပင်လယ်ထဲတွက် ဖမ်းထားသည့်ငါးတွေ ပုပ်ကုန်မည်မဟုတ်လား။

နဒီဒေဝီပေါ်တွင် တင်ဆောင်သည့် အခြားကုန်များက မီးဖိုချောင်သုံးပစ္စည်း ကုန်ခြောက်၊ ငရုတ်သီး၊ ကြက်သွန်၊ ဆီ၊ ဆေးနှင့် လူသုံးကုန် အလှကုန်ပစ္စည်းတွေ။ ပြင်စလူက ကုန်တွေက အများဆုံး။

ပြင်စလူက ရွာကြီး။ အိမ်ခြေတစ်ထောင်ကျော်။ တစ်ထောင်လေးငါးရာခန့်ရှိ၏။ ပြင်စလူမြစ်ကမ်းဘေး ပြင်စလူမြစ်ဝအနီး ချောင်ပေါ်တွင် တည်ထားသည့်ရွာ။ ရွာက မြစ်ကမ်းအတိုင်း ရွာတန်းရှည်ဖြစ်၏။ ပြီးတော့ ဟိုမှာဘက်က ပင်လယ်ဝလည်း ပင်လယ်ဝ။ ပြင်စလူ

www.burmeseclassic.com

www.burmeseclassic.com



ရွာသည်၊ လပွတ္တာမြို့နယ်ထဲမှ ရွာတစ်ရွာ။ လပွတ္တာနှင့် ရေလမ်း သုံးနာရီခရီးသွားရ၏။ ပြင်စလူ လပွတ္တာလိုင်းဆိုက်သည်တင် သဘောင်္ဃယ်များ သာရှိသည်။

ပြင်စလူတွင် ရဲစခန်း၊ တိုက်နယ်ပြည်သူ့ဆေးရုံနှင့် အလယ်တန်း ကျောင်းတို့ရှိ၏။ ထိုအစိုးရ အဆောက်အအုံများသည်သာ သွပ်မိုး ပျဉ်ထောင်ဖြစ်၏။ ကျန်သည့် လူနေအိမ်များမှာ အများအားဖြင့် သုံးပင် နှစ်ခန်း ရှေ့နောက်အဖီချ ဓနိမိုး ဓနိကာများသာဖြစ်ကြ၏။

မြန်မာအများဆုံးနေထိုင်ပြီး ကရင်နှင့် တရုတ်အမျိုးသား၊ အိန္ဒိယ အမျိုးသားတို့လည်းရှိ၏။ ပြင်စလူနောက်ကျောတွင်တော့ နတ်သ၊ ကုန်းကြီး၊ ကျားကျောင်းစသော ကရင်ရွာများ။

ပြင်စလူရွာ၏ ပင်မအလုပ်မှာ ပင်လယ်ငါးဖမ်းရေလုပ်ငန်း ဖြစ်၏။ စန္ဒားနှင့် ငါးဖမ်းသလို အများအားဖြင့် ဂါးဖြင့် ပင်လယ်ထွက် ငါးဖမ်း ကြ၏။ အချို့က ရွာထဲတွင် ဈေးရောင်းကြ၏။ အဝတ်အထည်နှင့် ကုန်မျိုးစုံဆိုင်များသာ။ ရေလုပ်ငန်းအတွက် ရေလုပ်သားများအတွက် ကုန်ခြောက်အပါအဝင်၊ ကုန်မျိုးစုံရောင်းချကြသည်။

ပြင်စလူသည် ပြင်စလူမြစ်ကမ်း ပင်လယ်ဝတွင်ရှိ၍ ရေတက် ရေကျရှိ၏။ ပြင်စလူမြစ်ကမ်းတွင် ဆိပ်ခံဇောမရှိသဖြင့် မြစ်လယ်တွင် သင်္ဘောများကို ကျောက်ချရပ်နားရ၏။ သင်္ဘောမှ ပြင်စလူရွာသို့ ကူးတို့လှေဖြင့် ကူးရ၏။

အပြန်ကုန်ကတော့ ရှောနီနှင့်ပိုးလောင်းမှ မီးသွေး၊ ပြင်စလူ လေယာဉ်ကွင်း သစ်ပုတ် (သစ်ပြုတ်) ပိုးလောင်းတို့မှ ငါးခြောက်နှင့် နေလှန်းဆားများ တင်ရသည်။

ကျွန်တော်တို့အဖို့တော့ ရန်ကုန်နှင့် ပြင်စလူသည် အိမ်ဦးနှင့် ကြမ်းပြင်လိုဖြစ်နေပြီ၊ သို့ပေမယ့် ညအချိန်မောင်းရသည့်အခါ ဂရုမစိုက်လို့ မရ၊ သတိမထားလို့ မရ။ ညအချိန်မောင်းသည့် သင်္ဘောအဖို့ မီးသည် အရေးအကြီးဆုံးဖြစ်၏။



သင်္ဘော၏ ဦးပိုင်းဝဲဘက်တွင် ၁၀ ပွိုင့်အနီတစ်လုံး ထွန်းရ သလို ယာဘက်တွင် ၁၀ ပွိုင့်အစိမ်းတစ်လုံး ထွန်းရ၏။ သင်္ဘောဦးပိုင်း အမိုးပေါ် အလံတိုင်အလယ်တွင် ၂၀ ပွိုင့်ဖြူတစ်လုံး ထွန်းရ၏။ သင်္ဘော၏ပဲ့ပိုင်းတွင် ၁၂ ပွိုင့်ဖြူတစ်လုံးထွန်းထားရ၏။ ထို့အတူ သင်္ဘော၏ ဦးပိုင်းနှင့် ပဲ့ပိုင်း အမိုးအောက်တို့တွင် ၃၂ ပွိုင့်ဖြူတစ်လုံးစီ ထွန်းထားရ၏။

ညအချိန်သင်္ဘောကို ကျောက်ချရပ်နားထားမည်ဆိုပါက သင်္ဘော၏ ဦးပိုင်းအလံတိုင်ထိပ်တွင် ၃၂ပွိုင့်နီတစ်လုံး မထွန်းမနေရ။

မြစ်ကြောင်းသွား မီးသင်္ဘောများ မီးရောင်နှင့် သက်ဆိုင်သည့် နည်းဥပဒေတွေကို တစ်သဝေမတိမ်း လိုက်နာကြရ၏။ မလိုက်နာကြလျှင် သင်္ဘောများမြစ်ထဲတွင် တိုက်ခိုက်နစ်မြုပ်ပြီး ခရီးသည်တွေ သေကျေ ဒုက္ခရောက်ကြရပေလိမ့်မည်။

ကိုတင်အောင်က မီးအားလုံးကောင်းကြောင်း လာသတင်းပို့သည်။

ညဉ့်အချိန်မို့ သင်္ဘောအား သတိထားမောင်းနေရသည့်ကြားက တစ်ချက်တစ်ချက် မြမျက်နှာက တိုးဝင်လာတတ်သဖြင့် ဖယ်ထုတ် လိုက်ရ၏။ သင်္ဘောတွင်သာ အာရုံကို ကြိုးစားနှစ်ထားရ၏။

တော်သလင်းလကွယ်ညသည် မှိုးသားထုတို့ဖြင့် ပိန်းပိတ်အောင် မှောင်နေ၏။ မြင်ကွင်းတွင် မီးခိုးလိုဖြူညစ်ညစ် ပြောက်တိပြောက်ကျား အကွက်များ ရောနှောနေသည့် မည်းပြာပြာကောင်းကင်ကို တွေ့ရ၏။ ထိုကောင်းကင်ထဲတွင် ဝေးသီသောအရပ်မှ ဖျော့တော့သော လင်း လက်မှု မရှိသည့် ကြယ်တစ်ပွင့်စ နှစ်ပွင့်စကို ဝေးလံစွာတွေ့ရ၏။ ငွေလစန္ဒာသည် အဘယ်အရပ်တွင် ရှိပါလေသနည်း။

ပိန်းပိတ်အောင် မှောင်နေသော ကောင်းကင်နှင့် သင်္ဘောမီး ရောင်ကြောင့် အနီးဝန်းကျင်မှ မည်းပြောင်နေသည့် ရေပြင်ကိုဂရုတ စိုက်ကြည့်ရင်း သင်္ဘောကို သတိနှင့်မောင်းနှင်နေရသဖြင့် သူမကိုပင် မေ့နေခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်သည် မည်းမှောင်နေသည့်ပြင် တိတ်ဆိတ်ငြိမ်သက်လွန်းနေ၏။ အေအိုးစီးအင်ဂျင်စက်သံနှင့် ပန်ကာရေယက်သံမှတစ်ပါး တစ်လောကလုံး တိတ်ဆိတ်နေ၏။ သင်္ဘောပေါ်တွင် လိုက်ပါလာကြသူများလည်း အနားယူ အိပ်စက်နေကြပြီထင်သည်။ စောစောကလို ဆူဆူညံညံ စကားပြောသံ မကြားရတော့။ အချိန်ကြာမြင့်စွာကြာပြီးမှ တာဝန်ကျ သင်္ဘောသား၏ ဝမ်းရေစုပ်ပန့်ဖြင့် ရေစုပ်တင်သံကို ကြားရတတ်၏။

ကျွန်တော်သည် ရေကြောင်းကိုသာ အာရုံစိုက်မောင်းနှင်နေခဲ့၏။ ပိန်းပိတ်အောင် မည်းမှောင်နေသည့် ရှေ့မြင်ကွင်း ကောင်းကင်၌ စောစောက တွေ့ခဲ့ရသော လင်းလက်မှုမရှိသည့် ကြယ်တစ်ပွင့်နှစ်ပွင့်စပင် မတွေ့ရတော့။ မီးခိုးလို ဖြူညစ်ညစ်အကွက်များက ရှိနေ၏။

ရေယာဉ်မောင်းနှင်နေရင်း ဆရာ့ကို သတိရလာ၏။ ဆရာသည် နေမကောင်းသဖြင့် ယခုအချိန်ဆို သူ့အခန်း၌ နှစ်ခြိုက်စွာ အိပ်ပျော်နေရော့မည်။ ရေယာဉ်တစ်စင်းလုံးတွင် မအိပ်သူဆို၍ တာဝန်ကျ သင်္ဘောသား ဆီလောင်းနှင့် ကျွန်တော်တို့သုံးဦးသာရှိချိမ့်မည်။

ရန်ကုန် ပြင်စလူလိုင်းတွင် နေ့နေ့ ညည ရေယာဉ်မောင်းခဲ့ရာတွင် ဆရာမောင်းနေလျှင် ဆရာဘေး၌ ကျွန်တော်ရှိပြီး ကျွန်တော်မောင်းနေလျှင် ဆရာသည် ဘေး၌ရှိခဲ့၏။ အထူးသဖြင့် ညဥ့်အချိန် ရေယာဉ်မောင်းလေတိုင်း ကျွန်တော့်ဘေးတွင် ဆရာရှိခဲ့သည်ချည်း။ ယနေ့ ကျွန်တော့်ဘေးတွင် ဆရာမရှိတော့ ကျွန်တော်တစ်ယောက်တည်းဖြစ်နေတော့ ရင်ထဲ၌ တစ်မျိုးခံစားလာရ၏။ အားငယ်လာတာလား။ စိုးရွံ့ကြောက်ထိတ်လာတာလား။ ပူပန်စိုးရိမ်လာတာလား။ ကျွန်တော် ဝေခွဲမရ။

မိုးနှောင်းကာလဖြစ်လင့်ကစား ယခုလို အလင်းရောင်မဲ့ လမိုက်ညတွင် မိုးတွေသည်းလာမှာ ကျွန်တော် စိုးရိမ်သည်။ ရေကြောင်းလွဲမှာ သောင်တင်မှာ ကျောက်ဆောင်တိုက်မိမှာစိုးသည်။



အထူးသဖြင့် စည်းမဲ့ကမ်းမဲ့ မီးမထွန်း ဘာမထွန်းနှင့် ခုတ်မောင်းလာသည့် ရေယာဉ်များနှင့် ဖြန်းစားကြီးတိုးမိမှာ တိုက်မိမှာ စိုးရိမ်နေမိသည်။ ဤလမ်းသို့ နေ့နေ့ ညည အခေါက်ပေါင်းမြောက်မြားစွာ ဖြတ်သန်းသွားလာဖူးလင့်ကစား တိတ်ဆိတ်လွန်းသော အခါမဲ့ မည်းမှောင်နေသည့် မြစ်ပြင်ထဲတွင် အထီးတည်းအဖော်မဲ့ သင်္ဘောကို မောင်းနှင်နေရတော့ စိတ်တွေလှုပ်ရှား လာမိသည်။

ရန်ကုန်ဆိပ်ကမ်း၌ ကြားခဲ့ဖူးသောစကား ကိုယ်တွေ့ကြုံခဲ့ဖူးသော အဖြစ်သနစ်များသည် အတွေးထဲ၌ အတင်းတိုးဝှေ့ လာခဲ့၏။

စာဖြူစုနှင့် ထိန်နာရီကြားတွင် မြုပ်သွားခဲ့သော နန်းဝင်းကြည်။ ဒါးတစ်ရာတွင် မြုပ်သွားခဲ့သော ဗမာကြယ်၊ တွံတေးဝ၌ မြုပ်သွားခဲ့သော တော်ဝင်၊ ထနီး၊ သုံးခွ၊ မလက်တို့၌ မြုပ်သွားခဲ့သော ရောနဒီ။ စိတ်ထဲတွင် တုန်လှုပ်ပြီး ခေါင်းကြီးလာမိသည်။ ရေယာဉ်သည် ကုန်းပေါ်က မော်တော်ကားလိုမဟုတ်။ ကားတိုက်လျှင် တိုက်မိကိုက်မိဦး ကားပေါ်ပါလာသူခရီးသည်တို့ မြေပြင်ပေါ်သို့ လွင့်စင်ကျရုံပဲရှိသည်။ ရေယာဉ်မှာက ထိုသည်သို့မဟုတ်။ ရေယာဉ်ချင်းတိုက်လျှင် ရေယာဉ် နှစ်စင်းလုံး မြုပ်နိုင်ပြီး ခရီးသည်များပါ အသက်ဆုံးရှုံးနိုင်သည်။ နည်းမျိုးစုံဖြင့် အသက်ဆုံးရှုံးနိုင်သည်။

နန်းဝင်းကြည်၊ ဗမာကြယ်၊ တော်ဝင်၊ ရောနဒီတို့ မြုပ်သွားစဉ်က ကြားရသောသတင်း မြင်ရသောမြင်ကွင်းတို့သည် နားမချမ်းသာစရာ မမြင်ရက်စရာတို့ဖြင့် ကြေကွဲဖွယ်အတိဖြစ်ခဲ့၏။

မိုးပြိုမြေကွဲသလား ထင်ရအောင် တုန်လှုပ်ချောက်ချားလာမိ၏။ ရောနဒီမြုပ်တုန်းက တော်ဝင် မြုပ်တုန်းက ကူညီခဲ့ကြသည့် ကယ်ဆယ်ခဲ့ကြသည့် ကြက်ခြေနီလူငယ်တွေ၏ မျက်နှာများကိုပြန်မြင်ယောင်မိမှ ရေနွေးပွက်ပွက်ထဲသို့ စန္ဒကူးနံ့သာ ချလိုက်သကဲ့သို့ အပူငြိမ်း၍ အေးအေးမြမြ ခံစားလာရ၏။

www.burmeseclassic.com

www.burmeseclassic.com



ပိုးတုတ်ချောင်းမှထွက်ပြီး ဖျာပုံမြစ်ထဲသို့ နဒီဒေဝီကို ခုတ်မောင်းလာခဲ့၏။ ဖျာပုံမြစ်ကိုဖြတ်ကာ ဘိုကလေးမြစ်ကို ကျော်ချိန်တွင် ဆရာ ကျွန်တော့်နားရောက်လာ၏။ ကျွန်တော့်လက်မှ တက်မကို ဆရာဝင်ကိုင်၏။ ဆရာက သွားအိပ်ဟုပြောသဖြင့် ကျွန်တော် အိပ်ရာဆီသို့ ထွက်လာခဲ့၏။ မှောင်မည်းနေသော မြစ်ပြင်ကို ကြည့်မိ၏။

မကြာမီ ကျွဲခြိတူးမြောင်းကို ဖြတ်ရတော့မည်။ ပြီးတော့ မြသာမြစ်ကိုဖြတ် ရောမြစ်ကိုစုန်။ ပိုးလောင်းမြစ်ကိုဝင် ပိုးလောင်းတွင် ခဏနားဦးမှာပါလား။

ကျွန်တော် အိပ်ရာမှနိုးလာတော့ ပိုးလောင်းတွင် နဒီဒေဝီ ကျောက်ချရပ်နားထားသည်ကို တွေ့ရ၏။ ကျွန်တော်သည် သွားတိုက် မျက်နှာသစ်လိုက်၏။ ကိုမျိုးမြင့်ကျွေးသည့် ထမင်းကြော်ကိုစားပြီး ဆရာ့ဆီလာခဲ့၏။ ဆရာ့ကို အနားယူခိုင်းလိုက်ပြီး ပိုးလောင်းဆိပ်ကမ်းမှ ထွက်ခဲ့၏။

ပိုးလောင်းမြစ်မှ သစ်ပုတ် (သစ်ပြုတ်) မြစ်ကို စုန်ရမည်။ သစ်ပုတ် (သစ်ပြုတ်)ရွာ ဆိပ်ကမ်းတွင် ကပ်ရဦးမည်။ သစ်ပုတ် (သစ်ပြုတ်)မြစ်ကို စုန်ပြီး၊ အိုးဘိုချောင်းကို ဖြတ်ရမည်။ ပြီးတော့ အရာတော်မြစ်ကို ကျော်ရမည်။ လေယာဉ်ကွင်းရွာဆိပ်ကမ်းကပ်ရဦးမည်။

ပြီးတော့ ပြင်စလူအရောက် အရာတော်မြစ်မှ ပြင်စလူမြစ်အတိုင်း မောင်းခဲ့ရဦးမည်ပေါ့။

မွန်းလွဲ နှစ်နာရီကျော် သုံးနာရီလောက်ဆို ပြင်စလူသို့ ရောက်သွားမည်ပဲလေ။

ပြင်စလူရောက်သည်နှင့် ဆရာ့ကို အိမ်ပြန်ခိုင်းလိုက်၏။ သင်္ဘောထွက်မည့်နေ့တွင်မှ ပြန်လာရန်ပါ မှာခဲ့၏။



ပြင်စလူမြစ်လယ်တွင် ဗောမည်းတင်၍ကျောက်ချထားသော နဒီဒေဝီပေါ်မှ ကျွန်တော်မခွာတော့။ တတိယတန်းရေယာဉ်အုပ် စာမေးပွဲက နီးနေပြီဖြစ်၍ စာကျက်နေရသည်။ စာကျက်ရင်း ဒလမှ သူမကို သတိရလာသည်နှင့် သူမ ပေးလိုက်သော ကချင်လုံချည်လေးနှင့် သားရေဖိနပ်အနီလေးကို ထုတ်ကြည့်ဖြစ်ပြီး အလွမ်းဖြေဖြစ်၏။ သူမ ပစ္စည်းလေးတွေကြည့်ပြီး၊ သူမအကြောင်းစဉ်းစားမိတော့၊ ရင်ထဲမှာ ကြည်နူးရိပ်တွေ လျှင်းလိုလိမ့်တက်လာ၏။

``ရေစိုအဝတ်တွေနဲ့ အအေးပတ်ဖျားနာနေပါဦးမယ်၊ လဲဝတ်လိုက်နော်``

``အခုလောလောဆယ် အစ်ကိုမဖျားမနာဖို့က အရေးကြီးတယ် လဲဝတ်လိုက်နော်``

မြ၏ ဆိုစကား ပျားရည်မြစ်ကလေးက ကျွန်တော့်နှလုံးသည်းပွတ်ဝန်းကျင်တွင် လှည့်ပတ် စီးဆင်းနေဆဲ။

ကျွန်တော်နှင့် ဆရာသည် နှစ်ဦးစလုံး နဒီဒေဝီကို ဘယ်တော့မှ ပစ်မသွား။ ယခုလို ရေလယ်၌ ကျောက်ချထားချိန် မပြောနှင့် ရန်ကုန် ဆိပ်ကမ်း ဘုန်းကြီးလမ်းအောက်ဗောတံတား၌ ဆိုက်ထားချိန်တွင်ပင် နဒီဒေဝီပေါ်တွင် ဆရာမရှိ ကျွန်တော်။ ကျွန်တော်မရှိ ဆရာ။ တစ်ဦးဦး နေစမြဲဖြစ်၏။ နဒီဒေဝီကိုစွန့်၍ ရေယာဉ်အုပ်ရော တက်မကိုင်ပါ မသွားခဲ့။ သင်္ဘောခုတ်မောင်းနေချိန်မှာတော့ သင်္ဘောပေါ်တွင် နှစ်ယောက်လုံးရှိမြဲ။

ဆရာသည် နှစ်ညအိပ် သုံးရက်မြောက် မနက်အစောကြီး နဒီဒေဝီသို့ ပြန်ရောက်လာသည်။ ဆရာကတော်က ပြုစုလိုက်၍ထင် သည်။ ဆရာ ရွှင်ရွှင်လန်းလန်းရှိနေ၏။

ဆရာက ``မသီကခေါ်နေတယ် အိမ်ခဏသွားလိုက်ပါဦး`` ဟု ပြောသဖြင့် သင်္ဘောမထွက်မီ ကျွန်တော်သည် ဆရာကတော်ဆီ ထွက်လာလိုက်သည်။ နဒီဒေဝီမှ ကူးတို့လှေဖြင့် ပြင်စလူသို့ ကူးလာ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ ရွာထဲ ဆရာကတော်တို့အိမ်ရောက်တော့ သီတာဦးက ပြုံးရွှင်စွာ ဆီးကြိုလာသည်။

သီတာဦးသည် တစ်နေ့တခြား ပိုလှလာသည်။ သီတာဦးကို မြင်တော့ ဒလမှ သူမကို ချက်ချင်းသတိရမိ၏။ သီတာဦး၏ အလှကို မြင်ရပေမယ့် ရင်ခုန်မှုမဖြစ် ပန်းချီကျော်တစ်ဦး၏ အပြစ်မဲ့ရွှေရုပ်လွှာ။ ပန်းပုကျော်တစ်ဦး၏ အပြစ်မဲ့ရွှေရုပ်တုကို ကြည့်ရသလောက်သာ တအံ့တသြဖြစ်မိရုံပဲရှိသည်။ ဒလမှ သူမ၏အသံ ကြားယောင်မိတော့ ရင်တွေခုန်လာရသည်။ ရင်ထဲတွင် ကြည်နူးကျေနပ်မှုတွေ ဖြစ်လာရသည်။ နောက်ဆုံးမှ လွမ်းဆွတ်အောက်မေ့မိပြန်ရော။ တမ်းတ သတိရမိပြန်ရော။

"သား နှမက၊ သားမလာလို့တဲ့၊ သူ့အဖေကျတော့ မမေးရှာဘူး။ အလုပ်တွေများနေသလား"

ဆရာကတော် ဒေါ်သီသီက ချိုကြည်စွာ စကားဆိုသည်။ သူ့သမီးကိုလည်း ခြေဆုံးခေါင်းဆုံး ကြည့်လိုက်၏။ သီတာဦးအလှကို ကျွန်တော့်အား ယစ်မူးစေလိုဟန်ရှိ၏။

"အလုပ်များတာတော့မဟုတ်ပါဘူး၊ ဆလင်စာမေးပွဲအတွက် စာကျက်နေရလို့ပါ၊ ပြီးတော့ သင်္ဘောမှာ ဆရာမရှိရင် သားရှိသင့်တယ် မဟုတ်လား မေမေ"

ဒေါ်သီသီက ကျွန်တော့်ကို သားဟုခေါ်သလို သူမကိုလည်း မေမေဟု ခေါ်မှုကြိုက်သည်။ တက်မကိုင် မဖြစ်မီက ပြင်စလူ သင်္ဘော ဆိုက်လျှင် ဆရာတို့အိမ်မှာပဲ အချိန်ကုန်ခဲ့သည်။ အနေရင်းနှီးခဲ့တော့လည်း အခေါ်ပါရင်းနှီးလာခဲ့ရသည် မဟုတ်လား။ တက်မကိုင် ကိုခင်ဝင်းက ဆရာ့အိမ်သွားသည့်ကိစ္စနှင့် ပတ်သက်၍တော့ ကျွန်တော့်ကို မငြူစူ မကန့်ကွက်ခဲ့။ ဆရာ့ကို ကြောက်၍လား၊ ဆရာအိမ်ပြန်နေချိန်တွင် နဒီဒေဝီပေါ်၌ သူ့သဘောကျနေချင်သလို နေရ၍လား မပြောတတ်။ ပြင်စလူရောက်တိုင်း သဘောကောင်းလွန်း နေတတ်သည်။



ကျွန်တော့်အနေဖြင့်တော့ ပြင်စလူသင်္ဘောဆိုက်သည်နှင့် ဆရာ့အိမ်သွား၏။ ဆရာကတော် ချက်ကျွေးတာစားပြီး စာပေးစာယူ စာမေးပွဲတစ်နှစ် တစ်တန်း မှန်မှန်အောင်အောင် စာကျက်နေခဲ့သည်။ ကျွန်တော့်အတွက် စာကျက်ချိန် အများဆုံးရသောနေရာသည် ပြင်စလူမှ ဆရာ့အိမ်သာလျှင်ဖြစ်သည်။ ဆရာရော ဆရာကတော်ပါ ကျွန်တော် စာကျက်နေလျှင် အနားမလာ အနှောင့်အယှက်မပေး။ သီတာဦးကမှ တစ်ခါတစ်ရံလာရောက် ချွဲနွဲ့တတ် စကားဆိုတတ်သေး၏။ အများအားဖြင့်တော့၊ ကျွန်တော် စာကျက်နေလျှင် သီတာဦးလည်း ရှောင်နေတတ်သည်က များပါသည်။

ကျွန်တော် တက်မကိုင်ဖြစ်လာပြီးနောက်ပိုင်း ကျွန်တော်သည် ဆရာ့အိမ်တွင် အနေနည်းလာခဲ့သည်။ ဆရာ့ကို အိမ်ပြန်နိုင်းပြီး နဒီဒေဝီပေါ်မှာပဲ ကျွန်တော် စာကျက်နေခဲ့သည်က များသည်။ နဒီဒေဝီတွင် ကိုခင်ဝင်း မရှိသည့်နောက် ကျွန်တော် စာဖြောင့်ဖြောင့် ကျက်နိုင်လာခဲ့သည်။ တက်မကိုင်မို့ သင်္ဘောသားလောက် အလုပ်မများ။ ဆရာ့ကို ကူရတာလောက် ဆရာခိုင်းတာ လုပ်ရတာလောက် ရှိသည်။ သင်္ဘောသားတုန်းကလို ပင်လည်းမပင်ပန်းတော့။ ညဥ့်အချိန် ဆရာ့ကို သင်္ဘောကူမောင်းပေးရသဖြင့် အိပ်ရေးပျက်တာလောက်ပဲရှိသည်။ စာကျက်ချိန်က သင်္ဘောသားဘဝထက် ပိုရသည်။

တက်မကိုင်ဖြစ်လာပြီးနောက် တာဝန်အရ ဆရာ့အိမ်အသွား နည်းလာခဲ့သော်လည်း ပြင်စလူရောက်တိုင်း ဆရာ့အိမ်မဝင်သည့်အခါ မရှိ၊ မရောက်သည့်အခါမရှိ။ ဆရာ နဒီဒေဝီ ပြန်ရောက်လာသည်နှင့် ကျွန်တော် ဆရာ့အိမ်သို့ သွားမြဲပင်။ သီတာဦးကတိုးတိုးတိတ်တိတ်မှာသမျှ ရန်ကုန်မှ ဝယ်လာပြီး သူ့အဖေမသိအောင် သွားပို့မြဲ။ သွားပေးမြဲသာ။

သီတာဦးကလည်း ပြင်စလူလာတိုင်း သူမထံဝတ်မပျက် အခစားဝင်စေလိုဟန်ရှိသည်။ သူမဆီသို့ သူမမှာသည့်ပစ္စည်း လာပို့

www.burmeseclassic.com

www.burmeseclassic.com



အောင် ပစ္စည်းတစ်ခုခုတော့မှာနေကျ။ ပိုက်ဆံပေးမှာတာရှိသလို ပိုက်ဆံမပေးဘဲ မှာလိုက်တာလည်းရှိသည်။ ကလစ်၊ ဆံညှပ်၊ ကြယ်သီး၊ ဘီး၊ နှုတ်ခမ်းနီ၊ ကရင်ပတ်၊ အိုင်းလိုင်နာ၊ ဘီးကုတ်၊ လက်ကိုင်ပဝါ၊ ရေမွှေး၊ စနီး၊ ပရိုမီနာ၊ အာချီ၊ ရှမ်ပူခေါင်းလျှော်ရည်၊ နားကပ်အလှ ပုံစံအမျိုးမျိုးနှင့် အင်္ကျီစပေါ မှာတတ်သည်။ ဝယ်နိုင်းတတ်သည်။ တစ်ခါမှာလျှင် တစ်မျိုးထက်ပိုမမှာ။ တစ်မျိုးထက်ပိုဝယ်လာလျှင် နှုတ်ခမ်းစူတတ်သလို မေ့ပြီး ဝယ်မလာမိလျှင် စိတ်ကောက်တတ်သည်။

ကျွန်တော်သည် လက်ဝါးကပ်တိုင်နားကပ် အဝယ်နိုင်းတာ တစ်ကြိမ်၊ ဆံထိုးဝယ်နိုင်းတာ တစ်ကြိမ်၊ ဆံအုပ်ဝယ်နိုင်းတာ တစ်ကြိမ်၊ မေ့ပြီးမဝယ်ဖြစ်ခဲ့ရာ သီတာဦးက ကျွန်တော့်ကို စကားမပြော၊ စိတ်ကောက်နေတော့သည်။ မနည်းချော့မော့ပြောမှ စိတ်ကောက်ပြေသည်။ ကျွန်တော့်အနေဖြင့် သီတာဦးကို နှမလေးတစ်ယောက်လို ချစ်မြတ်နိုးနေသဖြင့် တစ်စက္ကန့်၊ တစ်မိနစ်၊ တစ်နာရီမျှကြာအောင် စိတ်ဆင်းရဲမနေစေချင်ရိုးအမှန်။

သီတာဦးကလည်း ကျွန်တော့်အပေါ် အမြဲချွဲနွဲ့နေချင်သူ၊ အချွဲအနွဲ့လွန်ပြီး မတော်တာဖြစ်မသွားအောင် ကျွန်တော်ကိုယ်ကျွန်တော် ဆုံးမဆင်ခြင်နေရသည်က များသည်။ ဆရာ့မျက်နှာ ထောက်ရမည်။ အရိပ်နေနေ အခက်ချိုးချိုး မဖြစ်ဖို့က အရေးအကြီးဆုံး မဟုတ်လား။

"သားနှမက သားတို့နောက်တစ်ခေါက်လာရင် ရန်ကုန် လိုက်ချင်လို့တဲ့၊ သူ့အဖေတော့ သူပြောရဲတာမဟုတ်ဘူး။ အစစအရာရာ သမီးကို သားလက်ထဲအပ်လိုက်ရမှာ "

ကျွန်တော် ဒေါ်သီသီကို စကားပြန်မပြောနိုင်အောင် ဖြစ်သွားသည်။ ဆရာက သမီးကို အလိုလိုက်သူမဟုတ်။ ဒေါ်သီသီပြောသလို သီတာဦးနှင့် ပတ်သက်သမျှ ကျွန်တော့်ခေါင်းပေါ် ပုံကျလာပေတော့မည်။ ရန်ကုန်တွင် သွားချင်ရာ လိုက်ပို့ရမည်။ စားချင်ရာ လိုက်ကျွေးရမည်။ သီတာဦးအလို ဆန္ဒအားလုံး ကျွန်တော်ဖြည့်စွမ်းပေးရပေလိမ့်မည်။



သီတာဦးကို ဘုရားလိုက်ပို့ရင်း ဒလမှ သူမနှင့် တွေ့သွားလျှင် ကျွန်တော်မစဉ်းစားချင်တော့။ ရင်ထဲမှာ မောဟိုက်လာသည်။ အမှန်ဆိုရ လျှင် ကျွန်တော့်အာရုံ၌ ဒလမှ သူမသာ လွှမ်းမိုးနေခဲ့သည်။ ရန်ကုန် မြို့ရောက်သည်နှင့် ဒလမှ သူမကို ရှာပုံတော်ဖွင့်ရန် စိတ်ကူးထားပြီး ဆုံးဖြတ်ထားပြီးဖြစ်သည်။ ဒလမှ သူမကို ရှာမတွေ့ခဲ့လျှင် နောက် တစ်ခေါက် ပြင်စလူမှ အပြန်တွင် ဆက်ရှာရမည်။ တွေ့ခဲ့လျှင်လည်း ခင်မင်ရင်းနှီးလာအောင် အခစားဝင်ရမည်သာဖြစ်သည်။

သီတာဦးလိုက်လာလျှင် ကျွန်တော့်စိတ်ကူးတွေ အစီအစဉ်တွေ ပျက်ပေရော့မည်။ ထိခိုက် ပေရော့မည်။ ဒလမှ သူမကြောင့် ကျွန်တော် သီတာဦးအတွက် ဘယ်လိုမှ အချိန်မပေးနိုင်တော့ပါ။ သီတာဦးကလည်း ချောမောလှပသူမို့ ဒလမှ သူမက ကျွန်တော့်အပေါ် အထင်လွဲမည်ကို မှီးစဉ်းငယ်မျှ အထင်မခံနိုင်ပါ။ ရယ်တော့လည်း ရယ်ချင်စရာ။ ရှုသိကြော်ကား၊ ဘယ်နေမှန်းမသိ။ နှုတ်ခမ်းနာနှင့် မတည့်မှာစိုးနေသည်။

"ဘယ်လိုလဲသား ဘာတွေစဉ်းစားနေတာလဲ၊ သားနှမလေးကို ရန်ကုန် မခေါ်ချင်ဘူးလား"

"ဘာမှ မစဉ်းစားပါဘူး မေမေ၊ သီတာကို ခေါ်ခဲ့ရင် ဆရာဆူ မလားလို့ "

ကျွန်တော် မုသားမပါ လက်ာမချော ပြောလိုက်ရ၏။

"မေမေလည်း ပြောလိုက်မှာပေါ့၊ သူ့အဖေက သားခေါ် သွားရင် ပြောမှာမဟုတ်ပါဘူး၊ သားကသာ သမီးလေးကို ဂရုစိုက် ချင်ပြီးတာပဲ"

ကျွန်တော် ဘာပြန်ပြောရမှန်းမသိ စဉ်းစားနေလျှင် မေးခွန်းတွေ ထပ်မေးနေဦးမည်။ ပါးစပ်ထဲတွေ့ရာ ပြောချလိုက်၏။

"ဒါဆိုလည်း ထည့်လိုက်ပေါ့ ဂရုစိုက်ပါ့မယ် "

"သမီးရေ သားကို၊ မုန့်ဟင်းခါး ထည့်ပေးလိုက်နော်"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သီသီ၏ အသံသည် ချိုနုနေ၏။ ဒေါ်သီသီ၏ မျက်နှာသည် တိမ်စင်လလိုဝင်းပနေ၏။ သီတာဦးကလည်း ဒေါ်သီသီလိုသာ၊ သူတို့သားအမိကိုကြည့်ပြီး ကျွန်တော့်ရင်ထဲမှာ သနားသလိုခံစားလာရ၏။

``လာ အစ်ကို၊ အစ်ကို အသုပ်စားရင်၊ သီတာသုပ်ပေးမယ်လေ''

သင်္ဘောထွက်ခါနီးနေပြီမို့ ကျွန်တော် မုန့်ဟင်းခါးအသုပ်မစားလိုတော့။ သီတာဦးနှင့်လည်း ဝေးနိုင်သမျှ ဝေးဝေးနေချင်သည်။ သီတာဦးနှင့် နီးနေလျှင် ဒလမှသူမနှင့်ဝေးနိုင်သည်။ သီတာဦးနှင့်ဝေးမှသာ ဒလမှသူမနှင့် နီးနိုင်မည်မဟုတ်လား။

``အသုပ်မစားတော့ဘူးသီတာ အစ်ကိုအချိန်မရဘူး။ သီတာ ရန်ကုန်ကို ဘာမှာဦးမလဲ''

``နောက်တစ်ခေါက်အစ်ကိုနဲ့ လိုက်ရတော့မှပဲ မမှာတော့ပါဘူး''

သီတာက ပြန်ဖြေရင်း၊ မုန့်ဟင်းခါးပြင်ပေးသည်။ ကျွန်တော်က မုန့်ဟင်းခါးပန်းကန် လှမ်းယူပြီး ပူပူမှုတ်စားလိုက်၏။

မုန့်ဟင်းခါးပူပူကို မှုတ်စားနိုင်လင့်ကစား နောက်တစ်ပတ် သီတာဦး လိုက်မှာစိုးရိမ်ပူပန်နေမှုအပူကို ဘယ်အရာနှင့်အေးအောင် လုပ်ရပါမည်နည်း။

``မီးရောင်ပြသတာတို့ ကျောက်ချနည်းအမျိုးမျိုးတို့ ကျောက်ကြိုးလိမ်နေတာ ရှင်းတာတို့၊ ဒီလောက်သိထားရင် မဆိုးပါဘူး။ ခု ဆက်ပြီးသောင်တင်ရင် ဘာလုပ်မလဲလို့ မေးမယ်၊ ဖြေကြည့်ပါဦး လူလေး''

နဒီဒေဝီသည် ရောမြစ်အတွင်း မှန်မှန်ခုတ်မောင်းလျက်ရှိ၏။ ရောမြစ်သည် အကျယ်ဆုံးမို့ သင်္ဘောကို စိတ်အေးလက်အေး မောင်းနိုင်သည်။ ဆရာဦးခင်မောင်ဦးက တက်မကို ကျင်လည်စွာကိုင်ရင်း



ကျွန်တော့်ကို တတိယတန်းရေယာဉ်အုပ် စာမေးပွဲမဖြေမီ ပွဲမဝင်ခင် အပြင်က ကျင်းပနေခြင်းဖြစ်၏။

``သောင်တင်တင်ချင်း စက်ရပ်ရမယ်၊ အထိမ်းအမှတ်ဖော့ ဖောင်ရမယ် ဝမ်းခေါင်းထဲဆင်းကြည့်ရမယ်၊ သင်္ဘောပတ်လည်နဲ့ ဆွဲချ တို့ကျသွားနိုင်မယ့် နေရာရောက်အောင် ရေစမ်းရမယ်၊ ပြီးတော့စက်မောင်းချရမယ်။ ဒါမှမကျရင် ခရီးသည်နဲ့ကုန်တွေကို ပွဲရေမှတ် ကြည့်ရွှေ့ပြီးရင် စက်မောင်းချရမယ်၊ ဒါမှ မကျဘူးဆိုရင် ကျောက်ချပြီး ဆွဲရပါ့မယ်ဆရာ''

``ကျောက်ဘယ်လိုချရမယ်၊ ကျောက်ကြိုးဘယ်လိုဆက်ရမယ် ကျောက်ကြိုးကွင်းဘယ်လိုထိုးရမယ်၊ ကြိုးဘယ်လိုကျစ်ရမယ်ဆိုတာတွေအပြင် ကြိုးကွင်းထိုးနည်းတွေပါ ကျေညက်အောင် လေ့လာထားလူလေး''

``ဟုတ်ကဲ့ပါဆရာ၊ ကျွန်တော်လေ့လာကျက်မှတ်နေပါတယ်''

``အေးဟုတ်ပြီ၊ နှင်းကျနေရင် ဆလင်တစ်ယောက်အနေနဲ့ လူလေးဘာလုပ်မလဲ''

``ဥပဒေ (၁၁)အရ စက်ကို အမြန်မောင်းနေရာက မမြန်မနှေး မောင်းပါ့မယ်၊ ပြီးတော့တစ်မိနစ်ခြားတိုင်း ဥသြမှုတ်သံရှည် တစ်ချက်တစ်ချက်ဆွဲပါ့မယ်။ သင်္ဘောသားတွေကိုလည်း အစောင့်ချထားပါ့မယ် ရေလည်းစမ်းပါ့မယ် ဆရာ''

``အေး ဟုတ်တယ်၊ ချောင်းကျဉ်းကျဉ်းထဲမှာ ရေစုန် သင်္ဘောနဲ့ ရေဆန်သင်္ဘော နှစ်စင်းတွေ့တယ်၊ ဘယ်သင်္ဘောက ရှောင်ရမလဲ၊ ဘယ်သင်္ဘောဟာ လမ်းပိုင်လဲ''

``ရေဆန်သင်္ဘောက ရေစုန်သင်္ဘောကို လမ်းရှောင်ပေးရပါ့မယ် ရေစုန်သင်္ဘောက လမ်းပိုင်ပါ ဆရာ''

``ဟုတ်တယ် လူလေး၊ သင်္ဘောက ရေစုန်ဆိုပါတော့ ဘယ်လိုလုပ်မလဲ''

www.burmeseclassic.com

www.burmeseclassic.com



"ရေဆန်သင်္ဘောတွေ့တာနဲ့ ဥသြရှည်တစ်ချက်ဆွဲမယ်၊ စက်ရပ်ပြီး အဲဒီသင်္ဘောရှောင် မရှောင် ကြည့်မယ်။ အဲဒီသင်္ဘောက စက်လျှော့ပြီး သူ့လက်ယာဘက်ကို လမ်းရှောင်သွားတာနဲ့ ကျွန်တော်က ဥသြကိုတစ်ချက်ဆွဲပြီး ကျွန်တော်တို့ လက်ယာဘက်က ရေတိမ်ရေနက်စမ်းပြီး သတိထားမောင်းသွားပါ့မယ်ဆရာ"

"ဟုတ်ပြီ၊ တကယ်လို့ ရေဆန်သင်္ဘောက လမ်းရှောင် မပေးဘူးဆိုပါတော့ လူလေး ဘယ်လိုလုပ်မလဲ"

"ရေဆန်သင်္ဘောက လမ်းရှောင်မပေးဘဲ အတင်းဝင်လာရင် ဥသြကိုသုံးချက်ဆွဲပြီးနောက် စက်မောင်းလိုက်ပါ့မယ်၊နောက်ကို ရွေ့တာနဲ့ တက်မကို လက်ဝဲဘက်ဆွဲလှည့်လိုက်ရင် သင်္ဘောပဲ့ဟာ လက်ဝဲဘက်ကို လှည့်သွားပါမယ်၊ ချောင်းနဲ့ကန့်လန့် ဖြတ်ဖြစ်တဲ့ အချိန်မှာ စက်ရပ်ပြီး ရေတိမ်ရေနက်စမ်းမယ်၊ လက်ယာဘက်ကျောက်ကိုထွင် ကျောက်ချ လိုက်တာနဲ့ သင်္ဘောဟာ လည်သွားပါ့မယ်၊ အဲဒီအချိန်ကျမှ ကျောက်ကို ပြန်နုတ်ပြီး လက်ဝဲဘက်ကမ်းမှာ ရေစမ်းပြီး၊ ရွေ့မတိုး နောက်မဆုတ် မောင်းရင်းရှောင်ပေးလိုက်ပါ့မယ် ဆရာ"

"လက်ယာဘက်ကျောက်မချဘဲ လက်ဝဲဘက်ကျောက်ချ လို့ရော မဖြစ်ဘူးလား"

"မဖြစ်ပါဘူးဆရာ၊ လက်ဝဲဘက်ကျောက်ချလိုက်ရင် သင်္ဘော ဝမ်းအောက် ကျောက်ကြိုးဝင်သွားပြီး ကျောက်ကြိုးပြတ်တတ်ပါတယ်၊ သင်္ဘောဝမ်းဗိုက်လည်း ပေါက်တတ်ပါတယ် ဆရာ . . ."

"မှန်ပါတယ်၊ ခု လူလေးဖြေသွားတာတွေ မှန်ပါတယ်၊ ဒါပေမဲ့ လူကြီးတွေမေးတဲ့အခါ ဥပဒေနံပါတ်တွေ ထည့်ဖြေရမယ်၊ ဖြေတတ် အောင် လေ့ကျင့်ထားပါ လူလေး"

"ဟုတ်ကဲ့ပါဆရာ၊ ဆက်မေးပါဦး ဆရာ"

"သင်္ဘောကြီးတွေကို ရှောင်ပေးရတဲ့လမ်းတွေကို သိသလား လူလေး"



"သိပါတယ် ဆရာ၊ မန်းကီးပွိုင့်၊ ဟောစတင်ရှိုး၊ ဖဲယားဝေး ဆုကြောင်း ရေလမ်းတွေပါ"

"ဂျက်တီမှာ ကပ်ထားတဲ့ သင်္ဘောတစ်စင်းမှာ တုံကင်းဘယ် နှစင်း ကပ်နိုင်သလဲ"

"၁၅ စင်းပဲ ကပ်လို့ရပါတယ်၊ ပိုကပ်လို့မရပါဘူး"

"မှန်တယ်၊ ဗောမှာချည်ထားတဲ့ သင်္ဘောမှာ တစ်ပြိုင်တည်း တုံကင်းဘယ်နှစင်း ကပ်လို့ရမလဲ"

"၂၅ စင်းပါ ပိုမကပ်ရပါဘူး"

"သစ်လုံးရေခြောက်ဆယ်အောက် လျှော့တဲ့ဖောင်တွေ ဘယ် အချိန်သွားခွင့်ရှိလဲ"

"မသိပါဘူးဆရာ"

"မိုးလင်းက မိုးချုပ်ကြား ဆွဲသင်္ဘောနဲ့မဆွဲဘဲနဲ့သွားခွင့် ရှိတယ်မှတ်ထား၊ သစ်ဖောင်ကိစ္စ၊ တွဲဆွဲရေယာဉ်တွေကိစ္စပါ ဖတ်ထား ရမယ်လူလေး"

"ဟုတ်ကဲ့ပါဆရာ ဆက်မေးပါဦး"

"ရေနံတွေ ဓာတ်ဆီတွေတင်လာတဲ့ သင်္ဘောတွေဟာ ရန်ကုန် မြစ်ထဲမှာ ဘယ်အချိန်သွားရမလဲ"

"ရေကျမှာသာ သွားရပါ့မယ်ဆရာ"

"မှန်တယ်၊ တွံတေးတူးမြောင်းထဲမှာ အချိန်မရွေး သွားလာ နိုင်တဲ့ သင်္ဘောတွေကိုသိလား"

"အလျားပေ အလျားပေ မမှတ်မိတော့ဘူး ဆရာ"

"သေချာမှတ်ထား အလျားပေ ၁၃၀အောက်၊ ဗြက်ပေ ၅၀အောက်၊ ရေစူးရှိပေခြောက်လက်မအောက်၊ တန်ချိန်လေးရာအောက်၊ သင်္ဘောတွေပဲ၊ ရအောင်ကျက်ထား ဟုတ်လား"

"ဟုတ်ကဲ့ပါဆရာ၊ နောက်တစ်ကြိမ်မေးရင် ဖြေနိုင်ရပါ့ ဆိုမယ်"

www.burmeseclassic.com

www.burmeseclassic.com



''တွံတေးတူးမြောင်းထဲမှာ သင်္ဘောတွေမောင်းနိုင်တဲ့ မိုင်နှုန်း ရောသိရဲ့လား ''

''သိပါတယ် ဆရာ၊ ရေစုန်ဆိုရင် တစ်နာရီ ၁၂ မိုင်နှုန်းထက် ပိုမမောင်းရပါဘူး၊ ရေဆန်ဆိုရင် တစ်နာရီ ရှစ်မိုင်ထက် ပိုမမောင်းရ ပါဘူးဆရာ ''

''မှန်တယ်၊ အရပ်ဝေးဆိုင်ရာ အထိမ်းအမှတ်တွေ ရေတိမ် ရေနက်ဗဟုသုတတွေ ရေစမ်း၊ ကြိုးအကြောင်းတွေ ဗော်ယာခေါ်တဲ့ ဗောတွေအကြောင်းပါ ကျက်မှတ်ထားရမယ်။ ရေတွက်နည်းလည်း လေ့ကျင့်ထားရမယ်၊ အလံတွေအကြောင်းလည်း သိရမယ်လူလေး၊ ကဲ မရတာတွေ ပြန်ကျက်ဦး ဟုတ်လား ''

''ဟုတ်ကဲ့ပါဆရာ၊ ဆရာနားလိုက်ပါဦး၊ ကျွန်တော်မောင်း ပါဦးမယ် ''

''ကွဲခြံတူးမြောင်း ဖြတ်ရင် သတိထားလူလေး ''

''စိတ်ချပါဆရာ ဆရာ နားလိုက်ပါ ''

ဆရာဦးခင်မောင်ဦးက သူ့အခန်းဆီလျှောက်သွား၏။

ကျွန်တော်သည် ရေမြစ်မှ မြသာမြစ်ဆီဖြတ်လိုက်၏။

ကျွန်တော့်ခေါင်းထဲ အသိတစ်ခုဝင်လာ၏။ ပွဲမဝင်ခင် အပြင်က မကျင်းပခဲ့လျှင် ဖာတ်ခုံပေါ်၌ အရှက်တကွဲ အကျိုးနည်းနိုင်ပါတကား။

* * * * * *

သည်တစ်ပတ်သည် မီးစားသော ဂွမ်းကဲ့သို့ ကုန်လွယ်လွန်း ခဲ့၏။ ရန်ကုန်ပြန်ရောက်သည်နှင့် သင်္ဘောကိစ္စ ဝိစ္စအားလုံး လုပ်ပြီးသည်နှင့် ကျွန်တော်သည် ကမာကသွယ် သမ္မန်ဆိပ်သို့ ပြေးခဲ့၏။ သမ္မန်ဆိပ်တွင် ယောင်ပေယောင်ပေနှင့် သူမကို စောင့်ကြည့် ရှာခဲ့၏။

သူမကို တစ်နေကုန်စောင့်ရှာပေမည့် အရိပ်အယောင်ပင်မတွေ့။ ကျွန်တော်က မနက်ကိုးနာရီ သာသာခန့်မှ ကမာကသွယ်ဆိပ်ကမ်း



ရောက်ခဲ့သည်။ ကျွန်တော်မရောက်မီကပင် ရန်ကုန်ဘက်သို့ ကူးသွား လေသလား။ ကျွန်တော်သည် ညခြောက်နာရီမှောင်မှ လက်ဗော့ရှုံးသူလို ငိုက်နွမ်းကိုယ်ပန်းဖြင့် ကမာကသွယ်ဆိပ်မှ ပြန်လာခဲ့သည်။

တကယ်တော့၊ ကျွန်တော်သည် သူမအား စိမ်ပြေနပြေရှာ နိုင်ခဲ့သည် မဟုတ်ပါ။ ဘုရားဖူးရင်း လိပ်ဥတူးခဲ့ခြင်းသာ ဖြစ်ပါသည်။ ဒုတိယတန်း ရေယာဉ်အုပ်စာမေးပွဲအတွက် စာထိုင်ကျက်ရင်း သမ္မန်ဆိပ် ခပ်လှမ်းလှမ်းမှ ကြည့်ရှာခဲ့ရခြင်းသာ ဖြစ်ပါသည်။ စာထဲစိတ်ရောက်နေစဉ် စာကိုအာရုံစိုက်ကြည့်နေချိန်တွင် သူမ သမ္ဗန်နှင့် ရန်ကုန်ဘက်ပါသွား လေသလားဟု တွေးမိတော့ စဉ်းစားမိတော့ ပို့မောသွား၏။

စာကလည်း မကျက်လို့မရ။ စာမေးပွဲက တစ်ပတ်ပင်မလို တော့။ နဒီဒေဝီပေါ်တွင် ဆရာမေးခဲ့သမျှ ကျွန်တော်အကုန်မရ၊ မရတာမသိတာတွေ ရှိသေးသည်။ သင်္ဘောပဲ့ကိုင်ခြင်းဆိုင်ရာ နည်း ဥပဒေတွေကို ပြန်လေ့လာရဦးမည်။ မီးရောင်ဆောင်ယူပြသခြင်းနှင့် ပတ်သက်သည့် မြစ်ကြောင်းစာရင်းတွေ မရသေး။ မီးသင်္ဘောဥပဒေ တွေ၊ ရေကြောင်းပြ အမှတ်အသားတွေ၊ အာရုံထဲပေါ်လာအောင် အလွတ်ရအောင် ကျက်မှတ်ရပေဦးမည်။

တော်သေးသည်။ သင်္ဘောတစ်စင်းတွင် ရေယာဉ်အုပ် စက်ခန်းအုပ် တစ်ယောက်စီခွဲထား၍ တော်သေးသည်။ အားလုံးကို တာဝန်ယူရလျှင် ဒုက္ခ၊ ခုစာမေးပွဲဖြေဖို့ ကျက်မှတ်နေသည် ဆိုသည်မှာလည်း စာမေးပွဲစစ်ဆေးရေးအရာရှိများ၊ သင်္ဘောစစ်ဆေးရေးအရာရှိများ မေးနေကျ မေးတတ်သည့်အကြောင်းခြင်းရာများလောက်သာ ကျက် ကျက်နေခြင်းပင်ဖြစ်သည်။ နိုက်နိုက်ချွတ်ချွတ် မေးလာလျှင် ဖြေနိုင်ဖို့ မလွယ်။ တကယ်လေ့လာကြည့်လေ မသိတာတွေကများလေဖြစ် နေသည်။

www.burmeseclassic.com

www.burmeseclassic.com



The Inland Steam - Vessels Manual နှင့် The Inland Steam - Vessels Act 1917 စာအုပ်တွေထဲက မေးချင်တာ မေးမည်ဆိုလျှင်တော့ ပက်လက်လန်ဖို့ပဲရှိသည်။ ရေယာဉ်အုပ် စာမေးပွဲအောင်ဖို့ မလွယ်တော့။ ကျက်ရမှတ်ရမည့် စာတွေက များလွန်းသည် မဟုတ်လား။ လူကြီးတွေကလည်း ညှာညှာတာတာ မေးသည်ဟု ကြားသိရသည်။ နှိုက်နှိုက်ချွတ်ချွတ်မေးနေလျှင် သင်္ဘောတိုင်း ရေယာဉ်အုပ်ရှိဖို့မလွယ်။ တကယ်လက်တွေ့ထိတွေ့ ဆောင်ရွက်နေရမှုများကို မေး၍သာ ရေယာဉ်အုပ်စာမေးပွဲဝင်ဖြေသူတွေ အောင်နေကြခြင်းပင် ဖြစ်ပါသည်။ ဒါတောင်ဖြေတိုင်း အောင်သည် မဟုတ်။ ကောင်းကောင်းဖြေနိုင်မှ အောင်သည်မဟုတ်လား။

သင်္ဘောရောက်တော့ ထမင်းက တအားဆာနေပြီ။ မနက်စာကို သင်္ဘောမှာ မနက်ကိုးနာရီလောက်က စားခဲ့ပြီးနောက် ဘာမှထပ် မစားတော့၊ ဆာလောင်မွတ်သိပ်နေပြီပေါ့။ ရယ်တော့လည်း ရယ်ချင်စရာပါ။ ကမာကာသွယ်သမ္ဘန်ဆိပ်မှာ စာကျက်ရင်းသူမကို စောင့်နေတုန်းမှာတော့ ဆာမှန်းမသိ၊ ပူမှန်းမသိ၊ အေးမှန်းမသိ။ ပြီးတော့ ရှက်ရကောင်းမှန်းမသိ။တကယ်တော့ တစ်နေကုန်သမ္ဘန်ဆိပ်ထိုင်ရသည်မှာ လွယ်ကိုမလွယ်သည့်အလုပ်။ မျက်နှာပြောင်တိုက် ထိုင်နေရသလို ဖြစ်သည်။ စောင်းကန်းစောင်းကန်းနှင့်ကြည့်နေရသည်ကိုက ရှက်စရာကောင်းလွန်းလှ၏။ မသိမသာ၊ စောင်းပါးရိပ်ခြည်၊ ဘယ်လိုပင်ကြည့်ကြည့်၊ သမ္ဘန်ဆိပ်ဆင်းလာသူတွေက ကျွန်တော့ကို လူထူး လူဆန်း တစ်ယောက်လို ကြည့်သွားတတ်ကြသည်။ ကျွန်တော် လူရှာနေသည်ကို သူတို့သိဟန်ရှိကြ၏။

သူမကို တွေ့လိုဇောဖြင့်သာ အရှက်မရှိ စောင့်နေသည်။ ကမ်းနားမှာ အရိပ်မရှိ။ တော်သလင်းနေက ပူပြီဆိုလျှင် ရက်ရက်စက်စက်ပူသည်။ တော်သလင်းနေ၊ ပုစွန်သေဟူသောစကားရှိသည် မဟုတ်လား။ သည်အပူကို ကျွန်တော်ဂရုမပြုမိခဲ့။ သတိမထား မိခဲ့။ ခုသင်္ဘောပေါ်ရောက်မှ မှန်ထဲအကြည့်တွင် မျက်နှာ၌ နေလောင်ကွက်တွေကို တွေ့ရ၏။



အရှက်အကြောက်ကြီးတတ်သော ကျွန်တော်သည် သူမနှင့် ပတ်သက်လာတော့ ရှက်ရကြောက်ရမှန်း မသိ။ မျက်နှာပူရမှန်းမသိ။ နောက်နေ့သွားလျှင် လူမြင်ကောင်းအောင် ငါးမျှားချိတ်နှင့် ငါးမျှားတန် ယူသွားမည်ဟု စိတ်ကူးမိ၏။ ငါးမျှားနေသလိုနှင့် သူမကို စောင့်ကြည့် ခဲ့လျှင် လူတွေက ကျွန်တော့်ကို အထူးအဆန်းထင်ကြမည်မဟုတ်တော့။ မြင်ကြမည်မဟုတ်တော့။

ကျွန်တော်သည် ငါးဖားမကြော်၊ ချဉ်ရေဟင်းဖြင့် ထမင်းစား လိုက်ပြီး စာဆက်ကျက်လိုက်၏။ စာကျက်ခါစက သူမမျက်နှာသာ အာရုံ၌ပေါ်ပေါ်လာသဖြင့် မနည်းကြိုးစားဖျောက်ဖျက်ရ၏။ စာ၌ စိတ်ဝင်စားလာသောအခါ သူမသည် အာရုံ၌မရှိတော့။

ည နှစ်နာရီမှ အိပ်ရာဝင်ခဲ့၏။ မအိပ်မီ ကျွန်တော်ဖျားမှာ နာမှာစိုး၍ သူမပေးခဲ့သော ကချင်လုံချည်နှင့် သားရေဖိနပ်နီနီလေးကို ကျွန်တော် ထုတ်ကြည့်ဖြစ်၏။ ထိုခဏ အကြင်နာစကားတွေ ကြား ယောင်မိ၏။ ရင်ထဲ၌ အေးမြကြည်နူးသွား၏။

ကျွန်တော်သည် အိပ်ရာထဲတွင် စာများကို ပြန်နွှေးရင်း အိပ်ပျော်သွားခဲ့၏။ မည်သည့် အချိန်တွင် အိပ်ပျော်သွားခဲ့သည်ကို မသိတော့။

ကျွန်တော်အကျင့်အတိုင်း အိပ်ရာမှ စောစီးစွာနိုးခဲ့၏။ နာရီ ကြည့်လိုက်တော့ မနက် ငါးနာရီ။ မျက်စိအကျင့် ဝမ်းအချင့်ဆိုသည့် စကား မှန်လှ၏။ ကျွန်တော်သည် ဘယ်အချိန် အိပ်အိပ် နံနက် ငါးနာရီပတ်ဝန်းကျင်တွင် နိုးလာလေ့ရှိ၏။ ညပိုင်း စောစောအိပ်လျှင် တော့ သည့်ထက်စောစောနိုးတတ်၏။

www.burmeseclassic.com

www.burmeseclassic.com



ရွာမှာနေတုန်းက အအိပ်အနေများသလောက် မှန်ကျောင်းမှာ အအိပ်အနေနည်းလာသည်။ နဒီဒေဝီရောက်တော့ တစ်နေ့ ငါးနာရီခန့် အိပ်ရလျှင် အိပ်ရေးဝတော့၏။ တစ်နေ့ သုံးနာရီ၊ လေးနာရီသာ အိပ်ရသည့်ညတွေက တစ်ပုံကြီးမဟုတ်လား။

ခြောက်နာရီထိုးသည်နှင့် ကမာကာသွယ်သမ္ဗန်ဆိပ်သွားရန် ဆုံးဖြတ်ထား၏။ နဒီဒေဝီမှ အထွက်တွင် ဆရာ ဦးခင်မောင်ဦးက ဘွမ်းခေါ်သဖြင့် ဆရာ့ဆီသွားရ၏။ ဆရာက သင်္ဘောပေါ် ကုန်စည် ဘင်ဆောင်မှု ရေယာဉ်အုပ်တာဝန်ဝတ္တရားနှင့် လုပ်ပိုင်ခွင့် ရေယာဉ် အစစ်ဆေးခံနိုင်မှုအစီအစဉ်တို့ကို မေးသည်။ ရေယာဉ် အစစ်ဆေးခံနိုင်မှု အစီအစဉ်ကိုတော့ လုပ်နေကျမို့ရသည်။ ကုန်စည်တင်ဆောင်မှုနှင့် ရေယာဉ်အုပ် တာဝန်ဝတ္တရားနှင့် လုပ်ပိုင်ခွင့်ကို မရသေး။

နဒီဒေဝီမှအထွက် ဆရာခေါ်လိုက်စဉ်က ရင်ထဲ၌ မကြည်မလင် ဖြစ်လိုက်သေး၏။ သူမနှင့်လွဲမှာ စိုး၍ ဆရာ့အပေါ် စိတ်ခုလိုက်မိခြင်း ဖြစ်၏။ ဆရာက စာမေးပွဲအတွက် ကျွန်တော်မသိသေးတာတွေ မကျက်ရသေးတာတွေကိုမေးမှ၊ ရှင်းပြမှ ဆရာ့အား စိတ်ခုမိသည်ကို နောင်တရလာမိ၏။ စာမေးပွဲက ဖင်နားကပ်နေပြီ။ ဆရာသာ သတိ မပေးခဲ့လျှင်၊ ထိုအကြောင်းတွေ ကျက်မှတ်မိလိမ့်မည်မထင်။ ကျွန်တော် မကျက်မှတ်မိသော ထိုအကြောင်းတွေသာ စာမေးပွဲမှာမေးခဲ့လျှင် ကျွန်တော်ရင်ကျိုးရဖို့ပဲ ရှိတော့မည်။

ဆရာနှင့် စိတ်လိုလက်ရ ဆွေးနွေးနေမိတော့ ဒလသွားဖို့ကိစ္စပင် မေ့သွား၏။ ဆရာ့ကို နှုတ်ဆက်ပြီး နဒီဒေဝီမှ ထွက်လာတော့ နံနက် ခုနစ်နာရီ ထိုးနေပြီ။ လသာဝင်ပြီး ပဲရစ်မုန့်ဆိုင်မှ ကိတ်ခြောက်တစ်ထုပ် ဝယ်ခဲ့၏။ နဒီဒေဝီမှ ယူလာသော ပလတ်စတစ်ရေဘူးထဲမှ ရေဖြင့်ပင် နေ့လယ်စာ မျောချရပေတော့မည်။ ကျွန်တော်သည် ပဲရစ်မုန့်ဆိုင်မှ ကမာကာသွယ်ဆိပ်ကမ်းသို့ သုတ်ခြေတင်ခဲ့၏။ သမ္ဗန်ကပ်တော့ ရှစ်နာရီ ၁၅ မိနစ်။



ပန်းဝင်သော်လည်း ဆုမရသော မာရသွန်အပြေးသမားလို နုံးချည့်ခွေယိုင်စွာ ကျွန်တော် နဒီဒေဝီသို့ ပြန်လာခဲ့၏။ တစ်နေကုန် စာကျက်ရင်း စောင့်ပေမည့် သူမအရိပ်အယောင်မတွေ့ရ။ ရန်ကုန်ဘက် အသွား၊ ဒလဘက်အလာ သမ္ဗန်ဆင်း၊ သမ္ဗန်တက်သူများကို ဖီးကွက် မျက်လုံးဖြင့် ပြူးရှာပေမည့် မတွေ့ခဲ့။

ညနေ လေးနာရီခွဲခန့်တွင် သင်္ဘောသားမောင်ထွန်းလှိုင်နှင့် ကမာကာသွယ်ဆိပ်တွေ့ပြီး အတူပြန်လာခဲ့၏။ မောင်ထွန်းလှိုင်က "ဆရာ ဘာလာလုပ်လဲ" ဟုမေးသည်ကိုပင် ကျွန်တော်ချက်ချင်း မဖြေနိုင်။ အဆင်ပြေပြေဖြေနိုင်ဖို့ကို မနည်းကြိုးစားစဉ်းစားပြီး "မရောက်ဖူးလို့ လာလေ့လာတာပါ" ဟုဖြေမိ၏။

မောင်ထွန်းလှိုင်သည် ဒလတွင်နေမှန်းသိသော်လည်း ကမာ ကာသွယ်တွင် နေမှန်းမသိ။ မောင်ထွန်းလှိုင်သည် မနေ့က သင်္ဘော ဆိုက်ဆိုက်ချင်း၊ ခွင့်တောင်းပြီး သူ့အိမ်ပြန်သွားခဲ့၏။ နှစ်ရက်နားပြီး သည်ည တာဝန်ပြန်ဝင်ရန် ပြန်လာခြင်းဖြစ်ပေလိမ့်မည်။ မနေ့ကသာ မောင်ထွန်းလှိုင် ကမာကာသွယ်ဆိပ်ကမ်း လာကြည့်ခဲ့လျှင် စောစောက ကျွန်တော်ဖြေလိုက်သည့်အဖြေသည် အဓိပ္ပါယ်မရှိ ဖြစ်သွားပေလိမ့်မည်။ သည်နေ့တစ်နေ့ကုန်လုံး သည်သမ္ဗန်ဆိပ်၌ ကျွန်တော်ရှိနေသည်ကို မောင်ထွန်းလှိုင် တွေ့မြင်သွားပါက . . .

ကျွန်တော် သည်ကိစ္စဆက်မတွေးချင်တော့ပါ။ အများ အမြင်တွင် ကျွန်တော့်လုပ်ရပ်သည် အဓိပ္ပါယ်မရှိ ရယ်ချင်စရာ ဖြစ်ကောင်းဖြစ်ပါလိမ့်မည်။ သူမအပေါ် တိမ်းညွတ်နေသောစိတ်ကြောင့် ကျွန်တော့်အနေဖြင့် အဓိပ္ပါယ်ရှိ၊ မရှိ၊ ရယ်စရာဖြစ်၊ မဖြစ် မဝေခွဲတတ် မဝေခွဲအား။ ကျွန်တော့်စိတ်၊ ကျွန်တော်အာရုံ၊ ကျွန်တော့်မျက်စိနှ ကျွန်တော့်နားတို့၌ သူမသာလျှင်ကြီးစိုးနေခဲ့သည် မဟုတ်လား။

ကမာကာသွယ်ဆိပ်တွင် ဆက်နေခဲ့လျှင်မကောင်းတော့၍ မောင်ထွန်းလှိုင်နှင့်အတူ သမ္ဗန်စီးပြီး နဒီဒေဝီသို့ပြန်ခဲ့၏။ မောင်ထွန်းလှိုင်

www.burmeseclassic.com

www.burmeseclassic.com



က ကျွန်တော့်လက်မှ ရေဘူးကိုလှမ်းယူရင်း၊ “အဲဒီရေဘူးက ဘာလို့ ယူလာတာလဲ” ဟုမေးတော့ “တခြားရေ မသောက်တတ်လို့ပါကွာ” ဟု အဆင်ချောစွာ ဖြေလိုက်မိ၍ တော်တော့၏။ ငါးမျှားတံပါလာလျှင် ဘယ်လိုပြန်ဖြေရမှန်းမသိ။ ကမာကသွယ်ဆိပ်ထက် နဒီဒေဝီ ရေယာဉ် ပေါ်မှ ငါးမျှားခြင်းက ငါးရဖို့သေချာသည် မဟုတ်လား။

“မောင်ဝင်းနိုင်ရဲ့ အိမ်ကိုရောက်သေးလား ”

“ရောက်တယ်ဆရာ . . . ဒီနေ့ပဲ သူအလုပ်ဆင်းသွားပြီ ဆရာနဲ့ မတွေ့ခဲ့ဘူးလား ”

ကျွန်တော်ဘာပြန်ဖြေရမှန်းမသိ။ ကျွန်တော်နှင့် ဘယ်မှာ လွဲသွားပါလိမ့်။ ပဲရစ်မုန့်ဆိုင်သွားနေချိန်တွင် လွဲသွားခြင်းဖြစ်ပေလိမ့်မည်။ “ဒီနေ့မုန့်ကျောင်းသွားနေတာ မုန့်ကျောင်းက ဒီလှည့်လာတာ ဒါကြောင့် မတွေ့တာပေါ့” ဟု လိမ်ညာ၍ ဖြေမိ၏။

မုန့်ကျောင်းမရောက်သည်မှာ တစ်လခန့်ရှိပြီ၊ စာမေးပွဲအတွက် စာဖိကျက်ရတော့ မရောက်ဖြစ်တော့။ ပြီးခဲ့သည့်အခေါက် ပြင်စလူ မထွက်မီက ပြင်စလူက အပြန်တွင် ဆရာတော်အား သွားဖူးမည်။ ငါးရံ့ခြောက်ကောင်းကောင်း သွားကပ်မည်ဟု စိတ်ကူးမိသေး၏။ သူမ နှင့် တွေ့လိုက်တော့ မုန့်ကျောင်းသွားဖို့ အစီအစဉ်တွေ မေ့သွားသည်။ မုန့်ကျောင်းအစား သူမရှိရာ ဒလသို့သာ ကျွန်တော်သွားနေမိ၏။

သူမနှင့် ပတ်သက်လာလျှင် ကျွန်တော်လိမ်တတ်လာခဲ့ပြီ။ သူမ နှင့် မတွေ့မီက ကျွန်တော်သည် တော်တော်တန်တန်ကိစ္စ၊ လိမ်ပြော လေ့မရှိ။ အမှန်အတိုင်း ပြောလိုက်လျှင် နာသူနှင့်အခြားသူတွေ ထိခိုက်လာနိုင်ဖွယ်ရာရှိမှသာ လိမ်ပြောဖြစ်ခဲ့သည်။ ခုတော့ သည်သို့ မဟုတ်ပြီ။

ကျွန်တော်သည် မောင်ထွန်းလှိုင်နှင့် တွေ့၍သာ နဒီဒေဝီသို့ ပြန်လိုက်ခဲ့ရသော်လည်း ကျွန်တော့်စိတ် ကျွန်တော့်အာရုံသည် ကမာ



သွယ်ဆိပ်၌ ကျန်ရစ်ခဲ့၏။ သူမဆင်းအလာကို စောင့်ကြည့်ချင်သည်။ သူမတက်အလာကိုစောင့်ကြည့်ချင်သည်။

ကျွန်တော့်အဖို့ တွေ့လိုသူ သူမကို စောင့်မျှော်ရှာဖွေရသည်မှာ အချိန်တွေအမြဲလိုနေပါပကော။

ညကစာကျက်ရင်း သူမအကြောင်း သေချာစဉ်းစားမိ၏။

သူမပြောစကားအရ နာမည်က “မြ” တစ်လုံးပါပေလိမ့်မည်။ သမ္မန်စီးပြီး ရန်ကုန်တက်လာသူ။ ရန်ကုန်ဘက်အလုပ်လာလုပ်တာလား။ အရေးကြီးကိစ္စနဲ့ လာတာလား။ တစ်ခုခုတော့ဖြစ်ရမည်။ ဈေးဝယ်ဖို့ကိစ္စလောက်ဆိုလျှင် ရန်ကုန်သို့ ဒုတိယအကြိမ် ဆက်လာရာအကြောင်းမရှိ။ သမ္မန်အတိုက်ခံရ သမ္မန်မှောက် ရေနစ်ခံရသည့် နေ့ကလေးတစ်ယောက်အနေဖြင့် တစ်နေ့တည်း ရန်ကုန်ထပ်လာဖို့ စိတ်ကူးရလိမ့်မည်မထင်။ မသေကောင်း မပျောက်ကောင်းကိစ္စမှ အိမ်မှာပဲ နေလိမ့်မည်ထင်သည်။ အရေးတကြီးကိစ္စ မသွားမဖြစ်သည့် ကိစ္စရှိ၍သာ ဒုတိယအကြိမ် ရန်ကုန်ဘက်ကမ်းသို့ ထပ်လိုက်လာ ခြင်းဖြစ်နိုင်သည်။

ပြီးတော့ ကျွန်တော်ဝတ်ဖို့ စီးဖို့ ပေးသည့် ကချင်ပုဆိုးနှင့် သားရေဖိနပ်ကလည်း စဉ်းစားစရာ။ ဆေးရုံကဆရာအတွက် ကန်တော့ဖို့ဘဲ။ သူမ ဆေးရုံတက်ခဲ့ဖူးလေသလား။ ဒါလည်း မဖြစ်နိုင်။ လုလို့ဝလို့ နာလန်ထစရုပ်မပေါက်။ သူမ၏မိသားစု ဆေးရုံတက်ခဲ့ဖူးလေသလား။ သည်ကျေးဇူးတွေကြောင့် ဆေးကုပေးသည့်ဆရာဝန်ကို ကန်တော့ဖို့ ဝယ်ထားတာလား။ ဒါလည်းဖြစ်တော့ ဖြစ်နိုင်သည်။

ပြီးတော့ သူမ ပြောတာကျန်သေးသည်။ သိတင်းကျွတ်ကန်တော့ဖို့ လစာထုတ်တုန်းက ဝယ်ထားတာဆိုလား။ ဆေးရုံက ဆေးကုပေးသည့် ဆရာဝန်ကို ကန်တော့တာ သိတင်းကျွတ်မှလား။ သိတင်းကျွတ်နဲ့ ဘာဆိုင်သလဲ။ ဆေးရုံတက်နေတုန်း ကန်တော့လည်းရတာပဲ။ ဆေးရုံဆင်းချိန် ကန်တော့လည်းရတာပဲ။ သူမ၏ ဆွေမျိုးသားချင်း

www.burmeseclassic.com

www.burmeseclassic.com

လူနာက ခုထိ ဆေးရုံတက်နေတုန်းလား။ သူမနှင့် ကျွန်တော်တွေ့ခဲ့ တုန်းက သီတင်းကျွတ်ဖို့ သုံးပတ်ကျော် လေးပတ်ခန့် လိုသေးသည်။ လကုန်ရက် လခထုတ်တုန်းက ဝယ်ထားတာဆိုတော့ ဆေးရုံတက်နေ တာပင် တစ်လကျော်ရောပေါ့။ ဘာရောဂါနှင့် တက်နေပါလိမ့်။ ရက်ရှည် လများကြာလှချည်လား။

စေ့စေ့တွေးကြည့်တော့ ဒါလည်းမဖြစ်နိုင်။ ပထမဆုံးအကြည့် ချင်းဆုံခဲ့သည့် သူမ၏ရုပ်သွင်၊ သူမ၏မျက်ဝန်း၊ သူမ၏ဝတ်စား ဆင်ယင်မှု၊ သမ္ဘန်မှောက်လို့ ဒုတိယအကြိမ်ဝတ်စားဆင်ယင်(ဘာ လူနာကြည့်မည့်ရုပ်သွင်၊ လူနာရှင်၏ရုပ်သွင်၊ တစ်စက်ကလေးမှမပေါ် ကြကြရွရွ လှလှပပ သမင်ပျိုမလေးလို တက်ကြွမြူးတူးနေဟန် ပြောလို့တော့မရ။ ရန်ကုန်သူရန်ကုန်သား၊ မြို့သူမြို့သားတွေက ဆေး လူနာသွားစောင့်တာ ဆေးရုံလူနာထမင်းပို့တာ မပြောနှင့် သုသာန် အသုဘသွားပို့သည်ပင် ရွှေတွဲလွဲ ငွေတွဲလွဲ၊ မိတ်ကပ်အဖွေးသား ဆံပင်အပုံစား၊ အလှူအတန်းသွားတာလို အဝတ်အစား သစ်သစ် လွှင်လွှင်တွေ ဝတ်ဆင်နေကြသည်မဟုတ်လား။ သဟဇာတဖြစ်အောင် မနေမထိုင်တတ်သည့် ပပလွှားလွှား ဝါဝါကြွားကြွား မြို့ပြမှ လူတွေ တရားမကျနိုင် တရားမရနိုင်ကြသည့် မြို့ပြမှ လူတွေမဟုတ်လား။

လကုန်တုန်းက လခထုတ်တုန်း ဝယ်ထားသည်ဆိုတော့ သူမ သည် မလွဲမသွေ လခစားဝန်ထမ်း ဖြစ်ရမည်။ နေ့ပုံထိုင်ပုံ ဝတ်စားပုံက လည်း ပိုက်ဆံရှိ ဝန်ထမ်းပုံ ပေါက်နေသည်။ မြို့ပြမှာက ဝန်ထမ်းတောင် လစာမှတစ်ပါး အခြားဝင်ငွေမရှိသည့် ပိုက်ဆံမရှိသည့် ဝန်ထမ်းဆိုလျှင် သိသာသည်။ ညှိုးညှိုးငယ်ငယ်၊ မွဲမွဲခြောက်ခြောက်၊ နွမ်းနွမ်းဖတ်ဖတ် ကုန်ဈေးနှုန်းတွေ သည်လောက်ကြီးနေတော့ ရသည့်လစာ၊ လက်တန် သုံးပစ်လို့မရ။ စာရင်းဇယားလုပ် တိုင်းထွာသုံးနေရမည်မဟုတ်လား။ ထိုတိုင်းထွာသုံးသည့် အထဲတွင်ပင် ''စား'' ရေးကလွဲပြီး အခြားအရေး



ပါနိုင်။ သည်တော့လည်း အစုပ်အပြဲ အရောင်လွင့်ပေမည့် မတတ်နိုင်။ နွမ်းနွမ်းဖတ်ဖတ်ပဲ ဝတ်ကြရပေမည်ပေါ့။

လစာငွေအပြင် ကြားပေါက်ဝင်ငွေရကြသူ၊ နေရာဌာနအရ ကြောင့်ဝင်ငွေကောင်းနေကြသူ၊ မျိုးရိုးစဉ်ဆက်ချမ်းသာနေကြသူ ဝန်ထမ်းတွေဆိုလျှင်တော့ ငွေကို ရေလိုသုံးနိုင်ကြသူများမို့ ပြောင်ပြောင် ရောင်ရောင်၊ ထောင်ထောင် ထောင်ထောင်၊ သစ်သစ်လွင်လွင်၊ တိုက်နှင့်ဆိုက်နှင့် ဖြစ်ပေမည်ပေါ့။

သူမက ပိုက်ဆံရှိဝန်ထမ်းပုံပေါက်နေသည်။ စိန်နားကပ်၊ နာရီတော်ကြီး။ ခေတ်ပေါ်အဝတ်အစား သစ်သစ်လွင်လွင်နှင့်မဟုတ်လား။ ဘယ်ဌာနကပါလိမ့်။ ဝင်ငွေကောင်းသည့် ဌာနတစ်ခုခုမှလား။ ဒါမှမဟုတ် မိဘမျိုးရိုးကချမ်းသာလေသူလား။

ပိုက်ဆံရှိသည့် ဝန်ထမ်းပုံပေါက်နေသူ သူမသည် ဆေးရုံနှင့်များ ဆက်စပ်ပတ်သက်နေလေသလား။ ဆေးရုံမှ ဆရာဝန်လား၊ သူနာပြု ဆရာမလား၊ ဆေးရုံရုံးဝန်ထမ်းလား၊ ဖြစ်နိုင်သားပဲလေဟု တွေးဖြစ်၏။

ဆေးရုံဝန်ထမ်းဟု စဉ်းစားလိုက်မိတော့ ဆေးရုံသွားရှာရလျှင် တွေ့လိမ့်မည်ဟု ထင်လာမိ၏။ ဆေးရုံ၊ ဘယ်ဆေးရုံမှာပါလိမ့်၊ ဆေးရုံ တွေကလည်း အများကြီး၊ အရှေ့ပိုင်းဆေးရုံ၊ အနောက်ပိုင်းဆေးရုံ၊ ကလေးဆေးရုံ၊ အမျိုးသမီးဆေးရုံ၊ ရန်ကုန်ဆေးရုံကြီး၊ အဆုတ်ရောဂါ ဆေးရုံ၊ မျက်စိ၊ နား၊ နှာခေါင်းဆေးရုံ၊ လည်ချောင်းဆေးရုံ၊အလုပ် သမားဆေးရုံ၊ မြောက်ဥက္ကလာ၊ အင်းစိန်မြို့နယ်ဆေးရုံတွေကလည်း တစ်ပုံကြီး။

ဆေးရုံတွေသွားရှာရမှာ မလွယ်ပါလား။ အားလုံးသာလိုက်ရှာ ရလျှင် ခြေတိုပေမည်ပေါ့။ မိုးချုပ်ခါနီးမှ ရန်ကုန်ဘက်ကူးတာဆိုတော့ ဝေးဝေးလံလံ ဆေးရုံတော့ဖြစ်မည်မထင်ရ၊ ရန်ကုန်ဆေးရုံကြီးပဲ ဖြစ်မည် ထင်သည်။ ဘာပဲဖြစ်ဖြစ်၊ မနက်ဖြန် ရန်ကုန်ဆေးရုံကြီးသွား

www.burmeseclassic.com

www.burmeseclassic.com



ရှာလိုက်မည်။

သူမအကြောင်းတွေးနေတာနှင့် စာကျက်ဖို့အချိန်အတော်ကုန်သွားပြီ။ စာကလည်း မကျက်လို့မဖြစ်။ ဘဝတက်လမ်းစာမေးပွဲ။ စာမေးပွဲကလည်း ရက်ပိုင်းပဲလိုတော့သည်။ စာမေးပွဲဖြေပြီးမှ သူမကို ရှာပုံတော်ဖွင့်ရလျှင် ကောင်းမည်လားဟု စဉ်းစားမိ၏။

သူမက ကျွန်တော့်အာရုံတွင် အမြဲစိုးမိုးချင်သူဆိုတော့ စာမေးပွဲမဖြေမီကြား အကြိမ်ကြိမ်ချင်းနင်း ဝင်ရောက်စိုးမိုးနေလျှင် မခက်လား။ သူမဆီချည်း စိတ်ရောက်နေလျှင် စာထဲစိတ်ပါမည်မဟုတ်။ စာထဲစိတ်မပါလျှင် စာကျက်တာ ဘာမျှအဓိပ္ပါယ်မရှိ။

ဘာပဲဖြစ်ဖြစ် မနက်ဖြန်တစ်ရက်တော့ ရန်ကုန်ဆေးရုံကြီးသွားရှာကြည့်မည်။ မနက်ဖြန်တစ်နေကုန် နဒီဒေဝီပေါ်မှာပဲ စာကျက်မည်။ ညနေလူနာတွေ့ချိန် ဆေးရုံကြီးသွားပြီး သူမကို ရှာပုံတော်ဖွင့်မည်ပေါ့။

ကိုယ့်အတွေးကို သဘောကျပြီး ပြုံးဖြစ်၏။ စာဖြောင့်ဖြောင့်ကျက်ရအောင် သူမပေးထားသည့် ကချင်ပုဆိုးနှင့် သားရေဖိနပ်နီနီကို ထုတ်ကြည့်၏။ ထိုအချိန် သူမ၏အကြင်နာစကားများက နားဝ၌ ကြားယောင်လာ၏။ ရင်ထဲတွင် ကြည်နူးအေးမြသွား၏။ ကျွန်တော် ပုဆိုးနှင့် ဖိနပ်ကို ပြန်သိမ်းလိုက်၏။ စာအုပ်ကို စကိုင်လိုက်၏။ ခေါင်းကြည်တော့ စာဝင်မည်မဟုတ်လား။

တစ်နေ့လုံး စာထိုင်ကျက်ပြီး ညနေ သုံးနာရီထိုးသည်နှင့် မုန့်ကျောင်းသို့ထွက်ခဲ့၏။ ရွှေပုဇွန်တွင် ဆရာတော်အတွက် မုန့်ဝယ်ခဲ့၏။

မုန့်ကျောင်းရောက်တော့ ဆရာတော်မရှိ။ ကျောင်းမှကပ္ပိယအား မုန့်ထုပ်များကို ဆရာတော်အား ကပ်ရန်ပေးခဲ့ပြီး ဆေးရုံဘက်ထွက်ခဲ့၏။

လေးနာရီမထိုးသေး၍ လူနာတွေ့ချိန်မရောက်သေး၍ အရေး



ပေါ်ဝင်ကာ ဆရာဝန်နှင့် ဆရာမများကိုလျှောက်ကြည့်ရင်း သူမကို ရှာခဲ့၏။

လေးနာရီထိုးတော့ ဆေးရုံကြီးပေါ်တက်ခဲ့၏။ အခန်း ငါး ခြောက်မှ ဟိုအပေါ်ဆုံးထပ်ထိ လူနာရှာသလိုလိုနှင့် သူမကို လိုက်ရှာခဲ့၏။ သူမကို မတွေ့ခဲ့။

ပင်ပန်းနွမ်းနယ်နေသော်လည်း ကျွန်တော်အားလျှော့စိတ်မရှိ။ ကင်ဆာဝဒ်၌ နှလုံးဆောင်၌ သွား၍ရသည့်နေရာ အကုန်သွား၍ သူမကို ရှာခဲ့၏။ နဒီဒေဝီသို့ ပြန်ရောက်တော့ ညခုနစ်နာရီရှိပြီ။

ပင်ပန်းလွန်းတော့ ကိုယ်ပန်းစိတ်ပန်းဖြစ်တော့ စာကြည့်ချင်စိတ်ပင်မရှိပြီ။ စာကလည်း မကြည့်လို့မဖြစ်။ စာမေးပွဲက ဒိန်းနဲ့ခါ။ မနက်ဖြန် တစ်ရက်၊ သန်ဘက်ခါတစ်ရက်၊ နှစ်ရက်ပဲ ကျန်တော့သည်။

မနက်ဖြန်ခါတစ်ရက်တော့ ကမာကသွယ်ဆိပ်ကမ်းသို့ သွား၍ သူမကို ရှာဦးမည်။ မနက်စောစော ခြောက်နာရီလောက်ကတည်းက သွားမည်ဟု ဆုံးဖြတ်လိုက်၏။

သူမကို တွေ့သည်ဖြစ်စေ၊ မတွေ့သည်ဖြစ်စေ၊ ခဏနားလိုက်မည်။ သန်ဘက်ခါကျတော့ နဒီဒေဝီပေါ်မှာပဲ ဆရာနှင့် စာဆွေးနွေးမည်။ သန်ဘက်ခါ ဆရာမေးသမျှ ဖြေနိုင်အောင် သည်နေ့ညနှင့် နက်ဖြန်ခါပဲ စာကျက်ဖို့ ကျန်တော့သည် မဟုတ်လား။

ခုပုံဆို သည်တစ်ခေါက် ပြင်စလူပြန်အထွက်တွင် ကျွန်တော် လိုက်၍မရတော့။ နဒီဒေဝီ ပြင်စလူထွက်မည့်နေ့တွင် စာမေးပွဲဖြေရမည်။ နဒီဒေဝီတွင် ကျွန်တော်ပါမလာလျှင် ပြင်စလူရွာ ဆရာ့အိမ်သို့ မသွားခဲ့လျှင် ဆရာကတော် ဒေါ်သီသီက ကျွန်တော့်ကို တစ်မျိုးမြင်ပေတော့မည်။ ကျွန်တော်ကလည်း ကျွန်တော်။ ဆရာကတော်နှင့်သီတာဦးရှေ့တွင် ဆွံ့ဆွံ့အအဖြစ်နေခဲ့သည်။ မလုံသည့်အိုး၊ တဖိုမ်းရုံဖြင့်အား ဆိုသကဲ့သို့ ဒလမှ သူမကြောင့်ပဲ ဖြစ်မည်ထင်သည်။ ဒလမှ သူမကို

www.burmeseclassic.com

www.burmeseclassic.com



သည်း ခွဲလမ်းတွယ်တာ။ သိတာဦးကိုလည်း သနားမို့ ကျွန်တော့် စိတ်တွေ ပုံမှန်မဖြစ်။ စဉ်းစားမှုအတွေးအခေါ်တွေ၊ မှေးမှိန်ကာ၊ ကစင့်ကလျား ဖြစ်နေဟန်ရှိသည်။ ''နောက်တစ်ပတ် ကျွန်တော်လာနိုင်မှာ မဟုတ်ဘူး စာမေးပွဲဖြေရမယ်'' ဟုပြောခဲ့လိုက်လျှင်အပြီးသား။

ဆရာက ဆရာကတော်ကို ကျွန်တော် စာမေးပွဲဖြေဖို့ ကျန်ခဲ့ကြောင်း ပြောပြမည်ထင်သည်။ သည်သို့ ဆိုလျှင်တော့ ဆရာကတော်က ကျွန်တော့်အပေါ် နားလည်သွားပေလိမ့်မည်။

သိတာဦးကတော့ ဆရာကတော်လို နားလည်လိမ့်မည်မထင်။ သူမကို ညာသည်။ လိမ်သည်။ ဂရုမစိုက်။ အလေးမထား။ ဥပက္ခာပြုရက်သည်ဟုပင် ထင်မည်။ မှုန်းတည့်နေလို မျက်နှာမျိုးဖြင့် ကျွန်တော့်ကို စူးစူးရဲရဲကြည့်ပြီး စကားမဆို စိတ်ကောက်နေပေလိမ့်မည်။ ရှောင်နေကောင်း ရှောင်နေပေလိမ့်မည်။ နှမလေးလို ဆိုးနွဲ့နေတတ်သော သိတာဦးကို ပြင်စလူရောက်သွားလျှင် ချော့ရမော့ရဦးမှာပါလား။

သိတာဦးက ငယ်သူမို့ ရွဲ့တတ်သည်။ ကျွန်တော့်ကို အရွဲ့တိုက်ပြီး နဒီဒေဝီဖြင့် ရန်ကုန်သို့ လိုက်လာဦးမှာလား။ ရန်ကုန်လိုက်လာလျှင် အခက်။ ဒလမှ သူမကြောင့် သိတာဦးအတွက် အချိန် စိုးစဉ်းငယ်မျှ ပေးနိုင်မည်မထင်။ ဘဝနှင့်ဆိုင်သော စာမေးပွဲအတွက် အချိန်ကိုပင် ဒလမှ သူမဆီမှ မနည်းလုယူနေရသည်။ သိတာဦးကလည်း သူမကို အလေးမမှု၊ ဂရုမစိုက် ပစ်ထားခဲ့လျှင် အရွဲ့တိုက်ပြီး ပုဆိုးစွန်တောင်ဆွဲ မလိုက်ဟု ပြောရှိမရ။ ခြောက်တန်းကျောင်းသူ ကလေးဘဝအရွယ် ကတည်းက ကျွန်တော့်ကို နွဲ့ဆိုး ဆိုးလာခဲ့သူ။ ကျွန်တော့်ကို နိုင်လာခဲ့သူ။ ကျွန်တော့်လက်ပေါ် ကြီးပြင်းလာခဲ့သူ။

သိတာဦးအကြောင်း စဉ်းစားမိတော့ ကျွန်တော် ခေါင်းရှုပ်လာပြီ။ ဦးနှောက်ခြောက်လာပြီ။ ဆက်မစဉ်းစားချင်တော့။ သိတာဦး လိုက်လာလျှင်လည်း မီးစင်ကြည့် ကရပေမည်ပေါ့။ ဆရာကတော့ သူ့သမီး



ကို ဘယ်နည်းနှင့်မျှ ခေါ်ခဲ့လိမ့်မည်မထင်။ ပြင်စလူဆိပ်ကမ်း၊ နဒီဒေဝီ ပေါ်သို့ပင် တစ်ခါမျှ ခေါ်လာဖူးသည်ကို မတွေ့ဖူးဘူး။

သည်လိုတွေးမိတော့ စိတ်သက်သာရာ ရသွားသည်။ ဒလမှ သူမပေးထားသော ပုဆိုးနှင့် ဖိနပ်ကို ထုတ်ကြည့်ဖြစ်ပြန်သည်။

''ရေစိုအဝတ်တွေနဲ့ အအေးပတ်ဖျားနာနေပါဦးမယ် . . . လဲဝတ်လိုက်နော်''

''အခုလောလောဆယ် အစ်ကိုမဖျားမနာဖို့က အရေးကြီးတယ် . . . လဲဝတ်လိုက်နော် ''

သူမ၏ အကြင်နာဆည်းလည်းလှုပ်သံက ကျွန်တော့်နားထဲ ချိုချိုမြမြ စီးဝင်လာပြန်၏။ ရင်ထဲတွင် စမ်းချောင်းလေးတစ်ခု ဖြတ်စီးသွားသလို အေးအေးမြမြခံစားလိုက်ရ၏။

ကျွန်တော်သည် ပုဆိုးနှင့် ဖိနပ်လေးကို ပြန်သိမ်းလိုက်ပြီး စာကျက်ရန် စာအုပ်ကို ကောက်ကိုင်လိုက်၏။

ရင်ထဲရှင်း၊ ခေါင်းထဲကြည်နေတော့ စာကျက်လို့ကောင်းလိုက်ပေမည်ပေါ့။

* * *

''ဟေး . . . ဟေး . . . ဟို . . . မြ''

''ဟယ် . . . အစ်ကို''

ကမ်းဦးရေလယ်သို့ နောက်ဆုတ်ပြီး ရေစုန်ဖြင့် ခုတ်မောင်းသွားသော စက်တပ်သမ္ဗန်လေးကို ကျွန်တော် မျက်စိတစ်ဆုံး လိုက်ကြည့်မိသည်။ ကျွန်တော့်ရင်ထဲတွင် ဝေဒနာစုံ ခံစားနေရသည်။ အရူးမြူးအောင် ပျော်နေမိသလို သမ္ဗန်လေးကြည့်ပြီး ဆွေးဆွေးမြည့်မြည့်လည်း ခံစားနေရသည်။ ရင်ထဲတွင် ကွက်လပ်ကြီးလို ဟာဆင်းအောင် ခံစားနေရသလို မကျေမနပ်ဒေါသငွေ့တွေလည်း ဝေ့လူလာသည်။

ဟုတ်သည်။ ညက နှစ်နာရီထိ စာကျက်ပြီး မနက် ငါးနာရီခွဲ

www.burmeseclassic.com

www.burmeseclassic.com

အိပ်ရာမှထလိုက်၏။ ကိုယ်လက် သုတ်သင်၊ သွားတိုက်၊ မျက်နှာသစ်ပြီး ထမင်းကြော်ပင် မစားတော့ဘဲ နဒီဒေဝီမှ ထွက်လာခဲ့သည်။ နဒီဒေဝီမှ အထွက် နာရီကိုကြည့်လိုက်တော့ ခြောက်နာရီထိုးတော့မည်။

ရွှေတောင်တန်းအထက်ဗောဓိတားထိပ်တွင် စန္ဒာဦးမှ ကိုထွန်းမြင့်တို့အဖွဲ့နှင့်တွေ့သည်။ လက်ဖက်ရည်ဆိုင်သို့ အတင်းခေါ်သဖြင့် လိုက်သွားဖြစ်ခဲ့၏။ လက်ဖက်ရည်ဆိုင်တွင် စကားကောင်းနေသဖြင့် အတော်နှင့်မထနိုင်။ ဆရာနှင့် ခင်မင်ရင်းနှီးနေသော ရေယာဉ်အုပ် ဦးဝင်းကြည်ကလည်း စန္ဒာဦးတွင် ရောက်နေပြီး၊ ကိုထွန်းမြင့်တို့နှင့် အတူ ပါလာခဲ့ခြင်းဖြစ်သည်။ ဆရာ ဦးဝင်းကြည်ကလည်း ပထမတန်း ရေယာဉ်အုပ်ပေမယ့် ဆရာ့လိုပင်၊ လွှာချင်းသဘော် စန္ဒာဦးတွင် ဆင်းလုပ်နေသည်။

ဆရာ ဦးဝင်းကြည်က အပြောကောင်းတော့ အတော်နှင့် လက်ဖက်ရည်ဝိုင်းမှ မထဖြစ်။ ခုနစ်နာရီ ထိုးပြီးမှ လက်ဖက်ရည်ဆိုင်မှ ထဖြစ်သည်။ ကိုထွန်းမြင့်အား နဒီဒေဝီ ပြင်စလူထွက်သွားလျှင် စန္ဒာဦးတွင် ကျွန်တော်လာနေမည်ဟုပြောပြီး လမ်းခွဲခဲ့သည်။ စန္ဒာဦးက မနေ့ကမှ ရန်ကုန်ဝင်လာသည် မဟုတ်လား။

ကျွန်တော် စဉ့်အိုးတန်း သမ္ဘန်ဆိပ်ထိပ်ရောက်တော့ သမ္ဘန် တစ်စင်းက ကမ်းဦးရေလယ်သို့ တက်ခတ်ပြီး၊ ကမ်းမှ နောက်ဆုတ်စ ပြုနေပြီ။

ကျွန်တော် သမ္ဘန်ပေါ် မျက်လုံးဝေ့ကြည့်မိတော့ ကျွန်တော့် မျက်လုံးကိုပင် ကျွန်တော်မယုံနိုင် အောင်ဖြစ်သွားသည်။ သမ္ဘန်၏ အလယ်တံ့ကူဆန် မြောက်ဘက်အစွန်တွင် သူမထိုင်နေသည်။ ကျွန်တော် သူမကို ဘယ်လိုလှမ်းခေါ်ရမှန်းမသိ။ ကြက်သေသေ သလို၊ ငေးကြည့် နေမိသည်။ သမ္ဘန်မောင်းသူက စက်နှိုးလိုက်ပေပြီ၊ သူမက ကျွန်တော့်ကို မြင်ဟန်မတူ။

ကျွန်တော်သည် တုန်တုန်လှုပ်လှုပ် ချောက်ချောက်ချားချား



ဖြစ်လာပြီး သူမကို လှမ်းအော်ခေါ်လိုက်မိသည်။ ဘယ်လိုခေါ်၍ ဘယ်လိုအော်လိုက်မိမှန်းပင် ကျွန်တော်မသိ။ ကျွန်တော့်ခေါ်သံကြား လိုက်ရသည်ထင်သည်။ သူမသည် ''ဟယ် အစ်ကို'' ဟု ပြန်ခေါ်လိုက်သလို သမ္ဘန်ထွက်နေပြီကို သတိထားမိဟန်ရှိပြီး၊ မူလနေရာ ပြန်ထိုင်ရင်း လက်ကလေးဝေ့ရမ်းပြသွားသည်။

သူမမျက်နှာသည် နှင်းရည်ဝနေသည့် ပွင့်သစ်စ၊ နှင်းဆီလို၊ နုသစ် လန်းဆန်းလှပနေသည်။

သူမသည် ရေစုန်တွင် ခုတ်မောင်းသွားသည့် သမ္ဘန်ပေါ်တွင် လိုက်ပါသွားရင်း ကျွန်တော့်ကို သမင်လည်ပြန် တစ်ချက်လှည့်ကြည့် သွားသည်ကို တွေ့လိုက်ရ၏။

ကျွန်တော့်ကို ကျွန်တော် မကျေမနပ်ဖြစ်မိသည့် စိတ်သည် မြွေဆိပ်လို တစ်ရိပ်ရိပ်တက်လာ၏။ စန္ဒာဦးအဖွဲ့နှင့် လက်ဖက်ရည် သောက်လိုက်မသွားလျှင် သူမနှင့် ဧကန်တွေ့ပေတော့မည်။ ကံကောင်း လျှင် သမ္ဘန်တစ်စီးတည်းပင် စီးကောင်းစီးရပေလိမ့်မည်။ ကျွန်တော်က ကမာကာသွယ်ဆိပ်ကြို ရောက်နေလျှင်လည်း သူမနှင့်မလွဲဧကန်တွေ့ဆုံ ရပေလိမ့်မည်။ ရင်ထဲတွင်ခံစားနေရသော ဝေဒနာစကားတို့ကို ပြောဖြစ်လိမ့်မည် ထင်သည်။ ပြီးတော့ သူမအိမ်သို့ လိုက်သွားခွင့် ရလိမ့်မည်ထင်သည်။

ဤသို့တွေးမိတိုင်း ကိုယ့်ကိုယ်ကိုယ် မကျေနပ်မိတော့။

ကျွန်တော်သည် တွေတွေဝေဝေ လုပ်မနေတော့ အစောဆုံး ထွက်မည့် သမ္ဘန်ပေါ်တွင် တက်ထိုင်လိုက်သည်။ သမ္ဘန်ပေါ်မှာလည်း ကျွန်တော်ပါမှ လူငါးယောက်သာရှိသေးသည်။ လူပြည့်အောင်၊ စောင့်ရပေဦးမည်။ လူပြည့်အောင် စောင့်နေရသည်မှာ တစ်ကမ္ဘာမျှကြာ သည်ဟု ထင်ခဲ့မိ၏။ လူပြည့်၍ သမ္ဘန်ထွက်တော့လည်း ရေကျနှင့် ခုတ်မောင်းနေသော သမ္ဘန်ကိုပင် ဆိပ်ကမ်းကပ်မည့်နိုင်ငံခြားသင်္ဘော

www.burmeseclassic.com

www.burmeseclassic.com



ကြီးလို လှုပ်ရှားမှု နှေးကွေးလွန်းနေသည်ဟု ထင်မိ၏။

သူမသည် ကမာကသွယ်သမ္ဘန်ဆိပ်မှပင် ကျွန်တော့်ကို စောင့်မျှော်နေလိမ့်မည်ဟု သမ္ဘန်ပေါ်တွင် တွေးလာမိ၏။ သူမ၏ တုံ့ပြန်ခေါ်လိုက်သံနှင့် ပြုံးမျက်နှာတို့ကို ကြားယောင်မြင်ယောင်မိပြီး ထိုသို့ ထင်မိခြင်း၊ တွေးမိခြင်းလည်းဖြစ်သည်။

ကျွန်တော်တို့သမ္ဘန် ကမာကသွယ်ဆိပ်မကပ်မီကပင်၊ ကျွန်တော့် မျက်လုံးတို့သည် ကမ်းနေရာအနှံ့ သူမကိုရှာမိ၏။ မတွေ့။ သမ္ဘန်ကပ်ပြီးနောက် ကမ်းပေါ်တက်ကာ လိုက်ရှာမိ၏။ ဘယ်မှာမှ မတွေ့။ ကျွန်တော် ဝမ်းနည်းကြေကွဲစွာ ခံစားလာရပြန်ပြီ။ ရင်ထဲတွင် ဘုရားပွဲ တော်ပြီးသွားသည့် နေရာလို ဟာလာဟင်းလင်း ဟာဆင်းခြောက်ကပ် နေသည်။ ခြေလက်မှလှုပ်ရှားချင်လောက်အောင် မောဟိုက် နွမ်းနယ် သွားသည်။

ကျွန်တော်သည် စာကျက်ရဦးမည်ကို သတိရပြီ၊ ရန်ကုန်ဘက် ကမ်းသို့ စက်တပ်သမ္ဘန်ဖြင့်ပင် ပြန်လာခဲ့သည်။ သမ္ဘန်ပေါ်တွင် လက်လေးဖေ့ရမ်းပြကာ မျက်နှာငွေလရွှန်းပပ သူမမျက်နှာကို မြင်ယောင်လာပြီး စိတ်ချမ်းသာစရာတို့ကို ဆက်တွေးလာမိသည်။ "ဟယ် အစ်ကို" ဟု ဝမ်းသာအယ်လဲ ခေါ်လိုက်သောအသံသည် သူမလည်း ကျွန်တော့်လို ခံစားနေရသည့် ဝေဒနာဟု လိပ်လို ကိုယ့်ဘက် ကိုယ်ယက်ကာ တွေးမိ၏။

ကျွန်တော့်အတွေး မမှန်ဟု မည်သူမျှ မပြောနိုင်။ မိန်းမတို့ ကြွေ၊ ရွှေပေးလို့မရဟု မြန်မာစကား ရှိနေသည်မဟုတ်လား။ ကျွန်တော်သည် သူမ၏ချစ်သူရည်းစားမှ မဟုတ်သေးတာ။ ဘယ်လို လုပ် ကမာကသွယ်ဆိပ်ကမ်းမှာ စောင့်နေပါမည်လဲ။ သူမက မိန်းက လေးမဟုတ်လား။

❀ ❀ ❀ ❀ ❀ ❀



"အစ်ကို . . . ဘယ်သွားမလို့လဲ . . ."

"ဟင် . . မြ . . မြ ဆီသွားမလို့ "

ကျွန်တော်သည် ဝမ်းသာလွန်းသဖြင့် ရင်ထဲက အမှန်စကားကို ဗလုံးဗထွေး ပြောချလိုက်မိသည်။

"ရှင်"

သူမက ကျွန်တော့်ကို မျက်လုံးလေးဝိုင်းလည်သွားအောင် ကြည့်ပြီး မျက်လွှာချသွား၏။

"အစ်ကို့ကို လှမ်းမြင်လိုက်လို့ အစ်ကိုနဲ့တူပါတယ်ဆိုပြီး ပြန်လှည့် လာတာ"

ဟုတ်ပေလိမ့်မည်။ သူမသည် စဥ့်အိုးတန်းလမ်းပေါက်ဝမှ လျှောက်လာရင်း ခေါ်လိုက်ခြင်းဖြစ်သည်။ ကျွန်တော်သည် အတွင်း ကမ်းနားလမ်းအတိုင်း ဘုန်းကြီးလမ်းအောက်ဗောတံတားမှ စဥ့်အိုးတန်း ကမာကသွယ်သမ္ဘန်ဆိပ်သို့ ခပ်သွက်သွက် လျှောက်လာခဲ့ခြင်းဖြစ်သည်။

စန္ဒာဦးမှ ကိုထွန်းမြင့်တို့အဖွဲ့နှင့် လက်ဖက်ရည်လိုက်သောက်မိ သဖြင့် ကမာကသွယ်သမ္ဘန်ဆိပ်၊ အရောက်နောက်ကျသောကြောင့် သူမနှင့် လွဲခဲ့ရသည်ကို သတိရပြီး ကျွန်တော်သည် မနက် ငါးနာရီထိုး သည်နှင့် စန္ဒာဦးသဘော်ပေါ်မှ ထွက်လာခဲ့ခြင်းဖြစ်သည်။ လမ်းကိုသာ စိုက်လိုက်မတ်တတ် လျှောက်လာခဲ့သဖြင့် ဘေးဘီကို မကြည့်မိ။ စဥ့်အိုးတန်းရဲကင်းရှေ့မှ ဖြတ်လျှောက်လာရင်း ကမာကသွယ်ဆိပ်သို့သာ လှမ်းကြည့်လာမိသည်။ သူမက ကျွန်တော် စဥ့်အိုးတန်းရဲကင်း ရှေ့မရောက်မီ၊ ကမာကသွယ်သမ္ဘန်ဆိပ်မှ ကမ်းနားလမ်းမကြီးဆီ လျှောက်သွားခြင်းဖြစ်ပေလိမ့်မည်။ ထိုသို့ လျှောက်သွားရင်း ကျွန်တော့် ကို လှမ်းတွေ့မြင်ပြီး ကမ်းနားလမ်းမကြီးသို့ ဆက်မသွားဘဲ နောက် ကြောင်းပြန်လှည့်လာခြင်း ဖြစ်ပေလိမ့်မည်။

သည်သို့တွေးမိတော့ ကျွန်တော့်ရင်ထဲ လမင်းတစ်ရာသာ သွားသည်။ သူမ၏ သံယောဇဉ် တစ်မျှင်သည် ပါးလျှားသေးမျှင် နေစေဦး

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်ကို ဆေးဖော်ကြောဖက် အာရုံရောက်နေသည်ကပင် ကျွန်တော့်အဖို့ နေပျော်သလို သေပျော်သလို ရှိလာသည်။ ကျွန်တော်သည် သူမမျက်နှာကို စေ့စေ့ရေရေ ကြည့်နေမိသည်။ သူမနှင့် အကြည့်ချင်းအဆုံတွင် ကျွန်တော့်ရင်ထဲ၌ အချစ်မိုးခြိမ်းသံတွေညံ၍ အချစ်မိုးတွေ သဲသဲမဲမဲ သည်းထန်စွာ ရွာသွန်းနေပေပြီ။ အချစ်ရင်ခုန်မှုလှိုင်းရိုက်သံတို့သည် ငြီးငြီးငြိမ့်ငြိမ့် ညီးညီးညံ့ညံ့ရှိလာခဲ့ပြီ။ သူမက အကြည့်ချင်းဆုံသည်နှင့် ခေါင်းငုံ့သွားပြန်သည်။ သူမ ရင်ထဲတွင်လည်း ကျွန်တော့်လို ခံစားနေရလေသလား။

ကျွန်တော်သည် သူမသွားရာ လိုက်ပါလာမိ၏။ သူမက ကမ်းနားလမ်းမကြီးမှ ညောင်ပင်လေး ဈေးဘက်သို့ ဦးတည်သွားနေ၏။

"ဘယ်သွားမလို့လဲ မြ "

"အလုပ်လေ . . . ဆေးရုံကြီးကိုပေါ့ "

"မြက ဆရာဝန်လား . . . သူနာပြုဆရာမလား"

မြက ဟက်ခနဲရယ်မောလိုက်သည်။ သူမ၏ ဆည်းလည်းလှုပ်ခတ်သံက နားအရသာရှိလှ၏။

"အစ်ကို့ စိတ်ထဲမှာ မြကို ဆေးရုံကြီးက သန့်ရှင်းရေးအလုပ်သမားလို့ရော မထင်မိဘူးလားဟင်"

သူမက အရယ်ရပ်ရင်း ကျွန်တော့်ကိုကြည့်ပြီး မေးသည်။

"ဟင့်အင်း . . မထင်မိပါဘူး . . ဆရာဝန်လား၊ သူနာပြုဆရာမလား အောက်မေ့လို့ . . . ဆေးရုံကြီးကို တစ်နေ့သွားရှာသေးတယ် "

"တကယ် "

သူမက ဝင်းလက်သော အကြည့်ဖြင့်ကြည့်ရင်း မေးသည်။

"တကယ်ပါ မြ အရေးပေါ်ရော ဆေးရုံကြီး ငါးခြောက်ကနေ့ ဟို အပေါ်ဆုံးထပ်ရောက်ရော . . ပြီးတော့ နှလုံးဆောင်တွေရော ကင်ဆာဆောင်ရော အကုန်အနှံ့လိုက်ရှာတာ မတွေ့တော့ မောရတာပဲလေ"



သူမက ကျွန်တော့်ကို ဆွေးမြေ့စွာကြည့်ရင်း သက်ပြင်းချ၏။

"အစ်ကိုက မြကို ဘာလို့ လိုက်ရှာနေတာလဲ "

"မတွေ့ရရင် မနေနိုင်လောက်အောင် ရင်ထဲမှာခံစားနေရလို့ပေါ့ "

"ရှင် "

သူမ မျက်နှာလေးကွက်ခနဲ ပျက်သွားသည်ဟု ထင်မိ၏။ ကျွန်တော့်စကားတွေ လွန်သွားလေပြီလား။ သူမကိုတွေ့သည်နှင့် ရင်ထဲမှ ဝေဒနာတွေသည် ပဲနောက်စိမ်းစေ့ ပိုထည့်မိသော ပဲပင်ပေါက်အိုးလို တားမရ ဆီးမရနိုင် ပွင့်ကားတိုးထွက်လာခဲ့ပြီ မဟုတ်လား။

"ဟုတ်တယ်မြ မြနဲ့ စတွေ့ပြီးကတည်းက ကျွန်တော်အလုပ်အားတာနဲ့ မြကို ရှာနေမိတယ်၊ ဒလဘက်ကမ်းကိုလည်း တစ်နေကုန်လာစောင့်ခဲ့တဲ့ရက်တွေ မနည်းဘူး ကျွန်တော်ရူးမလိုခံစားခဲ့ရတာပါ"

"မြနဲ့အစ်ကိုက ဘာမှ မှ မဟုတ်တာ၊ ဘာလို့ဒုက္ခခံနေရတာလဲ "

သူမ အသံက တိုးသက်ညင်သာ၏။ မျက်နှာက အကဲဖမ်းမရအောင် တည်ကြည်နေသည်။

"ပြောရက်လိုက်တာဗျာ၊ ရင်ထဲကဝေဒနာကို ဘာအရာနဲ့ တားဆီးလို့ရမှာလဲ "

သူမက ဟက်ခနဲရယ်ပြန်သည်။ သူမမျက်နှာ၌ မဲ့ပြုံးကို မထင်မရှားတွေ့လိုက်ရ၏။

"အစ်ကိုနဲ့မြက တစ်နေ့တည်း တွေ့ဖူးတဲ့ဥစ္စာ"

"တစ်စက္ကန့်တည်း မြင်လိုက်ရတာနဲ့ ရင်ထဲမှာ မခံစားရတော့ဘူးလား။ ခံစားမှုဆိုတာ တစ်သက်လုံး အတူတွေ့ အတူမြင်နေတိုင်းလည်း ဖြစ်ပေါ်ချင်မှ ဖြစ်ပေါ်တတ်တာပါမြ "

သူမ ကိုယ်လုံးလေး လှုပ်ယိမ်းသွားအောင် ရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



''လှည်းဆိုတာ တစ်ဘီးတည်း လိမ့်မရဘူးဆိုတာရော အစ်ကိုမေ့နေသလား ''

''တစ်ဘီးလိုနေလို့ မြကိုလိုက်ရှာနေတာပဲပေါ့ . . . ''

သူမက လမ်းသွားလမ်းလာတွေကို အကဲခတ်ရင်း ရယ်မောပြန်သည်။ ကျွန်တော်သည် သူမ ရယ်မောနေသည်ကို ကြည့်ပြီး စိတ်ချမ်းသာနေမိသည်။

''မြက လှည်းတစ်စီးက ဘီးတစ်ဘီးဆိုရင်ရော ''

'' မဖြစ်နိုင်ဘူး မဖြစ်နိုင်ဘူး အစ်ကို့ကိုအရှုံးမလုပ်ပါနဲ့မြရယ်''

သူမကအရယ်အမောမပျက်၊ ကျွန်တော်နှင့် ကျွန်တော့်စကားက သူမအတွက် ရယ်စရာ ဖြစ်လေသလား။

''မြက အစ်ကို့ကို ဘယ်တုန်းက အရှုံးလုပ်ခဲ့လို့လဲ၊ အစ်ကို့ဘာသာ တစ်ဘီးတည်းလိမ့်နေတဲ့ဥစ္စာ ''

''မြမေ့နေပြီလား . . . အစ်ကို့ကို ကချင်ပုဆိုးနဲ့ သားရေဖိနပ်လေး ပေးခဲ့တာလေ အဲဒါလေးတွေကို အစ်ကိုနေ့တိုင်း ကြည့်ပြီးကြည်နူးနေရ တာပါမြ ''

မြက ခွက်ထိုးခွက်လန်ရယ်ပါလေတော့သည်။ လမ်းမတော် လမ်းမှာ မနက်စောစောမို့ လူမရှုပ်သေး၍ တော်တော့သည်။ ကျွန်တော်သည်ပင် ရယ်မောလွန်းနေသော မြကို အထူးအဆန်းငေးကြည့်ဖြစ်သည်။

''အစ်ကိုက ကဗျာဆရာလား၊ ဝတ္ထုရေးဆရာလား၊ စိတ်ကူးအယဉ်တတ်သားနော်၊ မြ အစ်ကို့ကို အဝတ်အစားနဲ့ ဖိနပ်ပေးတာက မြ အသက်ကယ်ခဲ့တဲ့ ကျေးဇူးရှင်တစ်ယောက်အနေနဲ့ ပေးတာ ဖျားနာမှာစိုးလို့ပေးတာ တလွဲမတွေးပါနဲ့ အစ်ကိုရယ် ''

သူမစကားကြောင့် ရှက်လိုက်သည်မှာ မပြောနှင့်။ ရင်ထဲတွင်လည်း ဆိုနင့်ကြေကွဲစွာ ခံစားလာရသည်။ ကျွန်တော်ချက်ချင်း



ခြေမြအမျှိုခံလိုက်ချင်မိ၏။ ကျွန်တော့်မျက်နှာသည် ဆီးရွက်လောက်ငယ်၍ ဖားကျုံးလို ရဲနေပေလိမ့်မည်။ ကျွန်တော်နှုတ်ဆွံ့အသူလိုလည်း ဖြစ်သွားသည်။ သူမကို တစ်ချက်မော်မကြည့်ရဲတော့။ သံချေးထိပ်တွင် ရပ်ကျန်နေခဲ့တော့မည်ဟု စိတ်ကူးပြီး သူမနှင့် ယှဉ်လျှောက်နေရာမှ ခေါင်းငုံ့၍ ဘုန်နှေးစွာ လျှောက်မိ၏။

''ဘယ်လိုဖြစ်သွားရတာလဲ အစ်ကိုမြကို စိတ်ဆိုးသွားသလား ''

မြက ပြန်လှည့်လာပြီး လက်ဆွဲခြင်းကို လက်ဝဲလက်ဖြင့် ပြောင်းကိုင်ကာ ကျွန်တော့်ပခုံးကို သူမ၏ယာလက်ဖြင့် လာကိုင်ရင်းမေးသည်။ ကျွန်တော်ခေါင်းမော့၍ သူမကို ရိုဝေစွာ ငေးကြည့်ဖြစ်သည်။ သူမနှင့် အကြည့်ချင်းဆုံသွားရာ သူမကသာလျှင် မျက်လွှာချသွားသည်။

''မျက်နှာကြီးကလည်း နီလို့ ရှက်တတ်လိုက်တာလဲလွန်ရော၊ အစ်ကိုစဉ်းစားကြည့်လေ၊ အစ်ကိုဟာ ဘယ်သူမှန်းမသိ ဘယ်ဝါမှန်းမသိ ဘာလုပ်မှန်းမသိ ဘယ်နေမှန်းမသိဘဲနဲ့ တစ်ခါတွေ့ဖူးရုံနဲ့ အစ်ကို့ကို မြက စိတ်ဝင်စားလိုက်ရတော့မလား ''

မြပြောတော့လည်း ဟုတ်ပေသားပဲဟု တွေးဖြစ်သည်။

''မြက မိန်းကလေးပါအစ်ကို၊ ရင်ခုန်တာကို ဦးစားပေးလို့မရပါဘူး ''

သူမက ကျုံးကြီးလမ်းဆီ လှမ်းကြည့်ရင်း စကားဆိုသည်။ စောစောက မျက်နှာငွေလဖြစ်ခဲ့သော သူမမျက်နှာသည် ခုတော့ တည်တည်ငြိမ်ငြိမ်၊ လေးလေးနက်နက်။ ဂယက်မဲ့ကန် ရေပြင်လို ငြိမ်နေသည်။ ''ရင်ခုန်တာကို ဦးစားပေးလို့မရဘူး'' ဆိုသည့် သူမစကားကြောင့် သူမသည် ကျွန်တော်နှင့် ဒလဦစတွေ့စဉ်က အကြည့်ချင်းဆုံစဉ် ကျွန်တော့်လို ရင်ခုန်ခဲ့လေသလား။ ဖြစ်နိုင်ပါသည်။ ရင်ခုန်ခဲ့၍သာ ဤစကားကို ဆိုခဲ့ခြင်းဖြစ်ပါလိမ့်မည်။

''မိန်းကလေးဆိုတာ ယောကျ်ားလေးနဲ့ မတူပါဘူး . . . အစစ သိုသိပ်ရပါတယ် အစ်ကို ''

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သဘောပေါက်ပါပြီ။ ကျွန်တော့်ရင်ခွင်ထဲတွင် နေခဲ့ရသော အချိန်ကလေးများကို သူမသည် သိသိပ်စွာ အမှတ်ရနေပေလိမ့်မည်။ ကျွန်တော်နှင့် အကြည့်ချင်းဆုံခဲ့ရမှုများကိုလည်း သိသိပ်စွာ ရင်ခုန်ခဲ့ရပေလိမ့်မည်။

"မြ နာမည်အပြည့်အစုံလည်း အစ်ကိုမသိသေးဘူး၊ အစ်ကို့နာမည်က ညိုမြင့်တဲ့ နုဒီဒေဝီ သင်္ဘောသားလေ"

"ရှင် "

အသံက တုန်ခါသွားသည်။ အလန့်တကြား၊ အအံ့တသြဖြစ်သွားသည့်အသံ။ ပုံမှန်မဟုတ်။ သူမခြေလှမ်းတို့ အလိုလိုတုံ့ရပ်သွားပြီး ကျွန်တော့်ကို သရဲသဘက်ကြည့်သလို အထူးအဆန်းကြည့်သည်။ သူမ၏ မျက်နှာသည် ရွာတော့မည့်မိုးလို မှုန်မှိုင်းအုံ့ဆိုင်းနေပါလား။

"အစ်ကိုက သင်္ဘောသား ဟုတ်လားအစ်ကို "

အသံချိုကြည်မှုမရှိ။ ဖျော့တော့တိမ်ဝင်နေသည်။

"ဟုတ်တယ်မြ၊ နုဒီဒေဝီက တက်မကိုင်ပါ "

"နုဒီဒေဝီဆိုတာ ဘယ်သွားတဲ့သင်္ဘောလဲအစ်ကို "

"ပြင်စလူသွားတဲ့သင်္ဘောပါ၊ မြ ကြည့်ရတာ သင်္ဘောသားကို ကြောက်နေသလိုပဲနော်၊ သင်္ဘောသားလည်း လူပါပဲ မြရယ် "

"မြက ဘာပြောလို့လဲအစ်ကို၊ အစ်ကိုဟာ သင်္ဘောသားဆိုတာကိုပဲ အံ့သြနေမိတာပါ "

"သင်္ဘောသားဆိုတာ အံ့သြစရာလား၊ အထူးအဆန်းလား မကောင်းဆိုးဝါးကောင်တွေလားမြ "

"မြ အဲဒီလိုမပြောရပါလား အစ်ကိုရယ်၊ အစ်ကို့ပုံနဲ့ သင်္ဘောသား ဖြစ်နေတာကို အံ့သြနေတာ၊ အစ်ကိုဟာ အစစအရာရာ သင်္ဘောသားနဲ့ မတူဘူးလေ "

"သင်္ဘောသားဆိုတာ ဘယ်လိုပုံလို့ မြမြင်နေတာလဲ၊ မြ အမြင်ပြောပြစမ်းပါဦး "



"မြ မပြောတတ်ဘူး သိတော့သိနေတယ် . . . ဟော ဆေးရုံရောက်လာပြီ အစ်ကို ခဏလိုက်ခဲ့လေ အရေးပေါ်မှာ တာဝန်ကျမှာ"

သူမနောက် ကျွန်တော်လိုက်သွားမိ၏။ သူမစကားများက စဉ်းစားစရာ တွေးတောစရာ။ ကျွန်တော့် အတွေးတွေ ပွိုင့်လွင့်နေ၏။

"အစ်ကို ဒါ သရဖီတဲ့၊ မြနဲ့တာဝန်ချိန်းမှာပေါ့၊ သရဖီ မှတ်မိမလား၊ မြတို့ သမ္ဘန်မှောက်တုန်းက မြအသက်ကယ်ခဲ့တဲ့ အစ်ကိုလေ"

သရဖီဆိုသော သူနာပြုဆရာမလေးနှင့် မိတ်ဆက်ပေးသဖြင့် ကျွန်တော်ပြုံးပြ ခေါင်းညိတ်လိုက်မိ၏။

"ဩော် မြရှာပုံတော်ဖွင့်နေတာ ဒီနေ့မှ တွေ့လာတာပေါ့ ဟုတ်လား "

သူမ သရဖီကို ရန်တွေ့သလိုပြောပြီး ဆွဲဆိတ်လိုက်သည်ကို ကျွန်တော်မြင်လိုက်ရ၏။ သူမ၏မျက်နှာ၌ ရှက်သွေးဖြာနေသည်ကို တွေ့ရ၏။ သရဖီစကားအရ ကျွန်တော့်လို သူမခံစားနေရသည်မှာ သေချာသွားပေပြီ။ သူမရှာပုံတော်ဖွင့်သည် ဆိုသည်မှာလည်း ကျွန်တော့်လိုရှာမည်မဟုတ်။ ဆေးရုံနှင့်အိမ်၊ အိမ်နှင့်ဆေးရုံကြား အသွားအလာတွင် မျက်လုံးဝေ့၍ ရှာခြင်းသာ ဖြစ်ပေလိမ့်မည်။

"ဆရာမ ဒေါ်မြမြစ် ဒေါက်တာအောင်ဟိန်းက ခဏလာပါတဲ့ "

ဆေးရုံလုပ်သားတစ်ဦး၏ စကားအဆုံး သူမက လက်ပတ်နာရီကိုကြည့်၏။

"သရဖီရေ မြအဝတ်စားသွားလဲဦးမယ်နော် . . . အစ်ကိုနဲ့ စကားပြောနေဦး . . . အစ်ကိုအားတယ်မဟုတ်လား "

"မြ အလုပ်တွေရှုပ်နေပုံမယ်၊ အစ်ကိုပြန်တော့မယ်နော်၊ ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး ဆရာမ "

ကျွန်တော်က မြကို နှုတ်ဆက်သလို သရဖီကိုလည်း နှုတ်ဆက်လိုက်၏။ ကျွန်တော်အရေးပေါ်မှ မှန်ကျောင်းသို့ ဆက်ထွက်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



မှန်ကျောင်းဆရာတော် အပြင်ကြွနေသဖြင့် မဖူးခဲ့ရ၊ နဒီဒေဝီသို့ တန်းပြန်လာခဲ့၏။

ဘာပဲဖြစ်ဖြစ် သည်နေ့ ကျွန်တော်ပျော်ပါသည်။ ကျွန်တော် ပင်ပန်းဆင်းရဲစွာ ရှာဖွေခဲ့ရသော မြကိုတွေ့ခဲ့ရပြီ။ ကျွန်တော့် ခေါင်းပေါ်တွင် ဝန်ထုပ်ဝန်ပိုးကြီးလို ဖြစ်နေခဲ့သော တတိယတန်း ရေယာဉ်အုပ် စာမေးပွဲကိုလည်း ကျွန်တော်၏ကြိုးစားမှု၊ ဆရာဦးခင်မောင်ဦးနှင့်အတူ ရေယာဉ်အုပ် ဆရာဦးဝင်းကြည်တို့၏ ဖေးမကူညီမှုတို့ဖြင့် ကောင်းစွာဖြေဆိုနိုင်ခဲ့ပြီးလေပြီ။

ကျွန်တော်၏ခေါင်းသည်ပေါ့ပါး၍ ကျွန်တော်၏နှလုံးသားသည် ကြည်လင်တောက်ပနေလေပြီတကား။

"မြမြစ်"

ကြားရခါစက ရယ်ချင်စရာလိုလို နားထဲတွင် ထောင့်သလို ဖြစ်ခဲ့ရသောမြစ်။ မြင့် မဟုတ်ဘဲ မြစ်။ ရှားရှားပါးပါးအမည်။ ထပ်ခေါ် ကြည့်ပြန်တော့၊ ထောင့်ထောင့်ရောင့်ရောင့် မဟုတ်တော့။ စီးစီး ပင်ပင်ပင် ဖြစ်နေသေးတော့သည်။ ထူးထူးဆန်းဆန်း နာမည်လေး ဖြစ်နေသည်။ မြမြစ် တဲ့။ မြမြင့် ဆိုလျှင်မထူးဆန်း။ စိတ်ဝင်စားစရာမရှိ။ မြမြစ် ဆိုတော့၊ စိတ်ဝင်စားစရာ ဖြစ်နေသည်။

ကျွန်တော်သည်၊ နဒီဒေဝီ ပြင်စလူမှပြန်ရောက်လာတော့ မြန်မာ့ အဘိဓာန်အကျဉ်းချုပ်ကို လှန်ကြည့်မိ၏။

"မြ" ဆိုတာ "ဖန်သားကဲ့သို့ ကြည်လင်သည့် အစိမ်းရောင် တွင်းထွက်ကျောက်မျက်တစ်မျိုး" ဟု အဓိပ္ပါယ်ဖွင့်ဆိုထားသည်။ ပြီးတော့ "ထက်သော၊ ပြည့်သော၊ ရှုပြတ်နိုင်အောင် အသွားပါးလှပ်သော" ဟုလည်း အဓိပ္ပါယ်ဖွင့်ဆိုထားပြန်သည်။ "အေးမြ" ၏ အဓိပ္ပါယ်ကိုတော့ "စိတ်အနှောင့်အယှက် အပူအပင်ကင်းသော၊ စိတ် ငြိမ်းချမ်းသော" ဟု အဓိပ္ပါယ်ဖွင့်ဆိုထားသည်။



"မြစ်" ကိုတော့ "တောင်ခြေအိုင်စမ်းစသော အဖျားဦးတည်ရာမှ၊ ပင်လယ်သမုဒ္ဒရာ၊ အိုင်ကြီးများသို့တိုင်အောင်၊ ရေအလျဉ်ကြီးစွာ အမြဲသယ်ဆောင်စီးဆင်းသော လမ်းကြောင်းကြီး"၊ "မြောက်အရပ်" ဟု အဓိပ္ပါယ်ဖွင့်ဆိုထားသည်။ ပြီးတော့ "မြေးကဖွားသော သားသမီး" ဟုလည်းကောင်း၊ "တားဆီးပိတ်ပင်သည်၊ ဟန့်တားသည်" ဟုလည်းကောင်း၊ အဓိပ္ပါယ်ဖွင့်ဆိုထားပြန်သည်။

မြ၏ မိဘတွေနှင့် မြအနေနှင့်တော့၊ ဘယ်လိုအဓိပ္ပါယ်နှင့် "မြမြစ်" ဟုမှည့်ခေါ်ထားသည်မသိ။ မြန်မာအဘိဓာန်အကျဉ်းချုပ်တွင် ဖွင့်ဆိုထားချက်အရ၊ ကျွန်တော်ပေါင်းစပ်၊ ကပ်ယူလိုသော အဓိပ္ပါယ်က တော့ "မြမြစ်" ဆိုသည်မှာ၊ "အစိမ်းရောင်မြစ်" ဒါမှမဟုတ် "မြစ်စိမ်း" ဟုပဲအဓိပ္ပါယ် ဖွင့်ဆိုချင်သည်။

"အစိမ်းရောင်မြစ်၊ မြစ်စိမ်း" ဆိုသည်မှာ၊ သာမန်လူတွေအဖို့တော့ "မြစ်ဆိုတာ အစိမ်းရောင်ပဲ၊ ဘာထူးဆန်းလို့လဲ ..." ဟုပြောကောင်းပြောမည်။ ထင်ကောင်းထင်မည်။ ဤသို့ ယူဆလျှင်တော့ အလုံးစုံမမှန်နိုင်။ မြစ်ဟူသမျှမစိမ်း။ မြစ်ဟူသမျှ ဖန်သားလိုမကြည်လင်၊ အစိမ်းရောင် မဖြစ်။ ရန်ကုန်မြစ်၊ လှိုင်မြစ်၊ ပန်းလှိုင်မြစ်၊ ဘယ်တော့မှ ဖန်သားလို၊ ကြည်လင်နေသည်ကို မတွေ့ရ။ အစိမ်းရောင်မြစ် မဖြစ်။ တကယ်လိုက်ရှာကြည့်တော့၊ အစိမ်းရောင်မြစ်က၊ ခပ်ရှားရှား။

အစိမ်းရောင်မြစ်၊ မြစ်စိမ်းသည်၊ မြင်ရသူ၊ ကြည့်ရသူအဖို့ အင်မတန် စိတ်ချမ်းသာစေသည်။ အင်မတန်ကျက်သရေရှိလှ၏။ အနည် အနှုန်းတို့ဖြင့်၊ အမြဲနောက်ကျိနေတတ်သော၊ ရန်ကုန်မြစ်ကြီးသာ၊ အစိမ်းရောင်မြစ်၊ မြစ်စိမ်းကြီးဖြစ်လိုက်လျှင်၊ ဘယ်လောက်ကြည်နူးစရာ၊ ကျက်သရေရှိလိုက်သည့် မြစ်ဖြစ်နေမည်လဲ။ မြစ်ဆိုသည်မှာ၊ အသုံးဝင်သည်။ ဖန်သားလိုကြည်နေသည့် အစိမ်းရောင်မြစ် ဖြစ်နေရုံသာ အတိုင်း ထက်အလွန် တံခွန်နှင့်ဘုရား ဖြစ်ပါလိမ့်မည်။ အစိမ်းရောင်မြစ်ဆိုလျှင်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် တို့သဘော်သားတွေ အဖို့ ပို၍အသုံးဝင်တန်ဖိုးရှိပေလိမ့်မည်။

အစိမ်းရောင်မြစ်ကိုသာ သဘော်ခုတ်မောင်းနေရလျှင်၊ ရေအောက်မှာရှိသည့်၊ သဘော်အမြုပ်တွေ၊ ကျောက်ဆောင်တွေကို မြင်နိုင်ပေမည်။ အန္တရာယ်ကို ပို၍ ရှောင်နိုင်ရှားနိုင်ပေလိမ့်မည်။ အစိမ်းရောင်မြစ်ပြင်ထဲမှ၊ ရေသတ္တဝါမျိုးစုံကို မြင်နိုင်သဖြင့်၊ မျက်စိပသာဒ ရှိပေလိမ့်မည်။ အစိမ်းရောင်မြစ်ထဲ၊ ခုတ်မောင်းနေကြသော၊ သဘော်များ၏ အလှသည် အစိမ်းရောင်မြစ်နှင့် ပနံရနေမည်ဖြစ်သလို အစိမ်းရောင်မြစ်ထဲတွင်လည်း သဘော်များ၏ပုံရိပ်များက မှန်သားတွင် အရိပ်ထင်သလိုပေါ်လွင် နေပေလိမ့်မည်။ ဤသို့ဆိုလျှင် မြမြစ်သည် ဘယ်လောက်လှပလိုက်မလဲ။

သဘော်များပေါ်မှ သဘော်သားများအဖို့ ပင်ပန်းနွမ်းနယ်နေသမျှ အစိမ်းရောင်မြစ်ပြင်ကိုကြည့်ပြီး ရွှင်လန်းလာကြပေလိမ့်မည်။ ကြည်နူးမြူးပျော်လာကြပေလိမ့်မည်။

မြမြစ်သည် နဒီဒေဝီနှင့် အလိုက်ဖက်ဆုံးဖြစ်လိမ့်မည်ဟု ကျွန်တော်တွေးမိ၏။

မြ၏အဘေးနှင့် ဘေးမတို့က သူတို့မြစ်မလေးမြမြစ်ကို ဖန်သားလိုကြည်လင်သည့် အစိမ်းရောင် တွင်းထွက်၊ အဖိုးတန်ကျောက်မျက်ရတနာမြကဲ့သို့ တန်ဖိုးရှိစေချင်၍ မြေးကဖွားသည့် မြစ်မလေးကို ပေးခဲ့သည့်နာမည်လား။ မြေးကဖွားသည့်မြစ်မလေးမြကို အဘေးနှင့်ဘေးမတို့က အဖိုးတန်မြလိုတန်ဖိုးရှိသော မြစ်မလေးဖြစ်စေချင်သဖြင့် "မြမြစ်" ဟု ခေါ်ခဲ့ မှည့်ခဲ့လေသလား။ သည်သို့ဆိုပါလျှင် မြတို့၏ မျိုးရိုးသည် အသက်ရှည်လွန်းသူများ ဖြစ်ကြပေလိမ့်မည်ဟု တွေးမိ၏။

ကျွန်တော်က "နဒီဒေဝီသဘော်သား" ဟု ပြောလိုက်သည့်အခါ၊ မြသည် တုန်လှုပ်ချောက်ချားသွားသည်ကို ကျွန်တော်သတိပြုခဲ့မိသည်။ ပြုံတော့မည့်မိုးလို ညိုသွားခဲ့သည့်မျက်နှာ၊ တုန်ခါသွားသည့် အသံ၊ ကျွန်တော့်ကို ထူးဆန်းစွာ ပြန်ကြည့်သည့်အကြည့်၊ အားလုံးက အပြောင်းအလဲချည်း။ သဘော်သားဆိုသော စကားရပ်သည် အဘယ်ကြောင့်ထိုသို့ မြအားတုန်လှုပ်ချောက်ချားစေခဲ့ပါလေသနည်း။



တကယ်ဆိုမူ၊ မြမြစ်ဆိုသည်မှာ သဘော်သား၏ အဖော်မွန်ပဲ မဟုတ်လား။ သဘော်သား၏ မြတ်နိုးချစ်ကြင်၊ ကျေးဇူးရှင်ပဲ မဟုတ်လား။ သဘော်သားသည် မြမြစ်နှင့် မကင်းနိုင်သလို၊ မြမြစ် သည်လည်း သဘော်ကြောင့်၊ သဘော်သားကြောင့် အလှပို၊ တန်ဖိုးရှိနေရသည် မဟုတ်လား။ မြမြစ်နှင့် သဘော်သားသည် ခေါင်းနှင့် ပန်းပါသည့် ဒဂါးလို ခွဲခြားမရနိုင်သည့် ဘဝတစ်ခု မဟုတ်လား။

တန်ဖိုးကို ခွဲခြမ်းစိတ်ဖြာလျှင်တော့ ကွာဟမှုရှိပေလိမ့်မည်။ မြစ်ရှိလျှင် သဘော်သားရှိနိုင်၍ မြစ်မရှိလျှင်တော့ သဘော်သားလည်း မရှိနိုင်။ မြစ်နှင့်ပင်လယ် သမုဒ္ဒရာမရှိလျှင် သဘော်ဆိုသောအရာ ပေါ်လာစရာအကြောင်းမရှိ။ သဘော်မရှိလျှင် သဘော်သားဆိုသည်မှာ ဝေလာဝေး။

သဘော်သားရှိပေမည့် မြစ်မရှိလျှင် အဓိပ္ပါယ်မရှိ၊ သဘော်သားတန်ဖိုးမရှိ။ သဘော်သားမရှိပေမည့် မြစ်ရှိနိုင်မည်။ မြစ်သည် သဘော်သားထက် တန်ဖိုးပိုရှိနေသည်ကတော့ အမှန်။ မြမြစ်ဆိုတော့ ပိုတန်ဖိုးရှိပေမည်ပေါ့။ မြစ်ကြောင့် ဖြစ်ပေါ်လာရသော သဘော်သား။ မြစ်ကို အမှီသဟဲ ပြုနေရသော သဘော်သားကို မြမြစ်သည် သခင်နှင့် ကျေးကျွန်လို သဘောထားနေလေသလား။

သခင်နှင့်ကျေးကျွန်လို သဘောထားခဲ့မူ တုန်လှုပ်ချောက်ချားစရာအကြောင်းမရှိ။ ကြောက်ရွံ့ ထိတ်လန့်စရာအကြောင်းမရှိ။ ရန်သူအဖြစ်မြင်၍သာ ကြောက်စရာကောင်းသူ အဖြစ်မြင်၍သာ အော့နှလုံးနာစရာကောင်းသူအဖြစ်မြင်၍သာ တုန်လှုပ်ချောက်ချားခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ရင်းနှီးကျွမ်းဝင်၊ ချစ်ခင်နှစ်သက်၊ မိတ်ဖက်အမြဲဖြစ်ခဲ့သော မြစ်နှင့်သင်္ဘောသားသည် အဘယ်အကြောင်းကြောင့် ရန်သူဖြစ်ခဲ့ပါလေသနည်း။ ကြောက်စရာ၊ ရွံ့စရာ၊ အော့နှလုံးနာစရာအဖြစ် အဘယ့်ကြောင့် ဖြစ်ခဲ့ပါလေသနည်း။

အဘယ်သင်္ဘောသားသည် မြစ် စိတ်မချမ်းသာအောင် လုပ်ခဲ့ပါလေသနည်း။ အဘယ်ကျေးဇူးကန်းသော သင်္ဘောသားသည် မြစ်မုန်းတီးရွံရှာအောင်၊ တုန်လှုပ်ချောက်ချားအောင်၊ လုပ်ခဲ့ပါလေသနည်း။ အဘယ်သင်္ဘောသား၏ ရွံရှာအော့နှလုံးနာဖွယ်အပြုအမူကြောင့် မြစ်သည် ဤမျှထိ တုန်လှုပ်ချောက်ချားခြင်း ဖြစ်ခဲ့ပါလေသနည်း။

ကျွန်တော်သည် တွေးလေတွေးလေ စိတ်မကောင်းနိုင်လေ ဖြစ်လာခဲ့ပါသည်။ မြစ်နှင့် သင်္ဘောသားသည် အဆွေခင်ပွန်းသာ ဖြစ်သင့်သည်။ စိမ်းစိမ်းကားကား ရန်သူသဖွယ် မဖြစ်သင့်။ မြစ်ကြောင့် သင်္ဘောသားဘဝ သာယာစိုပြည်၏။ သင်္ဘောသားကြောင့် မြစ်သည် လုပတင့်တယ် ဂုဏ်သတင်းကြွယ်၏။ မြစ်နှင့် သင်္ဘောသားသည် ဥပကာရကျေးဇူးပြုတတ်သော၊ ကောင်းသော၊ စိတ်နှလုံးရှိသည့် မိတ်ဆွေစစ် ဖြစ်သင့်၏။ သမာန၊ သုခ ဒုက္ခချမ်းသာအတူ ဆင်းရဲအတူ ဖြစ်သော ကောင်းသော စိတ်နှလုံးရှိသည့် မိတ်ဆွေစစ်ဖြစ်သင့်၏။ အတ္တကွာယ၊ အကျိုးစီးပွားကို ပြောကြားတတ်သော ကောင်းသော စိတ်နှလုံးရှိသည့် မိတ်ဆွေစစ်နှင့် အနုကမ္ပက အကျိုးစီးပွားကို အစဉ် စောင့်ရှောက်တတ်သည့် စိတ်နှလုံးကောင်းရှိသည့် မိတ်ဆွေစစ်သာ ဖြစ်သင့်၏။

မိတ်ဆွေစစ်ဘဝမှ ရန်သူဘဝသို့ ရောက်ရသည့်အကြောင်း တရားကို ကျွန်တော်အရမ်းသိချင်သည်။

မြမြစ်၏ မိဘများသည် သင်္ဘောသားကို မုန်းတီးရာမှ သင်္ဘောသားနှင့် ဆက်စပ်နေသော မြစ်ကိုပါ မုန်းတီးစိမ်းကားစေ



လိုသော သဘောဆန္ဒဖြင့် မြမြစ်ဟု မှည့်ခေါ်ခဲ့လေသလား။ မြစ်ကို စိမ်းဖို့ မြမြစ်ဟုမှည့်ခဲ့လေသလား။ မြကိုယ်တိုင်ပင် ခံစားရသည့် နာကြည်းမှုဝေဒနာကြောင့် "မြမြစ်" ဟု အမည်ပြောင်းခဲ့လေသလား။ ကျွန်တော်သည် မြကို မြတ်နိုးလွန်းရာမှ မြအမည်နှင့် သင်္ဘောသား ဘဝကို တစ်နွယ်ငင် တစ်စင်ပါ ပူပန်စွာ တွေးတောနေပါပြီ။

ကျွန်တော့်ရင်ထဲမှာ မောဟိုက်ပင်ပန်းလာသည်။ ကျွန်တော်သည် သင်္ဘောသားမို့ ဝါးလုံးရှည်ဖြင့် သိမ်းရိုက်လိုက်မှာ စိုးရိမ်လာသည်။

ကျွန်တော် စဉ်းစားတွေးတောခဲ့သမျှ ခံစားနေရသမျှကို မြအား ပြောပြတော့ မြသည် ဘာမှုမဖြစ်သလို ရယ်မောနေသည်။ မြရယ်မောနေသည်ကို မြင်နေရလျှင် အရောင်မဲ့ရေကို သောက်ရသလို ကျွန်တော့်ရင်ထဲ လေးလေးနက်နက်အရသာရှိလှသည်။

"အစ်ကိုဟာ သင်္ဘောသားဖြစ်ဖို့မကောင်းဘူး၊ စာရေးဆရာ ဖြစ်ဖို့ကောင်းတယ်"

မြက အရယ်ရပ်ပြီး အလေးအနက်ပြောသည်။ မြသည် ကျွန်တော့်ကို အတွေးလွန်သူဟု ဆိုလိုလေသလား။ စာရေးဆရာဆိုတာ သဘာဝကျအောင် တွေးခေါ်တတ်သူပဲ၊ ကြည့်မြင်တတ်သူပဲလေ။

"ဟုတ်တယ်၊ ကိုညိုမြင့်က မြအပေါ် အလေးအနက်ရှိလွန်း တယ်နော် . . . ဒါ မြ ကုသိုလ်ကံကောင်းတာပဲ "

သရဖီ၏ စကားမဆုံးမီ မြက သရဖီ၏ခါးကို လိမ်ဆွဲလိုက်သည်ကို တွေ့ရ၏။ သရဖီက မြကို ခပ်ဖွဖွပြန်ထုသည်။

မြ တာဝန်အထွက်တွင် သရဖီကိုပါ ကျုံးကြီးလမ်းနှင့် လမ်းမ တော်လမ်းထောင့်ရှိ လက်ဖက်ရည်ဆိုင်သို့ ခေါ်သွားပြီး၊ ကျွန်တော်က လက်ဖက်ရည်တိုက်လိုက်၏။ လက်ဖက်ရည်သောက်ရင်း မြမြစ် အဓိပ္ပါယ်ကို မြန်မာ့အဘိဓာန်၌ ရှာဖွေကြည့်ပုံမှအစ၊ ဆက်နွယ်စဉ်းစား မိခဲ့သမျှ ခံစားမိခဲ့သမျှ ကျွန်တော် မြအား ဖွင့်ပြောမိဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"မြကို ကိုညိုမြင့်ကို လေးစားပြီးသားပါ . . . ဘာ မြပြောခဲ့တာ "

"တော်တော့ သရဖီ၊ မြလည်း မပြောခဲ့ဖူးဘဲနဲ့ လုပ်ဇာတ်တွေ ခင်းမနေနဲ့ "

"ဘာ သရဖီက လုပ်ဇာတ်ခင်းရမယ် . . . . ဟုတ် ဟုတ် ကိုညိုမြင့်က လက်ဖက်ရည်တစ်ခွက် တိုက်တာလောက်နဲ့တော့ လုပ်ဇာတ်မခင်းသေးဘူး ဝေးပါသေးရဲ့၊ မြ ပြောခဲ့တာသာ အမှန် အတိုင်း ပြန်ပြောမလို့ပါ "

"မြက ဘာပြောခဲ့ဖူးလို့လဲ ဆရာမ "

"သရဖီကို ဆရာမလို့ မခေါ်ပါနဲ့ ကိုညိုမြင့်၊ သရဖီလို့ပဲခေါ်ပါ မြက ကိုညိုမြင့်ဟာ အခွင့်အရေးမယူတတ်ဘူးတဲ့၊ လေးစားဖို့ ကောင်းသတဲ့ရှင်၊ ဘယ်တုန်းက ဘယ်လိုအခွင့်အရေး မယူခဲ့တာလဲတော့ မြ ပြောမပြလို့ သရဖီ မသိဘူး ကိုညိုမြင့်ရေ . . . "

မြက သရဖီအနားကပ်ပြီး သရဖို့ပေါင်ကို ထုနေသည်။ ကျွန်တော်သည် မြ ရှက်နေသည်ကို သိသဖြင့် ကျုံးကြီးလမ်းပေါ်တွင် ဖြတ်သန်းသွားလာနေသော ကားများကို ငေးကြည့်နေမိသည်။ ကျွန်တော့်စိတ်ကမူ သမ္မန်တိုက်သည့်နေ့ဆီ ရောက်နေသည်။ ငါးဖမ်းစက်လှေမှ ချပေးသော၊ အသက်ကယ် တောကွင်းကို၊ မြအား ချက်ချင်းစွပ်ပေးခဲ့သည်ကို ဆိုလိုလေသလား။

"ကဲ အရေးပေါ်မှာ အရေးပေါ်ချင်ပေါ်နေမှာ သွားလိုက်ဦးမယ်နော် ကျေးဇူးပဲ ကိုညိုမြင့် . . "

သရဖီက နှုတ်ဆက်ပြီး ကျုံးကြီးလမ်းမီးပွိုင့်မှ ကျုံးကြီးလမ်းကို ကျော်ပြီး အရေးပေါ်ဘက် ထွက်သွားသည်။ ပွင့်လင်းဖော်ရွေတတ်သော သရဖီကြောင့် မြ သဘောထားအချို့ကို သိခဲ့ရပေပြီ။ ကျွန်တော် သရဖီကို ကျေးဇူးတင်နေမိ၏။



"သရဖို့စကားတွေ အဟုတ်ထင်မနေနဲ့အစ်ကို၊ သူက စား သောက်ကောင်းအောင် ပြောနေတာ ရှေ့စကား နောက်စကား အမြီးအမောက်တည့်တာမဟုတ်ဘူး "

မြစကားကြောင့် ကျွန်တော် တွေတွေဝေဝေဖြစ်သွားသည်။ သရဖီ ကျွန်တော့်ကို ပြောခဲ့သော စကားများကို ပြန်စဉ်းစားကြည့်မိ သည်။ သရဖီသည် ကျွန်တော့်အား အမြီးအမောက် မတည့်သည့် စကားများ ယခုထိမပြောခဲ့သေး။ နောက်များတော့မသိ။ မြသည် အရှက်ပြေ ပြောနေခြင်းလား။

"ကဲ အစ်ကို၊ မြ ပြန်တော့မယ်၊ အစ်ကိုလည်း ပြန်တော့ လေ"

"အစ်ကို မြကို လိုက်ပို့ချင်တယ် "

"မြ သွားနေကျပါ၊ မြ သွားတော့မယ်နော် "

"မြရယ် အစ်ကိုလိုက်ပို့ပါရစေ၊ မြရှက်ရင် အစ်ကို မြနဲ့ခပ်လှမ်း လှမ်းက လိုက်ခဲ့မှာပါ "

မြက ကျွန်တော့်ကို ရီဝေစွာကြည့်သည်။ မြ မျက်နှာသည် လွမ်းဆွေးရိပ်သန်းသွားသလို ထင်ရသည်။

"လိုက်ခွင့်ပြုပါ မြရယ် "

မြက ခေါင်းညိတ်ပြတော့ ကျွန်တော် ပျော်လိုက်သည့်ဖြစ်ခြင်း။

"အစ်ကို အလုပ်အားတာနဲ့ လာကြိုမယ် ပြန်ပို့မယ်နော် "

"လူတွေသိအောင်တော့ ခွင့်မပြုဘူးနော်၊ သမ္မန်ပေါ်မှာ စကားမပြောရဘူး။ နှုတ်မဆက်ရဘူး။ ဒလဘက်ကမ်းမှာ ပိုဆင်ခြင်ရမယ်၊ အဲဒီစည်းကမ်းတွေ အစ်ကို လိုက်နာနိုင်ပါ့မလား "

"မြ မျက်နှာမြင်နေရရင် ကျေနပ်ပါပြီ။ စကားတစ်ခွန်းမှ မပြောပါဘူး "

"ဒလရောက်ရင်လည်း သမ္မန်ဆိပ်မှာပဲနေခဲ့ရမယ်နော် ဟုတ် လား "

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ၊ မြ ချမှတ်ထားတဲ့စည်းကမ်းတွေ တစ်သဝေမတိမ်း လိုက်နာပါ့မယ် "

"ကဲ သွားကြရအောင် "

မြက အလျင်ထပြီး ဆိုင်မှ ထွက်သည်။ ဆိုင်မှ အထွက်တွင် သမ္မန်မှောက်စဉ်ကပေးခဲ့သော ကိုစိုးဆိုသူ၏ နှစ်မ်းရောင် စပို့ရှပ် အင်္ကျီကို ပြန်ပေးလိုက်၏။ အင်္ကျီကို ခြင်းထဲထည့်ကာ မြသည် သမ်းမတော် လမ်းအတိုင်း အောက်ဘက်သို့ လျှောက်သွား၏။ ကျွန်တော်က ဆိုင်ရှင်အား ကျသင့်ငွေရှင်းပေးပြီးမှ ဆိုင်ထဲမှ ထွက်လာခဲ့၏။

ကျွန်တော့်ရှေ့ မလှမ်းမကမ်းမှ သွားနေသောမြက သမင်လည်ပြန် လှည့်ကြည့်၏။ ကျွန်တော်က လက်ဝှေ့ရမ်းပြမိ၏။ မြသည် ရှေ့ကို ပြန်လှည့်ပြီး မှန်မှန်သွားနေ၏။ ကျွန်တော်ကလည်း မှန်မှန်လိုက်နေ ရသည်။

ကျွန်တော် မြန်မြန်သွားခွင့် ဘယ်တော့ရှိမှာပါလိမ့်။

(ကိုး) ခမ်းထိပ်မှာ ပန်းလိပ်ပြာဝါနီနှင့်

"မေမေရော"

သီတာဦးထံမှ ပြန်မဖြေ၊ အလျှံရဲရဲညီးသော နေ၏ မျက်ဝန်းမျိုးဖြင့် ကျွန်တော့်ကို စူးစူးရဲရဲကြည့်၏။ သူမ၏အောက် ဘယ်ဘက်နှုတ်ခမ်းသားလေးကို ဖိကိုက်လိုက်သည်ကို တွေ့ရ၏။ ခုန်အုပ်ကိုက်ခဲမည့် ကျားသစ်ပျိုမကဲ့သို့ မာန်ဖီသောမျက်နှာကြောင့် ကျွန်တော့်ရင်ထဲတွင် စစ်စစ်ကျင်ကျင်ခံစားလိုက်ရ၏။ သီတာဦး ကျွန်တော့်ကို ဒေါသဖြစ်နေပြီ။

"မေမေရော သီတာ"

ကျွန်တော့်ကို ပြန်မဖြေ၊ သူမထံမှ ရှိုက်လိုက်သံတစ်ချက် ကြားလိုက်ရ၏။ ကျွန်တော် သူမကို စေ့စေ့ကြည့်လိုက်တော့ မျက်နှာကို လက်ဖြင့်အုပ်ကာ တရှိုက်မက်မက် ငိုနေပေပြီ။



ကျွန်တော်ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ။ သူမအနား တိုးကပ် သွားတော့ သူမအိမ်ပေါ်တက်ပြေးသွားသည်။ ကျွန်တော်သည် သူမနောက်သို့ ပြေးလိုက်သွားမိ၏။

ညှော်ခန်းထဲရှိ ထိုင်ခုံတွင် သီတာဦးထိုင်ကာ မျက်နှာကို လက်နှင့် အုပ်၍ ငိုနေသည်။ ကျွန်တော်သည် သူမဘေးတွင် ကပ်ထိုင်ပြီး သူမ၏ လက်နှစ်ဖက်အား အသာအယာဆွဲယူမိ၏။ ပထမ သူမက ရုန်းသေး၏။ ကျွန်တော်က သူမ၏ လက်နှစ်ဖက်အား လက်ယာလက်ဖြင့် ခပ်တင်း တင်းဆုပ်ကိုင်လိုက်ရာ မရုန်းတော့။ သိမ့်သိမ့်တုန်အောင်သာ ငိုကြွေး နေသည်။ ကျွန်တော်က ခေါင်းငုံ့ငိုကြွေးနေသော သူမ၏မျက်နှာကို လက်ဝဲလက်ဖြင့် မတင်ကာ လက်ကိုင်ပဝါဖြင့် မျက်ဝန်းမှမျက်ရည်စတို့ကို သုတ်ပေးမိ၏။

"အစ်ကို့ကို စိတ်ဆိုးနေလား သီတာ"

"တော် အစ်ကို၊ အစ်ကိုဟာ သီတာချစ်သလို မချစ်ပါဘူး တင့် ဟင့်"

သီတာက ရှိုက်၍ ရှိုက်၍ ငိုပြန်သည်။

"သီတာ့ အဖေက အစ်ကိုမအားတဲ့အကြောင်း မပြောဘူးလား"

"သီတာက အစ်ကို့စကားယုံလို့ ပြင်ဆင်စောင့်နေတာ သီတာ့ကို အစ်ကို အရူးလုပ်တယ်၊ သီတာ သိပ်ရက်တယ်အစ်ကို"

သီတာက ရှိုက်သံဖြင့်ပြောရင်း ကျွန်တော့်ကို မော့ကြည့်သည်။ မျက်ရည်တွေ ပြည့်လျှမ်းနေသောမျက်ဝန်းနှင့် မျက်နှာကိုမြင်ရတော့ ကျွန်တော် သူမကို အရမ်းသနားသွားသည်။

သီတာကို သနား၍မဖြစ်။ သနားချစ် ချစ်ရန်ပင်မဖြစ်။ ကျွန်တော် သည် သီတာဦးကို ချစ်မြတ်နိုးနေသူမဟုတ်။ ဘဝကြင်ဖော်အဖြစ် လက်ထပ်လိုသူမဟုတ်။ ကျွန်တော် ချစ်မြတ်နိုးနေသူမှာ မြသာလျှင် ဖြစ်သည်။ မြ ကိုသာ လက်ထပ်လိုသည်။ သီတာဦးကိုမူ သက်ပေါ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



လာခဲ့သည့် နှမလေးတစ်ယောက်လိုသာ တွယ်တာမြတ်နိုးခဲ့သည် မဟုတ်လား။

ဆရာ့အိမ်တွင် ဆရာကတော်မရှိ၊ ခြံနှင့် ဝန်းနှင့်မို့ တိတ်ဆိတ်ငြိမ်သက်နေ၏။ ဤနေရာ၌ ကျွန်တော် ကြာရှည်နေရန်မသင့်ပြီ။ ကျွန်တော်သည် သီတာဦးအပါးမှ ခွာလိုက်၏။ သီတာဦး၏ ငိုရှိုက်သံ ပျံ့လွင့်လာပြန်၏။ ကျွန်တော် သီတာဦးကို မချော့မော့လိုတော့။ ငိုချင်သလောက်ငိုပါစေလေ။ အငိုဝတော့လည်း တိတ်သွားပေမည်ပေါ့။

တရှုပ်ရှုပ် ငိုသံနှင့်အတူ တဒုန်းဒုန်းမြည်သံကို ကြားလိုက်ရ၏။ သီတာဦးသည် သူ့မအခန်းထဲသို့ ဝင်ပြေးသွားပေပြီ။ သူမ၏ ငိုရှိုက်သံသည် ကျွန်တော်၏ နှလုံးသားအား ထိခိုက်နာကျင်စေပြန်ပြီ။ မတတ်နိုင်။ သူမအခန်းထဲလိုက်၍ ကျွန်တော်မချော့မော့ မနှစ်သိမ့်လိုတော့ပြီ။ သတိတမံ ဉာဏ်မြေကတုတ်၊ ပညာစွမ်း ချွန်းကဲ့သို့ အုပ်ရပေတော့မည်။ ဆရာ ဦးခင်မောင်ဦးကို မကြည့်ရဲဘဲ မျက်နှာအောက်ချနေရမည့်ဘဝ၊ နဒီဒေဝီသို့ ခြေလှမ်းအမှားများဖြင့် ဝင်ရမည့်ဘဝမျိုးကို ကျွန်တော် မပိုင်ဆိုင်လိုတော့ပြီ။ ကျွန်တော် ထိုဘဝဆိုးမျိုး မကြုံရစေရန် ဤနေရာမှ အမြန်ခွာမှ ဖြစ်ပေတော့မည်။ သီတာဦးကို ကျွန်တော် ကျောခိုင်းလိုက်သည်။

ကျွန်တော်သည် နဒီဒေဝီပေါ်သို့ ပုံမှန်ခြေလှမ်းဖြင့် ရဲဝံ့စွာ တက်လာနိုင်ခဲ့ပြီကော။

တစ်နှစ်ဆိုသောအချိန်သည် ဘာမျှကြာလိုက်သည်မထင်ရ။ မြနှင့် သိကျွမ်းခင်မင်ရင်းနှီးခဲ့ရသည့် တစ်နှစ်ဆိုသောကာလသည် ရင်ခုန်စရာ ကြည်နူးစရာတို့ဖြင့် ကုန်လွန်ခဲ့သည်။

ထိုတစ်နှစ်ဆိုသော မကြာလိုက်သည့်အချိန်ကာလအတွင်း အပြောင်းအလဲများစွာတို့သည် ဖြစ်ပျက်ခဲ့၏။

ကျွန်တော်လေးစားမြတ်နိုးခဲ့ရသော ဆရာဦးခင်မောင်ဦးသည် ကျွန်တော် တတိယတန်း ရေယာဉ်အုပ်ဖြစ်ချိန်တွင် ပြင်စလူ၌ပင် ကွယ်



လွန်ခဲ့သည်။ ဆရာ့နေရာတွင် ကျွန်တော် ရေယာဉ်အုပ် ဖြစ်လာသည်။ နဒီဒေဝီတွင် ရေယာဉ်အုပ်စလုပ်သည့်နေ့က ကျွန်တော်စိတ်မကောင်းဖြစ်မိသေးသည်။ ဆရာသည် ကျွန်တော်အတွက် နေရာဖယ်ပေးခဲ့လေသလားဟု တွေးမိပြီး စိတ်မကောင်းတော့။

ကျွန်တော်သည် ပြင်စလူသို့ရောက်တိုင်း ဆရာကတော်တို့သားအမိထံ အမြဲသွားခဲ့ပါသည်။ ဆရာကတော်တို့ ရောင်းချမည့်လိုအပ်သောပစ္စည်းများကို ကျွန်တော်ကိုယ်တိုင် ဂရုတစိုက်ဝယ်ယူပေးပို့ခဲ့ပါသည်။ ကျွန်တော်သည် ဆရာရှိစဉ်ကထက် ဆရာကတော်တို့သားအမိအား ဂရုစိုက်ခဲ့ပါသည်။

ကျွန်တော်၏လစာငွေမှလည်း တတ်နိုင်သမျှ ထောက်ပံ့မြဲထောက်ပံ့ခဲ့ပါသည်။ ဆရာကတော်သည် ဆရာ မရှိသည့်နောက် ပြောင်းလဲမသွားသော ကျွန်တော့်စိတ်ထားကို ပိုမိုသဘောကျပြီး အရေးပေး ဆက်ဆံခဲ့လင့်ကစား၊ သီတာဦးကမူ ကျွန်တော့်အပေါ် ဆက်ဆံရေးကျဲခဲ့ပါသည်။ ကျွန်တော့်ကို တမင်ပင်မတွေ့အောင် ရှောင်၍ အနေစိမ်းခဲ့ပါသည်။

ခုတလော ပြင်စလူသို့ ကျွန်တော်ရောက်သည့်ရက်များတွင် သီတာဦးသည် လေစိမ်းတွေတိုက်ရုံမက ကျွန်တော့်ကိုပင် အရွဲ့တိုက်လာခဲ့ပါသည်။ နဒီဒေဝီသို့ ပစ္စည်းလာသယ်ရာတွင်လည်း သူမဘေးမှာ အဖော်ပါလာတတ်ပါသည်။ ကျွန်တော် သူမတို့အိမ်ရောက်သည့်အခါတွင်လည်း နဒီဒေဝီသို့ ခေါ်လာသော အဖော်နှင့် ကျွန်တော့်ရှေ့တွင် မျက်နှာငွေလဖြင့် တွဲပြခဲ့ပါသည်။ မထိတထိစကား၊ ရိတ်တိတိစကားတို့ဖြင့် ကျွန်တော်နားကြားပြင်းကတ်အောင်၊ ပြောခဲ့ကြဆိုခဲ့ကြပါသည်။ ကျွန်တော်စုံစမ်းကြည့်တော့ ပြင်စလူရွာထဲမှ ရေလုပ်ငန်းရှင်တစ်ဦး၏သား စိုးထိုက်ဆိုသူ လူငယ်ပင်ဖြစ်ပါသည်။

စိုးထိုက်သည် သီတာဦးနှင့်ရွယ်တူလောက် ဖြစ်ပေလိမ့်မည်။ ကျောင်းမနေတော့။ ပင်လယ်ထွက် ငါးဖြင့် ငါးဖမ်းနေသူဟုသိရသည်။ သူ၌ ငါးပြန်ဝင်၍၊ သူမနှင့်တွဲနေခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က အစိုးရိမ်လွန်ပြီး ဆရာကတော်အား အသိပေးသတိပေးခဲ့ပါသည်။ ဆရာကတော်က မျက်စိဒေါက်ထောက်ကြည့်နေကြောင်း၊ သီတာဦးကို ကျွန်တော့်အနေနှင့်လည်း အထူးဂရုစိုက်ဖို့လိုကြောင်း ပြောလာသည်။ ဆရာကတော်က ကျွန်တော့်ကို သီတာဦးအား အမြန်လက်ထပ်စေလိုဟန်ရှိသည်။ တိုက်ရိုက်မပြောသေးသော်လည်း သွယ်ဝိုက်၍ပြောခဲ့သောစကားများက သီတာဦးကိုလက်ထပ်ပါတော့ဟူသော ဘူတာသို့ပင်ဆိုက်နေသည်။

ကျွန်တော်သက်ပြင်းမောသာ ချခဲ့မိသည်။ သီတာဦး ပန်းကောင်းအညွန့်ချိုး ခံရမှာလည်းစိုးသည်။ ကျွန်တော်ကိုယ်တိုင်လည်း မခွးချင်။ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ။ သီတာဦးကိုတော့ ပြောဆိုဆုံးမ၍ ရမည်မထင်။ ကျွန်တော့်ကိုပင် မျက်နှာချင်းဆိုင်တော့သည်မဟုတ်။ မလှမ်းမကမ်းမှသာ အရွဲ့တိုက်ပြနေသည်မဟုတ်လား။ သီတာဦးတစ်ခုခုဖြစ်သွားလျှင်တော့ ကျွန်တော့်ဆရာအပေါ် ကျွန်တော်တာဝန်မကျေရာ ရောက်ပေလိမ့်မည်။ ထိုကဲ့သို့အဖြစ်မခံနိုင်။ ကွယ်လွန်သူ ဆရာ့မျက်နှာကို ထောက်ပြီး နည်းမျိုးစုံဖြင့် ကျွန်တော်စောင့်ရှောက်ရပေမည်ပေါ့။

ကျွန်တော်နှင့် မြအခြေအနေကလည်း အလွန်အမင်းတိုးတက်လှသည်တော့မဟုတ်။ ခင်မင်ရင်းနှီးကျွမ်းဝင်မှု ပိုလာသည်သာရှိသည်။ ကျွန်တော်က လက်ထပ်ဖို့ စက်နှိုးထားပေမယ့် မီးစိမ်းမပြ၊ မီးနီသာပြနေ၍ ရှေ့တိုးမရ။ ဗောမည်းတင်ထား၍ တွဲတေးတူးမြောင်းဖြတ်မရသလိုမျိုး။ ခက်သည်က မြသည် ချစ်ပါသည်ဟုပင် နှုတ်မှဖွင့်မပြောခဲ့။ ကျွန်တော်က ရင်ဖွင့်လာသည်နှင့် စကားလမ်းကြောင်း ပြောင်းသွားအောင် ကြိုးစားခဲ့သည်သာ။ စကားလမ်းကြောင်း ပြောင်းပြောခဲ့သည်သာ။ သူမ၏ မျက်ဝန်းအကြည့်များ၊ ဆက်ဆံမှုများက ကျွန်တော့်အား အဖြေပေးသလိုတော့ရှိသည်။ ပွင့်လင်း တိကျသော နှုတ်အဖြေကားမရသေး။ ကျွန်တော့်အနေနှင့်မြကို အကြိုအပို့ ဘော်ဒီဂတ်အလုပ်ကတော့ ကျွမ်းကျင်ရာ လိမ္မာနေပြီလေ။



မြ၏ပြောစကားများအရ မြအမေက မြနှင့်သဘောတူသူရှိသည်။ မြနှင့်အိမ်နီးနားချင်း အိမ်ချင်းကပ်လျက် မြနှင့် ကျောင်းနေဖက်ကစားဖက် ကိုစိုးခေါ် ကိုစိုးဝေ။ ကိုစိုးဝေသည် သံကြွပ်အရောင်းအဝယ်လုပ်ငန်းလည်းလုပ်သည်။ စမာကလာ (သဘော်ကြီးဈေးသည်) လည်းလုပ်သည်တဲ့။ ချမ်းသာကြွယ်ဝသူ၊ အတွင်းသိ အစင်းသိဖြစ်သူမို့ မြအမေက ကိုစိုးဝေနှင့် မြကို လက်ထပ်ပေးရန် သဘောတူထားသည်တဲ့။ ကိုစိုးဝေသည် အစ်မအပျိုကြီး မငြိမ်းဝေနှင့် မောင်နှမနှစ်ယောက်တည်းနေသည်။ မိဘများဆုံးပါးကုန်ကြပြီ။ ကိုစိုးဝေက အရပ်မြင့်မြင့်၊ ရုပ်ချောချောဟုသိရသည်။ သမ္မန်မှော်စဉ်က အဝတ်အစားလဲရန် မြယူလာသော နို့စိမ်းရောင်စပို့ရှပ်အင်္ကျီသည် ကိုစိုးခေါ် ကိုစိုးဝေ၏ အင်္ကျီဖြစ်နေသည်ကို မြပြောမှသိရသည်။

မြက ရှာနားမြက် ရှာနွားစားချင်ပုံမပေါ်၍ ကျွန်တော် စိတ်ချမ်းသာရသည်။ ကိုစိုးဝေအကြောင်းပြောပြသည့်နေ့က ကျွန်တော်ဘားမင်းအိပ်မပျော်ဖြစ်ခဲ့သေး၏။ မြပြောနေတုန်းမှာပင် ကျွန်တော့်ရင်ထဲ၌ ဘမ်းနည်းကြေကွဲစွာခံစားလာရပြီး မြနှင့်မနီးရသည့် ကိုယ့်ဘဝကိုယ်မကျေမနပ်ဖြစ်ခဲ့ရသည်။

"အစ်ကိုဘာဖြစ်နေတာလဲ၊ မျက်နှာကြီးကပုပ်သိုးလို့၊ ကိုစိုးအကြောင်းပြောလို့လား ညံ့ပါ့အစ်ကိုရယ်၊ အမေသဘောတူသူရှိတဲ့အကြောင်းသာ အစ်ကိုသိအောင်ပြောထားတာ . . . မြသာ ကိုစိုးကိုစိတ်ဝင်စားရင် အစ်ကို့ကို အနားအကပ်ခံပါတော့မလား အစ်ကိုရယ်။ မြက ညစာခက်ခက် လှတာတော့ မက်တယ်လေ " ဟု ပြောတော့မှ ငပုပ်ကလွတ်သည့်လလို ကျွန်တော်ပြုံးလာနိုင်သည်။

မြက ကျွန်တော့်ကို လှသည်ဟုပြောတော့ ကျွန်တော်ရှက်ရှိုးရှက်ကန်းဖြစ်မိ၏။ အရပ်မြင့်မြင့်၊ ရုပ်ချောချော ကိုစိုးဝေထက် ကျွန်တော်ကလှနေသည်ဟု မြကဆိုခဲ့လေသဖြင့် နဒီဒေဝီသို့ပြန်ရောက်လျှင်မှန်ကြည့်မည်ဟု စိတ်ကူးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မြ ပိုမိုတွယ်တာမြတ်နိုးလာအောင် ကျွန်တော်သည် ယောကျ်ား တန်မဲ့ ခြယ်ရသရ ပြင်ရဆင်ရဦးမှာပါလား။

✾ ✾ ✾ ✾ ✾ ✾

ရန်ကုန်ဆိပ်ကမ်း သင်္ဘောဆိုက်သည်နှင့် တက်မကိုင် ကိုတင်အောင်၊ စာရေး ကိုဝင်းမောင်၊ စူကာနီ ကိုကိုမောင်တို့အား သေချာမှာခဲ့ပြီး ကျွန်တော် ဆေးရုံသို့ ပြေးလာခဲ့၏။

မြင်ကွင်းတစ်ခုကြောင့် မီးနီ၌ ဘရိတ်အုပ်လိုက်သည့်ကားလို ကျွန်တော် တုံ့ခနဲ ရပ်လိုက်၏။ ကျွန်တော့်ကို သူတို့မြင်မသွားအောင် လက်ယာဘက်လမ်းကြား (အဆောင်နှစ်ခုကြား) တွင် ကွယ်နေလိုက်ပြီး မသိမသာခေါင်းပြူကြည့်မိ၏။

မြသည် ကျွန်တော့်ကို ကျောပေးထား၏။ ဒေါက်တာ အောင်ဟိန်းသည် မြနှင့် မျက်နှာချင်းဆိုင်ဖြစ်သည်။ မြ၏ အသံသည် ချွဲနွဲ့သံပေါက်နေသည်ဟု စိတ်ထဲ၌ထင်မိ၏။ နားထဲတွင် ကလောပြီး စီးကပ်ရှတနေသည်ဟု ထင်ရသည်။ သူမ၏ မျက်နှာကို ကျွန်တော် မမြင်ရလင့်ကစား၊ သူမ၏ အသံနှင့် ဒေါက်တာအောင်ဟိန်း၏ သကာ လူးထားသောမျက်နှာကိုကြည့်ခြင်းအားဖြင့် သူမ၏မျက်နှာသည် မျက်နှာငွေလ ရွှန်းပပ ဖြစ်နေပေလိမ့်မည်။ တစ်ချက်တစ်ချက် လွင့်ပျံ့ လာသောအသံတို့က သဲ့သဲ့သာကြားရ၍ သဲကွဲမှုမရှိ။ နားစွင့်ထောင် သည်ကိုပင် ပီပီသသမကြားရ။

ဒေါက်တာအောင်ဟိန်းသည် အသက်က ကျွန်တော်နှင့်ရွယ်တူ လောက် ရှိပေဦးမည်။ အရပ် ထောင်ထောင်မောင်းမောင်းပင်။ ကျွန်တော့် အရပ်လောက်ပင်ရှိချိမ့်မည်။ နှုတ်ခမ်းအနည်းငယ်ထော်မှုနှင့် မျက်လုံး အစ်အစ်၊ မျက်စိမှေးမှေး ဖြစ်နေသည်မှအပ ရုပ်ရည်က ရွက်ကြမ်း ရေကျိုအဆင့်ထက်သာသွားသည်ကို တွေ့ရမည်ဖြစ်သည်။ အနီးကပ်



ကြည့်မှသာ မျက်နှာကို အရုပ်ဆိုးအကျည်းတန်စေသည့် အနည်းငယ် ခေါနေသောသွားကြောင့် မို့မောက်သယောင်ဖြစ်နေသည့် အပေါ် နှုတ်ခမ်းကို တွေ့ရသည်။ ဆရာဝန်ဆိုသော ဂုဏ်ပုဒ်ဂုဏ်ဒြပ်နှင့်ကျတော့ ထိုနှုတ်ခမ်းသည် အရုပ်ဆိုးအကျည်းတန်နေမည်မဟုတ်တော့။ ဆရာဝန်ဂုဏ်ပုဒ် ဂုဏ်ဒြပ်ကြောင့် ထိုနှုတ်ခမ်းအပြစ်သည် မှုန်မွှား သေးငယ်သွားပေလိမ့်မည်။

ဒေါက်တာ အောင်ဟိန်းသည် ကျွန်တော့်ကို သိမည်မဟုတ် သော်လည်း ကျွန်တော်က ဒေါက်တာ အောင်ဟိန်းကို သိနေသည်မှာ ကြာခဲ့ပြီ။ ဒေါက်တာ အောင်ဟိန်းအကြောင်း လေ့လာနေသည်မှာကြာ ခဲ့ပြီ။ လေ့လာနေသည်ဆိုခြင်းမှာလည်း ရဲလို ထောက်လှမ်းရေးလို လိုက်ချောင်း၊ စုံစမ်းစစ်ဆေးခဲ့ခြင်းတော့မဟုတ်။ ဆေးရုံရောက်တိုင်း လေ့လာအကဲခတ်ကြည့်ရှုခြင်း၊ ဆေးရုံအလုပ်သမားများကို ပေါင်းသင်း မေးမြန်းခြင်း၊ သရဖီကို စကားနိုက် စုံစမ်းမေးမြန်းခြင်းသာဖြစ်ပါသည်။ ဒေါက်တာအောင်ဟိန်းအပေါ် စိတ်ဝင်စားခဲ့လွန်းသဖြင့် မြ တာဝန် မကျသည့်နေ့ရက်များပါ ရံဖန်ရံခါ ဆေးရုံသို့လာရောက်လေ့လာ အကဲခတ်ခဲ့သည်။

ဒေါက်တာအောင်ဟိန်း နှင့်ပတ်သက်၍ အပုပ်နံ့ထွက်လှသည် တော့မဟုတ်။ သူနာပြုဆရာမများထဲတွင် ထောင်ထောင်မောင်းမောင်း နှင့် ချောချောမောမောလှပနေသည့် မြကိုတော့ သူကဦးစားပေး ဖက်လှဲတကင်း ဆက်ဆံလွန်းသည်လောက်သာ သိရှိခဲ့ရသည်။

တော်သေးသည်၊ ဒေါက်တာ အောင်ဟိန်းနှင့်မြက အတူတွဲမကျ၊ နေ့နေ့ညည အတူတူတွဲကျလျှင် ကြိုးချင်းထား ကြိုးချင်းငြိ၊ အိုးချင်းထား အိုးချင်းထိသွားနိုင်သည်မဟုတ်လား။ ချဉ်သီးနှင့်ဆား အတူထားရသည် မှာ အသည်းဖိုစရာ၊ ရင်ထိတ်စရာ၊ စိုးရိမ်စရာ၊ ပူပန်စရာမဟုတ်လား။ ညဥ့်ပိုင်းတာဝန်အတူကျလျှင် ကျွန်တော်အိပ်ပျော်မည်မဟုတ်တော့။ ခုတော့ တာဝန်အဝင်အထွက်မှ ပြေသာသေး၏။

www.burmeseclassic.com

www.burmeseclassic.com



ချဉ်သီးကလည်း ညစ်ညစ်ပတ်ပတ်၊ စုတ်စုတ်ဖတ်ဖတ် စုတ်စုတ် နုပ်နုပ်မဟုတ်။ စားချင်စရာ အရည်တွေရွှမ်းပြီး လတ်လတ် ဆတ်ဆတ်၊ ဝင်းဝင်းမှည့်မှည့်၊ ပင်ပေါ်မှည့်ချဉ်သီး။

မြ ကလည်း မြ။ စလေဆရာ ဦးပုည၏ လူပျိုမလှည့်ကြောင်း မေတ္တာစာမှ ''သပြေပုံရှိအရွယ်၊ မငယ်လွန်း မကြီးလွန်း၊ ဖွန်းခြစ်တစ်မျှ အထိုးခံ အုန်းသီး၊ ဘုန်းကြီးကျိုက်၊ မင်းကျိုက်၊ ကာလသားများ လားလားမျှမထိုက်'' ဆိုသော အလှမျိုးပိုင်ဆိုင်သူ။ သာမန်လူတွေ မထိုက်အောင်လှသည်။ သည်တော့ ဘုန်းကြီးကျိုက်၊ မင်းကျိုက် ဒေါက်တာကျိုက် မြကို ရေယာဉ်အုပ်ကလေး ကျွန်တော်ကျိုက်ရသည်မှာ မျက်နှာငယ်လွန်းလှ၏။

လမ်းပိတ်လုအောင် ခြေခါလက်ခါ ကိုယ်နွဲ့ ခေါင်းငဲ့ စကားပြော နေသော ဒေါက်တာအောင်ဟိန်းနှင့် အကြည်ဆိုက်နေသောမြကို ကြည့်ရ မနာလို ဝန်တိုမှုနှင့် ဒေါသတို့ရောပြွမ်းသောစိတ်သည် မြွေဆိပ်လို တရိပ်ရိပ်တက်လာသည်။

ကျွန်တော့်စိတ်တွေ ထိန်းမနိုင်သိမ်းမရတော့။ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်မိ၏။ လမ်းပေါ်သို့ ပြေးထွက်ကာ သူ့ နောက်မှနေ၍ ဆံပင်ကိုဆောင့်ဆွဲပြီး လှည့်လာသော မျက်နှာမှ နှုတ်ခမ်း ဖောင်းအိသောပါးလေးကို ဘယ်ပြန် ညာပြန် ရိုက်ချချင်စိတ် ပေါက်လာ အောင် ဒေါသတွေ ထွက်လာမိသည်။

ကျွန်တော်သာ နဂါးဖြစ်ခဲ့လျှင် နှစ်ယောက်လုံးပြာကျသွားအောင် မျက်စောင်းထိုးမိမလား မပြောတတ်။ မြင်လိုက်ရသော မြင်ကွင်းသည် ကျွန်တော်၏ နှလုံးသားအား ဖြစ်ညှစ်ခံလိုက်ရသကဲ့သို့ မချိမဆံ့ အောင့်သက်နာကျင်သွားသည်။

ဒေါက်တာ အောင်ဟိန်းက မြ၏ ခေါင်းလေးကို သူ့လက်သီး ဆုပ်ဖြင့် မနာမကျင်အောင် ခပ်ဖွဖွထုလိုက်သည်။ မြကလည်း



ကိုယ်လေးရှိ ခေါင်းလေးပုကာ ကျွန်တော်ဘက်အလှည့်တွင် လျှာလေး တစ်လစ်ထုတ်လိုက်သည်ကို တွေ့လိုက်ရ၏။

ကျွန်တော်သည် သက်ပြင်းမောချကာ နောက်ဘက်လှည့်ပြီး ခပ်လှမ်းလှမ်းလျှောက်သွားလိုက်သည်။ ဒေါက်တာအောင်ဟိန်းသည် အတက်ချီကော့စ်ကို ဆွဲလျက် မြခေါင်းကိုထုကာ အိမ်ပြန်ရန် မြဘေးမှ ဖြတ်ကျော်လာနေပြီ မဟုတ်ပါလား။

ကျွန်တော်၏ မြအပေါ် စိုးရိမ်ပူပန်မှုက ငယ်ထိပ်ကို မြွေဆိပ် တက်သကဲ့သို့ မူးမူးမေ့မေ့ ခံစားနေရပြီ။ ဒေါက်တာအောင်ဟိန်း ထွက်သွားသည်ကို မြင်လိုက်ရပြီးနောက် ကျွန်တော်လည်း ထိုနေရာမှ ဆက်ထွက်လာလိုက်သည်။ ကျွန်တော် မြဆီ သွားမတွေ့လိုတော့။ မြကို ချစ်မြတ်နိုးနေရမှုသည် တစောင်းပင်၌စွဲသောပျားအုံမှ ပျားရည်ကို လျက်ရသကဲ့သို့ ချိုသော်လည်း ရင်ပူလွန်းရသည်။ ရင်ပူလွန်းလှ၏။ ကျွန်တော် နဒီဒေဝီသို့ ပြန်ရန်၊ အရေးပေါ်သို့ ဆက်မသွားဘဲ ကျောခိုင်းကာ ခန်းမကျယ်ဆီ ခပ်သွက်သွက် လျှောက်လိုက်၏။

''အစ်ကို အစ်ကို မြ ဒီမှာ''

မြအသံကြားတော့ ကျွန်တော့်ခြေအစုံက တုံ့ခနဲ ရပ်သွား၏။ နဖားကြိုးဆောင့်အဆွဲခံရသည့်နွားလို တုံ့ခနဲရပ်သွားသည်ဟု ကိုယ့်ကိုယ်ကိုယ် နွားနှင့်နှိုင်းပြီး ပုံရိုင်းရိုင်း နှိုင်းချင်တော့သည်။ နွားမှ ကျွန်တော့် အချစ်တော် ဇွတ်တစ်တစ်နွားပြာနီကြီးကမှ နဖားကြိုးအဆွဲခံ ရပေမယ့် ဆောင့်ရုန်းရင်း အန်တုရဲသေးသည်။ ကျွန်တော့်မှာ မြနှင့် ပတ်သက်လာလျှင် နွားပြာနီကြီးလောက် သတ္တိမရှိ၊ မြကို မဆန့်ကျင်ရဲ။

ကျွန်တော်နောက်လှည့်ပြီး မြဆီလျှောက်သွားမိ၏။ မြက ကျွန်တော့်ကို စေ့စေ့ကြည့်၏။

''ဘယ်လိုဖြစ်နေတာလဲ၊ မျက်နှာကြီးက ပိန္နဲသီးပုတ်ကြီးကျနေ တာပဲ၊ မြကို စိတ်ကောက်နေတာလား''

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ''ဟုတ်တယ် ဟုတ်တယ် . . . ခင်ဗျားကြီး ဒေါက်တာအောင်ဟိန်းနဲ့ နှန့်နေတာမြင်ရလို့ အူနကျွဲခတ်ခံနေရတာ'' ဟု ပြောလိုက်ချင်မိ၏။ နှုတ်ကပြောမထွက်။ စိတ်ပြေအောင် စိတ်ထဲမှာသာ ပြောလိုက်မိ၏။

''မေးနေတာ ဘာလို့မဖြေတာလဲ၊ ဘာတွေတွေးနေတာလဲ ဩော် ဟုတ်ပြီ ခုနက ဒေါက်တာ အောင်ဟိန်းနဲ့ မြစကားပြောနေတာ တွေ့သွားလို့မဟုတ်လား''

''အစ်ကိုဟာလေ သိပ်ကိုသဝန်တိုလွန်းတယ်နော် . . . လုပ်ဖော်ကိုင်ဖက် ဆရာသမားတွေနဲ့ လုပ်ငန်းကိုင်ငန်း မပြောရတော့ ဘူးလား . . . အာလာပသလ္လာပ မပြောရတော့ဘူးလား ''

''အာလာပသလ္လာပနဲ့ အလုပ်ကိစ္စအကြောင်း ပြောတာရော ဟုတ်ရဲ့လားမြရယ်''

''ဘာပြောတယ် –အစ်ကိုဟာ မြကို သိပ်အထင်သေးတယ် နော်၊ မြကို ဖက်ကြိုးဆွဲရာ သွားတတ်တဲ့မြင်းလို၊ ပဲ့ကိုင်ရာပါတတ်တဲ့ လှေလို၊ လေယူရာယိမ်းတတ် တိမ်းတတ်တဲ့ပန်းလို မိန်းမမျိုးလို့ အစ်ကို ထင်နေသလား ''

''မြဟာ နေကြာပန်းလိုမိန်းမမျိုး၊ နေမင်းမှတစ်ပါး အခြားလှည့် မကြည့်တတ်တဲ့ နေကြာပန်းလို မိန်းမမျိုးပါအစ်ကို၊ အစ်ကို မြကို အထင်သေးတာ ဝမ်းနည်းတယ် ''

မြ၏ မျက်နှာလေး လက်ထိ ထိကရုန်းလို ချက်ချင်းညှိုးကျပြီး မျက်ဝန်း၌ မျက်ရည်ဥတွေ အိုင်ဖွဲ့ဝေ့သီလာတာတွေ့ရတော့ ကျွန်တော် ဆွဲယူ၍ ပွေ့ဖက် ချော့မော့နမ်းသိမ့်လိုက်ချင်မိသည်။ ခုတော့ ဆေးရုံအတွင်း လမ်းပေါ်မှာ၊ ပြီးတော့ ချစ်သည်ဟု တစ်ခွန်းမဟဲ့ပြန်သေးသည့်ချစ်သူ။ ကျွန်တော် မြကိုကြည့်ပြီး ယောက်ျားမပီသသော၊ သဝန်တိုတတ်လွန်း



သော၊ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်နေမိသည်။ တကယ်ဆိုတော့ သဝန် တိုလေ ချစ်လေ၊ ချစ်မိလွန်းလေ သဝန်တိုမိလွန်းလေဆိုသည်ကို မြ တကယ်ချစ်တတ်လာသည့် တစ်နေ့တွင် သိလာလိမ့်မည်ဟု တွေးမိ၏။

''ဟဲ့ လမ်းပေါ်မှာ ဘာဖြစ်နေကြတာလဲ၊ မြ ညော့်သည်ကို ခေါ်သွားလေ''

ဒေါက်တာ အေးမာသိန်းက မြကိုပြောရင်း ခွဲစိတ်ခန်းဘက်ချိုး ကွေ့သွားသည်။ ကျွန်တော်သည် ဆေးရုံမှ ဆရာဝန် ဆရာမတွေကို မရင်းနှီးသော်လည်း ဘယ်သူဘယ်ဝါဆိုတာ သိနေသည်။ ဒေါက်တာ အေးမာသိန်းသည် ဆေးရုံကြီးသို့ ပြောင်းလာသည်မှာ သုံးလခန့်သာ ရှိသေးကြောင်း မြ ပြောပြ၍ သိနေသည်။ မြ နှင့် တာဝန်တွဲကျသည့် ဆရာဝန်တစ်ဦးလည်းဖြစ်သည်။ ဒေါက်တာအေးမာသိန်း က အသား ညိုသော်လည်း မျက်နှာရော ကိုယ်ခန္ဓာပါ လှပချောမော ပြေပြစ်သူ ဖြစ်သည်။ မြလောက် အရုပ်အမောင်း မကောင်းသော်လည်း ဝါးရုံကိုယ်နှင့် ချိုမြလှပသော မျက်နှာကြောင့် မြင်ရသူ ပုရိသတို့ကို လည်ပြန်လှည့် ကြည့်စေနိုင်စွမ်းရှိသော အလှပိုင်ရှင်ဖြစ်သည်။ အသက် ၃၀ ကျော်လွန်စ ခန့်လောက် ဖြစ်မည်ဖြစ်သော်လည်း အသက်နှစ်ဆယ်ကျော် အစိတ်ခန့် ထင်ရလောက်အောင် ပျိုမျစ်နုနယ်သူဖြစ်သည်။ အဝေးကကြည့်လျှင် မြနှင့် အရွယ်တူဟုထင်ရလောက်သည်။ မြ၏ ပြောပြချက်အရ ဒေါက်တာ အေးမာသိန်းသည် တစ်ကိုယ်တည်း အပျိုကြီး လုပ်နေသူ ဖြစ်သည်တဲ့။

သူမက အနေတည်ပြီး အလုပ်ကို အာရုံစိုက်လွန်းသူဖြစ်သည်။ မြကို ကျွန်တော်လာတွေ့လျှင် မျက်တောင်ကော့ကော့ကြီးများ တစ်ချက်ပင့်တင်ပြီး ရှုးရှူးရှရှ တစ်ချက်ကြည့်ပြီး သူမအလုပ် သူမ ဆက်လုပ်နေတော့သည်။ ကျွန်တော်နှင့် မြကြား စကားတစ်ခွန်းဝင် မဆိုခဲ့။ တစ်ခါတလေတော့ ဘာသဘောကျသည်မသိ၊ အလုပ်လုပ် နေရင်း မြကို ပြုံးကြည့်တတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ၏ အပြုံးက လှောင်ပြုံးလားဟု ကျွန်တော်ထင်မိ၏။ ကျွန်တော် သူမကို တစ်ခါမျှစေ့စေ့ မကြည့်ဖူးခဲ့။ လူနာမျိုးစုံကို စမ်းသပ်စစ်ဆေးရေးမှတ်ရင်း အလုပ်ရှုပ်နေတတ်လွန်းသော ဒေါက်တာအေးမာသိန်းကို တစ်ခါတလေ ကျွန်တော်ကြည့်လိုက်မိသည့်အခါ အသားညိုစိမ့်စိမ့်နှင့် အကြည့်ခံလွန်းသော အလှပိုင်ရှင်ဖြစ်သည်ကို ကျွန်တော် သတိပြုမိ၏။

ရုပ်ကလည်းလှ၊ ပညာကလည်းတတ် ဆရာဝန်ဆိုသော ရာထူးဂုဏ်ထူးကလည်းရှိဆိုတော့ သင့်တော် လိုက်ဖက်သူ အရွေးရခက်နေပေလိမ့်မည်။ ရွေးရင်း ရွေးရင်း၊ စံရွေးလွန်းသည့် ဒေါက်တာအေးမာသိန်းတစ်ယောက် အပျိုကြီးဖြစ်လာရလေသလား ကျွန်တော်တွေးကြည့်မိ၏။

မြက အရေးပေါ်အတွင်းခန်းသို့ ကျွန်တော့်ကိုခေါ်သွား၏။ ကုလားထိုင်တစ်လုံးပေးပြီး ထိုင်ခိုင်းသည်။

ကျွန်တော် ထိုင်လိုက်စဉ်မှာပင် ကားချင်းတိုက်ခံရသည့်ဒဏ်ရာနှင့် လူနာတွေ ရောက်လာကြသည်။ မြတို့ အလုပ်ရှုပ်ကြပြန်ပြီ။ ဒေါက်တာအေးမာသိန်းလည်း ဘယ်ကကြားသည်မသိ။ ပျာယီးပျာယာ ဝင်လာသည်။ ဒဏ်ရာရလူနာတွေကို ဖယ်စက်သလို စစ်ဆေးစမ်းသပ်ရေးမှတ်ညွှန်ကြားနေသည်။ အလုပ်သင် ဆရာဝန်များနှင့် မြတို့တစ်တွေမှာလည်း လက်မလည်အောင် ချုပ်လုပ်ဆေးထိုးဆေးထည့် ဓာတ်မှန်ရိုက်ခိုင်းနေကြရသည်။ ဒေါက်တာအေးမာသိန်းကို ဝိုင်းကူညီ လုပ်ကိုင်ပေးနေကြရသည်။ လူနာတွေကလည်း ခြေကျိုးလက်ခေါက် ခေါင်းပေါက်ထိပ်ကွဲ၊ ဒူးပြဲပေါင်စုတ်၊ သွေးသံရဲရဲဖြင့် မကြည့်ရဲစရာ အနိဋ္ဌာရုံတွေ။ ဒေါက်တာအေးမာသိန်းနှင့်မြတို့က စိတ်ရှည်လက်ရှည် ပြုစုကုသကြသည်။

ဒေါက်တာအေးမာသိန်းအား အခြေအနေအကျိုးအကြောင်းကို ပြည်သူ့ရဲ၊ ယာဉ်ထိန်းရဲ၊ ထောက်လှမ်းရေး၊ မှုခင်းရဲတို့က ဟိုကမေးသည်ကမေး၊ ဟိုဟာမေး၊ သည်ဟာမေး၊ သူတို့မေးသမျှ ဒေါက်တာ



အေးမာသိန်းက စိတ်ရှည်လက်ရှည်ဖြေရင်း ဓာတ်မှန်လာပြသည့် လူနာ၏ဓာတ်မှန်ကို အလင်းရောင်တွင်ထောင်ပြီး စစ်ဆေးကာ စာငံ့ရေးရပြန်သည်။ ချက်ချင်းခွဲစိတ်ရမည့် လူနာများကို မြတို့တစ်တွေက လိုအပ်တာတွေ အရေးပေါ်ပြင်ဆင်လုပ်ပေးပြီး ခွဲစိတ်ခန်းပို့သူပို့ ဆေးရုံတင်ရမည့် လူနာဆေးရုံပို့သူပို့ လုပ်ကြရသည်။ ပြင်ပလူနာအတွက် ရှင်းလင်းပြနှင့် ဒေါက်တာအေးမာသိန်းတို့ ပျားပန်းခပ်သလို အလုပ်ရှုပ်နေကြသည်။ သည်ကြားထဲ တယ်လီဖုန်းက ခဏခဏလာသည်။ ကားတိုက်မှုကိစ္စစုံစမ်းကြ မေးမြန်းကြခြင်း ဖြစ်ပေမည်ပေါ့။ ဒေါက်တာအေးမာသိန်းက တိုတိုတုတ်တုတ် ပြောပြီး ဖုန်းချလိုက်သည် ကိုသာတွေ့ရသည်။ တယ်လီဖုန်းနှင့်မေးသမျှ မြန်းသမျှကိုသာ စိတ်ရှည်လက်ရှည်ဖြေနေကြရမည်ဆိုလျှင် အရေးကြီးလူနာတွေ သည်အတိုင်း ပစ်ထားကြရမည်ထင်သည်။

ကားချင်းတိုက်သည့် လူနာတွေကို ဦးစားပေးလုပ်နေရတော့ အခြားလူနာတွေကို ပစ်ထားရသလို ဖြစ်နေသည်။ ထိုလူနာတွေ၏ အော်သံ၊ ငိုသံ၊ ညည်းသံတို့ကလည်း နားမချမ်းသာစရာ။ လူနာရှင်တို့၏ မကျေမနပ်ဖြစ်နေကြသည့် မျက်နှာတွေနှင့် မလိုတမာပြောနေကြသည့် စကားသံတို့ကို ဟိုလျှောက်ကြည့် သည်လျှောက်ကြည့် ကြည့်နေသော ကျွန်တော်မြင်နေရသည်။ ကြားနေရသည်။ သူတို့ကိုကြည့်ပြီး "လူတွေသည် အတ္တတယ်ကြီးကြပါလား" ဟုတွေးမိ၏။ သူတို့လည်း သူတို့ဝေဒနာမခံစားနိုင်လို့ဖြစ်မှာပေါ့ . . . ကိုယ်ကခံစားနေရသူမှ မဟုတ်တာ၊ ကိုယ်ကလည်းသူတို့နေရာမှာနေရင် သူတို့လိုပဲကြည့်မိမလား။ ပြောမိမလား ဒါလူ့သဘာဝပဲလေဟု ပြန်တွေးမိပြန်သည်။

ဒေါက်တာအေးမာသိန်းက ကားတိုက်လူနာများရှင်းသွားသည်နှင့် အခြားလူနာများကိုစပြီး စစ်ဆေးကုသသည်။ ဒါတောင် ကားတိုက် လူနာများကိစ္စက အကုန်အစင်မပြီးသေး။ ဓာတ်မှန်

www.burmeseclassic.com

www.burmeseclassic.com



သွားရိုက်သည့် လူနာများက တစ်ယောက်ပြီးတစ်ယောက် ပြန်လာပြီး ဓာတ်မှန်လာပြနေဆဲ။ အခြားလူနာများကလည်း စိတ်မရှည်စွာ ညည်းညူစွာ၊ ဒေါသဖြစ်စွာဖြင့် ဒေါက်တာအေးမာသိန်းရှေ့တွင် တန်းစီနေကြ၏။ ဒေါက်တာ အေးမာသိန်းက ရုပ်ရှင်မှ ဖလင်ကွက် များပြသသလို မြစ်ရေစီးသလို အလျဉ်မပြတ် စစ်ဆေးကုသနေ၏။

တယ်လီဖုန်းမြည်လာ၍ ကောက်နားထောင်ကာ စကားပြောခွက်ကို ဖုန်းပေါ်ပြန်တင်လိုက်၏။

''ထင်သားပဲ ဗွီအိုင်ပီ ခုလာမယ်တဲ့''

ဒေါက်တာအေးမာသိန်းက သူမတာသာပြောလိုက်ရင်း စမ်းသပ်လက်စလူနာကို ဆက်စမ်းသပ်၏။ ပြီးတော့ လာပြသည့်ဓာတ်မှန်များကို ကြည့်ပြီး ဆေးစာအုပ်တွင် ကောက်ရေးနေသည်။

ဒေါက်တာအေးမာသိန်းက နားကြပ်ကိုနားမှ ဖြုတ်လိုက်ပြီး ထိုင်ခုံမှထလိုက်၏။ တန်းစီနေကြသော လူနာများ၏ တစ်ယောက်တစ်ပေါက်ပြောကြသော မကျေမနပ်သံများက ပွက်လောညံသွားသည်။ ဒေါက်တာအေးမာသိန်းအား မကျေမနပ်အကြည့်တွေနှင့် ကြည့်ကြ၏။

''ဒေါက်တာ ကျွန်တော်တို့ကို ပစ်ထားတော့မလား''

''ဘာပြောတယ်ရှင့်၊ ရှင်တို့အမြင်ပဲ၊ ကျွန်မယားတာတောင် ကုပ်ခဲ့လို့လား၊ ရှင်တို့ ကျွန်မ စေတနာမစော်ကားနဲ့ ''

ဒေါက်တာအေးမာသိန်း၏ ညိုရဲသွားသောမျက်နှာနှင့် ပြတ်တောက်တောက်နိုင်သော အသံတို့က စောစောကနှင့်မတူ။ အပြောင်းအလဲ မြန်စွာဖြစ်ပေါ်ခဲ့၏။ ဒေါက်တာအေးမာသိန်းဘက်ကကြည့်တော့လည်း မှန်သည်။ ဒေါက်တာအေးမာသိန်းတို့ မြတို့ ဆေးရုံဝန်ထမ်းတွေဤမျှစိတ်ရှည် လက်ရှည် စေတနာထား ပြုစု ကုသနေနိုင်ကြသည်ကပင် ချီးကျူးဖို့ကောင်းနေသည်။

တချို့ တချို့သော လူနာတွေ လူနာရှင်တွေ၏ အကြည့်များ



မျက်နှာများ၊ ဝေဖန်သံများက စိတ်မရှည်ချင်စရာ၊ စေတနာမဲ့ချင်စရာ ယခုပင် ကျွန်တော်မျက်စိရှေ့တွင် ဖြစ်လာသည်။ ဒေါက်တာ အေးမာသိန်း အနေအနားမရှိ လုပ်သည်ကို ကျွန်တော်မြင်ရသည်။ အခြားလူနာများနှင့် လူနာရှင်များလည်း မမြင်မဟုတ်၊ မြင်ကြပေလိမ့်မည်။ မြင်လျက်သားနှင့် ထိုသို့ ဘာကြောင့်ကြည့်ချင်ကြပါလိမ့်၊ ပြောချင်ကြပါလိမ့်။

ဆရာဝန် အပေါက်ဆိုးသည်၊ သူနာပြုဆရာမ အပေါက်ဆိုးသည်ဟု ကြားရတတ်သောစကားတို့သည် ဒေါက်တာအေးမာသိန်းတို့လို မြတို့လို ဆရာဝန် သူနာပြုမျိုးတွေကို ပြောသည်ဆိုလျှင်တော့ ထိုစကားမှားပေလိမ့်မည်။ ဆရာဝန် ဒေါက်တာ အေးမာသိန်း၊ သူနာပြုဆရာမ မြတို့တစ်တွေလည်း လူသားတွေ ဖြစ်ကြပါလား ဆိုသည်ကို မေ့ထားပစ်လို့မရ။ လူဆိုသည်မှာ ဒေါသနှင့်မကင်းနိုင်။ မောဟနှင့်မကင်းနိုင်၊ လောဘနှင့်မကင်းနိုင်၊ မာန်မာနနှင့် မကင်းနိုင်။ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန အလွန်တရာနည်းပါးသည့် လူပင်လျှင် ဤလို အပေါက်အစများသည့်နေရာ၊ မိပေါင်းသားဆုံသည့်နေရာမျိုးတွင် အလုပ်လုပ်ရပါက လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနတွေ ကြီးထွားလာမည်မှာ သေချာသည်။

ဒေါက်တာ အေးမာသိန်း နှင့် မြတို့တစ်တွေသည် စေတနာရှိလွန်း၍သာ၊ စာနာတတ်လွန်း၍သာ၊ ကြင်နာတတ်လွန်း၍သာ၊ ဤမိုးဤမြေ၊ ဤလူတွေနှင့် ပလဲနံပသင့်နေကြခြင်းဖြစ်သည်။ တကယ်စေ့စေ့တွေးကြည့်လေ၊ လူသာမန်မလုပ်နိုင်သောအလုပ်ကို သူတို့တစ်တွေ လုပ်နေကြခြင်းသာဖြစ်သည်။ ကျွန်တော့်အထင်ပြောရပါက ယနေ့သူတို့လုပ်နေကြရသောအလုပ်သည် တကယ်ဆိုးပါသည် ဆိုသည်။ ဆရာဝန်၊ သူနာပြုဆရာမများ၌ပင် စေတနာမပါဘဲ မလုပ်နိုင်။ တကယ်ဆိုးပါသည်။ ဆရာဝန်နှင့် မတန်ဘူး။ ဆရာမနှင့် မတန်ဘူးဟု အပြောခံရသူများပင် သူတို့လုပ်နေသမျှ လုပ်ခဲ့သမျှသည် စေတနာ ပါနေပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



သည်အလုပ်၏ သဘောသဘာဝကိုက စာနာမှု၊ ကြင်နာမှု၊ စေတနာမေတ္တာမပါဘဲ၊ လုပ်၍ရသည့် အလုပ်မဟုတ်။ စာနာမှု၊ ကြင်နာမှု၊ စေတနာ မေတ္တာ အနည်းအများသာ ကွာကြပေလိမ့်မည်။ ဒေါက်တာအေးမာသိန်းနှင့် မြတို့တစ်တွေ လုပ်နေကြသည့်အလုပ်ကို ကျွန်တော်သည် ဆေးရုံသို့ မကြာခဏ ရောက်ဖူးလေ့လာဖူးသဖြင့် စေတနာအပြည့်အဝ၊ စာနာမှု၊ ကြင်နာမှုအပြည့်အဝဖြင့် လုပ်နေကြမှန်းသိသည်။ ဤအလုပ်ကို နေ့စဉ် လုပ်နေကြရတော့ ဆရာဝန် ဆရာမတွေအဖို့ ရိုးစင်းသွားကြပြီ၊ တကယ်အရေးကြီးသော လူနာလောက်သာ ဦးစားပေးလုပ်သည့်အခါ ကျန်သည့်လူနာများကို ထမင်းစားရေသောက်သည့်ပမာ၊ အလေးမမူ ဂရုမပြု သာမန်အလုပ်အဖြစ် သဘောထားလုပ်လာကြတော့သည်။ သည်တော့ ဆရာဝန် ဆရာမ စေတနာမရှိဟု ထင်လာတတ်ခြင်းပင် ဖြစ်ပါသည်။ နေ့စဉ် လုပ်နေရသူ၏ဘက်မှ မိမိကိုယ်တိုင် ဝင်လုပ်ကြည့်ပါကလည်း ထိုအလုပ်သည် ရိုးစင်းသွားပြီး သူတို့လောက်ပင် စိတ်ပါနိုင်ဖို့ ခဲယဉ်းလှသည်ကို တွေ့ရမည်ဖြစ်သည်။ အဓိကကတော့ သူဘက် ကိုယ့်ဘက် မျှကြည့်တတ်ဖို့၊ မျှမြင်တတ်ဖို့၊ မျှခံစားတတ်ဖို့ပဲ ဖြစ်သည်။ မျှမကြည့်၊ မျှမမြင်၊ မျှမခံစားတတ်သမျှ၊ အမြင်တိမ်းစောင်းနေမည်သာ။ စေတနာတွေပျက်ယွင်းခေါင်းပါးကုန်မည်သာဖြစ်သည်။

ခုလည်းကြည့်၊ အရေးကြီးပုဂ္ဂိုလ်လာမှာ ဒေါက်တာအေးမာသိန်း မသွားဘဲနေ၍ရမည်လား။ ဒေါက်တာအေးမာသိန်းက ဝန်ထမ်း။ ဒါတွေကို သူတို့သိဖို့ကောင်းသည်။ ကျောင်းကား အတိုက်ခံရသည့်ကိစ္စ။ ကျောင်းသားကိစ္စဆိုတော့ လူကြီးကလည်းလာမည်ပေါ့။

လူနာတွေဘက်ကကြည့်ပြန်တော့လည်း သူတို့ခမျာ စောင့်နေရတာကြာလှပြီပဲ။ ဝေဒနာတွေ ခံစားနေကြရသည်မှာကြာပြီပဲ။ ကုသိုလ်ကံဟုပဲ သဘောပိုက်ရမလိုဖြစ်နေသည်။ အရေးကြီးတာဦးစားပေးရတာဟာ လောကဓမ္မတာပေပဲပေါ့။



ဒေါက်တာအေးမာသိန်းနောက် မြလိုက်သွားတော့ ကျွန်တော်လည်း အရေးပေါ်အခန်းအပြင်ထွက်လာပြီး လူတွေအုပ်စုအုပ်စုရှိရာ သွားကြည့်လိုက်သည်။ ရဲတွေ၊ လက်နက်ကိုင်စစ်သားတွေပြည့်နေ၍ ကျွန်တော် လမ်းမတော်လမ်းမဘက် ထွက်လာခဲ့သည်။

ကျွန်တော်သည် မြရှိရာ ဆေးရုံသို့ လာလေ့ရှိသော်လည်း မြလုပ်ငန်းခွင်ထိခိုက်အောင် လာရောက်သည့်သဘောမျိုးမရှိပါ။ မြအလုပ်များနေလျှင် တစ်နေရာရာသွားနေတတ်ပြီး မြ အားနေမှသာ မြနှင့် စကားစမြည်လာပြောခြင်းသာဖြစ်ပါသည်။ ကျွန်တော့်ကြောင့် မြသော်လည်းကောင်း၊ မြတို့ ဆေးရုံဝန်ထမ်းတစ်ဦးဦးကိုသော်လည်းကောင်း ထိခိုက်နှောင့်ယှက်မှုဖြစ်လာအောင် မနေခဲ့ပါ။ အများပြည်သူဝင်ထွက်သွားလာနိုင်သည့်ဆေးရုံမို့သာ ကျွန်တော်သွားရဲခြင်း၊ လာရဲခြင်းဖြစ်ပါသည်။ စက်ရုံ၊ အလုပ်ရုံ၊ ရုံးဖြစ်ပါက သွားရဲလိမ့်မည်မထင်ပါ။ မြဆီမနေနိုင်၍သွားသော်လည်း လုပ်ငန်းခွင် မထိခိုက်အောင် ကျွန်တော် အမြဲဆင်ခြင်ခြင်ခြင် ဝင်ထွက်သွားလာခဲ့ခြင်းသာ ဖြစ်ပါသည်။

ကျွန်တော် မှန်ကျောင်းဘက်လျှောက်လာခဲ့သည်။ မှန်ကျောင်းဆရာတော်ကို တွေ့ရသဖြင့် ဖူးမြော်ကန်တော့ပြီး ဆရာတော်မေးသမျှ ပြန်ဖြေကြားလျှောက်ထားခဲ့သည်။ ဆရာတော့်ကျောင်းတွင်ပင် ဆရာတော်ကျွေးသည့်ထမင်းစားပြီးမှ ကျွန်တော် အရေးပေါ်ပြန်လာခဲ့သည်။

စဉ်းစားကြည့်တော့ ရှက်စရာဖြစ်နေသည်။ ဆရာတော့် ကျောင်းတွင် မှီခိုကာ ကပ္ပိယလုပ် ၁ဝတန်းဖြေခဲ့သော ကျွန်တော်သည် အလုပ်တွေဘာတွေရလာသည့်တိုင် ဆရာတော်၏ ထောက်ပံ့ကျွေးမွေးမှုက မလွတ်နိုင်သေးပါတကား။

"အစ်ကို ပြန်သွားပြီအောက်မေ့နေတာ၊ မြတို့လည်း မော့ခေါင်းဖော်နိုင်တာ အစ်ကိုရဲ့ "

www.burmeseclassic.com

www.burmeseclassic.com



"မြကို နှုတ်မဆက်ဘဲ ဘယ်တုန်းက ပြန့်ဖူးလို့လဲ မြရယ်၊ မြတို့ အလုပ်ရှုပ်နေလို့ မှန်ကျောင်းဆရာတော်ကို သွားဖူးနေတာ "

"မြရဲ့ ညှေ့သည်က အညာကထင်တယ် ဟုတ်လား မြ "

တစ်ကြိမ်တစ်ခါမျှ ကျွန်တော်နှင့် မြတို့ကြား စကားတစ်ခွန်း ဝင်မပြောဖူးသော ဒေါက်တာအေးမာသိန်းက ဝင်မေးလိုက်တော့ ကျွန်တော် တအံ့တသြ သူမကိုကြည့်မိ၏။ သူမက ကုလားထိုင်တွင် နောက်မှီပြီး မျက်စိမှိတ်ရင်း စကားပြောလိုက်ခြင်းဖြစ်သည်။ ရသည့် အချိန်လေး ဖြစ်သည့်နည်းနှင့် အနားယူနေဟန်ရှိ၏။

"ဟုတ်တယ် ဒေါက်တာ တောင်သာကပဲ"

မြက ကျွန်တော့်ကို လက်ကုပ်ပြီး မေးငေါ့ဖြေခိုင်းသည်ကို ကျွန်တော်က မဖြေသဖြင့် မြက ဝင်ဖြေလိုက်ခြင်းဖြစ်၏။

"တောင်သာမြို့ပေါ်ကလား နယ်ထဲကလား"

သူမက ကျွန်တော့်ကို လှည့်ပြန်လှည့်ပြီးမေးသည်။

"ဝဲလောင်တောင်ဘက်က ကျွတ္တိကပါ ဒေါက်တာ"

"ဟယ် အမျိုးတွေ လာတွေ့နေတာ၊ အေးက စကားပြောပုံကို ကြည့်ပြီး အေးတို့နယ်ဘက်က ဖြစ်ရမယ်လို့ နဂိုထဲကထင်နေတာ၊ မောင်ညိုမြင့်က ဝဲလောင်ကျောင်းထွက်လား ရွာသစ်ကျောင်း ထွက်လား"

ကျွန်တော် ပိုအံ့သြသွားရပါသည်။ အလုပ်ဖြင့်သာ နပန်းလုံးနေတတ်သော၊ သူများကိစ္စကို စိတ်မဝင်စားတတ်သော၊ စပ်စပ်စုစု မလုပ်တတ်သော ဒေါက်တာအေးမာသိန်းက ကျွန်တော့်နာမည်ကို သိနေပါ့လား။ သေချာစဉ်းစားကြည့်တော့ ဆန်းလှသည်တော့မဟုတ်။ သရဖီတို့အုပ်စုက ကျွန်တော့်ကို ဒေါက်တာအေးမာသိန်းရှေ့တွင် "ကိုညိုမြင့် ကိုညိုမြင့်" ဟု အမြဲခေါ်နေကျ မဟုတ်ပါလား။

"ဝဲလောင်ကျောင်းထွက်ပါ ဒေါက်တာ"



"အေးလည်း ဝဲလောင်ကျောင်းထွက်ပဲ၊ မောင်ညိုမြင့်က ဘယ် နှစ်ခုနှစ်က ဝဲလောင်ကျောင်းနေခဲ့တာလဲ"

"ရ၁ ခုက ရ၅ ခုထိပါ ဒေါက်တာ"

"ဒါ အေးတို့ တောင်သာနယ်က လူတွေဖမ်းတဲ့ဂဏန်းပဲ၊ တောင်သာနယ်က ဟုတ်မဟုတ်သိချင်ရင် ခုနှစ်ဂဏန်းဆိုခိုင်းကြည့်လိုက်၊ ရုပ်ရှင်မင်းသား ထွန်းဝေလို့ ခေါ်ခိုင်းကြည့်လိုက်"

ဒေါက်တာ အေးမာသိန်း၏ ကျွန်တော် တောင်သာနယ်ကမှန်း သိနေသည့်မှာ ကြာပြီထင်သည်။ ခုနှစ်ဂဏန်းတို့ "ထွန်း" တို့ ကျွန်တော် တစ်ကြိမ်ကြိမ် ပြောသံ၊ ဒေါက်တာကြားခဲ့ပြီးဖြစ်လိမ့်မည်။

"ဒေါက်တာ ဘယ်ကာလဲ ဒေါက်တာ "

"အေးကို ရင်းရင်းနှီးနှီးခေါ်ပါ၊ မမအေးခေါ်ခေါ် မမခေါ်ခေါ် အေးလို့ပဲခေါ်ခေါ် ခေါ်ပေါ့၊ မောင်ညိုမြင့်ကိုလည်း မောင်ညိုလို့ပဲ မမ ခေါ်မယ်၊ မမက ကျော်က္ကာကပါ၊ ဝဲလောင်ကျောင်းမှာ ၆ရ ခုက ၇၂ ခုထိ နေခဲ့တာ၊ မောင်ညို နဲ့မမက ဝဲလောင်ကျောင်းမှာ နှစ်နှစ် အတူနေခဲ့ကြပြီး တစ်ယောက်ကိုတစ်ယောက် မသိခဲ့ကြဘူးနော် "

"ကျွန်တော်က ငါးတန်း ခြောက်တန်း၊ မမက ကိုးတန်း ဆယ်တန်း ဖြစ်မှာပေါ့ "

"ဟုတ်တယ် မောင်ညို၊ မှန်ကျောင်းဆရာတော် သွားဖူး နေတာလို့ မောင်ညိုပြောလိုက်တော့ မမက မောင်ညိုဟာ ဝဲလောင်နယ်သား ဖြစ်ရမယ်လို့ ထင်ပြီးမေးလိုက်တာ"

"မှန်ကျောင်းက ကျွန်တော် ကပ္ပိယလုပ် ဆယ်တန်းဖြေခဲ့တဲ့ ကျောင်းပါ"

"မမလည်း မှန်ကျောင်းကို ခဏ ခဏရောက်တာပဲ၊ တစ်ခါမှ မဆုံဖြစ်ဘူးနော်"

"သဘော်ထွက်နေရတော့ မှန်ကျောင်းကိုအရောက်နည်းသွား တယ် မမ"

www.burmeseclassic.com

www.burmeseclassic.com



"မှန်ကျောင်း အရောက်နည်းပေမယ့် ဆေးရုံတော့ အရောက်များနေတာပဲမဟုတ်လား။ ဆရာတော်နဲ့ ဒီတစ်ခါတွေ့ရင် လျှောက်လိုက်ဦးမယ်"

"မလုပ်ပါနဲ့မမရာ၊ ဆရာတော် ကျွန်တော့်ကို တစ်မျိုးမြင်နေပါဦးမယ်"

"နောက်တာပါကွာ၊ မမတို့နယ်သားချင်းတွေ့ရတာ မမတော့ အရမ်းဝမ်းသာသွားတယ်၊ ဝမ်းသာတဲ့အထိမ်းအမှတ်နဲ့ မမတစ်ခုခု ကျွေးမယ်လေ၊ မမက ဒီနေ့ထမင်းဘူးမပါဘူး။ တစ်ခုခုသွားစားရအောင် မြရောလိုက်ခဲ့လေ "

"ကျွန်တော် မှန်ကျောင်းက စားခဲ့ပြီးပြီ မမဘာသာ သွားစားပါ"

"အေး ဒါဖြင့် မမသွားစားတော့မယ်၊ လမ်း ၂၀ ခဏသွားလိုက်ဦးမယ်၊ ကိစ္စပေါ်ရင် မြ ကြည့်လုပ်ထားနှင့်"

ဒေါက်တာ အေးမာသိန်း ထွက်သွားရာနောက် ကျွန်တော် မျက်စိတစ်ဆုံး လိုက်ကြည့်မိသည်။ မျက်စိတစ်ဆုံးက သုံးလေးကိုက်ဖြစ်ပါသည်။ ကျွန်တော် မြဘက်လှည့်ကြည့်လိုက်တော့ မြမျက်နှာသည် ရွာတော့မည့်မိုးလို၊ သုန်သုန်မှုန်မှုန်ဖြစ်နေပါလား။

"မြ နေမကောင်းဘူးလားဟင်"

"နေကောင်းပါတယ်၊ စကားပြောဖော်မရှိလို့ ပျင်းပြီး အိပ်ချင်နေတာပါ"

"မြက အစ်ကိုတို့ စကားပြောနေတာ ဝင်ပြောပေါ့၊ မြဘာသာမပြောဘဲ ငြိမ်နေပြီး"

"ရေပက်မဝင်အောင် အကြည်ဆိုက်ပြောနေတဲ့စကားဝိုင်းထဲ မြက အရှက်မရှိ၊ ဝင်လုပြောရမလား"

"ဘာရယ် မြ အကြည်ဆိုက်တယ် ဟုတ်လား"

"မမတွေ၊ မောင်တွေ၊ ချက်ချင်းဖြစ်လာတာကို အကြည်ဆိုက်တယ် မပြောရရင် ဘယ်ဟာကို အကြည်ဆိုက်တယ်လို့ ပြောရ မလဲ"



မြမျက်နှာက နေတွင်ကျက်သော စည်ကဲ့သို့ တင်းမာခက်ထန်နေသည်။ မြအသံတို့က စည်သံလို ဟိန်းထွက်နေသည်။ နောက်ဆုံးစကားစုက ဝမ်းနည်း ပက်လက်သံ စွက်နေသည်။

"တစ်နယ်တည်းသားချင်း၊ တစ်ကျောင်းတည်းထွက်ချင်း၊ ရင်းရင်းနှီးနှီး မပြောရတော့ဘူးလားမြ "

"ဘူးသီးသီးမှ အရိုးတော်တာများ ရင်းရင်းနှီးနှီး လုပ်နေချင်သေးတယ်။ ဟိုက ဂေါမစွံအပျိုကြီးရှင့် နားလည်ရဲ့လား"

"ဘာပြောတယ်၊ မြက အစ်ကို့ကို အရမ်းအထင်သေးတယ်နော်၊ အစ်ကိုဟာ အရုပ်သစ်မြင်တိုင်း လိုချင်တတ်တဲ့ကလေးလိုမျိုး မဟုတ်ဘူးမြ၊ အစ်ကိုဟာ ပေလိုဝါးလိုကျိုးလိုမျိုး ကျင့်တတ်တဲ့သူပါ"

"ပေတစ်သီး၊ ကျိုးတစ်သား၊ ဝါးတစ်ပွင့်လို၊ တစ်ဘဝမှာ တစ်ခါပဲတစ်ဦးကိုပဲ သံယောဇဉ်ရှိတတ်တဲ့သူပါမြ၊ မြ အစ်ကို့ကို အထင်သေးတာတော့၊ အစ်ကိုစိတ်မကောင်းဘူး"

"သွား၊ အကောင်းပြောတယ်အောက်မေ့နေတာ၊ မြကို စကားလက်စားချေနေတာ မဟုတ်လား"

မြက ကျွန်တော့်လက်မောင်းအိုးကို မနာအောင်ထုသည်။ ဆေးရုံထဲမို့ ကျွန်တော်ငြိမ်နေလိုက်ရ၏။ အပြင်တစ်နေရာမှာဆို မြသည် ကျွန်တော်ရင်ခွင်ထဲရောက်ရော့မည်။

"အစ်ကိုတော့ ဒီနေ့ပျော်သွားပြီလေ၊ မြသဝန်တိုတတ်တာ တွေ့ရတော့ မြ အစ်ကို့အပေါ်"

"တော် တော် သဝန်တိုတယ်လို့ အစ်ကို့ကို ဘယ်တုန်းက ပြောလို့လဲ"

မြက ကျွန်တော်စကားမဆက်နိုင်အောင် ဝင်တားပြီး ဦးအောင် ပြောလိုက်သည်။

"မြမျက်နှာကပြောပြနေတာပဲ၊ မြအမူအရာတွေက ပြောပြနေတာပဲဟာ"

www.burmeseclassic.com

www.burmeseclassic.com



''ကိုယ်လိုရာဆွဲ မတွေးချင်စမ်းပါနဲ့ အစ်ကိုရား ကဲ အစ်ကိုပြန်တော့''

''နေပါရစေဦးမြရာ မမပြန်လာရင်၊ ဝဲလောင်ကျောင်းအကြောင်းတွေပြောချင်သေးလို့''

''အစ်ကိုကို မြ အတည်ပြောမယ်နော်၊ နက်ဖြန်ခါကစပြီး အစ်ကိုဆေးရုံမလာတော့နဲ့၊ သမ္မန်ဆိပ်ကစောင့်၊ သမ္မန်ဆိပ်ကပြန်ရမယ် သိလား''

''ဟောဗျာ ဘယ်လိုဖြစ်တာလဲ၊ ခါတိုင်းလည်း ဆေးရုံထိလိုက်ပို့နေကျ လာကြိုနေကျပဲဟာ''

''ရှည်မနေနဲ့ အစ်ကို၊ မြပြောတာနားထောင်၊ စဥ့်အိုးတန်းက ပဲစောင့်၊ ကမာကသွယ်ဆိပ်ထိလိုက်ပို့၊ ကမာကသွယ်ဆိပ်ကစောင့်၊ စဥ့်အိုးတန်းဆိပ်က နဒီဒေဝီပြန်၊ ဆေးရုံကိုလိုက်ပို့စရာ မလိုတော့ဘူး''

မြ အသံက မာမာထန်ထန်ဖြစ်နေသည်။ မျက်နှာကလည်း ခပ်တင်းတင်း။ စစ်ဗိုလ်ကစစ်သားကို အမိန့်ပေးသလို ပေးနေသည်။

''ဒါဆိုရင် ဆေးရုံအထိမပို့ရတဲ့အစား၊ ကမာကသွယ်ဆိပ်ကနေ မြတို့အိမ်အထိ လိုက်ပို့ပေးမယ်လေ ခွင့်ပြုမယ်မဟုတ်လားမြ''

''အစ်ကိုကို မြပြောထားမယ်နော်၊ ဘယ်လိုကိစ္စနဲ့မှ အိမ်ကို မလာခဲ့ပါနဲ့၊ အစ်ကိုအိမ်ကိုလာလိုက်တာနဲ့ မြတို့ရဲ့ သောက်ရေအိုးထဲက ရေလိုဘဝမျိုးကနေ၊ မီးဖိုပေါ်က ပွက်ပွက်ဆူနေတဲ့ ရေလိုဘဝမျိုး ရောက်သွားမယ်ဆိုတာ နားလည်ထားပါနော်''

မြ၏မျက်နှာလေးက ရေမဲ့ကြာလို ညှိုးရော်သွားသည်။ အသံကလည်း ကြေကွဲစရာကောင်းအောင် တိုးညှင်းသွားသည်။ မြသည် သူမအိမ်သို့ ကျွန်တော်အဘယ့်ကြောင့် မလာစေလိုပါသနည်း။ မြအိမ်သည် လျှို့ဝှက်ချက်တို့ဖြင့် ပြည့်သိပ်နေလေသလား။ မြ၏လျှို့ဝှက်ချက်တွေ သိသွားမည်စိုး၍လား။ မြနှင့် ကျွန်တော့်ကြား ဘာများလျှို့ဝှက်စရာရှိပါလေသနည်း။



မြနှင့်ကျွန်တော်ပြန်တွေ့ပြီး နောက်တစ်နေ့ကို အမှတ်ရမိသည်။ ကမာကသွယ်လာခေါ်ဖို့ ပြန်ပို့ဖို့ကိစ္စကိုပင် စည်းကမ်းသတ်မှတ်ခဲ့သည့်မြ။ မြအိမ်သို့ အလာမခံသည့်မြ။ သည်ကတည်းက မြနှင့်ပတ်သက်ပြီး ကမာကသွယ်တွင်နေသည့် မောင်ဝင်းနိုင်ကို စုံစမ်းခိုင်းခဲ့ဖူးသည်။ မောင်ဝင်းနိုင်၏ စုံစမ်းပေးချက်အရ မြတွင် အမေသာရှိသည်။ ထိုအမေနှင့်အတူနေသည်။ စီးပွားရေးအခြေအနေပြေသည်။ အိမ်တွင် ကုန်စုံဆိုင်ဖွင့်ထားသည်။ မြတွင် ရှုပ်စရာသနာမရှိ။

သည်တုန်းက မောင်ဝင်းနိုင်ကို ကျေးဇူးတင်လွန်းသဖြင့် စပို့ရှပ်အင်္ကျီတစ်ထည်၊ ကျွန်တော်ဝယ်ပေးလိုက်ဖူးသည်။ မောင်ဝင်းနိုင်စီစဥ်ပေးခဲ့သဖြင့် ကမာကသွယ် သမ္မန်ဆိပ်အနီးမှ မာမွတ်အိမ်သည် ကျွန်တော် မြကို စောင့်ခဲ့ရာ အိမ်ဖြစ်ခဲ့သည်။ မောင်ဝင်းနိုင်နှင့် မာမွတ်တို့ ကျေးဇူးကြောင့် ကျွန်တော်သည် နေလုံ မိုးလုံ ကွယ်ကွယ်ရရဖြင့် မြကို စောင့်နိုင်ခဲ့သည်။

ခုတစ်ခါ မြတို့အိမ်နှင့်ပတ်သက်၍ မောင်ဝင်းနိုင်ကို ထပ်မံစုံစမ်းခိုင်းရမလို ဖြစ်နေသည်။ ထပ်စုံစမ်းခိုင်းရဦးမည်ပေါ့။

သောက်ရေအိုးထဲမှ ရေမျိုးပဲ မြနဲ့အစ်ကိုဘဝ ဖြစ်ပါရစေ။ ပွက်ပွက်ဆူနေတဲ့ ရေနွေးအိုးထဲမှ ရေမျိုးမဖြစ်ပါရစေနဲ့။

ရေအေးက ရေပူဖြစ်အောင် ဘယ်သူက မီးမွှေးကြိုမှာပါလိမ့် အစ်ကိုသိချင်လိုက်တာမြရယ် . . .

''ဆရာ ဆရာ စန္ဒာဦးက ဆရာ ဦးဝင်းကြည်ရောက်နေတယ်''

အပြင်က အော်သံခေါ်သံကြောင့် ကျွန်တော် အတွေးမှ လန့်နိုးလာသည်။ ဆရာ ဦးဝင်းကြည် ဟုဆိုလိုက်မှ ဆရာမှာလိုက်သည့်ပြင်စလူမှ ကုန်အခြေအနေကိစ္စ သတိရလာသည်။ မြကြောင့် ကျွန်တော်သည် မြမှတစ်ပါး အရာရာ မေ့တတ်လာခဲ့ပြီလား။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း(၂)

## (တစ်ဆယ်) နှလုံးသား တံခါးအဖွင့်

"ဟာ မြ မြလာတယ် ႉ ႉ မြရောက်နေတာ ကြာပြီလားဟင် "

ကျွန်တော်သည် ဘုရားရှိခိုး၊ ငါးပါးသီလယူ၊ အန္တရာယ်ကင်းဂါထာတော်များရွတ်၊ မေတ္တာပို့ အမျှဝေပြီး၊ သမ္မာသမ္ဗုဒ္ဓေါဂုဏ်တော်ကို ပုတီးပတ် သက်စေ့စိပ်ပြီး ဘုရားစင်ရှေ့မှ ထလာကာ အခန်းအပြင် အထွက်တွင် ကုလားထိုင်၌ ထိုင်နေသောမြကို အံ့ဩဖွယ်ရာ တွေ့ရှိလိုက်ရသည်။ တွေ့စက အိပ်မက်လေလား၊ စိတ်ထင်လေလားဟု ဇဝေဇဝါဖြစ်မိ၏။

ကျွန်တော်သည် ဤသို့ နိစ္စဓူဝပြုကျင့်ခဲ့သည်မှာ ရေယာဉ်အုပ်စဖြစ်သည့်နေ့မှ စခဲ့သည်။ ဤနိစ္စဓူဝ နေ့စဉ်အလုပ်သည် ဆရာဦးခင်မောင်ဦးထံမှ အတုခိုးခဲ့ခြင်းဖြစ်သည်။

အန္တရာယ်များသည့် ရေလမ်းတာဝန်ကြီးသည့် ရေယာဉ်အလုပ် နဒီဒေဝီပေါ်တွင် စီးနင်းလိုက်ပါလာကြသူအားလုံး၏ ကောင်းကျိုးချမ်းသာကို ရည်ရွယ်၍ နဒီဒေဝီကို ဦးစီးအုပ်ချုပ်သူ ရေယာဉ်အုပ်ကျွန်တော့်အနေဖြင့် ကျွမ်းကျင်ရာ လိမ္မာရမည့်အပြင် မြင်နိုင်စွမ်းမရှိသော ဘေးအန္တရာယ် အသွယ်သွယ်တို့အား တိမ်းဖယ်စေမည့် ဤနိစ္စဓူဝအလုပ်ကို လုပ်သင့်သည်ဟု ထင်မြင်ယူဆမိ၍ ရေယာဉ်အုပ်စဖြစ်သည့်နေ့မှစ၍ ကျင့်ကြံလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။



ဘုရား တရားအလုပ်ဆိုသည်မှာ နိစ္စဓူဝဖြစ်သင့်သည်ဟု ကျွန်တော်ယူဆသည်။ လောကီအလုပ်တွေလို ငရဲရောက်မှ ကျောင်းဆောက်ချင် လုပ်၍မသင့်။ ငါးပွက်ရာ ငါးစာချလုပ်သည့်မျိုးလုပ်၍မကောင်း။

သဘောၤထွက်မည့်နေ့မှ ဘုရားရှိခိုး၊ ဂါထာရွတ်၊ အမျှဝေ၊ ပုတီးစိပ်၍မသင့်။ နိစ္စဓူဝ အမြဲအလုပ်သာ ဖြစ်သင့်သည်။ အရေးကြီး၊ အရေးပေါ်ကိစ္စကြောင့်ပျက်ကွက်ရသည်မှအပ၊ မပျက်ကွက်ရအောင် ကျွန်တော် စောစောထ၍ စောစောလုပ်ခဲ့သည်ချည်း။

"အစ်ကို ဘုရားရှိခိုးစက ရောက်နေတာ ဒီနေ့ သရဖီ ရွှေတိဂုံဘုရားဖူးလာရင်း၊ ဆေးရုံကို အစောကြီးရောက်လာလို့ မြလည်း သမ္မန်ဆိပ်မှာ အကြာကြီးမစောင့်ချင်တာနဲ့ အစ်ကို့ဆီလာခဲ့တာ"

"ဟာ ဒါဆိုရင် မြစောင့်နေရတာ ကြာပြီပေါ့ ပျင်းနေမှာပဲနော် "

"မပျင်းပါဘူးအစ်ကိုရာ အစ်ကို့တပည့်တွေက ထမင်းကြော်နဲ့ လက်ဖက်ရည်ကျွေးပြီး တိုက်ပြီးပါပြီ "

"ဟုတ်လား အစ်ကိုက ခုပဲ၊ လက်ဖက်ရည်ဆိုင်ခေါ်သွားမလားလို့ "

"အစ်ကိုက ငယ်ငယ်ရွယ်ရွယ်နဲ့ ဘာသာရေးတွေလုပ်နေတော့ အစ်ကို့ကို မြ ပိုလေးစားသွားပြီ "

"ရေယာဉ်အုပ်ဖြစ်မှ စလုပ်တာပါမြ "

"ကောင်းတယ်အစ်ကို၊ ခေါင်ကမိုးလုံတော့ တံစက်မြိတ်ပါ မိုးလုံမှာပေါ့၊ မိုးခိုရတဲ့လူတွေလည်း ဒုက္ခမရောက်တော့ဘူးလေ "

"ဟုတ်တယ် မြ အစဉ်အလာကောင်းဆိုရင် ဆက်ထိန်းသင့်တယ်လို့ အစ်ကိုမြင်တယ်လေ။ နဒီဒေဝီရဲ့ ဆရာ ဦးခင်မောင်ဦး လက်ထက်က အစဉ်အလာကောင်းတွေကို အစ်ကိုအမွေရလိုက်တယ်လို့ သဘောထားပြီး ဆက်ထိန်းနေတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ်အကို၊ နဒီဒေဝီပေါ်ရောက်ကတည်းက မြလေ့လာခဲ့တာပဲ၊ အားလုံးဟာ အစ်ကိုရဲ့အငွေ့အသက်တွေအတိုင်းပဲနော်"

"မြ ဒီနေ့အားတယ်မဟုတ်လား၊ အစ်ကိုတို့ ရွှေတိဂုံဘုရား သွားဖူးရအောင်နော် "

"အားပါတယ်၊ သိပ်ကြာလို့တော့မရဘူးနော် အစ်ကို"

"ခဏပါမြရယ်၊ ဘုရားဖူးပြီးရင် ပြန်လာကြတာပေါ့"

မြက တွေ့သည့်သင်္ဘောသားတွေ လိုက်နှုတ်ဆက်သည်။ ပြီးတော့ ကျွန်တော်တို့နှစ်ယောက်သား နဒီဒေဝီပေါ်မှ ထွက်လာခဲ့ကြသည်။

❀ ❀ ❀ ❀ ❀ ❀

"လူတွေဟာ ဘာသဘောရယ်မသိဘူးနော်၊ မိန်းကလေး တစ်ယောက်တည်း သင်္ဘောဆင်းလာရင် အထင်သေး အမြင်သေး မျက်လုံးတွေနဲ့ ကြည့်တတ်ကြတယ်နော်"

ရွှေတိဂုံဘုရားပေါ်မှ ဘုရားဖူးပြီးနောက် တောင်ဘက်မုခ်မှ ပြန်ဆင်းလာခဲ့ကြသည်။ ကျွန်တော့်ရင်ထဲမှ ဝေဒနာတွေ မြကို ပွင့်လင်းစွာထုတ်ဖော်ပြောပြတော့မည်။ မြဆီမှ ချစ်အဖြေ အရတောင်းတော့မည်ဟု ဆုံးဖြတ်လိုက်ပြီး မြကို ကန်တော်မင်ပန်းခြံသို့ ခဏဝင်ကြည့်ရအောင်ပြောပြီး ချော့မော့ ခေါ်ခဲ့ရသည်။

"မြကို ဘယ်သူတွေ ကြည့်လို့တုံး"

"သင်္ဘောသားတွေပေါ့၊ မထီတထိ၊ ရိတိတိစကားကို မကြား တကြားပြောလိုက်သေးတယ် သိပ်ရွံဖို့ကောင်းတယ်"

"ဘယ်က သင်္ဘောသားတွေလဲမြရဲ့၊ အစ်ကို့သင်္ဘောက သင်္ဘော သားတွေလား"



"အစ်ကို့သင်္ဘောကမဟုတ်ပါဘူး၊ အစ်ကိုတို့သင်္ဘောနား ကပ်ထားတဲ့သင်္ဘောတွေပေါ်က သင်္ဘောသားတွေနဲ့ ဆောတံတားပေါ်မှာ တွေ့တဲ့ သင်္ဘောသားတွေပေါ့ "

"သင်္ဘောပေါ်တွေ့တိုင်း ဆောတံတားပေါ်တွေ့တိုင်း သင်္ဘော သားမဟုတ်ဘူး မြ သင်္ဘောဆိပ်ဆိုတာ လူစုံတယ် သင်္ဘောသားရော၊ အလုပ်သမားရော၊ ဂမ်တားရော၊ ခရီးသည်ရော၊ အလစ်သုတ်ချင်တဲ့ သူခိုးကြမ်းပိုးရော၊ လေညှင်းလာခံသူရော လူစုံရှိတာ မြရဲ့"

"ဟုတ်လား အစ်ကို၊ မြက အားလုံးသင်္ဘောသားတွေပဲ ထင်နေတာ"

ကျွန်တော်က ပန်းခြံထဲမှ ကန်စောင်းဘေးရှိ ထိုင်ခုံတွင် ဝင်ထိုင်လိုက်ပြီး မြကိုလည်း ထိုင်ခိုင်းလိုက်သည်။ မြက ကျွန်တော့် စကားမငြင်းပယ်။ ဝင်ထိုင်သည်။

"လူလိမ္မာသားယဉ်ပါး လူမိုက်သား ရမ်းကားဆိုတဲ့စကား လည်းရှိသားပဲမြရ၊ သင်္ဘောသားရယ်၊ ဘာရယ်မဟုတ်ပါဘူး လူပေါ်မူတည်တာပါပဲ၊ သင်္ဘောသားထဲမှာလည်း၊ လူရမ်းကားတွေရှိ သလို၊ လိမ္မာယဉ်ကျေးတဲ့လူတွေလည်း တစ်ပုံကြီးပါ မြရဲ့"

"ဟုတ်တယ်အစ်ကို၊ အစ်ကို့သင်္ဘော ဆင်းလာခါစက နောက်မလာတော့ဘူးလို့တောင် ဆုံးဖြတ်မိသေးတယ်။ အစ်ကို့ သင်္ဘော ပေါ်ရောက်တော့မှ ဘုရားဟောကျေးညီနောင်ဇာတ် သတိရမိရော"

"ဝီသတိနိပါတ်၊ သတ္တိဂုမ္ဘဇာတ်ထဲက ခိုးသားတွေလက်က ကျေးနဲ့ ရသေ့တွေလက်ကကျေး အကြောင်းလား"

"ဟုတ်တယ်အစ်ကို၊ အစ်ကိုက သိပ်ချိုလွန်းတယ်နော်"

"အစ်ကိုက ဘာတွေ ချိုနေလို့လဲ၊ မြရယ်"

"အစ်ကို့အကြောင်းကို အစ်ကို့တပည့်တွေကလည်း ပြောပြတယ်၊ အစ်ကို ပုတီးစိပ်နေတုန်း အစ်ကို့အခန်းပေါက်ဝကနေ

www.burmeseclassic.com

www.burmeseclassic.com



ရပ်ကြည့်ပြီး မြလေ့လာခဲ့တယ်၊ သင်္ဘောပေါ်မှာ စာကြည့်တိုက် သေးသေးလေး တွေ့ရတာ မြအအံ့သြဆုံးပါ''

"ဒါလားမြရယ် အစ်ကိုက စာဖတ်ဝါသနာထုံတယ်၊ စာအုပ်ရှုတဲ့ ဝါသနာပါတယ်၊ ဝယ်သင့်တဲ့စာအုပ်ဆိုရင် ကျန်တာတွေမြို့ခြိုး မျက်စိမှိတ် ဝယ်တတ်တယ်လေ''

"အလိမ္မာစာမှာရှိတဲ့ စာဖတ်များတော့ အတွေးအခေါ်တွေထ မြင့်မား၊ လိမ္မာရေးခြားကလည်း ရှိသထက် ရှိလာတာပေါ့။ မြတော့ အစ်ကိုကို ဒီနေ့အမှတ်တွေ အပြည့်ပေးလိုက်ပြီ ''

"ဒါဆိုရင် အစ်ကိုစာမေးပွဲအောင်ပြီပေါ့"

"အစ်ကိုက ဘာစာမေးပွဲဖြေထားလို့လဲ"

"အချစ်စာမေးပွဲ"

"စကားကောင်း ပြောနေတာ၊ အစ်ကိုက လုပ်ရော့မယ်"

"စကားထဲမှာ ချစ်စကားဟာ အကောင်းဆုံးမဟုတ်လား မြ – မြကို ဒီနေ့တော့ အစ်ကို ပွင့်ပွင့်လင်းလင်းမေးမယ် ခါတိုင်းလို ဆင်ငှေ့ရန်ရှောင်မပြောပါနဲ့"

"မြကို အစ်ကိုချစ်မြတ်နိုးခဲ့တာ တစ်နှစ်ကျော်ခဲ့ပြီ၊ မြလည်း သိနေတာပဲ၊ မြဟာ ရှက်စရာမဟုတ်တာ ရှက်နေတယ်။ အစ်ကိုအပေါ် ထားတဲ့ မြသဘောထားအမှန်ကို ခု အစ်ကိုသိချင်တယ်။ အစ်ကိုကို အဖြေပေးပါတော့မြရယ် ''

မြမျက်နှာသည် နေဝင်ချိန် ကုက္ကိုရွက်တွေလို ညှိုးလျော်သွား သည်။ မြရင်ထဲ၌ အဘယ်အကြောင်း တရားတို့သည် နှိပ်စက်ကလူ နေကြပါလေသနည်း။

"အစ်ကိုရယ် မြဘယ်လိုဖြေရမလဲ၊ မြလေ ဒီမေးခွန်းကို အစ်ကို ပွင့်ပွင့်လင်းလင်း မေးလာမှာ စိုးရိမ်ကြောက်လန့်နေတာကြာခဲ့ပြီ အစ်ကို"

"ဘယ်လိုလဲ မြရယ်၊ မြဘာတွေခံစားနေရလဲ၊ ဘယ်လို အခက်အခဲပြဿနာတွေ ရင်ဆိုင်ကြုံတွေ့နေရသလဲဆိုတာ အစ်ကိုကို ပွင့်ပွင့်လင်းလင်း ဖွင့်ပြောပါမြ"



"မြရဲ့ ဘဝကြင်ဖော်ဟာ မြရဲ့ချစ်သူဖြစ်စေချင်တာ မြရဲ့ချင်ခြင်း တစ်ခုပါ။ မြ ချစ်သူဟာ မြ ဘဝကြင်ဖော်ဖြစ်ဖို့ ချင်ခြင်းဖြစ်ခဲ့တာ ကြာပါပြီ။ မြရဲ့ ချင်ခြင်းဖြစ်မှု အလိုမပြည့်နိုင်တော့ဘူးလို့ သိရတဲ့နေ့က ဆိုရင် မြ လူ့နေအောင်ခံစားခဲ့ရပါတယ်အစ်ကို၊ တစ်နေ့လုံး တစ်ညလုံး မြရင်နာကြေကွဲစွာ ခံစားခဲ့ရပါတယ်"

"ဘယ်လိုအကြောင်းတွေကြောင့်ဆိုတာ အစ်ကိုကို ပြောပြပါ မြရယ်၊ အစ်ကို သိချင်လွန်းလို့ပါ"

"မြကို မေ့လိုက်ပါအစ်ကို၊ မြနဲ့အစ်ကိုဟာ ဘဝကြင်ဖော် ဖြစ်နိုင်တဲ့ အနေအထားမရှိပါဘူး အစ်ကိုရယ်"

"ဘယ်လိုပြောလိုက်တယ်မြ၊ အစ်ကိုနားလည်အောင် ပွင့်ပွင့် လင်းလင်း ပြောပြစမ်းပါ"

"မြ အရွယ်ရောက်ချိန်ကစပြီး အမေက အမိန့်တစ်ခုထုတ်ထား ခဲ့တယ်အစ်ကို၊ သင်္ဘောသားနဲ့ အိမ်ထောင်မပြုရဘူးတဲ့၊ သင်္ဘောသားနဲ့ ချည်စားမထားရဘူးတဲ့"

"အဓိပ္ပါယ်မရှိတဲ့စကားတွေပါလား မြ၊ သင်္ဘောသားဟာလည်း လူမဟုတ်ဘူးလားမြရယ်"

"မြဟာ ကံဆိုးလွန်းပါတယ် အစ်ကို၊ မြဘဝ အလိုမပြည့်ခဲ့ပါ ဘူး။ မြ မြတ်နိုးသူတွေ့တော့လည်း ကြုံကြုံဖန်ဖန် တိုက်တိုက်ဆိုင်ဆိုင် သင်္ဘောသားတဲ့"

"မြ အမေက ဘာပြုလို့ သင်္ဘောသားမုန်းနေရတာတဲ့လဲ၊ မြကို ပြောမပြဘူးလားဟင်"

"ပြောမပြပါဘူး။ သင်္ဘောသားကိုတော့ နာကြည်းနေတာ အမှန်ပဲ အစ်ကို"

"မလွယ်ပါလား မြရယ်"

"မြလေ အစ်ကို့ကို သင်္ဘောသားအလုပ်စွန့်ဖို့လည်း မတိုက်တွန်းရက်ဘူး၊ ဒီနေ့ အစ်ကို့ဘဝအမှန်ကို မြတွေ့လာရတော့ ပိုမတိုက်တွန်းရက်တော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



“အစ်ကိုလည်း အစ်ကို့အလုပ်ကို မြတ်နိုးတယ် သံယောဇဉ်ကြီးတယ် မြ၊ အစ်ကို့အလုပ်ဟာ ပုဂ္ဂလိကအလုပ်ဖြစ်ပေမယ့် ခရီးသည်ပို့ဆောင်ရေးအလုပ်ပါ။ ပို့ဆောင်ခယူ၊ ပို့ပေးတာဖြစ်ပေမယ့် စေတနာထားလုပ်တော့ အစ်ကို့အဖို့ ကုသိုလ်လည်းရ ဝမ်းလည်းဝတဲ့အလုပ်ပါ မြ”

“မြနားလည်ပါတယ်အစ်ကို၊ အစ်ကို့စိတ်ဓာတ်ကိုအားကျပြီး မြဘဝကိုတောင် မြ ပြင်ခဲ့တာပဲ၊ မြ အရင်ကထက် လူနာတွေအပေါ် စေတနာထားတတ်လာတယ်။ စာနာတတ်လာတယ်။ ကိုယ့်အလုပ်ကို တန်ဖိုးထားတတ်လာတယ်။ အစ်ကို့ကြောင့် မြစိတ်တွေလည်း အလျှင်ကထက် ပိုရှည်လာတယ်အစ်ကို”

“မြ စကားကြားရတာ အစ်ကိုဝမ်းသာမိတယ်မြ၊ စေတနာ မေတ္တာဟာ ရောင်ပြန်ဟပ်တတ်ပါတယ်မြ ရောင်ပြန်မဟပ်ဦး၊ စေတနာနဲ့ လုပ်လိုက်ရတာ၊ လုပ်ပေးရတာကိုက ရင်ထဲမှာ ကျေနပ်ကြည်နူး နေရတာပဲ မဟုတ်လား မြ”

“ဟုတ်တယ်အစ်ကို စိတ်တူကိုယ်တူ ဘဝအဆင်မပြေလာ တော့ မြခံစားရတယ်။ မြတို့အကြောင်း တွေးမိလေ မြငိုချင်လေပါ အစ်ကို”

“အားမလျှော့ပါနဲ့မြရယ်၊ အစ်ကို မြ အမေဆီလာပြီး အမြင်မှန်လာအောင် ဆွေးနွေးကြည့်ချင်ပါသေးတယ်မြ”

“ရမှာမဟုတ်ဘူးအစ်ကို၊ မြ အမေအကြောင်း မြသိတယ်၊ ဘူးဆိုရင် ဖရုံသီးတတ်သူမဟုတ်ဘူး အစ်ကို”

“စစ်မရောက်ခင် မြားကုန်နေမယ့်အစား မြားမချွန်သင့်ဘူးလား။ ငုတ်မိသဲတိုင်၊ တက်နိုင်ဖျားရောက် အစ်ကိုတော့ ကြိုးစားကြည့်ချင်သေးတယ်မြ၊ အဆင်မပြေတော့လည်း တစ်မျိုးလုပ်ကြကြ သေးတာပေါ့နော် မြ”



“အစ်ကို့ရဲ့စိတ်ဓာတ်ကို မြချီးကျူးပါတယ်။ ဒါပေမဲ့အစ်ကိုရယ် မျှော်လင့်ချက်က ဆံခြည်မျှင်တစ်ခြမ်းတောင် မရှိနိုင်ပါဘူးအစ်ကို”

“အားမလျှော့ပါနဲ့မြရယ်၊ ဒီကိစ္စပြေလည်သွားအောင် အစ်ကို ကြိုးစားပါ့မယ်”

“အစ်ကို အိမ်တော့မလာခဲ့သေးနဲ့ဦးနော်၊ ခုတလော အမေ ကျန်းမာရေးသိပ်မကောင်းပြန်ဘူး။ အမေ ကောင်းကောင်းနေထိုင် ကောင်းတော့ မြပြောမယ်လေ”

“ကောင်းပြီလေ . . . သရဖီကိုလည်း ပြောလိုက်နော်၊ မော်တင်စွန်းဘုရားပွဲသွားဖို့ကိစ္စ စီစဉ်ပြီးပြီလို့၊ မြရော သရဖီရော တွဲလိုက်လို့ ဆေးရုံမှာ ဖြစ်ပါ့မလား”

“သူနာပြုဆရာမတွေ တစ်ပုံကြီးပါ အစ်ကို၊ ဘယ်နေ့သွားမှာလဲ ခွင့်တင်ရအောင် ကြိုပြောနော်”

“အစ်ကို လာပြောမယ်လေ ကဲ ပြန်ကြရအောင် . . . မြ အမေလည်း နေကောင်းတာမဟုတ်ဘူး”

ကျွန်တော်က ထိုင်ခုံမှ ဦးစွာထပြီး မြလက်ကလေးကို ဆွဲယူ လိုက်သည်၊ မြက အလိုက်သင့်ပါလာ၏။

မြနှင့် ကျွန်တော့်ဘဝသည် ဤသို့ အဆင်ပြေလာလျှင် အဘယ် မျှလောက် ကောင်းလိုက်ပါမည်နည်း။

## (တစ်ဆယ့်တစ်) ပျားရည်မြစ်မှာ

“အဲဒီညာဘက်အတိုင်းသွားရင် ဘယ်ရောက်မလဲ ကိုညိုမြင့်”

“ညောင်တုန်း ရေနံ့မြူပေါ့၊ လှိုင်မြစ်ကနေ၊ ပန်းလှိုင်မြစ်ထဲ ဝင်သွားရတာ ထန်းတပင်ကိုတော့ အဲဒီလှိုင်မြစ်အတိုင်း သွားရတာပဲ သရဖီ”

www.burmeseclassic.com

www.burmeseclassic.com



နဒီဒေဝီသင်္ဘောနားရက်နှင့် ကြုံသဖြင့် မြတို့ကို သီတာအေးမြ နှစ်ထပ်ရေယာဉ်ဖြင့် ကျွန်တော် မော်တင်စွန်းဘုရားပွဲသို့ လိုက်ပို့သည်။ အစက မြတို့အုပ်စုက ငါးယောက်လိုက်မည်ပြောခဲ့သော်လည်း တကယ်လိုက်ဖြစ်တော့ မြနှင့် သရဖီသာလိုက်ဖြစ်သည်။ ဒေါက်တာအေးမာသိန်းနှင့် သူနာပြုဆရာမ နွေရွက်ဝါ၊ နန်းသင်းကြည်တို့ မလိုက်ဖြစ်ခဲ့။ ကျွန်တော်တို့သုံးယောက်အပေါ်ထပ်မှ လိုက်ပါလာခဲ့ကြသည်။

"လှိုင်မြစ် စောစောက ကိုညိုမြင့်ပြောတော့ ရန်ကုန်မြစ် ဆို"

"ဟုတ်တယ်သရဖီ၊ တွံတေးတူးမြောင်းနဲ့ ခနောင်တိုချောင်းက စီးလာတဲ့ရေနဲ့ ပန်းလှိုင်မြစ်နဲ့ လှိုင်မြစ်က စီးလာတဲ့ရေ ပေါင်းဆုံမိပြီးမှ ရန်ကုန်မြစ်ဖြစ်လာတာ ရန်ကုန်မြစ်လို့ခေါ်တာ၊ ဟိုရွာသစ်ချောင်းအထက်ဘက်ကို လှိုင်မြစ်လို့ စခေါ်တာပေါ့"

ကျွန်တော်က သရဖီအား လှိုင်မြစ်အစကို လက်ညှိုးထိုးပြရှင်းပြလိုက်သည်။ သီတာအေးမြက တွံတေးတူးမြောင်းဝသို့ ဝင်စပြုလာသည်။

"အဲဒီ ညာဘက်က မြစ်ကရော"

"သရဖီ သင်္ဘောနဲ့ ခရီးမသွားဖူးဘူးလား၊ အဲဒါမြစ်မဟုတ်ဘူး ခနောင်တိုချောင်းလို့ခေါ်တယ်။ ခု တည့်တည့်သွားနေတာက တွံတေးတူးမြောင်း။ ခနောင်တိုချောင်းခရီးက ဝေးတယ်၊ အကွေ့အကောက်များတယ်၊ အန္တရာယ်များတယ်၊ ဒီဘက် တူးမြောင်း အဝင်ဝနဲ့ လက်ပန်ကုန်း ၃မိုင်ခွဲမှာ မဖြတ်ရဘောတင်တဲ့အချိန်လောက်ဆဲ ခနောင်တိုချောင်းသုံးတာများတယ် သရဖီ"

"သရဖီက သာစည်သူလေ၊ ဒီဘက်မှ မသွားဖူးတာ ဘယ်သိမလဲ။ ကိုညိုမြင့် စိတ်ညစ်နေပြီလား။ သရဖီကတော့ သိချင်တာမှန်သမျှ မေးနေမှာပဲ"

မြက ကျွန်တော့်ဘေးနားတွင်ကပ်ပြီး လက်ယာဘက်ကမ်းတစ်လျှောက် လျှောက်ကြည့်နေသည်။ မြ မျက်နှာကြည်လင်နေသဖြင့် စိတ်ချမ်းသာနေမှန်း သိသာသည်။



"မေးပါ သရဖီ၊ ကျွန်တော်သိသမျှ ဖြေမှာပေါ့"

"တွံတေးတူးမြောင်းက ဘာလို့ ဖောက်ထားတာလဲဟင်"

"သရဖီမေးတာက ကျွန်တော် ဘယ်လိုတောင် ဖြေရမှန်း မသိတော့ဘူး။ အသွားအလာလွယ်အောင် ဖောက်ထားတာပဲလို့ ပထမဖြေမယ်။ တွံတေးတူးမြောင်းဟာ တိုးမြစ်နဲ့ ရန်ကုန်မြစ်ကို ဆက်သွယ်ထားတာပေါ့။ ၂၂ မိုင်ရှည်တယ်လေ"

"ဒီ အသက်ကယ်ဖောကွင်းတွေက ခရီးသည်နဲ့စာရင် မနည်းလွန်းဘူးလား ကိုညိုမြင့်"

"ဒီအသက်ကယ်ဖောကွင်းတို့၊ အသက်ကယ်လှေတို့၊ ဆီမီးသတ်ဆေးဘူးတို့၊ ရေပုံးတို့၊ သဲပုံးတို့၊ ဂေါ်ပြားတို့က ကိုယ်ထားချင်သလိုထားလို့ မရဘူး သရဖီ၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက သတ်မှတ်ပေးတဲ့အတိုင်းထားရတာ"

"ရေယာဉ်တစ်စင်းမှာ သတ်မှတ်ထားချက်တွေက အများကြီး။ ရေယာဉ်လိုင်စင်ရှိရမယ်၊ လုပ်ငန်းလိုင်စင်ရှိရမယ်၊ လုပ်ငန်းလိုင်စင်မှာတောင် "က" လိုင်စင်ဆိုတာ ခရီးစဉ်ဒေသကုန်စည်ပို့ဆောင်ခွင့်။ "ခ" လိုင်စင်ဆိုတာ၊ ခရီးစဉ် ခရီးသည်ပို့ဆောင်ခွင့်၊ "ဂ" လိုင်စင်ဆိုတာ၊ စင်းလုံးငှားပို့ဆောင်ခွင့်ပေါ့။ "ဃ" လိုင်စင်၊ "င" လိုင်စင်၊ "စ" လိုင်စင်ဆိုတာတွေလည်းရှိသေးတယ်။ ကိုယ်လုပ်ချင်သလို၊ လုပ်လို့မရဘူး အဲဒီလိုင်စင်တွေနဲ့အညီလုပ်ရတာ"

"အစ်ကိုတို့သင်္ဘောအလုပ်ကလည်း အရှုပ်ကြီးနော်"

မြက စိတ်ဝင်တစားနားထောင်ပြီး ကြားဝင်ပြောသည်။

"ရေယာဉ်တစ်စင်းမှာ ခုနပြောခဲ့တဲ့ပစ္စည်းတွေအပြင် မှိုင်မီးတွေ၊ ဝမ်းရေစုပ်ပန့်၊ ဖောမဲလုံး၊ ခေါင်းလောင်း၊ ရေစမ်းကရိယာဝါး၊ ခဲသီးကြိုး၊ အရံတက်၊ ရေမှူးမှတ်၊ ကျောက်ဆူး၊ ကျောက်ဆူးကြိုး၊ ချည်မျှကြိုး၊ တန်းဘောင်၊ ဥသြ၊ ဟွန်း၊ မီးဖို သံကာဘာ၊ ဒါတွေပါ သတ်မှတ်ချက်အတိုင်း ထားရတယ် မြရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုတို့ သင်္ဘောအကြောင်း၊ မြတောင်စိတ်ဝင်စားလာပြီ ဆက်ပြောပါဦး"

"ရေယာဉ်အမည်တို့၊ နံပါတ်တို့တောင် ရေးချင်သလိုရေးလို့ မရဘူး။ ရေးရမယ့် စည်းကမ်း သတ်မှတ်ချက်တွေရှိတယ်။ ရေယာဉ် လိုင်စင်ကို ရေယာဉ်နှစ်ပတ်လည်စစ်ဆေးခံပြီးမှ ထုတ်ပေးတာ။ ရေယာဉ် လိုင်စင်ပေါ်မှာ ရေယာဉ်အမည်၊ နံပါတ်၊ ပိုင်ရှင်၊ လိုင်စင် ကုန်ရက်ကအစ ပြေးဆွဲရမယ့် ဒေသအဆုံး အကုန်ထည့်ထားတာ"

"လိုင်စင်မှာ သင်္ဘောသားဦးရေ၊ ရေယာဉ်အုပ်၊ စက်ခန်းအုပ် အမည်၊ ကျွမ်းကျင်မှုလက်မှတ်အမှတ်၊ မှတ်ပုံတင်အမှတ်ပါ ထည့်ထားတာ။ ရေယာဉ်အုပ် စက်ခန်းအုပ်တွေမှာလည်း ကိုယ်ပိုင်ကျွမ်းကျင်မှု လက်မှတ်တွေကို ကိုင်ထားရတယ်။ စစ်ဆေးတဲ့အရာရှိက လိုင်စင်ကို အဲဒါတွေနဲ့ တိုက်စစ်တာပေါ့။ မောင်းချင်တဲ့လူ တက်မောင်းလို့ ရတာမဟုတ်ဘူး"

"ကိုညိုမြင့်တို့ဟာက မလွယ်ပါလား"

"လွယ်လို့မဖြစ်ဘူးလေ . . . ခရီးသည်ရာနဲ့ချီတင်လာတဲ့ သင်္ဘောတွေ လွယ်လွယ်မောင်းကြရင် ဒုက္ခရောက်သွားမှာပေါ့"

"ဟုတ်တော့လည်း ဟုတ်သားပဲ"

"ရေယာဉ်လိုင်စင်မှာကိုက လိုင်စင်သုံးမျိုးရှိတယ်။ ရေယာဉ် လိုင်စင်ကြီး၊ ရေယာဉ်ယာယီလိုင်စင်နဲ့ မြို့နယ်ရေယာဉ်လိုင်စင်ပေါ့။ မြို့နယ်လိုင်စင်က ပေ ၃၀ အောက်၊ စက်တပ်ရေယာဉ်ငယ်တွေကို သက်ဆိုင်ရာမြို့နယ်တွေက ထုတ်ပေးတဲ့လိုင်စင်လေ။ အဲတွေ့လား အဲဒီရေယာဉ်လေးတွေကို ထုတ်ပေးတဲ့လိုင်စင်ပေါ့"

ကျွန်တော်က ဘေးတွင် ခုတ်မောင်းနေသော စက်တပ် ဘောက်တူ နှစ်စင်းကို လက်ညှိုးထိုးပြောပြလိုက်သည်။

"ပေ ၃၀ အောက်ဆိုတာ ဘယ်လိုတိုင်းတာလဲ ကိုညိုမြင့်ရဲ့"



"ဦးထိပ်နဲ့ ပဲ့ထိပ်တိုင်းတာပေါ့"

"ဒါဆိုရင် အဲဒီရေယာဉ်တွေက ပေ ၃၀ မကတော့ဘူး။ ခြောက်ဆယ် ခုနစ်ဆယ်လောက်ရှိမယ်ထင်တယ်"

"အဲဒါ ခက်နေတာပေါ့သရဖီ၊ ဆာဗီယာဝင်ဖို့ကျတော့လည်း အဲဒီရေယာဉ်လေးပေါ် သတ်မှတ်တဲ့ ရေယာဉ်ပစ္စည်းတွေထားဖို့ နေရာ လည်းမရှိ။ ဖြစ်သလိုထားမယ်ဆိုပြန်ရင်လည်း ကုန်တင်ဖို့၊ လူစီးဖို့ တောင်နေရာကျန်မှာမဟုတ်ဘူး။ ဆာဗီယာကမဝင် ပေ ၃၀ ကကျော် ဆိုတော့ အမြဲအပြစ်ရှိနေတဲ့ ဖမ်းမယ်ဆို အမြဲအဖမ်းခံနေရမယ့် ရေယာဉ်မျိုးပေါ့ သရဖီ"

"ပြီးတော့ မြို့နယ်ကို ကျော်ခုတ်မောင်းလာမှုနဲ့ အပြစ်ကရှိ ပြန်ရော၊ မြို့နယ်လိုင်စင်က သူ့မြို့နယ်အတွင်းပဲမောင်းခွင့်ရှိတာ။ အဲဒီဘောက်တူတွေသာ ရေယာဉ်အုပ်တို့၊ စက်ခန်းအုပ်တို့၊ တက်မကိုင် တို့၊ ဆီလောင်းတို့၊ သင်္ဘောသားတို့ ခန့်ပေးရမယ်ဆိုရင် ဆင်ဖိုးထက် ချွန်းဖိုးကြီးဆိုသလို ဖြစ်မှာပေါ့။ ရေယာဉ်ပိုင်ရှင်တွေအဖို့ ဘယ်ကိုက် တော့မလဲ"

"အဲဒီရေယာဉ်တွေ အမြဲအဖမ်းခံနေရမှာပေါ့နော်"

"အဖမ်းခံနေရတာပဲပေါ့၊ ဖမ်းမယ့်လူက သနားလို့မဖမ်းရင် သာလွတ်မှာ"

"ဒါဆို အဲဒီရေယာဉ်လေးတွေလည်း လုပ်ကိုင်စားရတာ မလွယ် ဘူးနော်"

"မလွယ်တာတော့၊ ဘယ်ရေယာဉ်မှမလွယ်ပါဘူး။ သင်္ဘော တွေလည်း ဆီအခက်အခဲ၊ ကုန်အခက်အခဲနဲ့ကြုံနေတာပါပဲ။ အမိုးပေါ်ကုန်မတင်ရဘူးဆိုတာ ရေယာဉ်အုပ်တိုင်းသိတယ်။ နားလည် တယ်။ ဒါပေမဲ့ အဲလိုမှ မတင်ရင် သင်္ဘောပိုင်ရှင်အတွက် တွက်ခြေ မကိုက်ဘူး။ သင်္ဘောရပ်လိုက်ရရုံပဲ ရှိမယ်"

www.burmeseclassic.com

www.burmeseclassic.com



"သင်္ဘောရပ်လိုက်ပြန်ရင်လည်း၊ ကုန်းပေါ်ကကားလို ရပ်ချင်တဲ့နေရာရပ်ထားလို့မရဘူး၊ ဆိပ်ခံဖောတံတားကပ်တာနဲ့ သင်္ဘော ကပ်ခ၊ ဆိပ်ကမ်းကိုပေးရမယ်။ ဝင်ငွေမရှိပေမယ့် ထွက်ငွေရှိနေမှာပဲ။ ရေလယ်မှာ ကျောက်ချထားမယ်ဆိုရင်လည်း ကျောက်ထွင်မျှောမှာတိုက်မှာ၊ မြုပ်မှာ စိုးရပြန်ရော"

"သင်္ဘောတစ်စင်းရပ်လိုက်တာနဲ့ ဝင်ငွေသာ မရှိတာ၊ သင်္ဘောသားတွေကို ကျွေးရမွေးရမယ့် စရိတ်၊ လခ၊ သရဖီပဲစဉ်းစား ကြည့်တော့။ ရေလယ်ကျောက်ချထားမယ်ဆိုရင် အနည်းဆုံး အစောင့် နှစ်ယောက်မချလို့မဖြစ်ဘူး၊ ကျန်တဲ့သင်္ဘောသားတွေ အလုပ်က ထုတ်ပစ်ဦး၊ အဲဒီနှစ်ယောက်အတွက် စားစရိတ်နဲ့ လစာပေးရမှာ စဉ်းစားကြည့်ပေါ့"

"အဲဒီလို ဒုက္ခတွေကြောင့် သင်္ဘောကို မရပ်ရဲဘဲ၊ ဖမ်းချင်မှ ဖမ်းပေရော့ဆိုပြီး အန္တရာယ်ရှိတဲ့၊ ဥပဒေနဲ့မလွတ်တဲ့၊ အမိုးပေါ် ကုန်တင်ရတယ်။ ကုန်ချိန်ပိုတင်ရတယ်၊ ခရီးသည်တွေ ပိုတင်ရတယ်။ အဲဒီလို တင်တော့ လှိုင်းနဲ့ လေနဲ့တွေ့ရင် ရေယာဉ်တွေ မြုပ်ကြရော လူတွေသေကြ ကျေကြရော"

"ရေယာဉ်တွေ မြုပ်ရတဲ့အကြောင်းရင်း၊ ခရီးသည်တွေ ဒုက္ခ ရောက်ရတဲ့အကြောင်းရင်းတွေလည်းရှိသေးတယ်။ ပထမတန်း ရေယာဉ်အုပ်၊ စက်ခန်းအုပ် ခန့်ရမယ့်ရေယာဉ်မှာ ဆာဗီယာလုပ်တုန်း ကတော့ ပထမတန်းရေယာဉ်အုပ်၊ စက်ခန်းအုပ်နဲ့ပဲလုပ်တာပဲ၊ ပထမတန်း ကျွမ်းကျင်မှုလက်မှတ်ရှိသူတွေကို အခကြေးငွေနဲ့ငှား အစစ်ဆေးခံရတာ ပေါ့"

"သင်္ဘောပြေးတော့ ငွေကုန်ကြေးကျသက်သာအောင် တတိယတန်းရေယာဉ်အုပ်လောက် တက်မကိုင်လောက်၊ ငှားပြေးကြရော၊ မကျွမ်းကျင်တော့ တိုက်ကြ၊ နိုက်ကြ၊ မြုပ်ကြရော။ အဲဒီလိုပဲ



ရေယာဉ်သုံးပစ္စည်းတွေ အပြည့်အစုံ မဝယ်ကြဘူး။ ကုန်ကျစရိတ် သက်သာအောင်၊ ဆာဗီယာလုပ်တုန်း ငှားပြကြတယ်။ နှစ်စင်း သုံးစင်း ရှိသူက ဟိုအစင်းကဒီ၊ ဒီအစင်းကဟိုပြောင်းရွှေ့ပြကြတယ်၊ အဲဒီလို အသက်သာခိုမှုတွေကြောင့် ရေယာဉ်လည်းမြုပ်ရော ခရီးသည်တွေလည်း ဒုက္ခရောက်ရော"

"အစ်ကိုပြောမှ ရေယာဉ်စီးရမှာတောင် ကြောက်လာပြီ၊ အဲဒီ ပြဿနာတွေ ပြေလည်အောင် ဘယ်လိုလုပ်ရင်ရမလဲအစ်ကို"

"သက်ဆိုင်ရာက မောင်းဆီကို လုံလုံလောက်လောက် ထုတ်ပေးရမယ်၊ ရေယာဉ်ပိုင်ရှင်တွေကလည်း သတ်မှတ်ထားတဲ့ ရေယာဉ်သုံးပစ္စည်းတွေ အပြည့်အစုံ ထားရမယ်။ သတ်မှတ်ထားတဲ့ သင်္ဘောသားတွေခန့်ရမယ်။ ခရီးသည်ရဲ့အန္တရာယ်ကို မကြည့်ဘဲ ကိုယ့်အတွက် တအားလွန်အောင် အမိုးပေါ်ကုန်တင်တာတွေ၊ လူပိုတင်တာတွေ၊ ကုန်ပိုတင်တာတွေ ရှောင်ရမှာပေါ့ မြ"

"ခု အဲဒီအတိုင်း လုပ်နေကြပြီလား အစ်ကို"

"ဘယ်လုပ်နိုင်သေးမလဲမြရယ်၊ အန္တရာယ်ရှိမှန်းသိရက်နဲ့ အစ်ကိုတို့လည်း အခြေအနေအရ မျက်စိမှိတ်လုပ်နေရတာပဲ"

"အစ်ကို့အတွက် မြစိုးရိမ်လိုက်တာ"

"အခြားသင်္ဘောသားတွေနဲ့ ခရီးသည်တွေအတွက်ရော"

"အားလုံးပေါ့အစ်ကိုရယ်၊ စည်းနဲ့ကမ်းနဲ့၊ မလုပ်နိုင်သမျှ ပူပန်သောကရောက်နေရမှာပေါ့နော်"

"ခုနက ကိုညိုမြင့် ပြောသွားတဲ့အထဲမှာ သတ်မှတ်ထားတဲ့ သင်္ဘောသားတွေ ခန့်ထားရမယ်လို့ပြောတယ်နော်။ အဲဒါ သ[illegible] နားမရှင်းလို့ ရှင်းပြပါဦး"

"ကျွန်တော့် နဒီဒေဝီ သင်္ဘောပဲ ဥပမာအနေနဲ့ ပြောပြမယ်နော် နဒီဒေဝီက အေအီးစီ အင်ဂျင်မြင်းကောင်ရေ ၁၀၀ ရှိတဲ့သင်္ဘောပေါ့၊

www.burmeseclassic.com

www.burmeseclassic.com



နှီဒေဝီမှာ ရေယာဉ်အုပ်တစ်ယောက်၊ စက်ခန်းအုပ်တစ်ယောက်၊ လိုင်းစူကာနီတစ်ယောက်၊ စာရေးတစ်ယောက်၊ ကုန်စူကာနီတစ်ယောက်၊ ဆီလောင်းတစ်ယောက်၊ ရေပက်ကြိုးချည် သင်္ဘောသားခြောက်ယောက် ရှိရမယ်။ လျှော့ထားလို့မရဘူး သရဖီ''

''အဲဒီသင်္ဘောသားအဆင့်ကို ဘယ်လိုသတ်မှတ်တာလဲ … ကိုညိုမြင့် ''

''သင်္ဘောတစ်စင်းပေါ်မှာ သင်္ဘောသားစလုပ်တာနဲ့၊ နော်တီကယ်က သင်္ဘောသားမှတ်ပုံတင်နဲ့ လုပ်သက်မှတ်တမ်းစာအုပ် ဆိုတာထုတ်ပေးတယ်။ အဲဒီစာအုပ်မှာ ရေယာဉ်အုပ်၊ ပိုင်ရှင် သင်္ဘောစစ်ဆေးရေးအရာရှိတို့က သင်္ဘောသား အတက်အဆင်း လုပ်တာ မှန်သမျှ လက်မှတ်ထိုးပေးရတယ်။ ရိုးရိုးသင်္ဘောသား လုပ်သက် လေးနှစ်ပြည့်ပြီး အဲဒီစာအုပ်ထဲမှာ မှတ်တမ်းဝင်တာနဲ့ တတိယတန်း ရေယာဉ်အုပ် စာမေးပွဲဖြေဖို့ အခွင့်အရေးရှိတယ်။ စာမေးပွဲရှိရင် ဝင်ဖြေ အောင်ရင် ရေယာဉ်အုပ်ဖြစ်မယ်။ ဆီလောင်းလည်း အဲဒီအတိုင်းပဲ လေးနှစ်ပြည့်ရင် စက်ခန်းအုပ်စာမေးပွဲဝင်ဖြေ၊ အောင်ရင် စက်ခန်းအုပ် ဖြစ်မှာပဲ''

''အဲဒီလိုပဲ တတိယတန်းက ဒုတိယတန်းကို လုပ်သက် နှစ်နှစ်ပြည့်မှ ဖြေခွင့်ရှိတယ်၊ ဒုတိယတန်းက ပထမတန်းကို လုပ်သက် နှစ်နှစ်ပြည့်ရင် ဖြေခွင့်ရှိတယ် သရဖီ''

''ဘာတွေဖြေရမှာလဲ ကိုညိုမြင့်''

''ဖြေရမှာတွေသာ ပြောပြရမယ်ဆိုရင် မော်တင်စွန်းရောက် တောင် ပြီးမှာ မဟုတ်ဘူး သရဖီ။ အားလုံးလည်း ကျွန်တော် အလွတ် မရဘူး''

''ကားမောင်းသူ၊ ရထားမောင်းသူတွေက လမ်းမြင်ရလို့ မောင်းဖို့လွယ်တယ်။ အစ်ကိုတို့ သင်္ဘောမောင်းသူ တွေကျတော့ လမ်းလည်းမမြင်ရဘဲနဲ့ ဘယ်နှယ်လုပ်မောင်းသလဲ အစ်ကို''



''သင်္ဘောမောင်းသူက သင်္ဘောကျွမ်းကျွမ်းကျင်ကျင်မောင်း တတ်ရမယ်။ မောင်းရာမှာလည်း စည်းကမ်းဥပဒေနဲ့အညီ မောင်းတတ် ရမယ်။ ရေကြောင်းပြ အမှတ်အသားဖြစ်တဲ့ ရေပေါ်အမှတ်အသား၊ ကမ်းပေါ်အမှတ်အသားတွေကို သိရမယ်။ ရေကြောင်းအန္တရာယ်ပြ အမှတ်အသားတွေဖြစ်တဲ့ ရေပေါ်အမှတ်အသားနဲ့ ကမ်းပေါ်အမှတ် အသားတွေ သိထားရမယ် မြ''

''ဒါမှ လမ်းကြောင်းအမှန်အတိုင်း ခုတ်မောင်းနိုင်မယ်။ မမြင်ရတဲ့ ရေအောက်ကရေယာဉ်အမြှုပ်၊ ကြေနန်းကြိုးအမြှုပ်တွေနဲ့ ကျောက်ဆောင် တွေက လွတ်မှာ၊ ကမ်းနီးအန္တရာယ်ပြ၊ ကမ်းကွာအန္တရာယ်ပြ၊ ရေကြောင်း ပိတ်ပြ အမှတ်အသားတွေသိမှ သေးမဖြစ်မှာ''

''အဲဒါတွေ ကျွမ်းပြီဆိုရင် ရေကြောင်းသိရင် မောင်းလို့ရပြီပေါ့ မြ''

''မြ မေးတာ ရေကြောင်းကို ဘယ်လိုလုပ်သိသလဲဆိုတာပဲ အစ်ကို''

''အစ်ကိုရှင်းပြမှာပေါ့၊ သင်္ဘောမောင်းသူဟာ ရေတိမ် ရေနက်မသိဘဲနဲ့ မောင်းမရပါဘူး။ ကမ်းခြေကိုကြည့်ပြီးလည်း ရေကြောင်း ရေလမ်းကို သိနိုင်တယ် မြ၊ ရေကြောင်းကျတဲ့ကမ်းခြေဟာ စောက်တယ်၊ ရေသာရေတိမ်တဲ့ကမ်းခြေဟာ ပြန့်နေတယ် မြ''

''ဗေဒါတို့၊ အမှိုက်သရိုက်တို့ကြည့်ပြီးလည်း သိနိုင်တယ်၊ ရေကြောင်းရေလမ်းမှာ ဗေဒါတွေ၊ အမှိုက် သရိုက်တွေ မျောနေတယ်မြ၊ နောက်တစ်နည်းက ရေကြောင်းကောင်းရင် အမြဲပြောင်ပြီး တန်းနေတာ တွေ့ရမယ် မြ။ ရေမြှုပ်တွေ မျောနေရင်လည်း ရေကြောင်းကောင်း တာပါပဲ မြ''

''ရေကြောင်းကျတဲ့နေရာဟာ ရေယက်လေးတွေ တဖျပ်ဖျပ် ရိုက်ခတ်နေတယ် မြ။ သောင်ရှိနေရင် စီးခေါ်တဲ့သောင်အနားဟာ ရေကြောင်းရှိရာဘက်ဆင်း ဦးတိုက်နေတတ်တယ် မြ ။ မြမြင်သာအောင်

www.burmeseclassic.com

www.burmeseclassic.com

အစ်ကိုရှင်းပြမယ်။ မှန်တစ်ချပ်ပေါ်ကို ရေဆွတ်ထားတဲ့အဝတ်နဲ့ တစ်ကြောင်းဆွဲသုတ်လိုက်ပါ။ ရေထိတာနဲ့ မထိတာ ထင်ထင်ရှားရှား တွေ့ရလိမ့်မယ် မြ။ သောင်ရှိတဲ့ ရေမျက်နှာပြင်ဟာ ရေမထိတဲ့ မှန်မျက်နှာပြင်နဲ့ တူတယ်။ သောင်မရှိတဲ့ ရေမျက်နှာပြင်ဟာ ရေထိတဲ့ မှန်မျက်နှာပြင်နဲ့တူတယ် မြ''

''နောက်တစ်နည်းက ရေပွက်ကြည့်ပြီး ခွဲတာပဲမြ။ ရေပွက်စိပ်ရင် ရေတိမ်တယ်၊ ရေပွက်ကျဲရင် ရေနက်တယ် မြ။ သဘော်ဟာ ရေတိမ် ရောက်သွားရင် အသွားနှေးတယ်။ သဘော်ဦးက ရေတိမ်ရောက်သွားရင် အသွားနှေးတယ်။ သဘော်ဦးက ရေယက်သံတွေ ပျောက်သွား တတ်တယ်။ သဘော်ဦးမော့လာတတ်တယ်။ သဘော်ပဲ့ ရက်ဆွဲလာ တတ်တယ်၊ တက်မကိုင်ရတာ မငြိမ်ဘဲ ဟိုရမ်းဒီရမ်း ဖြစ်လာတတ်တယ် ဒါဆိုရင် ရေတိမ်နေပြီမှတ်''

''ရေကြောင်းပညာဟာလည်း စိတ်ဝင်စားစရာကောင်းတယ်နော် သရဖီ''

''ဟုတ်တယ် မြ၊ သရဖီတို့တော့ မော်တင်စွန်းဘုရားလည်း ဖူးရ၊ ကိုညိုမြင့်ဆီက ရေကြောင်းဗဟုသုတလည်းရ၊ ဟန်ကျလိုက်တာ နော်''

''ကဲ မိုးချုပ်လာပြီ မြတို့ အိပ်ရာခင်းလှဲနားလိုက်ကြဟုတ်လား''

မြတို့နှစ်ယောက်က အိပ်ရာလိပ်ဖြေ၊ အိပ်ရာခင်းနေကြပြီ။

မော်တင်စွန်းဘုရားရောက်လျှင် မြနှင့်အတူ ဘုရားမှာ ဒုတိယ အကြိမ်ဖူးရဦးမည်ကိုတွေးပြီး၊ ကျွန်တော့်ရင်ထဲတွင် ကြည်နူးမှု လှိုင်းဂယက်လေးများ တဖျပ်ဖျပ်ရိုက်ခတ်သွားသည်။

မြပါလာတော့ တိုးမြစ်ရေသည် ခါတိုင်းနှင့်မတူ၊ ပျားရည် မြစ်လေးဖြစ်နေသည်ဟု ထင်မိ၏။ တိုးမြစ်သာမဟုတ်။ သီတာအေးမြ ဖြတ်သန်းခုတ်မောင်းရာမြစ်များအားလုံးသည် ပျားရည်မြစ်များသာ



ဖြစ်နေပါလိမ့်မည်။ ပျားရည်မြစ်ထဲမှာ မြနှင့်ကျွန်တော် ပျော်နေရဦးမှာ ပါလား။

## (တစ်ဆယ့်နှစ်) ခဲမှန်ဖူးသောစာ

''ဘာ . . . မင်းကသဘော်သား၊ ငါ့သမီးနဲ့ ရည်ငံနေတယ် အဲဒါ လက်ထပ်ခွင့်ပြုဖို့ ဟုတ်လား ဟင်း . . ဟင်း . . ဟင်း . . ဟင်း''

အသက် ငါးဆယ်ကျော်ခန့် ပါးပါးလျားလျား၊ အသားဖြူဖြူ ရုပ်ရည် သန့်သန့်ပြန့်ပြန့် မြ အမေ ဒေါ်မြအေး၏၊ လှောင်ပြောင် ရယ်မောသံက ကျွန်တော့်နားထဲသို့ အမဲဆီကင်းသည့် လှည်းဝင်ရိုး အီသံထက် နားအရသာပျက်စွာ တိုးဝင်လာသည်။ မြအမေသည် လေတိုးသည့်သစ်ပင်လို ယိမ်းထိုးလှုပ်ရမ်းကာ ရယ်နေလင့်ကစား မျက်နှာသည် ရေခဲပြင်လို အေးစက်မာကျောပုံပေါက်နေသည်။

စောစောက မြ နုဒီဒေဝီသို့ ပေါက်ချလာသည်။ အူယားဖားယား ပြေးလာပြီး သူမ အမေက သူမကို ကိုစိုးဝေနှင့် ပေးစားဖို့ စီစဉ်နေပြီဟု တုန်လှုပ်စွာလာပြောသည်။ ကျွန်တော်နှင့် သူမအမေ တွေ့သင့်၊ မတွေ့သင့် အခြေအတင်ဆွေးနွေးပြီးနောက်ပုံသဏ္ဌာန်တစ်မျိုးဖြင့် တွေ့ရန် သဘောတူပြီး၊ နှစ်ယောက်သား ဒလဘက်သို့ ပြန်ပြေးလာခဲ့ ကြသည်။ ပုံသဏ္ဌာန်တစ်မျိုးဆိုသည်မှာ ကျွန်တော့်အနေဖြင့် ရေယာဉ်အုပ်တစ်ယောက်၊ သဘော်သားတစ်ယောက်အနေမျိုးနှင့် မတွေ့ဘဲ မြ အကြံပေးသည့်အတိုင်း ဆေးရုံမှ အုပ်ချုပ်ရေးအရာရှိ ပုံစံမျိုးဖြင့် ဝင်တွေ့ရန်ဖြစ်သည်။ ထိုသို့ တွေ့ဆုံရင်း မြ အမေ၏ သဘောထားအမှန်ကို သိအောင်စုံစမ်းဖို့ ဖြစ်သည်။ သဘော်သားနှင့် ရသည့်အကြောင်းရင်းကို သိလာရလျှင်လည်း သဘော်သားနှင့်တီးမှု လျော့ပါး၊ ပါးလျားသွားအောင် မီးစင်ကြည့်ကဖို့ ကျွန်တော်စီစဉ် ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



နိမိတ်မကောင်းဟု ပြောရမည်လားမသိ။ သမ္မန်ဆိပ်အတက်တွင် သမ္မန်ဆိပ်ဆင်းလာသူ ကိုစိုးဝေနှင့် တွေ့သဖြင့် မြက ကျွန်တော်နှင့် ခပ်တည်တည်ပင် မိတ်ဆက်ပေးသည်။ ကိုစိုးဝေကို မိတ်ဆက်ပေးရာတွင် ကျွန်တော်သည် ဆေးရုံအုပ်ချုပ်ရေးအရာရှိပါဟု မြက မိတ်ဆက်ပေးသဖြင့် ကျွန်တော် မြကိုကြည့်ပြီး အံ့သြနေမိသည်။ မြသည် ဘာ့ကြောင့် အမှန်တရားကို ဖုံးကွယ်ထားပါလိမ့်။ ကျွန်တော့်အလုပ်အကိုင်အမှန်ကို ကိုစိုးဝေအား ပြောလိုက်ပါက ကိုစိုးဝေမှတစ်ဆင့် သူ့မမိခင် သိသွားမည်ကို စိုးရိမ်ဟန်ရှိသည်။ ထို့ကြောင့်သာ မြသည် ကျွန်တော့်အလုပ်အကိုင် အမှန်ကိုမပြောဘဲ လိမ်လည်ပြောလိုက်ခြင်း ဖြစ်ပေလိမ့်မည်ဟု တွေးဖြစ်တော့ စိုးရိမ်တတ်လိုက်သည့် မြအား သနားလိုက်မိ၏။

ကိုစိုးဝေက ရန်ကုန်ဘက်သွားမလို့ဟုပြောပြီး သမ္မန်ဆိပ် ဆင်းသွားသည်။ အရပ်မြင့်မြင့် ရုပ်ချောချော ရည်မွန်သည့် ကိုစိုးဝေအား မြင်လိုက်ရတော့ မြမိခင် သဘောကျမည်ဆိုလျှင်လည်း သဘောကျ ထိုက်ကြောင်း ကျွန်တော်သတိပြုမိသည်။ ဉစ္စာပေါ၊ ရုပ်ချော၊ သဘောကောင်း ကိုစိုးဝေအား မြ ဘာ့ကြောင့် စိတ်မဝင် စားပါလိမ့်။ ဘာ့ကြောင့် ဘဝအဖော်မွန်အဖြစ် လက်မတွဲလိုပါလိမ့်တု စဉ်းစားလာခဲ့မိသည်။ သည်လိုစဉ်းစားမိတော့ သီတာဦးမျက်နှာ မြင်ယောင်လာသည်။ ကျွန်တော်နှင့် သီတာဦးလိုပဲ ဖြစ်လိမ့်မည် ထင်သည်။ ရွာနားမြက် ရွာနွားမစားလိုခြင်းပဲ ဖြစ်ပါလိမ့်မည်။

မြက သူ့မအိမ်ကို သေချာညွှန်ပြပြီး ကျွန်တော့်အား အလျှင် သွားခိုင်းသည်။ မြက "ဒီအိမ်မှာ ဝင်စရာကိစ္စလေးတစ်ခုရှိလို့ အစ်ကိုသွား နှင့်နော်" ဟုပြောပြီး အိမ်တစ်အိမ်ထဲဝင်သွားသည်။ ပထမတော့ ကျွန်တော် ကြောင်စီစီရပ်နေမိသည်။ မြ ထိုအိမ်မှထွက်လာမှ မြနှင့်အတူသွားတော့မည်ဟု စိတ်ကူးပြီး ရပ်စောင့်နေမိသေးသည်။



မြက အတော်နှင့် ထွက်မလာ။ ကျွန်တော် သဘောကောင်း ကောင်းပေါက်သွားပြီ။ မြသည် ကျွန်တော်နှင့်အတူ သူ့မမိခင်ထံ ဝင်မတွေ့ရဲဟန်ရှိသည်။ ထို့ကြောင့်သာ ကျွန်တော့်တစ်ယောက်တည်း လွှတ်လိုက်ပြီး ရှောင်နေခဲ့ခြင်းသာဟု နားလည်လိုက်၏။

လာမည့်ဘေး ပြေးတွေ့ရန် ကျွန်တော် ဆုံးဖြတ်လိုက်ပြီး မြတို့အိမ်သို့ တစ်ယောက်တည်း ဝင်လာခဲ့သည်။ ဧည့်ခန်းတွင် ထိုင်နေသော ရည်မွန်သန့်ပြန့်သည့် မြ မိခင်က ဆက်တီတွင် ထိုင်နိုင်းပြီး ကိစ္စကိုမေးသည်။

မြ မိခင်ကို မြင်လိုက်ရသည့်ခဏ၊ ကျွန်တော် လိမ်ညာလိုစိတ်တွေ ပျောက်သွားသည်။ မြနှင့် တိုင်ပင်ခဲ့သည့် ဆေးရုံအုပ်ချုပ်ရေးအရာရှိဟု လိမ်လည်ပြောရမှာ ရှက်လာသည်။ ကြောက်လာသည်။ မြ မိခင်အား ကျွန်တော် မလိမ်မညာလိုတော့။ ဖြစ်ချင်ရာဖြစ် အမှန်အတိုင်း ဖွင့်ပြောတော့မည်ဟု ဆုံးဖြတ်လိုက်ပြီး စိတ်ကို စုစည်းကာ အေးဆေးတည်ငြိမ်စွာ ကျွန်တော်နှင့် မြ အခြေအနေကို ပြောပြမိခဲ့သည်။

မြ၏ မိခင်က အားရအောင်ရယ်မောပြီး ကိုယ်ကို မတ်ကာ ဆက်တီတွင် ပြင်ထိုင်သည်။ ပြီးတော့ ကျွန်တော့်ကို စူးစူးရဲရဲ စေ့စေ့ကြည့်သည်။

"မင်း တယ်သတ္တိကောင်းပါလား . . . မင်းတင်မဟုတ်ပါဘူး ငါ့သမီး မြမြစ်လည်း သတ္တိကောင်းတာပါပဲ"

ဒေါ်မြအေးက မျက်လုံးအကြည့်ကို ကျွန်တော့်ထံမှ ဖယ်သွားသည်။

"လာခဲ့စမ်း မြမြစ်"

ဒေါ်မြအေး၏ အသံက မိုးကြိုးပစ်လိုက်သံဟု ထင်ရလောက် အောင် ကျွန်တော့်နားထဲသို့ ဟိန်းထွက်စူးရှစွာ ဝင်ဆောင့်လာသည်။ မြက သူ့မ၏ မိခင်ဘေး ဆက်တီတွင် ဝင်ထိုင်သည်။ မြကို ကျွန်တော် ကြည့်လိုက်တော့ ကျားရှေ့မှ သမင်လို မျက်နှာငယ်လေးနှင့် အထိတ်ထိတ်အလန့်လန့် ဖြစ်နေရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ညည်းကလည်း တယ်သတ္တိကောင်းပုံလား . . . ငါတားမြစ်ထားတာ ဖောက်ဖျက်ရဲတယ်ပေါ့ "

မြကာ ကျွန်တော့်ကို တစ်ချက်လှမ်းကြည့်ပြီး၊ ခေါင်းငုံ့နေရှာသည်။ သူမအကြည့်သည် ကျွန်တော့်ကို အပြစ်တင်နေမှန်း ကျွန်တော်သိ၏။ သူမ မိခင်ကို ခွန်းတုံ့မပြန်။

"သင်္ချိုင်းသားဆိုတဲ့လူမျိုးဟာ အိုင်တွေ့တိုင်း ခြေဆေးတတ်တာကို ညည်းသိဖို့ကောင်းတယ်"

"ဗျာ . . . ဒေါ်ဒေါ်ဘယ်လိုပြောလိုက်တယ်"

"မင်း နားမကြားဘူးလား . . . သင်္ချိုင်းသားဟာ အိုင်တွေ့တိုင်း ခြေဆေးတတ်တာကိုပြောနေတာ"

"ဒေါ်ဒေါ်မှားနေပြီ ဒေါ်ဒေါ် . . . သင်္ချိုင်းသားဖြစ်ဖြစ်၊ တရားသူကြီးပဲဖြစ်ဖြစ်၊ ဘုရားလူကြီးပဲဖြစ်ဖြစ်၊ အိုင်တွေ့ရင် ခြေဆေးချင်တဲ့လူဟာ ခြေဆေးတာပါပဲ ဒေါ်ဒေါ် . . . အဓိကကတော့ လူပါပဲ ဒေါ်ဒေါ်"

"ဟဲ့ မင်းက ဘယ်လောက်နားလည်လို့ ဆရာဝင်လုပ်ရတာလဲ . . . ငါကစာတွေ့မဟုတ်ဘူးဟေ့ ငါတွေ့ဟဲ့ . . . ငါတွေ့"

ဒေါ်မြအေး၏ မျက်နှာက နေတွင် ကြက်သော စည်ကဲ့သို့ တင်းမာပြီး သူမ၏အသံက စည်ကိုတီးသော အသံကဲ့သို့ ဟိန်းထွက်နေ၏။

"ဒေါ်ဒေါ် ခံစားနေရသလို ကျွန်တော်လည်း ခံစားနေရတာပါပဲ ဒေါ်ဒေါ် . . . ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်ရတဲ့ ကျွန်တော်တို့ဘဝဘက်လည်း ဒေါ်ဒေါ် ထည့်စဉ်းစားပါဦး"

"ငါ့ဘဝ ဖျက်ဆီးခဲ့တဲ့ သင်္ချိုင်းသားဆိုတဲ့ကောင်တွေကို ငါတစ်သက်မကျေဘူး . . . မင်းတို့ သင်္ချိုင်းသားတွေ ဘယ်လောက် ယုတ်မာစုတ်ပဲ့ခဲ့တယ်၊ ဘယ်လောက် လူမဆန်ခဲ့တယ်ဆိုတာ



မင်းသိအောင် ငါပြန်ပြောပြမယ် "

"ဒေါ်ဒေါ် အဖြစ်ကို ကျွန်တော်လည်း သိချင်ပါတယ် . . . ပြောပြပါ ဒေါ်ဒေါ်"

"ငါဟာ မိခင်အိုကြီးကို ကောင်းရောင်း ကောင်းဝယ် လုပ်ကျွေးခဲ့တဲ့ လပွတ္တာသူပါ။ ငါးပိ ငါးခြောက်တွေ လပွတ္တာကသယ်၊ ရန်ကုန်လာရောင်းရင်း ဘဝကို ရုန်းကန်ခဲ့ရတဲ့သူပါ"

ဒေါ်မြအေး၏ မျက်နှာရေး၊ အသံပါ။ စောစောကလို တင်းမာမှု မရှိတော့။ ဒေါ်မြအေး၏ မျက်နှာတွင် ဆွေးမြေ့ကြေကွဲရိပ်တွေလွှမ်းလာသည်ကို ကျွန်တော် သတိပြုမိသည်။

"သင်္ချိုင်းနဲ့ သွားလာနေရတဲ့သူဆိုတော့ သင်္ချိုင်းသားတွေရဲ့ အကျင့်တွေကိုသိနေတယ် . . . သိလို့လည်း သူတို့နဲ့ မရောဘူး။ အဒေါ်ဟာ အနေတည်တည်နဲ့နေခဲ့တယ်။ စိတ်တူကိုယ်တူ၊ ဘဝတူ မိန်းကလေးသုံးဦး အုပ်စုဖွဲ့ပြီး သူတို့ရန်က ရှောင်ခဲ့တယ်"

"တစ်နေ့တော့ အဒေါ့်သူငယ်ချင်းနှစ်ယောက်က ရုပ်ရှင်ကြည့်ရအောင်ခေါ်တယ်။ သူတို့က ကုန်တွေကုန်သွားပြီလေ။ အဒေါ့်မှာ ငါးခြောက်တွေကျန်သေးလို့ သူတို့နဲ့ လိုက်မသွားဘူး။ မိုးချုပ်တဲ့ထိ သံဈေးမှာ ငါးခြောက်တွေထိုင်ရောင်းနေခဲ့တယ်"

"အဒေါ်ဈေးသိမ်းပြီး သင်္ချိုင်းပေါ်ပြန်ရောက်တော့ မည်းမှောင်နေပြီ။ အဒေါ်မှတ်မိတယ်။ မိုးတွင်းကြီး မိုးတွေသိပ်ရွာနေတယ်။ သင်္ချိုင်းပေါ်မှာ အဝတ်အစားလဲနေတုန်း သင်္ချိုင်းသား သုံးယောက်က ခွေးကျင့်ခွေးကြံ ကြံခဲ့တယ်"

အောက်နှုတ်ခမ်းသားလေးကို သွားဖြင့်ဖိကိုက်လိုက်သော ဒေါ်မြအေးကိုကြည့်ပြီး၊ ရင်ထဲတွင် နာကျင်စွာ ခံစားလိုက်ရသည်။

"အားမတန်တော့ အဒေါ်ရေတိမ်နစ်ခဲ့ရတယ်။ ပြောမတော့ ရဲဌာနသွားတိုင်မလို့ စိတ်ကူးပါသေးတယ်။ ဗောတံတားထိပ်ရောက်မှ

www.burmeseclassic.com

www.burmeseclassic.com

တိုင်ရမှာ ရှက်လာတာနဲ့ သင်္ဘောပေါ်ပြန်လာခဲ့တယ် ။ ။ သူငယ်ချင်းတွေ ရုပ်ရှင်ကပြန်လာတော့လည်း၊ ရှက်လွန်းလို့ ဖွင့်မပြောဖြစ်တော့ဘူး ...''

''အဲဒီသင်္ဘောသားတွေကို၊ အစိမ်းလိုက် ဝါးစားပစ်ချင်သလို သူတို့မျက်နှာတွေလည်း မကြည့်ချင်တော့ဘူး ။ ။ ဒါနဲ့ အဲဒီသင်္ဘောနဲ့ အဒေါ်ပြန်မလိုက်တော့ဘူး ။ ။ ကျန်နေသေးတဲ့ ငါးခြောက်တွေ ဆက်ရောင်းနေခဲ့တယ် ...''

''ငါးခြောက်တွေရောင်းပြီး နောက်သင်္ဘောတစ်စင်းနဲ့ လပွတ္တာ ပြန်ခဲ့တယ် ။ ။ အဲဒီညကလည်း အဖော်မဲ့ အဒေါ့်ကို သင်္ဘောသား တစ်ဦးက ကာမရယူဖို့ ကြိုးစားခဲ့သေးတယ် ။ ။ အဒေါ်က အော်မှ ဘေးလူတွေနိုးတော့ ထွက်ပြေးသွားရော''

''အဒေါ့်ကို စော်ကားခဲ့တဲ့ သင်္ဘောသားတွေရှိတဲ့ သင်္ဘောနဲ့ မလိုက်ချင်ပေမယ့် သူငယ်ချင်းနှစ်ယောက်နဲ့ ပေါင်းနေရင် လုံခြုံမှုရှိတဲ့ အတွက် အဲဒီသင်္ဘောနဲ့လိုက်၊ ငါးပိငါးခြောက်ရောင်းခဲ့ရတယ်။ တခြားသင်္ဘောသားတွေကလည်း အဲဒီသင်္ဘောနဲ့ဘာထူးလဲ အချောင်နှိုက်ဖို့ကြိုးစားနေတဲ့ သင်္ဘောသားတွေရှိနေတာပဲ မဟုတ်လား''

''ကိုယ်ဝန်ရှိတာ သိလိုက်ရတဲ့နေ့ကဆို အဒေါ်ရေထဲခုန်ဆင်းသေဖို့ထိ ကြံစည်ခဲ့ပါတယ် ။ ။ မကျန်းမာတဲ့ အမေအိုကြီးမျက်နှာကို မြင်ပြီး ရေထဲဆင်းမသေဖြစ်တော့ပါဘူး ။ ။ ကိုယ်ဝန်ရှိနေတဲ့အကြောင်း အဲဒီ သင်္ဘောသားသုံးယောက်ကိုသွားပြောပြီး ယူဖို့ပြောတော့လည်း ဟိုလူလွှဲချ၊ ဒီလူလွှဲချနဲ့၊ ခေါင်းရှောင်ကြတယ် ။ ။ မင်းပဲစဉ်းစားကြည့် အဒေါ်ဘယ်လိုခံစားရမလဲ''

''အဒေါ်ဟာ သင်းတို့ကိုစိတ်နာလွန်းလို့၊ ကိုယ်ဝန်ဖျက်ချဖို့ ကြိုးစားခဲ့တယ် ။ ။ အဲဒီသင်္ဘောနဲ့ ပြန်မလိုက်ဘဲ ကိုယ်ဝန်ဖျက်ချပေးမယ့် လူကို ဟိုစုံစမ်း၊ ဒီစုံစမ်းနဲ့ လိုက်ရှာခဲ့တယ် ။ ။ အဒေါ်ကရှက်နေတော့ တစ်ပတ်ကျော်သာ ရန်ကုန်မှာကြာသွားတယ် ဖျက်ချပေးမယ့် လူကိုမတွေ့ဘူး''



''နောက်ဆုံး အရဲစွန့်ပြီး၊ အမျိုးသမီးဆရာဝန်တစ်ဦးဖွင့်ထားတဲ့ ဆေးခန်းထဲဝင်လိုက်တယ် ။ ။ အကျိုးအကြောင်းရှင်းပြပြီး၊ ကိုယ်ဝန်ဖျက် ပေးဖို့ပြောတော့ ဆရာဝန်ကဖျက်မပေးပါဘူး ။ ။ အဒေါ်နားလည်အောင် ကျန်းမာရေးရှုထောင့်၊ မိခင်လောင်းရှုထောင့်တွေပါ ရှင်းပြပြီး အဒေါ့်ကို ဘဝရုန်းကန်နိုင်အောင်၊ အားသစ်တွေလောင်းပေးခဲ့ပါတယ်''

''အဒေါ် လပွတ္တာပြန်ရောက်တော့ အမေကဆုံးနှင့်ပြီ ။ ။ အဒေါ် ဘယ်လိုခံစားရမလဲဆိုတာ မင်း စဉ်းစားကြည့်စမ်းပါ''

''အဒေါ်ဟာ လပွတ္တာကိုစွန့်ပြီး ဒလပြောင်းလာခဲ့တယ် ။ ။ သမီးလေးကိုမွေးပြီး ဘဝကို၊ ရင်ဆိုင် အန်တု၊ ရုန်းကန်ခဲ့တယ် စမာကလာလုပ်ပြီး၊ စီးပွားဖြစ်ခဲ့တယ် ။ ။ သင်္ဘောသားကို စိတ်နာလွန်းလို့ သမီးလေးအရွယ်ရောက်စကတည်းက သင်္ဘောသားမုန်းတီးရေး သမီးလေးကို ပြောခဲ့ပါတယ်''

''ခု အဒေါ် ပြောပြခဲ့တဲ့ အဒေါ့်ဘဝဇာတ်ကြောင်းဟာ မင်းကို ပထမဦးဆုံး ပြောပြတာပါ ။ ။ သမီးလေးကိုတောင် အသိမပေးခဲ့ ပါဘူး''

ကျွန်တော် ထိနိုက်နာကျင်စွာ ခံစားနေရသည်။ မြ က တရှိုက်မက်မက်ငိုနေပြီ။ ဒေါ်မြအေးက မြရှိရာ နှစ်ယောက်ထိုင် ဆက်တီခုံသို့ပြောင်းထိုင်ပြီး၊ မြကို သူ့ရင်ခွင်ထဲ ပွေ့ယူသည်။ ကျောပြင်ကို ပွတ်၍ ခေါင်းကိုသပ်ပေးနေသည်။ မြ၏ သိမ့်သိမ့်တုန်အောင် ရှိုက်ငို ယိုက်သံသည် ကျွန်တော့် အသည်းတို့အား တစ်ဖွဲ့စီ၊ တစ်ဖွဲ့စီ ချွေပစ်နေ သလို ခံစားလိုက်ရသည်။ ဒေါ်မြအေး၏ မျက်ဝန်းတွင်လည်း မျက်ရည် တွေ ပြည့်လျှံကာ ပါးပြင်ပေါ်သို့ စီးကျလာနေသည်။ မြင်ကွင်းကြောင့် ကျွန်တော်ပါ ကြေကွဲဆို့နင့်စွာ ခံစားလာရသည်။

''မေမေ့သမီးလေးကို မေမေ သနားပါတယ် ။ ။ ဒါပေမဲ့ မေမေ သင်္ဘောသားနဲ့ ဘယ်လိုမှ သဘောမတူနိုင်ဘူး။ မစားစားနိုင်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



လူလေးကိုလည်း အခေါ်တောင်းပန်ပါတယ်။ လူလေး နောက်ဆုတ်လိုက်ပါ''

''ဒေါ်ဒေါ်ရယ် ပုတ်ထဲမှာ ပဲကောင်းတွေတစ်ပုံကြီးပါ။ အများကြီးပါ၊ ပဲတောင့်ပုပ် တစ်တောင့်တလေကြောင့် ဒီပုတ်ထဲက ဒီပဲလို့ မထင်လိုက်ပါနဲ့ဒေါ်ဒေါ်။ လူချင်းတူပေမယ့် အသက်ရှူချင်း ကွဲပါသေးတယ် ဒေါ်ဒေါ် ． ． ． ကျွန်တော်တို့ချစ်ခြင်းကို မခွဲနိုင်း တောင်းပန်ပါရစေနော်''

''မဖြစ်ပါဘူးကွယ် ． ． ． သဘော်သားအကြောင်း၊ အခေါ် ကောင်းကောင်းသိပါတယ် ． ． ． မင်းသားခေါင်း ဘယ်လိုစွပ်ထား စွပ်ထား၊ ဘီလူးမှန်း အခေါ်သိပါတယ် ． ． ． ခွေးမြီးကောက်တာ ကျည်ထောက် စွပ်ထားသရိုက် ဖြောင့်မှာပါကွယ်''

''ဒါဟာ ． ． ． ဒေါ်ဒေါ် ဝါးလုံးရှည်နဲ့ သိမ်းရမ်းလိုက်တာပဲ ဒေါ်ဒေါ် အစွဲကြီးနေတာပဲ။ လောကမှာ ဘယ်နေရာ ဘယ်ဌာနမှာမဆို လူဆိုးရော လူကောင်းရော ရှိနေတာပဲ ဒေါ်ဒေါ် ． ． ． မကောင်းတဲ့ သဘော်သားနဲ့ ဒေါ်ဒေါ်တွေ့ခဲ့လို့ သဘော်သားမကောင်းဘူးလို့ ဒေါ်ဒေါ် ပြောနေတာပါ။ ကောင်းတဲ့သဘော်သားနဲ့သာတွေ့ခဲ့ရင် ဒေါ်ဒေါ် ဒီလိုပြောမှာမဟုတ်ပါဘူး''

''ဒေါ်ဒေါ် နဒီဒေဝီပေါ်ကို လာလေ့လာကြည့်စမ်းပါ ． ． ． တခြားသဘော်တွေပေါ်လည်း ဒီနေ့သွားလေ့လာကြည့်စမ်းပါ။ သဘော်သား တွေ ဒေါ်ဒေါ်ထင်မြင်နေသလို မယုတ်မာ မပက်စက် ကြပါဘူး ဒေါ်ဒေါ်''

''အတော် တာဝန်ယူရဲတဲ့သဘော်သားလေးပဲ့လား ． ． ． မင်းသတ္တိကိုတော့ အခေါ်ချီးကျူးပါတယ် ． ． ． ဒါပေမဲ့ သမီးကို ဘောအိမ်က မောင်စိုးဝေနဲ့ ပေးစားဖို့ အခေါ်ဆုံးဖြတ်ပြီးပါပြီကွယ်''

''ဒေါ်ဒေါ်ရယ် ကျွန်တော့်ကို လေ့လာကြည့်ပါဦး ． ． ． မြနဲ့ ကျွန်တော်ရဲ့ချစ်ခြင်းကို မခွဲပါနဲ့လား ဒေါ်ဒေါ်ရယ်''



''တော်တော့ကွယ်၊ အခေါ်ဟာ ဘူးဆိုရင် ဖရုံမသီးတတ်တဲ့သူပါ။ သမီးကိုလည်း မေမေ ပြတ်ပြတ်ပြောလိုက်မယ် ． ． ． သမီး မေ့မေ့စကားနားမထောင်ရင် သေခန်းပြတ်ပဲသမီး''

မြက ဒေါ်မြအေးကို ဖက်ငိုနေသည်။ ကျွန်တော် မြကို သနားနေမိသည်။ ကျွန်တော် သဘောပေါက်လိုက်ပါပြီ။ ကျွန်တော်သည် ဒေါ်မြအေးတို့သားအမိကို နှုတ်ဆက်ပြီး လေးကန်သော ခြေလှမ်းများဖြင့် စစ်ရှုံးသူလို ဆုတ်ခွာခဲ့သည်။ အခြေအနေက သဘော်သားဘဝကိုပင် စိတ်နာရမလိုပါလား။

www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း(၃)

### (တစ်ဆယ့်သုံး) နေကွယ်တာ အချိန်များရင်

မြနှင့် ခပ်စိမ်းစိမ်းလေးနေလာခဲ့သည်မှာ အတော်ကြာသွားခဲ့ပြီ။ ခပ်စိမ်းစိမ်းလေး စနေခဲ့ရသော ကာလများသည် ကျွန်တော့်အဖို့ သံဆူးခွေခဲကိုမျို၍ ချော်ရည်ပြင်ထဲကူးနေရသလို ခံစားခဲ့ရသည်။ စားမဝင် အိပ်မပျော်၊ နေမထိ ထိုင်မတတ်ဖြစ်ခဲ့ရသည်။ စားစား သွားသွား နားနားနေနေ မြဆီသို့သာ စိတ်ရောက်နေခဲ့သည်။ ရေယာဉ် မောင်းနေချိန် တစ်ချိန်တည်းသာ မြကို မရမက ဖယ်ထုတ်ပစ်နိုင်ခဲ့သည်။ မြကို ဖယ်ထုတ်မပစ်လို့လည်း မဖြစ်။ ခရီးသည်အားလုံး၏ အသက်သည် ကျွန်တော့်အား ဝကွက်အပ်နှံထားသည် မဟုတ်ပါလား။

စဥ့်အိုးတန်း သမ္ဗန်ဆိပ်သို့ ခြေဦးမလှည့်မိအောင် ရန်ကုန် ဆေးရုံကြီးသို့ ခြေဦးမလှည့်မိအောင် ကြိုးစားထိန်းသိမ်းရသည်မှာ လွယ်လှသည်တော့မဟုတ်။ မြ မေမေဆန္ဒ၊ မြဘဝ လှလှပပ တင့် တောင့်တင့်တယ်ဖြစ်စေလိုသောဆန္ဒ၊ တို့ကြောင့်သာ ထူးခတ်ထား သောဆင်လို ကျွန်တော် ချုပ်တည်း အောင့်အည်းနေရသည်။ မြဆီသို့ ပစ်သောမြားလို ပြေးချင်လွန်းလှ၏။

မြလည်းကျွန်တော့်လို ခံစားနေရလိမ့်မည်ထင်သည်။ ဒလတက် ကမာကသွယ် သမ္ဗန်ဆိပ်မှာ ကျွန်တော့်ကို မျက်လုံးဝေ့၍ ရှာမည် ထင်သည်။ စဥ့်အိုးတန်း သမ္ဗန်ဆိပ်မှာလည်း ကျွန်တော့်ကို ရှာမည်



ထင်သည်။ ကျွန်တော့်ကို ရှာမတွေ့တော့ မြ ကြေကွဲစွာခံစားနေရ မည်ပေါ့။ ဆေးရုံတွင်လည်း ရောက်လာနိုးနှင့် မျှော်လိမ့်မည်ထင်သည်။ မျှော်ပေမည့် ပေါ်မလာတော့ ရင်မောကြေကွဲစွာ ခံစားနေရရှာမည်ပေါ့။ ရွှေတိဂုံဘုရားပေါ်မှာ နှစ်ယောက်အတူ ဘုရားဖူးတာလည်း အမှတ်ရ ပေလိမ့်မည်။ ကန်တော်မင် ပန်းခြံတွင် နှလုံးသားစကားဆိုခဲ့တာလည်း မေ့လိမ့်မည်မထင်။ မော်တင်စွန်းဘုရားတွင် ဘုရားအတူဖူးခဲ့တာ၊ မော်တင်စွန်းဆိပ်ကမ်းတွင် ပင်လယ်လှိုင်းအတူစီးခဲ့တာ၊ ရေအတူကူးခဲ့ တာတွေက မေ့နိုင်စရာတဲ့လား။ ကချင်ပုဆိုးလေးနှင့် ဖိနပ်လေးက ကျွန်တော် မြကို ပိုလွမ်းစေသည်။

ကျွန်တော့်အဖို့တော့ တစ်သက်မမေ့နိုင်တော့။ ကျွန်တော့်မှာ မြွေပူရာကင်းမှောင့်သလိုချည်း ကြုံနေရသည်။ ပြင်စလူတွင် သီတာဦးက ပြောင်ပြောင်တင်းတင်း အရွဲ့တိုက်သည်။ ဆုံးမသည်ကို ကက်ကက်လန် ရန်တွေ့သည်။ ကျွန်တော် ဆုံးမခဲ့သမျှ နာခံခဲ့သော သီတာဦးသည် စိုးထိုက်အားကိုးနှင့် အာခံလာခဲ့ပြီ။ ဆရာသာရှိခဲ့လျှင် သင်းအား ပါးရိုက်ဆုံးမခဲ့မိမလားမသိ။

ကျွန်တော့်ကို သီတာဦးခံပြောသည်ကို တွေ့ရသော ဆရာ ကတော်က သီတာဦးကို ထရိုက်မည်ပင်ပြုသည်။ ဆရာကတော်က သံစူးသည့်အနာနှင့် အိပ်ရာထဲလဲအိပ်လျက် ငိုတော့သည်။ ဆရာကတော် ငိုတော့ ဆရာ့ကို သတိရပြီး၊ ကျွန်တော်ပါ ငိုချင်လာခဲ့သည်။ ဆရာကတော်ကိုနှုတ်ဆက်ပြီး ပြန်အလာ၊ လမ်းတွင် ဆုံးဖြတ်ချက် တစ်ခုချလိုက်သည်။ အဆုံးအမမခံနိုင်သည့် သီတာဦးကို နောက်ထပ် မဆုံးမတော့ဘူးဟု။

ပြင်စလူမှ ရန်ကုန်ပြန်ရောက်ပြီးနောက် ပြင်စလူသို့ နောက်ထပ်

www.burmeseclassic.com

www.burmeseclassic.com



မထွက်ဖြစ်တော့။ ရေယာဉ်သက်တမ်းကုန်တော့မည်ဖြစ်၍ ရေယာဉ်နှစ်ပတ်လည်စစ်ဆေးခံနိုင်ရန် လိုအပ်သည်များ ပြင်ရဆင်ရပေမည်။ အလုပ်များလာတော့ မြအကြောင်းမစဉ်းစားဖြစ်။ မြသီ အာရုံ မရောက်နိုင်။

သည်နှစ် ရေယာဉ်က အင်ဂျင်စက်မကိုင်ရ၍ တော်တော့သည်။ ပြင်စရာဆင်စရာများလျှင် ဒေါက်ပေါ်တွင်ပင် သုံးလေးလကြာတတ်သည်။ ၁၅ရက်၊ အရက် ၂၀အတွင်း ဒေါက်ဆာဗေး၊ ရေဆာဗေး ပြုပြီးနိုင်အောင် ကျွန်တော်တို့အားလုံး တက်ညီလက်ညီ ပြင်ဆင်စရာရှိသည်များကို ကြိုးစားပြင်ဆင်နေကြရသည်။

ခေါင်းမဖော်နိုင်အောင် နဒီဒေဝီကို ပြင်ဆင်နေချိန်မှာပင် သတင်းဆိုးတစ်ခုကို စန္ဒာဦး၏သယ်ဆောင်လာခဲ့သည်။ ဆရာကတော် ဒေါ်သီသီ ဆုံးပြီတဲ့။ မေးနိုင်ရောဂါဖြင့် ဆုံးခြင်းဖြစ်သည်တဲ့၊ သီတာဦးနှင့် စကားများ၊ ရန်ဖြစ်ခဲ့ရသဖြင့် ကျွန်တော် ဆရာကတော်သံစူးသည့်ခြေထောက်မှ အနာကိုပင် သေချာ မကြည့်ဖြစ်ခဲ့၊ မေးနိုင်ကာကွယ်ဆေးထိုးဖို့လည်း မပြောဖြစ်ခဲ့။ ခုတော့ ကြုံဟ်ကောင်မ သီတာဦးကြောင့် ကျွန်တော်၏ ပေါ့လျော့မှုကြောင့် ဆရာကတော်သည် မသေသင့်ဘဲ ရေတိမ်နစ်ခဲ့ရပြီ။

ကျွန်တော် ပြင်စလူသို့ မသွားရ၍မဖြစ်တော့။ သီတာဦး တစ်ယောက်တည်း ကျီးကန်းတောင်းမှောက်သကဲ့သို့ ဖြစ်နေပေလိမ့်မည်။ သူဌေး ဦးမြင့်ဦးအိမ် ပြေးလိုက်သည်။ အကျိုးအကြောင်းရှင်းပြတော့ ဦးမြင့်ဦးက ငွေသုံးထောင်ထုတ်ပေးပြီး သွားခွင့်ပေးလိုက်သည်။ စာရေး ကိုဝင်းမောင်၊ ကုန်စုကာနီ ကိုကိုမောင်နှင့် လိုင်းစုကာနီ ကိုတင်အောင်တို့အား နဒီဒေဝီနှင့် ပတ်သက်သမျှ လုပ်ဆောင်စရာများကို အထပ်ထပ်မှာခဲ့ပြီး ပြင်စလူသို့ ကြုံရာသင်္ဘောဖြင့် ထွက်လာခဲ့သည်။

သေခြင်းတရားသည် ကြောက်စရာကောင်းလေစွ။ အမှည့်တဝင်းဝင်း၊ အကင်းတဖြုတ်ဖြုတ်၊ နေ့မြင် ညပျောက် ကြောက်စရာ။

ဟသံာတမြို့၊ လယ်တီဆရာတော်ဘုရားကြီး ရေးစပ်တော်



မှုခဲ့သော ဒွေးချိုးလေးကို သတိရပြီး ရေရွတ်ကြည့်မိသည်။

''တစ်နေ့ကွယ် ․ ․ သေနယ်သို့ တစ်ခါကူး ․ ․ မေ့လျော့ကာ သောဘူးမထင်ပါနှင့် ․ ․ နေ့ကွယ်တာ အချိန်များလျှင်ဖြင့် ․ ․ သေနယ်ရွာ တစ်ကြိမ်သွားပါလိမ့် ․ ․ တားမရဘူး''

## (တစ်ဆယ့်လေး) အန္တရာယ်စက်ကွင်း

ရန်နိုင်အောင် သင်္ဘောသည် ရွှေမလှမ်းမကမ်းမှ တူရူသို့ ခုတ်မောင်းနေသည်။

ကျွန်တော်သည် နဒီဒေဝီကို ရန်နိုင်အောင်၏ နောက်မှပင် ပုံမှန်အတိုင်း မောင်းနှင်လာခဲ့သည်။

သည်တစ်ပတ်လုံး မြအကြောင်း မတွေးဖြစ်ခဲ့။ စိတ်အေးလက်အေး ရေယာဉ်မောင်းလာရတော့ မြအကြောင်းတွေးချင်လာသည်။ သို့ပေမယ့် တွေး၍မဖြစ်။ ခရီးသည်များ၏အသက် ဝကွက်အပ်နှံခံရချိန်မို့ မြကို ဖယ်ထုတ်ပစ်နေရသည်။

တကယ်တော့ သည်တစ်ပတ်လုံး ဂျင်ခြေလည်အောင် အလုပ်များခဲ့၏။ ပြင်စလူတွင် ဆရာကတော် ဒေါ်သီသီအား ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီး ရက်လည်ဆွမ်းကပ်ပြီးမှ ပြန်လာခဲ့ရသည်။ ကျွန်တော် ရောက်သွား၍ တော်သေးသည်။ သီတာဦး ဘာမှမလုပ်တတ်။ လူ့ဘဝ၏ နောက်ဆုံးခရီးတွင် ဒေါ်သီသီအတွက် အကောင်းဆုံးဖြစ်အောင် ကျွန်တော် ဆောင်ရွက်ပေးခဲ့သည်။

ရက်လည်ဆွမ်းကပ်ပြီး နောက်တစ်နေ့တွင် သီတာဦးကို ခေါ်ခဲ့ရသည်။ သီတာဦးက မလိုက်ဘူးလုပ်နေသေးသည်။ ဆရာကတော် ဒေါ်သီသီဆုံးချိန်တွင် စိုးထိုက်မရှိ။ စိုးထိုက် ပင်လယ်သို့ ငါးနှင့် ငါးဖမ်းထွက်နေသည်။

ကျွန်တော်က သီတာဦးကို ပွင့်ပွင့်လင်းလင်း မေးရသည်။

www.burmeseclassic.com

www.burmeseclassic.com

သူမနှင့် စိုးထိုက်အခြေအနေ၊ စိုးထိုက်မိဘများသိ မသိ။ စိုးထိုက်မိဘများက သဘောတူ မတူ၊ ရှေ့ဆက်ကြမည့်ခရီး။ ဘာမျှ ရေရေရာရာ မရှိ။ သူတို့နှစ်ဦး ချစ်ကြတာလောက်ပဲရှိသည်။

ဆရာ့တပည့်တစ်ယောက်အနေဖြင့် ဆရာကတော်၏ အားကိုးအားထား ခံခဲ့ရသူတစ်ယောက် အနေဖြင့် သီတာဦးကို နှမလေးတစ်ယောက်လို စောင့်ရှောက်ဖို့တာဝန်မှာ ကျွန်တော့်အပေါ်တွင် ပုံကျနေသည်။ သီတာဦးကို မိသားဖသားပီပီ လာရောက်တောင်းယူရန် သို့မဟုတ် သီတာဦးကို ရန်ကုန်လာခေါ်ရင်း တရားရုံးတစ်ခုခုတွင် လက်မှတ်ထိုးလက်ထပ်ရန်နှင့် စိုးထိုက်အား လိုက်လာခဲ့ဖို့ ဘေးအိမ်ကို အသေးစိတ် မှာခဲ့ရသည်။ နေအိမ်ကို သော့ခတ်အပ်ခဲ့ပြီး ကျွန်တော်သည် သီတာဦးကို ခေါ်ကာ ရန်ကုန်ပြန်လာခဲ့သည်။

သီတာဦးကို ကျွန်တော့်အခန်းပေးပြီး ကျွန်တော်က စာရေးနှင့် အတူနေခဲ့ရသည်။ ရန်ကုန်ရောက်ပြန်တော့ ကျွန်တော့်မှာ နားချိန် အားချိန်မရှိ။

သူဌေး ဦးမြင့်ဦးနှင့်အတူ ရေယာဉ်နှစ်ပတ်လည်အစစ်ဆေးခံနိုင်ရန်၊ အချိန်နှင့်အမျှ လုပ်နေရသည်။ ဒေါက်ဆာပေး၊ ရေဆာပေးပြီး တာတောင် မနားရ၊ သည်နေ့ ရေယာဉ်ထွက်ရမည့်နေ့ဖြစ်၍ ရေယာဉ်လိုင်စင် အချိန်မီရအောင် ခြောက်ထပ်ရုံးကြီးတွင် အချိန်ကုန်ခံဆောင်ရွက်ခဲ့ရသည်။

ရေယာဉ်လိုင်စင်မရဘဲ ရေယာဉ်ထွက်မရ၊ ရေယာဉ်ဆာဗေယာလုပ်ပြီးပေမယ့် ရေယာဉ်လိုင်စင် မရှိလျှင် ရေယာဉ်မောင်းနှင်ခွင့်မရှိ။

ရေယာဉ်လိုင်စင်က နေ့ခင်း သုံးနာရီမှရသည်။ နဒီဒေဝီသို့ အပြေးပြန်လာခဲ့ပြီး ရေယာဉ်ထွက်ဖို့ စီစဉ်ခဲ့ရသည်။ ရေယာဉ်လိုင်စင်ကိစ္စကြောင့် ယနေ့ရေယာဉ်ထွက်ချိန် နည်းနည်းနောက်ကျသွားသည်။ ယနေ့အလုပ်တွေ ဇက်စက်သလို လုပ်နေရ၍ သီတာဦးနှင့် စကား



တစ်ခွန်းမပြောဖြစ်။

သီတာဦး၏ အချိုးလည်း ရန်ကုန်ရောက်သည်နှင့် အတော်ပြောင်းသွားပေပြီ။ ဆရာကတော် မဆုံးမီအခြေအနေနှင့် တခြားစီဖြစ်သွားသည်။ ဆရာကတော်အသုဘကိစ္စ၊ ရက်လည်ဆွမ်းသွတ်သည့်ကိစ္စတွေလုပ်ကတည်းက ကျွန်တော့်စေတနာတွေ သူမ နားလည်လာသည်။ ရန်ကုန်ရောက်နေသည့် သုံးလေးရက်အတွင်း ကျွန်တော့်ကို တလေးတစား၊ အားကိုးတကြီးဆက်ဆံလာသည်။ ကျွန်တော့်အနေနှင့်လည်း မိဘနှစ်ပါးမရှိကြတော့သည့် သီတာဦးကို နှမလေးအရင်းလို သဘောထားလာမိသည်။ အချိုသာဆုံး၊ အပြေပြစ်ဆုံး၊ ပြောဆိုဆက်ဆံမှုပြုခဲ့မိသည်။

ရန်နိုင်အောင်ရေယာဉ်အုပ် ကိုမြင့်ကလည်း ကျွန်တော့်လိုပင် ရေယာဉ်ကို ပုံမှန်မောင်းနေသည်။ ရေယာဉ်နှစ်စင်းက မလှမ်းမကမ်း ခုတ်မောင်းနေသဖြင့် လှမ်းအော်ခေါ်လျှင်တောင် ကြားနိုင်ခြေရှိနေသည်။ ကိုတင်အောင်က တက်မလာကူကိုင်သဖြင့် ကျွန်တော် တက်မခန်း ပြင်ဘက်ထွက်ပြီး မြစ်ပြင်ကိုကြည့်ကာ မြအကြောင်းတွေးနေမိပြန်ပြီ။ မြသည် ကိုစိုးဝေနှင့်လက်ထပ်ပြီးပြီထင်သည်။ ခုအချိန် မြသည် ကိုစိုးဝေ၏ ရင်ခွင်ထဲ၌ ရောက်နေပြီလား။ မျက်နှာငွေလဖြင့် ချစ်စကားတွေဆိုနေကြပြီလား။ သည်သို့တွေးမိတော့ ကျွန်တော့်နှလုံးသည်းပွတ်အား ကျားလျှာကြမ်းဖြင့် အတိုက်ခံလိုက်ရသလို မခံမရပ်နိုင်အောင်စုတ်ပြံနာကျင်စွာ ခံစားလာရသည်။

ကျွန်တော်သည် ရင်နာစရာအတွေးကို ဖြတ်လိုက်ပြီး သီတာဦးဆီ သွားလိုက်မိသည်။ သီတာဦး ထမင်းစားပြီးပြီလားမသိ။

"အစ်ကို နေ့လယ်က မြဆိုတဲ့ အစ်မကြီးတစ်ယောက်လာတယ် အစ်ကိုကိုမေးလို့ ရုံးသွားတယ်လို့ ပြောလိုက်တယ် "

"ဘယ်အချိန်လောက်ကလဲ သီတာ"

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို ရုံးကပြန်မလာခင်လေးတင်"

"အစ်ကို့ကို ချက်ချင်းဘာလို့ မပြောလဲ"

"အစ်ကို သင်္ဘောပေါ် ပြန်ရောက်ရောက်ချင်း ပြန်ထွက်သွားတော့ပြောချိန်မရဘူးလေ . . . အစ်ကိုက အလုပ်တွေရှုပ်နေတော့ သီတာလည်း မပြောဖြစ်တော့ဘူးပေါ့"

ကျွန်တော့်ရင်ထဲ ထောင်းခနဲ ဒေါသဖြစ်လိုက်မိသော်လည်း သနားစရာဖြစ်နေသည့် သူ့မဘာဝကြောင့် စိတ်ကိုချုပ်တည်းထားလိုက်ရသည်။ ဟိုအရင်ကစိတ်နှင့်ဆို ရစရာမရှိအောင် ပြောပစ်လိုက်မည်ထင်သည်။ မြသည် ကျွန်တော့်ဘဝအတွက် အရေးအကြီးဆုံးသူမဟုတ်လား။ မြ နဒီဒေဝီသို့လာသည်ဆိုတော့ အရေးကိစ္စ တစ်ခုခုရှိပြီဟု တတ်အပ်သိလိုက်သည်။ မင်္ဂလာဆောင်လာဖိတ်တာလားဟု စဉ်းစားမိတော့ ရင်ထဲတွင် ဆူးစူးခံရသလို စစ်စစ်ကျင်ကျင် ခံစားလိုက်ရ၏။

"ဘာတွေ ပြောသွားသလဲ သီတာ"

"သူ့အမေ ဆေးရုံတင်ထားရတယ် . . . အရေးကြီးလို့ လာခေါ်တာတဲ့ . . ."

"သေပါတော့ သီတာရယ် . . . ဒီဟာထက် အရေးကြီးတာ ဘာရှိသေးလို့လဲ၊ အစ်ကို့ကို ချက်ချင်းပြောဖို့ကောင်းတာ"

ကျွန်တော်သည်မှုသာ သီတာဦးကိုဆိုဖြစ်သည်။ ဒါတောင် သီတာဦး မျက်နှာလေး ညှိုးလျော်သွားသည်။ ပြင်းပြင်းထန်ထန်၊ ပျစ်ပျစ်နှစ်နှစ်ဆူမိက သီတာဦး ချုံးပွဲချငိုပေလိမ့်မည်ထင်သည်။

တကယ်တော့ သီတာဦးကို သည့်ထက်လည်း ပိုမပြောသင့်။ ကျွန်တော် နဒီဒေဝီပေါ်သို့ရောက်ရောက်ချင်း သီတာဦးက ဆီးပြောလျှင်လည်း ကျွန်တော် မြဆီသွားနိုင်မည်မဟုတ်။ သင်္ဘောအချိန်မီ ထွက်ဖို့က ဖယ်စက်သလိုလုပ်နေရသည်မဟုတ်လား။ မြဆီသာ သွားနေခဲ့လျှင် သင်္ဘော သည်နေ့ထွက်နိုင်မည်မဟုတ်တော့။ တင်ထား



သည့်ကုန်တွေ အထူးသဖြင့် ရေခဲတွေ အငွေ့ပျံ အရည်ပျော်သွားလျှင် သူဌေး ဦးမြင့်ဦးက အလျော်ပေးရလိမ့်မည်။ လိုက်ပါလာမည့် ခရီးသည်တွေအတွက်လည်း အစီအစဉ်တွေပျက်၊ အခက်အခဲတွေကြုံပေတော့မည်။

ယနေ့အဖို့ မြအတွက် အချိန် တစ်စက္ကန့်၊ တစ်မိနစ်မျှ မပေးနိုင်အောင် အလုပ်တွေရှုပ်ခဲ့၏။ အချိန်တွေကွက်တိဖြစ်ခဲ့၏။ မြနှင့်တွေ့လိုက်လျှင် မြခေါ်ရာ မလိုက်နိုင်သဖြင့် ကျွန်တော် ပိုစိတ်ဆင်းရဲရပေလိမ့်မည်။

ပြင်စလူသို့ သင်္ဘောထွက်ရာတွင်လည်း ရေယာဉ်အုပ်မပါ၍ မဖြစ်။ မရှိ၍မဖြစ်။ ကျွမ်းကျင်မှု လက်မှတ်ရ ရေယာဉ်အုပ်မပါဘဲ သင်္ဘောခုတ်မောင်းခွင့်မရှိ။ နိုင်ငံတော်၏ ဥပဒေများကို လေးစားလိုက်နာလိုသည်။ နိုင်ငံတော်၏ ဥပဒေများကို လေးစားလိုက်နာခြင်းသည် အများ၏အကျိုး ဆောင်ရွက်ခြင်းဖြစ်သည်ဟု ကျွန်တော်ယူဆသည်။ ကျွမ်းကျင်မှုလက်မှတ်ရ ရေယာဉ်အုပ် ကျွန်တော်သည် မြကြောင့် ရန်ကုန်တွင် နေရစ်ခဲ့ပြီးအံ့။ ကျွမ်းကျင်သော ရေယာဉ်အုပ်မဟုတ်သူ ကိုတင်အောင်က မောင်းနှင်၍ တိုက်ခိုက်နစ်မြုပ်မှုဖြစ်သွားလျှင် အများနစ်နာပေလိမ့်မည်။ နိုင်ငံတော်၏ ဥပဒေကို မလိုက်နာသည်နှင့် မလိုလားအပ်သောဆိုးကျိုးများ ပေါ်ပေါက်လာတတ်သည် မဟုတ်လား။

ကျွန်တော်သည် သင်္ဘောဦးပိုင်း ပြန်လာခဲ့ပြီး သင်္ဘောကို ပြန်မောင်းလိုက်၏။ သင်္ဘောမောင်းရာတွင် မျက်စိလျှင်လျှင်ထား မောင်းရသည်။ ရေကြောင်းကို အာရုံစိုက်မောင်းရသလို၊ ပတ်ဝန်းကျင်ကိုလည်း သတိထားမောင်းရသည်။

ရောနဒီသင်္ဘောသည် ပတ်ဝန်းကျင်ကို သတိမထားဘဲ အမှုမဲ့ အမှတ်မဲ့မောင်းနှင်ခဲ့သဖြင့် ထနီးသုံးခွ မလက်တိုနားတွင် လေဆင်နှာ မောင်းမိပြီး မြုပ်သွားခဲ့သည်။ ပြန်ဆယ်မရအောင် မြုပ်သွားခဲ့သော

www.burmeseclassic.com

www.burmeseclassic.com



ရောနဒီသဘော်က ကျွန်တော့်ကို အမြဲသတိပေးနိုးဆော်သတိရစေသည်။

ကျွန်တော့်ဘဝ တစ်သက်တာတွင် မေ့ပျောက်မရနိုင်သည့်နေ့ တစ်နေ့။ ကျွန်တော် တက်မကိုင်ဘဝ ရောက်စကဖြစ်သည်။ ရေယာဉ်အုပ်က ဆရာ ဦးခင်မောင်ဦး။ ကျွန်တော်တို့ နဒီဒေဝီသဘော် တာဝန်ကျစပါး သွားဆွဲရသည့်နေ့၊ တွံတေးဝအလွန်ထိ ကျွန်တော်တို့ သဘော်နောက်က ရောနဒီ လိုက်လာခဲ့သည်။ ကဝက္ကာင်းမရောက်မီ ထင်သည်၊ ရောနဒီက ကျွန်တော်တို့ နဒီဒေဝီကို ကျော်တက်သွားသည်။ စက်အားကောင်းသည့် ရောနဒီသဘော်သည် ကျွန်တော်တို့ သဘော်နှင့် တဖြည်းဖြည်း ဝေးသွားပေပြီ။

ကျွန်တော်က ဆရာသဘော်မောင်းသည့်ဘေးမှကြည့်ရင်း လိုက်ပါခဲ့၏။

"ဟေး . . ဟိုမှာကြည့်စမ်း . . ရောနဒီကို လေဆင်နှာမောင်း ဝှေ့နေပြီ"

ဆရာက နဒီဒေဝီ၏ဦးကို လေလာရာဘက်သို့ ကျင်လည်စွာ ဦးတည်ပေးလိုက်သည်။ ထို့အတူ လေကွယ်ရာသို့ သဘော်ကို ခုတ်မောင်းနေပြီ။

ကျွန်တော် ကြက်သေ သေသလိုဖြစ်သွားသည်။ အံ့ဩလွန်းသဖြင့် အသက်ရှူနေမိသည်ပင်မထင်။ ခေါင်းထဲကျောထဲတွင် ကြက်သီးမွေးညင်းပါထသွား၏။ တကာယ့်ကို ယုံနိုင်စရာမရှိ။

ခုနလေးတင် ရောနဒီက ကျွန်တော်တို့ နဒီဒေဝီကို ဉာဉ်မှတ်သံတို နှစ်ချက်ပေးပြီး ဝဲဘက်က ဖြတ်ကျော်တက်သွားခဲ့သည်။ မိနစ်ပိုင်းအတွင်း ရောနဒီ နှစ်ထပ်သဘော်ကြီးသည် ရေဝဲကတော့ထဲတွင် သစ်ရွက်လေး တစ်ရွက်လို စုပ်ယူဝါးမျိုခံလိုက်ရပေပြီ။

မြင်ကွင်းက စက္ကန့်ပိုင်းမျှသာဖြစ်မည်ထင်သည်။ ဆရာ စမြင်ချိန်နှင့် တွက်ပါမှ မိနစ်ပိုင်းပဲ ရှိမည်ထင်သည်။ ထနီးသုံးခု



မလက်တိုနားတွင် ရောနဒီ နှစ်ထပ်သဘော်ကြီး ပျောက်ခြင်းမလှ ပျောက်သွားပြီ၊ ထူးဆန်းအံ့ဩဖွယ်ကောင်းလေစွ။

ရောနဒီသဘော်ကြီး လေဆင်နှာမောင်းဖြင့် ဖမ်းဆွဲစုပ်ယူလိုက်သည့် ရေစုပ်အားက ကျွန်တော်တို့ဆီပါ ဂယက်လာထသည်။ ကြောက်ခမန်းလိလိ၊ လေဆင်နှာမောင်းကို ကျွန်တော် ဤတစ်ကြိမ်ပဲ တွေ့မြင်ဖူးသည်။

ဆရာက ထိုလေဆင်နှာမောင်းနှင့်ပတ်သက်၍ ကျွန်တော့်ကို များစွာဗဟုသုတပေးခဲ့သည်။ လေဆင်နှာမောင်း မရောက်လာမီ ကောင်းကင်အခြေအနေ၊ ရေပြင်အခြေအနေ၊ လေတိုက်ခတ်ပုံတို့ကို အတွေ့အကြုံမှ ထုတ်နုတ်ပြီး အသည်းစွဲအောင် မှတ်သားနိုင်းခဲ့သည်။

ရောနဒီသဘော်အကြောင်းစဉ်းစားမိတော့၊ ဆရာ့အကြောင်း စဉ်းစားမိတော့၊ သဘော်မောင်းရာတွင် သတိပိုရှိလာမိသည်။ ပတ်ဝန်းကျင်ကို ပိုအာရုံပြုလာမိသည်။

ရန်နိုင်အောင်က တွံတေးဝကို လွန်ကာ တိုးမြစ်ထဲသို့ ပုံမှန်ခုတ်မောင်းနေသည်။ ကျွန်တော်ကလည်း နဒီဒေဝီကို ရန်နိုင်အောင်၏ နောက်၊ မလှမ်းမကမ်းမှ မောင်းနှင်လိုက်ပါလာခဲ့သည်။

သဘော်မောင်းရာတွင် ဆောင်းရာသီနှင့် မိုးရာသီသည် အန္တရာယ်များပါသည်။ ဆောင်းရာသီက ဆီးနှင်းများကျနေတတ်သဖြင့် တစ်စင်းနှင့်တစ်စင်း မမြင်နိုင်၍ သတိထားခုတ်မောင်းနေရသဖြင့် ခရီးမတွင်ပါ။ ဥပဒေနှင့်အညီ မမောင်းနှင်လျှင် အန္တရာယ်လည်း အလွန်များပါသည်။ မိုးရာသီလည်း ထိုနည်းအတိုင်းပင် ဖြစ်ပါသည်။ မိုးသည်းထန်စွာရွာနေလျှင်၊ လေမုန်တိုင်း ကျနေလျှင်၊ သတိထား မောင်းနှင်ရပါသည်။ သတိမထားလိုက်သည်နှင့် ဒုက္ခလှလှကြီး တွေ့ပေ တော့မည်။

ကျွန်တော်ကတော့ ဆောင်းရာသီနှင့် မိုးရာသီသာမက၊ ယခုလို

www.burmeseclassic.com

www.burmeseclassic.com



နွေနှောင်းကာလ၊ မိုးဦးလေဦးကျချိန်ကိုလည်း ကြောက်ပါသည်။ သတိထားမောင်းပါသည်။ လေနီကြမ်းနှင့် လေဆင်နှာမောင်းတို့သည် အချိန်မရွေးရောက်ရှိ ဖြစ်ပေါ်လာနိုင်သည် မဟုတ်လား။

ကျွန်တော် သတိထားမောင်းနှင်နေချိန်မှာပင် နေဝင်ရန်အားယူစ၊ အလင်းအားကောင်းချိန်၊ ကောင်းကင်သည် ချက်ချင်းမှုန်မှိုင်းလာသည်။ လေတိုက်ခတ်မှုလည်း ချက်ချင်းမြန်ဆန်စွာ ပြောင်းလဲတိုက်ခတ်လာသည်။ ချက်ချင်းပင် ကျွန်တော်သည် ရောနှီးမြုပ်သည့် ရာသီဥတုကို သတိရလာသည်။ ဟုတ်ပါသည်။

ကျွန်တော်က ရှေ့မှခုတ်မောင်းနေသော ရန်နိုင်အောင်သင်္ဘောကိုရပ်စေရန်၊ ဥဩ လေးချက်ဆွဲလိုက်ရာ ရန်နိုင်အောင်ကလည်း ဥဩပြန်ဆွဲပြီး စက်ရပ်လိုက်ပါသည်။

ကျွန်တော်က နဒီဒေဝီ ဦးကို လေလာသောဘက်ဦးလှည့်ပေးကာ လေကွယ်ရာသို့ ဦးတည်မောင်းလာခဲ့ပါသည်။ ကျွန်တော် နောက်ပြန်ကြည့်တော့ ရန်နိုင်အောင်သည် ကျွန်တော့်နောက်မှ ခုတ်မောင်းလိုက်ပါလာသည်။ လေပြင်းတိုက်ခတ်မှုပိုလာပါသည်။

လေကွယ်ရာရောက်သည်နှင့် ကျောက်ချရပ်လိုက်ပါသည်။ ရန်နိုင်အောင်လည်း ကျွန်တော်တို့ဘေးတွင် လာကပ်ကာ ကျောက်ချလိုက်ပါသည်။

မြင်ကွင်းက တကယ့်ကြောက်စရာမှ ကြောက်စရာပါ။ ရေအသစ်ပင်ကြီး တစ်ပင်ကို အမြစ်ပါဆွဲနုတ်သယ်လာပြီး၊ ရေအောက်ဝဲဂယက်ထဲသို့ လေဆင်နှာမောင်းက ဆွဲယူသွားပေပြီ။ မြစ်ပြင် တစ်ခုလုံး ပြောင်းဆန်အောင် ဖြစ်သွားပါသည်။ ကျွန်တော်တို့ သင်္ဘောနှစ်စင်းသို့ ကြီးမားသော ရေစုပ်ဝဲဂယက်ကြီးများ ရောက်ရှိလာရာ စုပ်အားကြောင့် ကျွန်တော်တို့သင်္ဘောများပင် မြုပ်ပါသွားမည် လားထင်လိုက်ရပါသည်။



သင်္ဘောနှစ်စင်းလုံးပါ ခရီးသည်များ၏ ကြောက်မက်ဖွယ်ရာ အော်ဟစ်လိုက်သံများက မြစ်တစ်ခုလုံး ပဲ့တင် ထပ်သွားပါတော့သည်။ ငိုယိုသံ ကြောက်လန့်သံတို့သည် အံတော်နှင့် တိတ်မသွားပါ။ ကြက်သီးမွေးညှင်းထစရာ ကောင်းလွန်းလှပါသည်။

ကျွန်တော်က တက်မကို ကျင်လည်စွာထိန်းကိုင်ရင်း လှိုင်းကို ဦးတည်ပေးထားလိုက်ပါသည်။ သွေးပျက်စရာ မြင်ကွင်းသည် သိပ်မကြာလိုက်ပါ။ ထိုသွေးပျက်စရာမြင်ကွင်းကြောင့် ခရီးသည်အမျိုးသမီးတိုင်း၏ နှလုံးခုန်သံကမူ ယခုထိ ရပ်ဟန်မတူသေး။ ကြောက်လန့်အော်ဟစ်သံတို့သည် ယခုထိ ဆူညံစွာဖြစ်ပေါ်လျက်ရှိသည်။ ထိုအသံများထဲတွင် လေဆင်နှာမောင်းတိုက်ခတ်မှု အထူးအဆန်း မြင်ကွင်းကို အံ့သြဘနန်း ပြောဆိုနေကြခြင်းလည်းပါပေမည်။

ရာသီဥတု ပုံမှန်အနေအထားဖြစ်သည်နှင့် ကျောက်နုတ်ကာ ခရီးဆက်ရန် လမ်းကြောင်းမှန်သို့ ဦးတည်လိုက်သည်။ ရန်နိုင်အောင်ကိုမြင့်က ကျေးဇူးတင်ကြောင်း၊ အလေးပြုသည့်သဘော လက်စုံမြှောက်ပြသည်။ သင်္ဘောဦးပိုင်းတွင်ရပ်နေသော လူငယ်တစ်ဦးက ရှင်းရင်းနှီးနှီးပြုံးပြသည်။ ကျေးဇူးတင်ကြောင်း၊ လက်ယာလက်ကို ခေါင်းပေါ်မြှောက်ပြီးငွေ့ရမ်းပြသည်။ ကျွန်တော်ကလည်း လက်ငွေ့ရမ်းပြလိုက်ပါသည်။

ထိုလူငယ်၏ အပြုံးသည် ကျွန်တော့်မျက်ဝန်းမှ နှုတ်ပယ်မရဘောတ်ပုံရိုက်ထားသလို စွဲထင်နေသည်။ သူ့မျက်နှာသည် ကြည်နူးချမ်းမြေ့ခြင်း၊ ဝမ်းသာလိုက်လှဲခြင်း၊ ကျေးဇူးတင်ဝမ်းမြောက်ခြင်းတို့ဖြင့် ပြည့်စုံထုံမွမ်းထားသည်ဟုထင်သည်။

ကျွန်တော် သူ့ကို ရင်းရင်းနှီးနှီး တွေ့ဆုံဖူးသည်ဟုထင်သည်။ ဘယ်မှာတွေ့ဆုံဖူးပါလိမ့်ဟုစဉ်းစားပေမယ့် စဉ်းစားမရ။ ရန်နိုင်အောင်က သင်္ဘောသားလားဟု စဉ်းစားမိတော့ ဆက်စဉ်းစားနေစရာမလိုတော့။ အတွေးရပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်စက်ကွင်းက ကျွန်တော်တို့ နဒီဒေဝီနှင့် ရန်နိုင်အောင် သီသီကလေးလွတ်ခဲ့၏။ လေဆင်နှာမောင်း ပထမဦးဆုံး အဝါးမျိုခံရမည့်သဘော်မှာ ရန်နိုင်အောင်သာဖြစ်သည်။ ပြီးမှ ကျွန်တော်တို့ နဒီဒေဝီသဘော်။

ကျွန်တော်က ရောနဒီအတွေ့အကြုံနှင့် ဆရာပေးခဲ့သည့် ဗဟုသုတ၊ အသင်အပြတို့ကို တစေ့စေ့ ပြန်လည်အောက်မေ့ပြီး ဆရာ့အားရည်မှန်းကာ လက်စုံမိုး၍ ရှိခိုးပူဇော်လိုက်ပါသည်။ ကိုတင်အောင်အား ဝင်မောင်းခိုင်းပြီး ကျွန်တော်သည် နေ့စဉ်မှတ်တမ်းစာအုပ်ကို ကောက်လှန်လိုက်၏။

စောစောက ကြောက်စရာ့မြင်ကွင်း လေဆင်နှာမောင်း အန္တရာယ်စက်ကွင်းကို မှတ်တမ်းတင်ရဦးမည် မဟုတ်ပါလား။

❀ ❀ ❀ ❀ ❀ ❀

# အပိုင်း (၄)

## (တစ်ဆယ့်ငါး) နွေ နေ့လယ်ခင်း၊ နေမွန်းတည့်ချိန်

မျက်စိမှားစရာအကြောင်းမရှိ။

ကျွန်တော်သည်၊ နွေနွေညညး နဒီဒေဝီကို မောင်းနှင်နေသူပဲ။ မျက်စိလျှင်နေသည့် ရေယာဉ်အုပ်တစ်ယောက်ပဲ။ မြကို မျက်စိဖြင့် တပ်အပ်မြင်လိုက်ရပါလျက် မြခွင့်ယူထားသည်ဟု သူနာပြုဆရာမ တစ်ဦးကထွက်ပြောသည်။ သူမကို ကျွန်တော်မသိ။ သရဖီတို့လို ရင်းနှီးသော ဆရာမများနှင့်ဆိုလျှင် ဆရာမများ နားနေခန်းထဲထိ လိုက်ရှာမိမည်ဖြစ်သည်။ ခုတော့ ကျွန်တော် မေးတာကို ဝတ္တရားကျေဖြေပြီး ထိုဆရာမသည် ထိုအခန်းထဲဝင်သွားခဲ့လေပြီ။ သူမ၏ ရှုံ့တိုးရှုံ့တန့် အမူအရာကိုကြည့်ခြင်းအားဖြင့် မြ သင်ပေးသည့်အတိုင်း ပြောသည်မှာ ထင်ရှားသည်။

ကျွန်တော်သည် ပြင်စလူမှပြန်ရောက်ရောက်ချင်း၊ နဒီဒေဝီပေါ်မှ အပြေးဆင်းလာခဲ့၏။ သည်တစ်ခေါက် ပြင်စလူ၌ ဆယ်ရက်ကြာခဲ့၏။ ချောဆွဲခံရ၍ လပွတ္တာမှ ပုသိမ်ထိရောက်ခဲ့ရသည်။ အရေးထဲ အရာ... ဆိုသကဲ့သို့ မြနှင့် တွေ့ချင်လွန်းခါမှ ခရီးရှည်ရသည်။ ရန်ကုန်ရောက် တော့မနေနိုင်၊ အရေးပေါ်တွင် ဦးစွာဝင်စုံစမ်းသည်။ ကျွန်တော်မသိသော ဆရာမတစ်ဦးက ငါး၊ ခြောက်မှာဟု ပြောသည်။ ကျွန်တော် ငါး၊ ခြောက် သို့ပြေးခဲ့၏။ ငါး၊ ခြောက်အတွင်းလမ်းအတိုင်း ဝင်လာကတည်းက

www.burmeseclassic.com

www.burmeseclassic.com



တာဝန်ကျဆရာမများ ရုံးခန်းရှေ့တွင် မြကို အခြားဆရာမတစ်ဦးနှင့် စကားရပ်ပြောနေသည်ကို ကျွန်တော် လှမ်းမြင်လိုက်၏။ ကျွန်တော်က ပထမ မြ`` ဟု လှမ်းခေါ်မည်ပြုသေး၏။ နောက်မှ ခုတင်တွေပေါ်က လူနာတွေကိုမြင်မိပြီး ဆေးရုံပေါ်မှာဟု သတိရလာသည်။ ထို့ကြောင့် လှမ်းမခေါ်တော့ဘဲ အပြေးကလေး လျှောက်လာလိုက်၏။

ကျွန်တော်နှင့် မျက်နှာချင်းဆိုင်တွင် ဆရာမတစ်ဦးနှင့် ရပ်စကားပြောနေသော မြသည် ခေါင်းအမော့လိုက်တွင် ကျွန်တော့်ကို တွေ့သွား၏။ ကျွန်တော့်ကိုလက်မြှောက်ပြပြီး ကျွန်တော့်ထံပြေးလာလိမ့်မည်ဟု ထင်ခဲ့၏။ ကျွန်တော့်အထင် ကျွန်တော့်အတွေးပင် ဆုံးမည် မထင်သေး၊ သူမသည် ဖျတ်ခနဲ အခန်းတွင်းသို့ ဝင်သွား၏။

သူမ၏ အပြုအမူကြောင့် ကျွန်တော်၏ ခြေလှမ်းတို့သည်ပင် အလိုလို တုံ့ခနဲဖြစ်သွား၏။ ချက်ချင်းအခန်းထဲမှ ပြန်ထွက်လာလိမ့်မည် ဟု ပထမ ကျွန်တော်ထင်ခဲ့၏။ ထိုအခန်းရှေ့ ကျွန်တော်ရောက်သည့်တိုင် မြ့အရိပ်အယောင်မတွေ့ရ။ ကျွန်တော့်ရင်ထဲတွင် ရေမရှိသော သဲတွင်း ပျက်ကို တွေ့လိုက်ရသည့် ရေငတ်နေသူလို စိတ်ပျက်ဝမ်းနည်းလာ မိသည်။ ကြေကွဲစွာ ခံစားလာရတော့ ငိုချင်သလိုပင် ဖြစ်လာသည်။

မြသည် ကျွန်တော့်ကို အဘယ်ကြောင့် မတွေ့လိုပါတော့ သနည်း။ အဘယ်ကြောင့် ရှောင်တိမ်းနေပါသနည်း။ ကျွန်တော့်ကို စိမ်းသွားပြီလား။ မုန်းသွားပြီလား။ ပြင်စလူသို့ သင်္ဘောထွက်သည့်နေ့က မြလာပြီးခေါ်သည်ကို ကျွန်တော် မသွားခဲ့၍လား။ ဤကိစ္စကြောင့် စိတ်ခု စိတ်ကောက်ပြီး ရှောင်ဖယ်ဖယ် လုပ်နေလျှင်တော့ မြသဘော ပေါက်အောင်၊ နားဝင်အောင်ရှင်းပြဖို့ ကျွန်တော့်မှာ တာဝန်ရှိလာပြီကို တွေးမိ၏။

ပေကပ်ရပ်နေမိသော ကျွန်တော်သည် နောက်ဆုံးတော့ တပ်ခေါက်ပြန်ခဲ့ရသည်။ နဒီဒေဝီသို့ ပြန်လာရင်း ဆရာမလေးပြော



သလို ''တကယ်များ မြခွင့်ယူထားလေသလား '' ဟု စဉ်းစားမိပြန်တော့ တပ်အပ်မြင်ခဲ့သော ယုံကြည့်မှုရှိသည့် မိမိမျက်လုံးကိုပင် အယုံအကြည်မဲ့ကာ သံသယဝင်လာမိပြန်သည်။

ချက်ချင်းပင် နဒီဒေဝီသို့လှည့်နေသော ခြေလှမ်းများကို ဒလ ဘက်သို့သွားရန် စဉ့်အိုးတန်းသမ္ဗန်ဆိပ်သို့ ဦးတည်လိုက်၏။

စဉ့်အိုးတန်းဆိပ်ကမ်းတွင် သမ္ဗန်စောင့်ရသည်မှာလည်း ကြာ သည်ဟု ထင်မိ၏။ စဉ့်အိုးတန်းမှ ကမာကာသွယ်အကူးတွင်လည်း စက်တပ်သမ္ဗန်ကို လက်ခတ်သမ္ဗန်ဟု ထင်မိ၏။ သမ္ဗန်ကပ်သည်နှင့် မြ့အိမ်သို့ အပြေးထွက်လာခဲ့၏။

မြ၏အိမ်သည် တံခါးသော့ခတ်ထား၏။ ကိုစိုးဝေတို့အိမ်လည်း တံခါးသော့ခတ်ထား၏။ ဆရာမလေးပြောလိုက်သည့် စကားသည် မှန်နေလေပြီလား။ မြသည် ခွင့်ရက်ရှည်ယူပြီး ကိုစိုးဝေနှင့် မြန်မာပြည် အနှံ့ ပျားရည်ဆမ်းခရီး ထွက်နေလေသလား။

သည်သို့တွေးမိတော့ အောင်နိုင်သူ ကိုစိုးဝေ၏ မျက်နှာက အာရုံတွင်ပေါ်လာသည်။ ဟုတ်ပါသည်။ ရန်နိုင်အောင် ဦးပိုင်းတွင် ရယ်ရယ်ပြုံးပြုံးတွေ့လိုက်သူသည် ကိုစိုးဝေမှန်း ခုမှကျွန်တော် သတိရ လာသည်။

သည်သို့ဆိုလျှင် ရန်နိုင်အောင်ပေါ်၌ မြပါမည်မချွတ်။ ကိုစိုးဝေနှင့် မြတို့သည် ဘယ်ကို ပျားရည်ဆမ်းခရီးထွက်မှာပါလိမ့်။ ရန်နိုင်အောင် သည် ကဒုံသို့ ပြေးဆွဲသည့်ရေယာဉ်၊ ကဒုံကနီ သွားကြမည်လား။ ပင်လယ်လေ ရှူကြမည်လား။ ပင်လယ်ရေချိုးကြမည်လား။

ကျွန်တော့်ရင်ထဲတွင် နွေနွေလယ်ခင်း နေမွန်းတည့်ချိန်ဖြစ် နေပုံလား။

www.burmeseclassic.com

www.burmeseclassic.com



## (တစ်ဆယ့်ခြောက်) ဘယ်တွက်ကြောင့်မုန်း

"မြ"

ကျွန်တော်က လှမ်းခေါ်လိုက်သော်လည်း မြသည် ဆေးဖော်ကြောဖက်မလုပ်။ လက်ဆွဲခြင်းကို ဆွဲပြီး ဘက်(စ်)ကားပေါ်သို့ ဗွေ့ခနဲတက်သွား၏။ နောက်တစ်ချက် ပြန်လှည့်မကြည့်။ ကျွန်တော် လမ်းဖြတ်ကူးပြေးလိုက်ပေမယ့် ကားစထွက်နေပြီမို့ မမီလိုက်တော့။

ကျွန်တော်သည် မြကိုလှမ်းမြင်လိုက်၍ ကမ်းနားလမ်းကို ဖြတ်ကူးမည့်အလုပ်တွင် ကားတွေ အသွားအလာရှုပ်နေ၍ ရပ်နေစဉ် ဘက်(စ်)ကား ထိုးရပ်လာပြီး မြ ပါသွားခြင်းဖြစ်သည်။

ကျွန်တော်သည် ဒလမှ ပြန်လာသည့်ညတွင် ကိုစိုးဝေနှင့်မြတို့၏ ပျားရည်ဆမ်းခရီးအကြောင်းကို တစိမ့်စိမ့် စဉ်းစားခဲ့၏။ ထိုသို့စဉ်းစားမိခါမှ ရန်နိုင်အောင်ပေါ်တွင် မြပါမသွားသည်ကို စဉ်းစားလာမိသည်။ ရန်နိုင်အောင်ပေါ်တွင်သာ ကိုစိုးဝေနှင့်အတူ ပျားရည်ဆမ်းခရီးထွက်ရိုးမှန်ပါက ကြားလေသွေးတာကိုပင် ဝေးသည်ဟု ထင်တတ်ချိန်မို့မည်သည့်အကြောင်းနှင့်မျှ တကွဲတပြား ခွဲမနေနိုင်။ လေဆင်နှာမောင်းအဖျားခတ်ချိန်တွင် မြသည် ကိုစိုးဝေ၏ရင်ခွင်ထဲ၌ ပိုး၍နေပေဦးမည်။ သီတာဦး၏ ပြောပြချက်အရလည်း မိခင်ဆေးရုံတက်နေသောမြသည် အဘယ်ပျားရည်ဆမ်းခရီးကို ထွက်နိုင်ပါအံ့နည်း။

သည်သို့ဆိုလျှင် မြသည် ရန်ကုန်၌ မလွဲမသွေရှိရမည်။ မနက်က ဆေးရုံကြီး အခန်း ၆၊ ခြောက်၌ တွေ့ခဲ့ရသော မြသည်ကေန် မြအစစ်ဖြစ်မည်ဟု စဉ်းစားမိသည်။ ထို့ကြောင့် မိုးမြန်မြန်လင်းပါစေဟု ညကဆုတောင်းခဲ့မိ၏။ မနက် ၅ နာရီတွင် ဆေးရုံကြီးပြေးခဲ့သည်။ မြကို ဆေးရုံကြီးအနှံ့ ရှာခဲ့သည်မတွေ့။

အသိဆရာဝန်တွေ ဆရာမတွေလည်း မတွေ့တော့။ စုံစမ်းရခက်နေသည်။ ဆေးရုံကြီးသို့ ကျွန်တော်မရောက်တာကြာခဲ့ပြီပဲ။



ဒေါက်တာ အေးမာသိန်းနှင့် စသိကျွမ်းသည့်နောက်တစ်နေ့မှစပြီး မြအမိန့်အရ ဆေးရုံကြီး မလာရတော့သည်မှာ ကြာပြီပဲလေ။ သရဖီတို့ဒေါက်တာ အေးမာသိန်းတို့ အခြားဆေးရုံသို့ပြောင်းသွားကြပြီလား။ ခွင့်ယူထားကြလေသလား။

ကျွန်တော်သည် စိတ်ပျက်လက်ပျက်ဖြင့် ဆေးရုံကြီးမှ ပြန်ထွက်လာစဉ် အရေးပေါ်အဝ၌ ဆေးရုံထဲဝင်လာသော ဒေါက်တာအေးမာသိန်းကိုတွေ့လိုက်ရသည်။ ဒေါက်တာအေးမာသိန်းက ပျောက်ချက်သားကောင်းနေသောကျွန်တော့်ကို အပြစ်ဆိုသည်။

ကျွန်တော်က မြနှင့်ကျွန်တော်ဖြစ်ဖြစ်သမျှ ကိစ္စအဝဝကိုယခုအခြေအနေထိရှင်းပြလိုက်သည်။ ကျွန်တော့်အပေါ် အဘယ့်ကြောင့်စိမ်းစိမ်းကားကား ရှောင်တိမ်းရသည့်အကြောင်းကို သိလိုကြောင်းနှင့်မြနှင့်ကျွန်တော်အဆင်ပြေသွားအောင် အကူအညီပေးဖို့ ဒေါက်တာအေးမာသိန်းအား မမချင်း မိုးမွှန်အောင်ပြောပြီး အကူအညီတောင်းမိသည်။

ဒေါက်တာ အေးမာသိန်းက မြအမေဆုံးသည့်အကြောင်း၊ မြစိတ်ထိခိုက်နေသည့်အကြောင်း၊ မြ စိတ်ထိခိုက်ပြီး မတွေ့လိုသည့်အချိန် ဖွတ်တရွတ်မတွေ့သင့်ကြောင်း၊ အထူးသဖြင့် ဆေးရုံကြီး၌တာဝန်ထမ်းဆောင်ချိန်တွင် ဖွတ်တရွတ်မလုပ်သင့်ကြောင်း၊ မြ စိတ်ကိုသိသဖြင့် တာဝန်ဝတ္တရား နှောင့်ယှက်မှုဖြင့် အမှုဖွင့်လိုက်လျှင်၊ အားလုံးရှုပ်သွားနိုင်ကြောင်း၊ အခြားအပြင်တစ်နေရာရာက စောင့်တွေ့သင့်ကြောင်း အကြံပေးသည်။

ဒေါက်တာ အေးမာသိန်း ပြောမှ မြ အမေ ကွယ်လွန်ကြောင်းကျွန်တော်သိရသည်။ ကျွန်တော် မြနှင့်ထပ်တူ၊ ကြေကွဲစွာခံစားရပါသည်။ မြလေး၊ ရွှေကြာခိုင်ကို နေထောင်ပြုံင်ခ၊ ခံစားနေရသည်ကိုကျွန်တော်မသိ။ တစ်ပူပေါ်နှစ်ပူဆင့်ချင်စိတ်ပင် ကုန်သွားသည့်သို့ပေမယ့်ကျွန်တော်ရင်ထဲမှာလည်း မီးတောင်ပေါက်ကွဲနေသည်ဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ဒေါက်တာ အေးမာသိန်းကိုနှုတ်ဆက်ပြီး စဉ့်အိုးတန်း သမ္ဗန်ဆိပ်မှပင် သွားစောင့်ခဲ့သည်။ မြနှင့်ပတ်သက်လာတော့ ရှက်ရကြောက်ရမှန်းမသိတော့။ ဆာလျှင် စဉ့်အိုးတန်း ရဲကင်းနောက်မှ စားသောက်ဆိုင်တွင်ဝင်စားရင်း မြကို ရှာဖွေခဲ့သည်။ ည ရှစ်နာရီသာထိုးသွားသည်၊ မြကပေါ်မလာ။ နောက်ဆုံးတော့ ဝမ်းနည်းကြေကွဲခြင်းများစွာဖြင့် နဒီဒေဝီသို့ ပြန်လာခဲ့ရသည်။ သီတာဦးက ကျွန်တော်ပြန်အလာကိုစောင့်ပြီး ထမင်းအတူစားသည်။ မြ စိတ်ကြောင့် ကျွန်တော် ထမင်းစားမဝင်။ နဒီဒေဝီတွင်လည်း ကျွန်တော့် တာဝန်ဝတ္တရားတွေ ပျက်ကွက်မှုများလာပြီ။ ကိုတင်အောင်၊ ကိုဝင်းမောင်၊ ကိုကိုမောင်တို့ကိုပဲ အပူကပ် အားကိုးနေရသည်။ ကျွန်တော်ချစ်သော နဒီဒေဝီကိုပင် စိမ်းသလိုဖြစ်နေသည်။

ဆေးရုံသို့ သွားလိုပေမယ့် ဒေါက်တာ အေးမာသိန်းစကားနားထောင်ပြီး ဆေးရုံမသွားတော့ဘဲ မနက်(၄)နာရီကတည်းက စဉ့်အိုးတန်း သမ္ဗန်ဆိပ်ထွက်လာခဲ့သည်။ မြကို ရှာဖွေစောင့်စားနေခဲ့သည်။ မနက် (၁၀) နာရီလောက်တွင် ဆေးရုံကြီးပြေးပြီး ဒေါက်တာ အေးမာသိန်းကိုရှာသေးသည်။ ရှာမတွေ့ခဲ့။ စဉ့်အိုးတန်း ဆိပ်ကမ်းမှပင် မြကို စောင့်ရှာခဲ့သည်။ ည (၈) နာရီသာထိုးပြီး သမ္ဗန်ဆိပ်ပိတ်သွားသည်။ မြကိုမတွေ့။ ဝမ်းနည်းပက်လက်ဖြင့် နဒီဒေဝီသို့ ပြန်ခဲ့ရပြန်သည်။ သီတာဦးက ထုံးစံအတိုင်း ထမင်းစားဖို့စောင့်နေသည်။ သီတာဦးက ထမင်းအတူစားရင်း ကျွန်တော့်ကို ဆွေးဆွေးမြှေးမြှေး ကြည့်သည်။ ကျွန်တော် ဝေဒနာတွေကို သူမက နားလည်နေသည်လား။

မနက်အိပ်ရာမှနိုးသည်နှင့် စဉ့်အိုးတန်းဆိပ်ပြေးရန် နဒီဒေဝီမှ အဆင်းတွင် ပြင်စလူမှလိုက်လာသော စိုးထိုက်တို့နှင့်တွေ့သည်။ စဉ့်အိုးတန်းသမ္ဗန်ဆိပ် မသွားဖြစ်တော့။ စိုးထိုက် အဖေ အမေပါလာသည်။ သူတို့ သီတာဦးကို လာတောင်းခြင်းဖြစ်သည်။ သူတို့ဆန္ဒအတိုင်း၊ ဆိပ်ကမ်း မြို့နယ်တရားရုံးသို့လိုက်ပို့ပြီး၊ လက်ထပ်ပေး



လိုက်သည်။ သူတို့ သီတာဦးကို ပြင်စလူသို့ခေါ်သွားမည်။ တိုမှာ လက်ထပ်မင်္ဂလာပွဲလုပ်ဦးမည်တဲ့။ ကြိုက်သလိုလုပ်ကြ။ ကျွန်တော့် ခေါင်းပေါ်မှအထုပ်ကြီးတစ်ထုပ်ကျသွား၍ ဝမ်းသာမိသည်။ တရားရုံးမှ ပြန်လာပြီး စဉ့်အိုးတန်းသမ္ဗန်ဆိပ်တွင် ညနေ (၄) နာရီထိုးသည့်အထိ စောင့်ပေမည့် မြပေါ်မလာ။ ကျွန်တော် ဆေးရုံကြီးသို့သွားပြီး မြကို ရှာလိုစိတ်က တားမနိုင် ဆီးမရတော့။ ကျွန်တော် ဆေးရုံကြီးပြေးပြီး ငါး၊ ခြောက်တွင် မြနှင့် ဒေါက်တာ အေးမာသိန်းကို အရင်ရှာသည်။ မတွေ့။ ဆေးရုံကြီး အပေါ်ဆုံးထပ်ထိ တက်ရှာသည်မတွေ့။

ကျွန်တော် အရေးပေါ်ပြန်လာပြီး မြနှင့် ဒေါက်တာ အေးမာသိန်းကို ရှာသည်။ အစအန အရိပ်အခြည်ပင်မတွေ့။ ကျွန်တော်သည် စိတ်ဓာတ်ကျကာ ခြေကုန်လက်ပန်း၊ ခေါင်းငိုက်စိုက်ဖြင့် အရေးပေါ်မှ ထွက်လာခဲ့သည်။

"ဟော့ ... မောင်ညို"

အသံလာရာဆီကြည့်မိတော့ စပရင်တာကားလေးထဲမှ ဒေါက်တာ အေးမာသိန်းကိုလှမ်းတွေ့ရသည်။ ဒေါက်တာအေးမာသိန်းကကားလေးကို လမ်းမတော်လမ်းမပေါ်သို့မတက်တော့ဘဲ ဆေးရုံဝင်းထဲ ပြန်ဆုတ်နေသည်။ ကျွန်တော် ဒေါက်တာအေးမာသိန်းဆီသို့ပြေးသွားခဲ့၏။ ဒေါက်တာ အေးမာသိန်းက လွတ်ရာတွင် ကားရပ်ပြီး ကားထဲမှ ထွက်လာသည်။

"မမလည်း ငါ့မောင်ကို တွေ့ချင်နေတာနဲ့ အတော်ပဲ .. မြက ငါ့မောင်ကို ခါးခါးသီးသီး မုန်းနေတာကွဲ့၊ ငါ့မောင်နဲ့ တွေ့တယ်လို့ ပြောလိုက်တာနဲ့ "သင်း အကြောင်းမကြားချင်ဘူး ဒေါက်တာ" လို့ ပိတ်ပြောတယ် .. မမက ချော့မော့မေးတော့မှ သူခံစားနေရတာတွေ ဖွင့်ပြောတာ"

"ဘာတဲ့လဲ မမရယ် .. ကျွန်တော့်ကို ဘာကြောင့်ဒီလောက်ထိ မုန်းနေရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မမ ပြောပြပါ့မယ် .. သင်္ဘောသားကို သူ့အထင်မကြီးတော့ဘူးတဲ့၊ သူ့အမေ မသေခင်ကပြောသွားတဲ့စကားတွေက သွေးထွက်အောင်မှန်တယ်တဲ့ .. ငါ့မောင်ဟာ သူတော်ယောင်ဆောင်နေတဲ့ ကြောင်တဲ့ .. မင်းသားခေါင်းစွပ်ထားတဲ့ ဘီလူးတဲ့"

"မမရယ် .. ကျွန်တော် မဟုတ်တာ ဘာတွေလုပ်လို့လဲ .. ကျွန်တော် ဘာတွေဟန်ဆောင်နေလို့လဲ မေးပေးစမ်းပါ မမရယ်"

"ငါ့မောင်ကို အသက်နဲ့ထပ်တူ သူမြတ်နိုးခဲ့တာပါတဲ့ .. ငါ့မောင်ဟာ ယောကျ်ားမပီသဘူးတဲ့ .. သူ့အမေက ကိုစိုးဝေနဲ့ ပေးစားမယ်လို့ပြောလိုက်တာနဲ့ သူ့ကို ရှောင်ရှားသွားခဲ့သတဲ့ .. ဖွဲမရှိတဲ့ ယောကျ်ားကို သူ့အထင်မကြီးတော့ဘူးတဲ့"

"မမရယ် .. ကျွန်တော့်အကြောင်းစုံကိုလည်း မမကို ပြောထားပြီးသားပဲ .. ကျွန်တော့်စေတနာ၊ ကျွန်တော့်မေတ္တာကို မြ နားမလည်ဘူးနော် .. ကျွန်တော် အရမ်းဝမ်းနည်းတယ် မမရယ်"

"မမလည်း ငါ့မောင်ပြောထားလို့ ငါ့မောင်ဘက်က အခြေအနေတွေ ပြောပြလိုက်ပါတယ်"

"သူက ဘာပြန်ပြောသလဲ မမ"

"အဲဒါလောက်ထိ သူခွင့်လွှတ်နိုင်ပါသတဲ့ .. သူခွင့်မလွှတ်နိုင်တာက ကြောင်သူတော်ဆိုပြီး ယိုတော့ ကြွက်မွေးတွေ တွေ့လိုက်ရတဲ့ ကိစ္စပဲတဲ့၊ ငါ့မောင်"

"ဗျာ .. ကျွန်တော် ဘာမှနားမလည်တော့ဘူး .. ကျွန်တော် နားလည်အောင် ရှင်းပြပါဦး မမရာ"

"ငါ့မောင်က သူ့အပေါ် စိမ်းကားသွားပေမယ့် သူမစိမ်းနိုင် မမေ့နိုင်ဘူးတဲ့ .. သူ့အမေဆေးရုံတက်ထားရတဲ့ ရက်တွေတုန်းကလည်း နေ့တိုင်းမျှော်ခဲ့တယ်တဲ့ .. ငါ့မောင်က ပေါ်မလာဘူးတဲ့"

"ကျွန်တော် တကယ်မသိလို့ပါ မမရယ် .. မြ မေမေ ဆေးရုံတက်နေမှန်းသိရင် ကျွန်တော်မလာဘဲနေပါ့မလား .. မြ မေမေက ဘာရောဂါနဲ့ဆုံးတာလဲဟင်"



"ကင်ဆာပေါ့ .. သူ့အမေက သူ့နဲ့ ကိုစိုးဝေကို မသေခင် လက်ထပ်ပေးမယ် .. သွားခေါ်ပါခိုင်းတော့ သူငါ့မောင်ဆီ အရင်ပြေးခဲ့တာတဲ့ .. သူ့အမေ မသေခင် နောက်ဆုံးအကြိမ်အနေနဲ့ သူနဲ့ ငါ့မောင် လက်ထပ်ခွင့်ပေးဖို့ ငါ့မောင်ကိုတောင်းပန်ခိုင်းမလို့ပေါ့"

"နာလိုက်တာ မမရာ .. မြလာတယ်ဆိုတာတောင် တွံတေးတူးမြောင်းထဲရောက်မှ ကျွန်တော် သိရတာ .. ကျွန်တော်နဲ့တွေ့လိုက်ရင် အကောင်းသား .. မြ မေမေကို ကျွန်တော် အသနားလာခံလိုက်ရင် သေခါနီးဆိုတော့စိတ်လျှော့ပြီး ခွင့်ပြုချင် ခွင့်ပြုမှာ မဟုတ်လား မမ"

"အင်း .. ဒါလည်း ပြောလို့မရဘူးလေ .. လူဆိုတာ နောက်ဆုံးနေ့ ရောက်ရင် အစိုင်အခဲတွေ အရည်ပျော်တတ်ကြတာပဲ .. ခွင့်လွှတ်လာ တတ်ကြတာပဲဟာ"

"ကိုစိုးဝေရော ဆေးရုံရောက်လာသလား မမ"

"ရောက်မလာပါဘူး .. ခရီးထွက်သွားလို့ရောက်မလာပါဘူး။ ဒါပေမဲ့ ကိုစိုးဝေအစ်မရှေ့မှာပဲ သူ့ကို ကိုစိုးဝေနဲ့ လက်ထပ်ပေးဖို့မှာပြီး အသက်ထွက်သွားသတဲ့ငါ့မောင်"

"နာလိုက်တာဗျာ .. သွားပြီပေါ့ .. ကျွန်တော့်ဘဝ သွားပြီပေါ့ မြနဲ့ ဝေးပြီပေါ့ .. ကျွန်တော် မြနဲ့ အဆက်အသွယ်မလုပ်မိတာ ကျွန်တော်မှားတာပဲ၊ ကျွန်တော့်ကို လာရှာလို့ မတွေ့တော့ မြ စိတ်နာသွားရောပေါ့"

"ငါ့မောင်ကို မတွေ့လို့ စိတ်နာနေတာမဟုတ်ဘူး ငါ့မောင် .. သူ ငါ့မောင် သင်္ဘောရောက်တော့၊ ငါ့မောင်အခန်းထဲကထွက်လာတဲ့ ထဘီရင်ရှားနဲ့ ချောချောလှလှ မိန်းကလေးတစ်ယောက်ကိုတွေ့တယ်တဲ့ .. ငါ့မောင်ရှိသလားလို့မေးတော့ .. ကြောင်တောင်တောင်ကြည့်ပြီး မေးတာမဖြေဘဲ အခန်းထဲပြန်ဝင်သွားသတဲ့"

ကျွန်တော့်နဖူးကို ကျွန်တော် လက်ဝါးဖြင့် ရိုက်လိုက်မိသည်။ "သွားပါပြီ" ဟုလည်း ညည်းလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



''သူက အခန်းထဲဝင်ကြည့်မယ်လုပ်တော့၊ အဲဒီမိန်းကလေးက အပေါက်ဝထွက်လာပြီး ရှုံးသွားတယ်လို့ပြောလိုက်သတဲ့။ သူလည်း အသားတွေ ဆတ်ဆတ်တုန်ပြီး ဆေးရုံရောက်အောင် မနည်း ပြန်ခဲ့ရသတဲ့ကွယ်''

ရင်ထဲတွင် ကြေကွဲဆို့နင့်စွာ မချိမဆံ့ခံစားလာရတော့ ကျွန်တော့် မျက်ဝန်းတွင် မျက်ရည်ငွေ့တွေ ဝေ့တက်လာသည်။ သီတာဦးကိုလည်း မကျေမနပ်ဖြစ်လာမိသည်။ မြမေးတာတန်းမဖြေဘဲ ဘာလို့ အခန်းထဲ ဝင်သွားရပါလိမ့်။

ကျွန်တော်က ဒေါက်တာအေးမာသိန်းအား ကျွန်တော့် ကျေးဇူးရှင် ဆရာ့သမီး သီတာဦးအကြောင်း၊ အသေးစိတ် ပြောပြလိုက်သည်။

''အင်း ။ ။ ငါ့မောင်ဇာတ်လမ်းက ရုပ်ရှင်ရိုက်ဖို့ကောင်းနေပြီ အဲဒီ ကလေးမလေး ပြန်သွားပြီလား''

''ခုညနေ သင်္ဘောနဲ့ ပြန်သွားပြီထင်တယ်၊ တရားရုံး လိုက်ပို့ပြီးတဲ့နောက် နဒီဒေဝီကို ကျွန်တော် ပြန်မရောက်သေးဘူးမမ''

''အေးလေ ။ ။ မမလည်း မြကို သေချာရှင်းပြပါဦးမယ် ။ ။ ငါ့မောင် ခုဘယ်သွားမှာလဲ''

''စဉ့်အိုးတန်းဆိပ်ကမ်းသွားမယ် မမ''

''မမက ရွှေတောင်တန်းအောက်လမ်းမှာနေတာ ။ ။ အဲဒီအထိ တော့ရောက်မယ် လိုက်ခဲ့''

ကျွန်တော် ဒေါက်တာအေးမာသိန်း ကားဖြင့် လိုက်လာခဲ့သည်။ လမ်းတွင် စကားမဆိုဖြစ်ကြ။ အတွေးကိုယ်စီဖြင့် လိုက်ပါလာခဲ့ကြသည်။ ကျုံးကြီးလမ်းမှ ရွှေတောင်တန်းအောက်လမ်းထိ မောင်းလာခဲ့သည်။ ဒေါက်တာ အေးမာသိန်းအိမ်ရှေ့တွင် ကားရပ်တော့ နှုတ်ဆက်ပြီး ကမ်းနားလမ်းဆီ ထွက်လာခဲ့သည်။



သီတာဦးကိစ္စ ကျွန်တော်ကိုယ်တိုင် မြကို ရှင်းပြချင်သည်။ ကျွန်တော်သည် နဒီဒေဝီသို့ မပြန်သေးဘဲ စဉ့်အိုးတန်း သမ္ဗန်ဆိပ်သွားရန်၊ ကမ်းနားလမ်းအတိုင်း လျှောက်လာခဲ့သည်။

ကျွန်တော့်မျက်လုံးကိုပင် ကျွန်တော်မယုံနိုင်တော့။ မြသည် လက်ဆွဲခြင်းလေးကိုင်ပြီး ညောင်ပင်လေးဈေးရှေ့ရှိ ကားမှတ်တိုင်တွင် ကားစောင့်နေသည်။ ကျွန်တော့်ရင်ထဲတွင် ကြေကွဲစွာ ခံစားလာရပြန်ပြီ။ ကျွန်တော် စဉ့်အိုးတန်းသမ္ဗန်ဆိပ်တွင် နေ့တိုင်းစောင့်နေမှန်းသိသဖြင့် ကျွန်တော့်ကို မမြင်လို၊ မတွေ့လိုသဖြင့် ပန်းဆိုးတန်းဆိပ်ကမ်းမှ သင်္ဘောဖြင့် ပြန်ခြင်းဖြစ်ပေလိမ့်မည်။ ခရီးတောင့်၊ ခရီးဖင့်သည့်အပြင် ခြေကျင် အကြာကြီးသွားရသည့်လမ်းကို ရွေးပြီး သွားနေရှာသော မြကိုကြည့်ပြီး ''အမုန်းကြီးလှချည့်လား မြရယ်'' ဟု ညည်းမိသည်။

မြကရှောင်ပေမည့် မြကို တွေ့ချင်သည်၊ ကျွန်တော် မနေနိုင်တော့ ''မြ'' ဟု လှမ်းခေါ်ပြီး ကမ်းနားလမ်းဖြတ်ကူးပြီး ပြေးလိုက်ပေမယ့် မြစီးသွားသည့်ကားကို မမီလိုက်တော့၊ ချက်ချင်းဆိုသလို ဘတ်(စ်)ကား တစ်စီးထိုးဆိုက်လာ၍ ကျွန်တော်တက်လိုက်ခဲ့သည်။

ကျွန်တော်သည် ပန်းဆိုးတန်းမှတ်တိုင်မှာဆင်းပြီး၊ ပန်းဆိုး တန်းဆိပ်ကမ်းသို့ပြေးခဲ့၏။ လက်မှတ်ဝယ်နေစဉ်မှာပင် သင်္ဘောက ဥသြဆွဲ၍ ကမ်းမှခွာသည်။ ကျွန်တော် ဆိပ်ခံဇောဆီ ပြေးသွားပေမယ့် မမီတော့ပါ။ သင်္ဘောအပေါ်ထပ်တွင် မြကို တွေ့လိုက်ရသည်။

ကျွန်တော်သည် နောက်သင်္ဘောဖြင့် ဒလသို့ကူးခဲ့၏။ ဒလ ရောက်တော့ မှောင်စပြုနေပြီ။ ကမာကသွယ်သမ္ဗန်ဆိပ်ရောက်အောင် ကုန်းပေါ်လမ်းမှ ဟိုလူ့မေး သည်လူ့မေးဖြင့် ခရီးဖင့်စွာလာခဲ့ရသည်။

မြတို့အိမ်ရောက်တော့ တစ်အိမ်လုံး မှောင်နေသည်။ ဓာတ်မီးခြစ် ခြစ်ပြီး အိမ်တံခါးကို ကြည့်မိ၏။ တံခါးသော့ခတ်ထားသည်ကို တွေ့ရ၏။

ကျွန်တော် ကိုစိုးဝေတို့အိမ်တွင် စုံစမ်းရန် လှည့်လာခဲ့သည်။ ကံကောင်းသည်။ ညှော်ခန်း၌ ကိုစိုးဝေကိုတွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



''ဘယ်သူ့ကို တွေ့ချင်လို့လဲ''

ကိုစိုးဝေသည် ဆက်တီမှ ထလာကာ လှမ်းမေး၏။

''ကိုစိုးဝေ . . ကျွန်တော့်ကို မမှတ်မိဘူးလား ညိုမြင့်ပါ''

''ဩော် . . ဟုတ်ပြီ . . ဟုတ်ပြီ လာဆရာ၊ ကျွန်တော် ဇဝေဇဝါ ဖြစ်နေတာ ဆရာက နဒီဒေဝီက ရေယာဉ်အုပ်နော်''

ကျွန်တော်က ကိုစိုးဝေ၏ အနားမှဆက်တီတွင် ဝင်ထိုင်လိုက်သည်။

''ဟုတ်ပါတယ် ကိုစိုးဝေ၊ ကျွန်တော်လည်း ရန်နိုင်အောင်ပေါ်မှာ ကိုစိုးဝေကို တွေ့တုန်းက ကိုစိုးဝေမှန်းမသိခဲ့ဘူး။ နောက်မှသိခဲ့ရတာ''

''ဆရာကိုညိုမြင့် အကြောင်းကို ရန်နိုင်အောင်က ဆရာကိုမြင့် ပြောပြလို့ သိသင့်သလောက်သိခဲ့ရပါတယ် . . ကျွန်တော်စိတ်ထဲ မရှင်းမလင်းဖြစ်နေတာက မြမြစ် မိတ်ဆက်ပေးခဲ့တဲ့ ကိုညိုမြင့်နဲ့ တူနေတဲ့ကိစ္စပါ''

''မြ မိတ်ဆက်ပေးတာလည်း ကျွန်တော်ပါပဲ''

''မြမြစ် မိတ်ဆက်ပေးတုန်းက ဆေးရုံအုပ်ချုပ်ရေးမှူးဆိုလားလို့ ဒါကြောင့် ကျွန်တော် ဇဝေဇဝါဖြစ်နေတာ . .''

''ဟုတ်ပါတယ် ကိုစိုးဝေ . . အဲဒီတုန်းက မြနဲ့ ကျွန်တော်ဟာ ရည်ငံနေသူတွေပါ . . မြအမေက သဘောသားမုန်းနေတာမို့ မြအမေ သိသွားမှာစိုးလို့ ကိုစိုးဝေကို မြက လိမ်ပြီးမိတ်ဆက်ပေးခဲ့တာပါ''

''ခု ကျွန်တော်တာကူညီရမလဲဆရာ ပြောပါ . . အားမနာပါနဲ့''

''မလိုပါဘူး ကိုစိုးဝေ . . မြ ရှောင်နေလို့ လိုက်ရှာနေတာပါ၊ သူ ဘယ်များသွားနေသလဲ သိချင်လို့ပါ''

''ကျွန်တော်လည်း ဒီနေ့မှ ကဒုံ ကပြန်လာတာ . . အခေါ်မြ ဆုံးမှန်းတောင်မသိဘူး . . ဒီရောက်မှသိတာ၊ မြမြစ်နဲ့လည်း မတွေ့သေးဘူး။ ကျွန်တော် စုံစမ်းပြီး နက်ဖြန်လာပြောပါ့မယ်''



''ကျေးဇူးပါပဲ ကိုစိုးဝေ ကျွန်တော်ပြန်ပါဦးမယ်''

''ဆရာ နောက်ကြုံရင်လည်း လာလည်နော်''

ကျွန်တော် ကိုစိုးဝေ ကို နှုတ်ဆက်ကျောခိုင်းပြီး သမ္မန်ဆိပ်ဆင်းခဲ့၏။ ကိုစိုးဝေနှင့် မြတို့အိမ်သို့ ကြုံတိုင်းဝင်လည်ပတ်နိုင်သည့် အစွမ်းသတ္တိ ကျွန်တော့်တွင်ရှိပါမည်လားဟု တွေးမိ၏။ သည်သို့ တွေးမိတော့ ကျွန်တော် ငိုချင်လာသည်။ မြနှင့် ပတ်သက်လာလျှင် တစ်သက်လုံး ငိုနေရမှာလား။

## (တစ်ဆယ့်ခုနစ်) မြမြစ်နဒီ

''ဆရာ''

အိပ်ရာပေါ်တွင်စာဖတ်ရင်း၊ ကိုစိုးဝေ အလာကိုစောင့်နေသော ကျွန်တော်သည် ခေါ်သံကြောင့်လှမ်းကြည့်ရာ ကိုစိုးဝေဖြစ်နေ၏။ စာအုပ်ပိတ်လိုက်ရင်း ''ဝင်ခဲ့ပါ ကိုစိုးဝေ'' ဟုပြောကာ အိပ်ရာပေါ်မှ ငုတ်တုတ် ထိုင်လိုက်၏။

''ဧည့်သည်ပါ ပါလာတယ်ဆရာ''

''ခေါ်ခဲ့ပါ ကိုစိုးဝေ''

အခန်းထဲမဝင်ဘဲ၊ အခန်းဝတွင်ရပ်နေသော ကိုစိုးဝေအား ကျွန်တော်လှမ်းကြည့်မိ၏။

''ဟင် . . မြ . . မြ လာတယ်''

ကျွန်တော် အံ့ဩဝမ်းသာလွန်းသဖြင့် အိပ်ရာပေါ်မှနေပြီး မြဆီသို့ ဘယ်လိုရောက်သွားမှန်း မသိတော့။ မြလက်ကို ကျွန်တော့် လက်နှစ်ဖက်ဖြင့် မလွှတ်တမ်း ဆုပ်ကိုင်လိုက်မိသည်။ ကျွန်တော့် ရင်ထဲ၌ ကုလားဘုရားပွဲလှည့်နေပြီ။

မြက သူ့မလက်ကို ကျွန်တော့်လက်မှ ဆွဲရုန်းလိုက်ပြီး နောက်သို့ ဆုတ်လိုက်၏။ မြ အပေါက်ဝနားရောက်သွား၏။ ကိုစိုးဝေနှင့်

www.burmeseclassic.com

www.burmeseclassic.com



ကပ်သွား၏။ သူမမျက်နှာသည် မိုးသက်လေဆင်လာသကဲ့သို့ ညှိုးမှိုင်းမှုန်ရီလာသည်။

သည်တော့မှ ကျွန်တော် သတိဝင်လာ၏။ ကိုစိုးဝေကို သတိရလာ၏။ ကျွန်တော့်အပြုအမူ ရိုင်းစိုင်းသွားလေပြီလားဟု တွေးမိ၏။ ထို့အတူ မြအနီး တိုးကပ်သွားမည့်ခြေလှမ်းများကို ပြန်ရုပ်မိ၏။ ကိုစိုးဝေနှင့် မြတို့ မင်္ဂလာဆောင်လာဖိတ်သည်လား။

သည်သို့တွေးမိတော့ ကျွန်တော်၏ နှလုံးသည်းပွတ်အား သံချွန်မြမြနှင့် အထိုးခံလိုက်ရသကဲ့သို့ ရင်တစ်ခုလုံး ဆတ်ဆတ်တုန်အောင် မခံမရပ်နိုင်စွာ နာကျင်သွား၏။ ကိုစိုးဝေက ကျွန်တော်တို့ နှစ်ယောက်ကို တစ်ယောက်တစ်လှည့် ရီဝေသောမျက်လုံးနှင့်ကြည့်နေ၏။

''အစ်ကို့ကို မြအထင်မှားမိတာခွင့်လွှတ်ပါ . . ဒေါက်တာအေးမာသိန်းကလည်း ရှင်းပြ၊ ကိုစိုးကလည်း တိုက်တွန်းတာနဲ့ အစ်ကို့ကို မြ လာတောင်းပန်တာပါ''

မြ မျက်နှာသည် ကြေကွဲရိပ်သန်းနေ၏။ မြ၏ အသံသည် ဝမ်းနည်းသံ စွက်နေ၏။ ကျွန်တော့် ရင်ထဲတွင် ကြည်နူးခြင်းတစ်ဝက်၊ ဝမ်းနည်းခြင်းတစ်ခြမ်း ခံစားလာရသည်။

''မြ သဘောနဲ့ မြ လာတောင်းပန်တာ မဟုတ်ဘူးပေါ့ . . ကိုစိုးဝေခေါ်လာလို့ ပါလာတာမဟုတ်လား''

မြ စကားအရ မြတွင် ကျွန်တော့်အပေါ် တွယ်တာစိတ်ဆံချည်တစ်ခြမ်းစာမျှ မရှိတော့ဟု ထင်မြင်ခံစားလာရသဖြင့် ကျွန်တော်က ဝမ်းနည်းကြေကွဲစွာ မြကို မေးမိ၏။ မြက ခေါင်းညိတ်ပြတော့ ကျွန်တော့်ရင်ထဲ လှိုက်၍ လှိုက်၍ ဝမ်းနည်းလာပြီး ငိုချင်လာသည်။

မလွှတ်လပ်သည့်ဘဝသို့ ရောက်နေရသော အကျဉ်းစံ မြသည် ကံစီမံရာ နာခံမည်ဟုသဘောထားကာ တစ်ချိန်ကချစ်မြတ်နိုးခဲ့ဖူးသူ ကျွန်တော့်ကိုပင် မေ့ပစ်လိုက်ပြီးဟု သိလိုက်ရတော့၊ ကျွန်တော့် ရင်ထဲတွင် စစ်စစ် ကျင်ကျင်ခံစားလာရသည်။



အရှုံးအမှုး စွဲစွဲလမ်းလမ်းချစ်ခဲ့ရသည့်မြ၊ ဘဝထူးချွန်အောင်ကြိုးစားဖို့ ထူးခြားအောင်လုပ်ဖို့ထားသည့် ကျွန်တော်ပိုင်အချိန်တွေကို အလကားယူသွားသည့် မြ။ ကျွန်တော့် ဘဝကိုစိုးမိုး၍ ကျွန်တော့် ဘဝအတွက် မျှော်လင့်ချက်ကြီးစွာထားခဲ့မိသည့်မြ၊ ခု အဖိုးတန် မြကို ကျွန်တော် လက်လွှတ် အဆုံးအရှုံးခံလိုက် ရတော့မှာပါလား။

''အစ်ကို့ကို လာတောင်းပန်ရုံပဲလားမြရယ် . . ဒီထက်မပိုတော့ ဘူးလား''

ကျွန်တော်က ဆွေးမြည့်ကြေကွဲရိပ်လွှမ်းနေသော မြမျက်နှာကို ရီဝေစွာကြည့်ပြီး မေးမိ၏။

''မိဘစကား တစ်သဝေမတိမ်းလိုက်နာတတ်သူမို့၊ လိမ္မာတဲ့သားသမီးပါအစ်ကို၊ ကွယ်လွန်သွားတဲ့ အမေ့စကားကို ဆံတစ်ခြမ်းမျှတစ်မှုန်လောက်တောင် ပယ်ရှားဖို့ မြ စိတ်မကူးရဲပါဘူး . . ခေါင်းညိတ်ပြီးသားကို ခေါင်းမခါချင်ပါဘူးအစ်ကို၊ အမေ့မျက်ကွယ်မှာ မြ သမီးမိုက်မဖြစ်ချင်တော့ဘူး အစ်ကို''

မြ၏ ရှိုက်သံက ကျွန်တော်၏အသည်းကို ခိုက်သွားစေ၏။ မြ သေလုအောင် ခံစားနေရပြီ ထင်သည်။ မြသည် သူမ၏ ခန္ဓာကိုယ်ကိုပင် ထိန်းသိမ်းနိုင်စွမ်းမရှိတော့ပြီထင်သည်။ မြသည် နွမ်းယိ ခွေယိုင်ကာ ကိုစိုးဝေ၏ ပခုံးကို မှီချလိုက်၏။ ကိုစိုးဝေက မြကို အလိုက်သင့် ထိန်းထားလိုက်၏။

ကျွန်တော်၏ အသည်းနှလုံးတို့ ပြုတ်ထွက်လွင့်စင်သွားပြီဟု ထင်မိ၏။ ကျွန်တော်၏ ရင်တစ်ခုလုံးသည် လေဆင်နှာမောင်း စုပ်ယူလိုက်သော ရေပြင်လို ပွက်ထလှိုက်ဟာသွား၏။ ကျွန်တော့်စိတ်တွင် ကျွန်တော့် ရင်တစ်ခုလုံး ဟင်းလင်းပွင့်သွားပြီဟု ထင်လိုက်၏။ ကျွန်တော်ခေါင်းငုံ၍ မျက်လုံးကို မှိတ်လိုက်မိ၏။

''ဆရာရော . . မြရော . . ဆေးချိုနားပါတော်ပါ . . ကျွန်တော်. . . ရန်နိုင်အောင်ပေါ်မှာကတည်းက ဆရာ့ကို အရမ်းလေးစားတင်ခဲ့ပါတယ်

www.burmeseclassic.com

www.burmeseclassic.com



လေဆင်နှာမောင်းအန္တရာယ်က ကယ်ခဲ့တဲ့ဆရာ့ကို ရန်နိုင်အောင်ပေါ်ပါလာတဲ့ ခရီးသည်အားလုံး ကျေးဇူးတင်ခဲ့ကြတာပါ”

မြက မတ်မတ်ရပ်၍ ကိုစိုးဝေနှင့် ကျွန်တော့်ကို နားမလည်စွာ ကြည့်သည်။

“ဆရာ့ကျေးဇူးဟာ ကျွန်တော့်အပေါ်မှာ ဆပ်လို့မကုန်အောင် ရှိနေခဲ့ပါတယ်ဆရာ . . ဆရာ့ကျေးဇူးကို အောက်မေ့တဲ့အနေနဲ့ မြမြစ်ကို ဆရာ့ဆီ ကျွန်တော်ခေါ်လာခဲ့တာပါ . . အဒေါ်မြ မသေခင် မြမြစ်ပေးခဲ့တဲ့ ကတိကို မြမြစ် ဖျက်စရာမလိုပါဘူး . . မဖျက်ရပါဘူး”

“ကျွန်တော့်မှာ ချစ်သူရှိပါတယ် . . ၃၂လမ်းမှာပါဆရာ . . အစကတော့ နောက်သုံးလေးနှစ်ရှိမှ ယူဖို့ဆုံးဖြတ်ထားတာပါ . . ခုဆရာနဲ့ မြမြစ်အတွက် အဒေါ်မြကို မြမြစ်ပေးထားခဲ့တဲ့ ကတိကိုကျွန်တော်ကပဲ စဖောက်ဖျက်ပါတယ် . . ကျွန်တော်တို့လည်း ဆရာတို့အရင် မင်္ဂလာဆောင်နိုင်အောင် စီစဉ်လိုက်ပါ့မယ်ဆရာ”

ကျွန်တော်သည် မြကိုဆွဲပွေ့ယူလိုက်မိ၏။ ကိုစိုးဝေက မျက်နှာပူသည် ထင်သည်။ အခန်းဝမှ ရှောင်သွား၏။ မြက ကျွန်တော့် ရင်ဘတ်ကိုမနာအောင် ဖွဖွထုပြီး လွှတ်ခိုင်းနေ၏။ ကျွန်တော်သည် မြကို ပွေ့၍ အောက်ချလိုက်ပြီး ရင်မှည့်စပန်းသီးလို ပြည့်တင်းချောမွတ်သောပါးလေးကို ဖွဖွနမ်းလိုက်ရင်း တိုးတိုးလေးဆိုပြလိုက်သည်။

မြမြစ်နဒီ . . .
စိမ်းလဲ့ကြည်ကြောင့်၊ မျက်ရှည်လည်းစင်၊
စိတ်ကြည်လင်ခဲ့၊ အကြင်နာမြစ်
စီးခွေရစ်ပါ၊ မြမြစ်နဒီ ။ ။

သုသိဏ်

www.burmeseclassic.com